www.burmeseclassic.com

# ရင်မိုး (ဆေးတက္ကသိုလ်)

# အချစ်ဆုံးသူတစ်ယောက်တော့ရှိလိမ့်မည်



Design : Chit Sann (528)

www.burmeseclassic.com

www.burmeseclassic.com

**ရှင်မိုး**(ဆေးတက္ကသိုလ်)

# အချစ်ဆုံးသူတစ်ယောက်တော့ရှိလိမ့်မည်

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၂၉၀၁၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၂၇၀၃၀၇

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်၊

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်၊




www.burmeseclassic.com

www.burmeseclassic.com



## ချစ်ခင်လေးစားရပါသော ပရိသတ်များအားလုံး မင်္ဂလာပါ ...

ပထမဆုံး ပြောပြချင်သည်မှာ ...

အနယ်နယ်အရပ်ရပ်မှ ပရိသတ်များအားလုံးကို နှုတ်ဆက်စကား ပြောခွင့်ရသည့်အတွက် အလွန်ပဲ ဝမ်းမြောက်မိပါသည်။

စိတ်ကူးကဲ့ကော် စာအုပ်လေးနှင့် ပတ်သက်၍ ပြောပြရလျှင် ...

ကဲ့ကော်ပန်းကို ကျွန်မ အလွန်နှစ်သက်ပါသည်။ စိတ်ကူးကဲ့ကော်ဟု ရည်ညွှန်းထားသော ကျွန်မ၏ ဝတ္ထုတိုလေးများသည် တစ်ချိန်က ကျွန်မ၏ မျှော်လင့်ချက်များကို အရောင်တောက်ပစေခဲ့ဖူးသော.. ရင်ကို အေးမြစေခဲ့ဖူးသော အမြတ်နိုးဆုံး နှင်းပွင့်လေးများ ဟူ၍ပဲ တင်စားပါရစေ ... ။



ထို့ကြောင့် စိတ်ကူးကဲ့ကော် ဝတ္ထုတိုလေးများသည် ကျွန်မ အင်မတန် ချစ်မြတ်နိုးရသော ပရိသတ်များနှင့် ကျွန်မကြားတွင် နှောင်ကြိုးတစ်ခု ထပ်၍ ဖြစ်တည်စေခဲ့မည်ဆိုလျှင် ထိုပီတိဖြင့် ရှေ့ဆက်ရမည့် ဘဝလမ်းခရီးအတွက် ခွန်အားများစွာ ရရှိနိုင်ပါပြီ။

နောက်ဆုံး ပြောပြချင်သည်မှာတော့ ... "ဆုမြတ်မွန်မွန်" ဟူသော နာမည်တစ်လုံး ဖြစ်မြောက်လာစေရန်အတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့ကြသော မိဘ၊ ဆရာသမားများ၊ ကျေးဇူးရှိသော ပုဂ္ဂိုလ်များအားလုံးနှင့် စာဖတ်ပရိသတ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

အထူးသဖြင့် ... ပထမဦးဆုံး လုံးချင်း စ,ထွက်သည့်အချိန်မှ၍ နွေးနွေးထွေးထွေး အားပေးကြိုဆိုခဲ့သော ပရိသတ်ကြီး၏ ကျေးဇူးတရားများကို ကျွန်မ၏နှလုံးသားထဲတွင် မှတ်တမ်းတင်အပ်ပါသည်။




အစဉ်ရိုသေလေးစားလျက် ...

သုပြုံးကံမွန်မွန်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးကဲ့ကော်နှင့် အမြတ်နိုးဆုံးနှင်းပွင့်များ

အမှတ်တရစာစုစည်းမှု

(ဝတ္ထုတိုစုစည်းမှု)

မာတိကာ


- စတေးနှလုံးသား
- မိုးမနက်ခင်း
- ချယ်ရီပင်အောက်နောက်တစ်ခေါက်ပြန်တွေ့တဲ့အထိ
- ဖူးစားရေးတဲ့ပွဲ
- အထူးအားဖြင့်ရည်ရွယ်ခဲ့သော
- ခမ်း၏နှလုံးသားတွင်စွဲထင်ရစ်သော
- မောင့်ရဲ့စက္ကူရိုတေရီ
- ယောက္ခမတော်ခါနီးရင်တော့စဉ်းစားဖို့လိုတယ်
- အဖြေပေးတဲ့နေ့
- ယောက်ျားလေးတစ်ယောက်ကိုချစ်မိတဲ့အခါ
- မိန်းကလေးမာနနှင့် မိန်းမသားဘဝ
- အတ္တနှင့်ကင်းကွာသောချစ်ခြင်းဟူသည်မရှိ
- ဖေဖော်ဝါရီမှာ မလွမ်းနဲ့....






**"စတေးနှလုံးသား"**

ဒါကတော့ ကျွန်မဘဝမှာ ပထမဆုံး ပုံနှိပ်ဖော်ပြခြင်းခံခဲ့ရတဲ့ ဝတ္ထုတိုလေးပါပဲ။ (၁၉၉၉) ခုနှစ်၊ အောက်တိုဘာလ၊ အပျိုစင်မဂ္ဂဇင်းမှာ ပါခဲ့ပါတယ်။

မဂ္ဂဇင်းစာအုပ်ကို ကိုင်ထားတဲ့ လက်တွေဆိုတာ ဝမ်းသာလွန်းလို့ တဆတ်ဆတ်တုန်နေခဲ့တယ်။ ကျွန်မဘဝမှာ အဲဒီအချိန်တုန်းကလောက် ဘယ်တုန်းကမှ မပျော်ခဲ့ဖူးပါဘူး။ ရင်ထဲမှာ အားမာန်တွေလည်း ဖြစ်တယ်။

မိုင်တစ်ထောင်ခရီးရဲ့ ပထမဆုံးခြေလှမ်းပေါ့။ (၁၉၉၉) ခုနှစ်က လွန်မြောက်လို့ (၂၀၀၆) ခုနှစ်မှ ပထမဆုံး လုံးချင်းဝတ္ထု စ,ထွက်ခဲ့တာပါ။

ဒါကြောင့် ကျွန်မရဲ့ ဝါသနာရှင် မောင်ငယ် ညီမငယ်လေးတွေကိုလည်း မဆုတ်မနစ်ဘဲ ဇွဲရှိရှိ ကြိုးစားဖို့ တိုက်တွန်းပါတယ်။ မျှဝေခံစားတဲ့ နှလုံးသားနဲ့ ဖတ်ရှုပေးကြတဲ့ ပရိသတ်များလည်း ဝတ္ထုတို ခံစားချက်များမှ တစ်ဆင့် ကျွန်မဘဝရဲ့ တစ်စိတ်တစ်ဒေသကို လှမ်းမြင်နိုင်ကြမှာပါ။

အားလုံးသော ပရိသတ်များလည်း ရည်မှန်းချက်အသီးသီး ပြည့်ဝကြပါစေလို့ ဆုတောင်းပေးရင်း ပရိသတ်များရဲ့ ရင်ထဲမှာလည်း ကျွန်မ အမြဲတမ်း ရှိနေပါရစေ ... ။



www.burmeseclassic.com

www.burmeseclassic.com



"မိုးမနက်ခင်း"

ကျွန်မရဲ့ ဒုတိယမြောက် ပုံနှိပ်ဖော်ပြခြင်းခံရတဲ့ ဝတ္ထုတိုလေးဖြစ်ပါတယ်။ လိုအပ်ချက်တွေအများကြီးရှိပေမဲ့ လွန်ခဲ့သော ခုနစ်နှစ်ခန့်က အသက်(၁၇)နှစ်အရွယ် ကောင်မလေး တစ်ယောက်အတွက် ကြီးမြတ်သော မျှော်လင့်ခြင်းတစ်ခုပါ။





"ချယ်ရီပင်အောက် နောက်တစ်ခေါက်ပြန်တွေ့တဲ့အထိ"

ဒီဝတ္ထုတိုလေးကတော့ ကျွန်မရဲ့ဖေဖေ အမြဲနားထောင်နေကျဖြစ်တဲ့ သီချင်းလေးကို ခံစားမိပြီး ရေးဖြစ်သွားတာပါ။ ဒီဝတ္ထုလေးဟာ ကျွန်မဘဝရဲ့ အမှတ်တရတစ်ခုပါ။

ဘာဖြစ်လို့လဲဆိုတော့ .. ကျွန်မရဲ့ ဝတ္ထုတိုလေးတွေကို ဘယ်တုန်းကမှ မချီးကျူးဘူးခဲ့တဲ့ ဖေဖေက 'ကောင်းတယ် … အရမ်းကြိုက်တယ်' ဆိုပြီး ပထမဆုံးနဲ့ နောက်ဆုံး ချီးကျူးခဲ့တဲ့ ဝတ္ထုလေး ဖြစ်နေလို့ပါပဲ … ။

ဒီဝတ္ထုလေးက Fashion Image ရဲ့ (၂၀၀၄) ခုနှစ်၊ စက်တင်ဘာလမှာ ပါခဲ့တယ်။ ဖေဖေက နိုဝင်ဘာ (၁၀)ရက်နေ့မှာ ဆုံးပါးသွားခဲ့တာပါ .. ။ ကျွန်မရဲ့ဖေဖေကို ဒီနေ့အထိ တစ်နေ့မှ မေ့မရခဲ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဖူးစာရေးတဲ့ပွဲ"

သကြင်္န်ပွဲတော်ကို အမှတ်တရ ဖြစ်စေချင်တာရော ... လောကကြီးမှာ အဲဒီလို တစ်ယောက်နဲ့တစ်ယောက် လှည့်ဖြားတတ်တာလေးတွေ ရှိနေတတ်တာရောကြောင့် ဒီအကြောင်းအရာလေးကို အမှတ်တရ ရေးခဲ့တာပါ ... ။



"အထူးအားဖြင့် ရည်ရွယ်ခဲ့သော"

အပြင်မှာ ... တကယ်ရှိခဲ့တဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ပါ။ အခုတော့ ဝတ္ထုထဲက မိုးစက်ဆိုတဲ့ကောင်လေးက မိန်းမ ရသွားပါပြီ။ ကဗျာဆိုတဲ့ ကောင်မလေးကတော့ သူ့ချစ်သူနဲ့ ပြတ်စဲသွားပြီး အခုထိ တစ်ယောက်တည်းပဲ ရှိနေတုန်းပါပဲ။

အဲဒီတော့ .. တစ်ခါတလေတော့လည်း ယောကျ်ားလေးတွေရဲ့ အချစ်ဆိုတာ

...?

...?

...?





www.burmeseclassic.com

www.burmeseclassic.com

"ခမ်း၏နှလုံးသားတွင် စွဲထင်ရစ်သော"

တောင်ကြီး တန်ဆောင်တိုင်ကိုနောက်ခံထားတဲ့ ကျွန်မ သိပ်ကြိုက်သော ဝတ္ထုတိုလေးတစ်ပုဒ်ပါ။ ကိုယ်ချစ်ထက် သူချစ်က ပိုစိတ်ချမ်းသာရတယ်ဆိုတဲ့ အတွေးလေးနဲ့ ရေးဖွဲ့ဖြစ်ခဲ့တဲ့ ... တန်ဆောင်တိုင်အမှတ်တရ ဝတ္ထုတိုတစ်ပုဒ်ပေါ့ ... ။

"မောင့်ရဲ့ စက္ကူရီတေရီ"

မိန်းမတစ်ယောက်ရဲ့ အရည်အချင်းဟာ လှပမှုတစ်ခုထဲတင် မဟုတ်ဘဲ ... အိမ်ထောင်ရှင်အမျိုးသမီးတွေဟာ ဘက်စုံထောင့်စုံကနေကြိုးစားလှုပ်ရှားနေကြရတယ်ဆိုတာ သတိတရနဲ့ ခံစားရေးဖွဲ့ခဲ့တာပါ ... ။








www.burmeseclassic.com


www.burmeseclassic.com

"ယောက္ခမတော်ခါနီးရင်တော့ စဉ်းစားဖို့လိုမယ်"

ပရိသတ်တော်တော်များများ ကြိုက်သလို .. ကျွန်မလည်း ကြိုက်တဲ့ ဝတ္ထုတိုလေးတစ်ပုဒ်ပါ။ ပတ်ဝန်းကျင်မှာ မြင်တွေ့ရတဲ့ အကြောင်းအရာတချို့ကို ခံစားပြီး ရေးဖြစ်သွားတာပါ။ နောက်ထပ်လည်း ထပ်ရေးချင်ပါသေးတယ်။







"အမြဲပေးတဲ့နေ့"

မိန်းကလေး တစ်ယောက်အတွက် ဆင်ခြင်သင့်တဲ့ အကြောင်းလေးတစ်ခုကို တွေးတတ်စေချင်တဲ့ စေတနာနဲ့ ရေးဖွဲ့ထားတာပါ။



www.burmeseclassic.com

www.burmeseclassic.com

**"အတ္တနှင့်ကင်းကွာသော ချစ်ခြင်းဟူသည် မရှိ"**

အပြင်မှာ ကြုံဖူးတဲ့ တကယ့်အဖြစ်အပျက်လေးတစ်ခုကနေ ဆင့်ပွားခံစားခဲ့ပြီး ရေးခဲ့တာပါ။ တကယ်လည်း အချစ်ဆိုတာ ... အတ္တနဲ့ သိပ်မကင်းဘူးလို့လည်း ထင်ရတာပဲနော်။



**"ယောကျ်ားလေးတစ်ယောက်ကို ချစ်မိတဲ့အခါ"**

ယောကျ်ားလေးတစ်ယောက်ကို ချစ်မိတဲ့အခါ ကိုယ့်စိတ်တိုင်းကျထက် ... သူ့စိတ်တိုင်းကျ ပိုနေပေးတတ်တဲ့ သူငယ်ချင်းတစ်ယောက်ကို ကြည့်ပြီး ရေးဖွဲ့ထားတာပါ။





**"မိန်းကလေးမာနနှင့် မိန်းမသားဘဝ"**

Fashion Image မဂ္ဂဇင်းရဲ့ အတွေးစကားကဏ္ဍမှာ ပါဝင်ခဲ့ကြတဲ့ အကြောင်းအရာလေးတစ်ခုပါ။ မိန်းကလေးတိုင်းကို ပြောပြချင်တဲ့ ကျွန်မရင်ထဲက တကယ့် အတွေးစကားလည်း ဖြစ်ပါတယ်။ ကျွန်မရဲ့ ချစ်သော ညီမလေးများ နားလည်ခံစားပြီး တွေးဆကြည့်စေချင်ပါတယ် ... ။




www.burmeseclassic.com

www.burmeseclassic.com



"ဖေဖော်ဝါရီမှာ မလွမ်းနဲ့"

Fashion Image က February & Valentine's Day ဆိုပြီး စာမူတောင်းလို့ ရေးခဲ့တဲ့ ဝတ္ထုတိုလေးတစ်ပုဒ်ပါ ... ။ Valentine's Day ဆိုတာကို မကြိုက်ဘူးတဲ့အတွက် (ကြော်ငြာဝင်တာ မဟုတ်ရပါ) ပျော်ရွှင်စရာထက် လွမ်းစရာကောင်းတဲ့ ဖေဖော်ဝါရီအကြောင်းကိုပဲ ခံစားရေးဖွဲ့ခဲ့တယ်။





BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# ရှင်မိုး

(ဆေးတက္ကသိုလ်)

## အချစ်ဆုံးသူ
## တစ်ယောက်တော့
## ရှိလိမ့်မည်

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







**သောတကြည်** သည် စိတ်တိုင်းကျ ပြင်ဆင်ထားနိုင်သော ဆိုင်ကလေးကို ကြည်နူးစွာ လက်ပိုက်ကြည့်နေပါသည်။ ဆိုင်က ဒီနေ့မှစဖွင့်တာ ဖြစ်ပါသည်။ ဆိုင်ကလေးရဲ့ နာမည်ကိုတော့ FANTASTIC ဟု အမည်ပေးထားပါသည်။ သဘောက ဒီဆိုင်ထဲ ဝင်လိုက်တာနှင့် စိတ်ကျေနပ်စရာ ကောင်းလောက်အောင် ကြိုက်နှစ်သက်သွားစေရမယ်။ စိတ်ချမ်းသာ သွားစေရမယ်ဆိုတဲ့ သဘောနဲ့ အင်္ဂလိပ်စာလုံး ဖန်တက်(စ်)စတစ်(ခ) (fantastic)ကို ယူထားတာဖြစ်သည်။

ဆိုင်က Florists & Gifts Shop (ပန်းအလှနှင့် လက်ဆောင်ပစ္စည်းလေးများ အရောင်းဆိုင်) ဖြစ်ပေမဲ့ ပန်းအစို အခြောက်တွေကတော့ ပိုများပါသည်။

သောတကြည်တို့က ငွေကြေးလည်း သိပ်အများကြီး ရင်းနှီးမြှုပ်နှံနိုင်လှသည် မဟုတ်တာမို့ ထူးဆန်းပြီး လှပသော လက်ဆောင်ပစ္စည်းလေးတွေတော့ သူများဆိုင်နှင့် ယှဉ်နိုင်လောက်အောင် မတင်နိုင်။ သို့သော် ပန်းအစို ပန်းအခြောက်တွေကို လှပ



www.burmeseclassic.com

www.burmeseclassic.com



စွာ ပြင်ဆင်ပေးတာမျိုး၊ ဘယ်လို အကြောင်းအရာမျိုးကို အခြေခံပြီး ပုန်းကို ပေးလိုပါသည်ဟု ဆွေးနွေးလာလျှင် ထိုသို့ပြောသော အကြောင်းအရာနှင့် လိုက်ဖက်အောင် ပန်းတွေကို ပြင်ဆင်ပေးတာမျိုး၊ ဈေးနှုန်းချိုသာအောင် ညှိပေးတာမျိုးတွေမှာတော့ သူများဆိုင်ထက်သာတဲ့အထိ လုပ်ပေးနိုင်ဖို့ အာမခံထားပါသည်ဟူသော ကြော်ငြာမျိုးနှင့် ဆွဲဆောင်ထားပါသည်။

သောတကြည်သည် ဆိုင်တံခါး တွန်းဖွင့်လျှင် ခေါင်းလောင်းသံလေးများ တချွင်ချွင် ကြားရသော အဝင်ဝတံခါးမှ ဝင်လာသော ပထမဦးဆုံးသော ဈေးဝယ်သူကို အပြုံးဖြင့် ကြိုဆိုဖို့ အသင့်ရှိနေလေပြီ။

BURMESE CLASSIC .com





**ရဲဝံ့ထန်** သည် ရုတ်တရက်တော့ အံ့အားသင့်ပြီး ငေးကြောင်သွားသည်။ ဘယ်တော့မှ မေ့သွားလောက်စရာ မရှိသော ကောင်မလေး၏ မျက်ဝန်းလက်လက်တွေကလည်း သူ့ကို မှတ်မိကြောင်း ပြနေသည်။ သူတို့ကြားမှာ တစ်ယောက်နဲ့တစ်ယောက် အလွယ်တကူ မေ့သွားစရာ မရှိအောင် မှတ်မိစရာ အဖြစ်အပျက်တွေက ရှိခဲ့ဖူးသည် မဟုတ်လား။ ရဲဝံ့ထန်၏ မျက်လုံးထဲမှာ အရင်က အကြောင်းအရာတွေ ဖျတ်ခနဲ ဖျတ်ခနဲ ရုပ်ရှင်ကား၏ အနှေးပြကွက်ကဲ့သို့လား၊ ဒါမှမဟုတ် ရုပ်ပုံကားချပ်တွေ တစ်ချပ်ပြီးတစ်ချပ် ထိုးပြသလိုလား မသေချာသော အဖြစ်တွေကို ပြန်မြင်ယောင်နေခဲ့သည်။

ထို့အတူ ကောင်မလေးလည်း ပြန်မြင်ယောင်နေမည်ဖြစ်ကြောင်း ဗေဒင်မေးစရာပင် မလိုပါ။ ဆိုင်ကလေးထဲမှာ ပန်းအစိုတွေရဲ့ ရနံ့မျိုးစုံ၊ ပန်းအခြောက်တွေရဲ့ ရနံ့တုမျိုးစုံ၊ လက်ဆောင်ပစ္စည်းလေးတွေ အစီအရီ၊ ဖယောင်းတိုင် အမျိုးမျိုးရဲ့ ရနံ့မျိုးစုံနှင့် ကတ်ပြားမျိုးစုံတို့ဖြင့် တိတ်ဆိတ်နေချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



သက်ရှိလူသားနှစ်ဦးတို့၏ တိတ်ဆိတ်မှုကလည်း ကြီးစိုးနေရာ အသက်ရှူသံကလွဲရင် ဘာသံမှပင် မကြားအောင် တိတ်ဆိတ်လွန်းနေတော့သည်။

တကယ်ဆို ဒီဆိုင်ထဲမှာ ခပ်ငြိမ့်ငြိမ့် အေးအေး country sound (ကျေးလက်သီချင်း)မျိုးဖြစ်ဖြစ်၊ သိပ်မဆူတဲ့ pop (ပေါ့ပ်)သီချင်း ချိုချိုလေးပဲဖြစ်ဖြစ် ဖွင့်ထားသင့်သည်ဟု ရဲဝံ့ထန် တွေးနေစဉ် ...

"ဘာအလိုရှိပါသလဲရှင်"

ဟူသော ကောင်မလေး အသံက တိတ်ဆိတ်မှုကို အနိုင်ယူသွားပါသည်။









www.burmeseclassic.com

www.burmeseclassic.com







# ၁

"ပန်းတစ်စည်း ဝယ်ချင်လို့ပါ"

သောတာသည် ခပ်ဩဩ သူ့အသံကို မမေ့သေးသော သူမကိုယ်သူမ ကျိတ်၍ မုန်းနေမိသည်။ ကိုယ် ဒီလိုမေးလိုက်ရင် အဲဒီ ခပ်ဩဩအသံကိုပဲ ကြားရမယ်ဆိုတာ ဘာကြောင့်ကြိုတင် မျှော်လင့်မိပါလိမ့်။ သိပ်ဆိုးတာပဲ၊ သိပ်ဂုံ ဆိုးရွားတဲ့ အမှတ်တရပဲ။

"ပန်းအစိုလား၊ ပန်းအတုလား"

"ပန်းအစိုပဲ လိုချင်ပါတယ်"

"ဘယ်သူ့ကို ပေးဖို့လဲ"

ထိုသို့ မေးလိုက်တော့ ပြန်၍စူးစမ်းကြည့်သည့် ရဲဝံ့ထန်၏အကြည့်ကို သောတာ စိတ်တိုသွားသည်။ ရာရာစစ ငါက သူ့အရေးကိစ္စတွေ ခုထိ စိတ်ဝင်တစား လိုက်မေးနေဦးမယ်များ ထင်သလား။ ထိုသို့ စိတ်ထဲမှာ ပြောနေစဉ် သောတာ၏

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအိမ်ထဲမှာတော့ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိမ်ကျစ်ထားလေ့ရှိသော ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်၏ လက်ဖဝါးလေးနှစ်ခုကို လျှပ်စီးလက်သလို ရုပ်ခနဲ ရုပ်ခနဲ မြင်ယောင်နေတာ တော်တော်ခက်လေသည်။ သောတ ဘာကိုမှ သတိမရချင်ဘူးနော်။ ဟုတ်တယ် ... သူ့ကို ပြန်မဆုံရချိန်ထိ သောတ တကယ်ပဲ ဘာကိုမှ သတိမရဘဲ နေ့နေနိုင်ခဲ့တာလေ။

ဘာကြောင့်များ သူ့မျက်နှာကို တစ်ချက်မြင်လိုက်တာနဲ့ ဒါတွေ ပြန်သတိရကုန်ရသလဲ။

"မိန်းကလေး တစ်ယောက်ကိုပါ"

ရဲဝံ့ထန် ဆီမှ ဖြေသံသဲ့သဲ့ ကြားရသည်။ သောတသည် ဒီတော့မှ ...

"မေးရတာ အကြောင်းရှိပါတယ်၊ ဒီဆိုင်မှာ ပန်းလာဝယ်တယ်ဆိုရင် ဝယ်သူရဲ့ဆန္ဒကို ကူညီဖြည့်ဆည်းတဲ့အနေနဲ့ ဘယ်သူ့ကိုပေးမှာလဲ၊ ဘာအကြောင်းမျိုး ရည်ရွယ်ပြီး ပေးမှာလဲလို့ တိုင်ပင်ဆွေးနွေးပြီး ပန်းတွေကို အလှပြင်ပေးမှာပါ၊ ပန်းလိုချင်တယ် ပြောပြီး လာဝယ်ရင် ရော ... အင့် တစ်စည်း ကောက်ထည့်ပေးလိုက်တာမျိုးထက်စာရင် ဝယ်သူပေးလိုတဲ့ အဓိပ္ပာယ်နဲ့ အဆင်ပြေတဲ့ ပန်းပွင့် ပန်းခိုင်လေးတွေ တစ်ခိုင်ချင်း စပ်ဟပ်ပြီး ပြင်ဆင်ရောင်းပေးမှာမို့ပါ"





ရဲဝံ့ နှုတ်ခမ်း အသာကွေးပြီး ပြုံးကာ နားထောင်နေခဲ့သည်။ ပြီးမှ ...

"သူ့ကို မနေ့က အဖြစ်အပျက်အတွက် တောင်းပန်ပါတယ်လို့ သွားပြောချင်လို့ပါ။ လမ်းမပေါ် ကားဖြတ်မောင်းရင်း ပန်းဆိုင်တွေ့လို့ ဝင်ဝယ်ချင်တာနဲ့ ဝင်လာတာပါ၊ ရုပ်ရှင်တွေထဲမှာ တစ်ခုခု တောင်းပန်ချင်ရင်လည်း ပန်းစည်းလေး ဘာလေး ပေးတာတွေ့ဖူးလို့ စိတ်ကူးရပြီး"

သူက စကားကို မဆက်တော့ဘဲ ဒီမှာတင် ရပ်လိုက်ပေမဲ့ သောတက သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

သောတသည် ပန်းတွေကြားထဲ ဝင်သွားရင်း ...

"တောင်းပန်တယ် ဆိုတော့ သူ မြင်လိုက်တာနဲ့ ရင်ထဲအေးသွားတဲ့ အရောင်ဖြစ်ရင် ကောင်းမယ်၊ ပန်းတွေထဲမှာ lily (လီလီ)ကတော့ လှတယ်လို့ထင်တယ်၊ ကျွန်မသာဆို lily တွေမြင်ရင် ချက်ချင်း စိတ်ပြေမှာပဲ ထင်တယ်၊ ဒါပေမဲ့ သူကတော့ lily ကို မခံစားတတ်မှာစိုးလို့ lily တစ်ခိုင်၊ နှင်းဆီဖြူတစ်ခိုင်၊ orchid (အော်ကတ်)အဖြူတစ်ခိုင်၊ သစ္စာပန်း အဖြူတစ်ခိုင်ရယ်၊ Tulip အဖြူ (ကျူးလစ်)တစ်ခိုင်ရယ်၊ အဖြူတွေချည်း ပေါင်းပြီး ပြင်ဆင်ပေးလိုက်ပါမယ်၊ ပန်းစည်းက အဲဒီလောက်ဆို သဘောကျပြီလား"

သောတသည် စကားလည်းပြောရင်း ပန်းခိုင်လေးတွေကို ရေစိမ်ထားသော ပုံးတွေထဲမှ တစ်ခိုင်ပြီး တစ်ခိုင်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်နေသည်မှာ ပန်းတွေကြားထဲက လိပ်ပြာမကလေးနဲ့ပင် တူနေသည်။ သောတ လက်ချောင်းလေးတွေက အနုပညာဆန်လျက် သွယ်လျနေသည်ဟု အများက ပြောဖူးသဖြင့် ပန်းခိုင်လေးတွေကို ကိုင်သည်မှာ သောတနှင့် အင်မတန် လိုက်ဖက်နေသည်။

ရဲဝံ့သည် သူမကိုယ်သူမ သောတ,ကနေ့လေလို့ အမြဲပြောတတ်သော ကောင်မလေးရဲ့ "ကျွန်မ"ဟူသော ခပ်စိမ်းစိမ်း အပြောကို သတိထားမိနေသည်။ ဩော် ... သူ တော်တော်ကို စိမ်းကားပစ်လိုက်တာပါလား။ အေးလေ ... ငါကရော ဘာထူးလို့လဲ။ သူ့ကို ပြန်တွေ့တာတောင် မှတ်မှတ်ရရ မနှုတ်ဆက်။ တရင်းတနှီး စကားလည်း မပြောပါဘဲ ဈေးလာဝယ်သူနှင့် ဈေးရောင်းသူ ပုံစံမျိုး ဆက်ဆံပြမိတာပဲ။ ဘာထူးလဲ။ သူလည်းစိမ်းစိမ်း ကိုယ်လည်းစိမ်းစိမ်းပေါ့လေ။ ရှင်းသားပဲ။

"ကတ် ယူဦးမလား"

"ခင်ဗျာ"

"ကတ်တွေလည်း ရောင်းတယ်၊ စိတ်ဝင်စားရင် သွားကြည့်ပါ"

"ကတ် လိုသလား"

"ကတ်ကတော့ အမျိုးစုံ ရှိပါတယ်၊ သူ့ကို လွမ်းနေတယ်ဆိုရင် I miss you ဆိုတဲ့ ကတ်မျိုးလေးတွေ စာသားနဲ့အတူ ရှိတယ်၊ သူ့ကို ချစ်ကြောင်း ပြောချင်ရင်တော့ I love you တို့၊ You are my better half တို့ စာသားလေးတွေ အသင့်ရေးပြီးသားပါတဲ့ ကတ်ပေါ့။ မွေးနေ့အတွက်ဆို





တော့ Birthday ကတ်က လှတိုင်း သိပါတယ်၊ နေမကောင်းလို့ သတင်းသွားမေးမယ်ဆိုရင် Get well soon လို့ ရေးထားတဲ့ စာသားလေးတွေပါတဲ့ကတ် ရှိမယ်။ သူနဲ့ပတ်သက်တာ တစ်စုံတစ်ရာ ဆုံးရှုံးလို့ ကိုယ်က အားပေးချင်တယ်ဆိုရင် sympathy ကတ်လေးတွေ ရှိပါတယ်။ အခုအခြေအနေလိုမျိုး သူ့ကို ကိုယ်က တောင်းပန်ချင်ရင်တော့ I'm sorry လို့ စာသားလေးတွေ ရေးထားတဲ့ sorry notes ပါပြီးသားကတ်လည်း ရှိတယ်လေ"

"ပိုက်ဆံကုန်ပေါက်တွေပေါ့နော်"

"ပိုက်ဆံတတ်နိုင်ပြီးသားမို့ သူ့ကို သွားတောင်းပန်တာတောင် ပန်းစည်းဝယ်သွားပေးတာပဲ၊ ကတ်တစ်ခုနဲ့တော့ ပိုက်ဆံပိုကုန်မသွားပါဘူး"

"ဟား ဟား ... အပြောကောင်းတာနဲ့ ဝယ်ချင်သွားပြီ၊ ကတ်တစ်ခု သွားရွေးလိုက်မယ်နော်"

"ရပါတယ်၊ စိတ်ကြိုက်စာသားလေးရတဲ့အထိ ရွေးပါ"

"ကတ်တွေထဲမှာ အင်္ဂလိပ်လိုပဲ ရေးသားထားတာနော်၊ ထားပါတော့၊ အင်္ဂလိပ်စာ သိပ်ကျွမ်းကျွမ်းကျင်ကျင် မတတ်တဲ့ လူတစ်ယောက်ဟာ ဒီစာသားတွေရဲ့ အဓိပ္ပာယ်ကို ဘယ်လိုလုပ် ဘာသာပြန်နိုင်ပါ့မလဲ၊ ဘယ်လိုလုပ် သိပါ့မလဲ"

သောတသည် သူ ထိုသို့လှည့်ပြောလာသောအခါ အင်္ဂလိပ်စာ ညံ့လှသော ကောင်လေးတစ်ယောက်ကို သတိရသွား



www.burmeseclassic.com

www.burmeseclassic.com



ခြင်းအား တော်တော်ကြီး ထိန်းချုပ်ဖျောက်ဖျက်လိုက်ရပါသည်။ သူ ခုထိ အင်္ဂလိပ်စာညံ့တုန်းပဲလား။ မဖြစ်နိုင်ပါဘူးလို့ ပြောလို့မရဘူး။ သူက သင်္ချာတော်ပြီး အင်္ဂလိပ်စာမှာ ညံ့နေခဲ့တာ၊ သောတ အသိဆုံးလေ။ သောတကတော့ သူနဲ့ပြောင်းပြန် သင်္ချာညံ့ပြီး အင်္ဂလိပ်စာ တော်နေခဲ့တာ။

"အဲဒီထဲက စာသားလေးတွေ အကုန်လုံးကတော့ အဓိပ္ပာယ်ကောင်းပါတယ်၊ အဓိပ္ပာယ်လည်း ရှိပါတယ်၊ ကိုယ်ကိုယ်တိုင် ပါးစပ်နဲ့ပြောပြီး တောင်းပန်တာထက်တောင် ပိုပြီးကောင်းနေမှာပါ"

"အိုခေလေ … ကျွန်တော် တစ်ကတ်ရွေးလိုက်ပြီ"

သူက ကတ်ပြားလေးကို ကောင်တာမှာ လာတင်ပါသည်။

ကျသင့်ငွေ ပန်းစည်းနှင့်ကတ်ပြား ပေါင်းငွေကို သောတက စာရင်းစာအုပ်လေးထဲ ရေးမှတ်နေလျှင် …

"ကွန်ပျူတာထဲ စာရင်းထည့်ရင် ပိုမကောင်းဘူးလား"

ဟု ရဲဝံ့က ဆရာလုပ်သလို အသံဖြင့် ပြောသည်။

"ကွန်ပျူတာက အဟောင်းတောင် ဈေးကြီးနေတယ်၊ မဝယ်နိုင်သေးဘူး"

သောတသည် လွှတ်ခနဲ ပြောမိပြီးမှ သူ့ကို သူစိမ်းလို သဘောမထားမိဘဲ တရင်းတနှီး ပြောမိရာများ ရောက်သွားသလားလို့ နောင်တရသွားပါသည်။ သို့သော် ရဲဝံ့ကတော့ သတိထားမိဟန် မတူဘဲ …





"ကွန်ပျူတာ အဟောင်း၊ ပရင်တာအဟောင်း၊ ဖိုတိုကော်ပီရာအဟောင်းတွေကို ပြန်ပြင်ပြီး ရောင်းတဲ့ဆိုင်တစ်ဆိုင်ရှိတယ်၊ အဲဒီလို ဆိုင်တွေတော့ အများကြီးပေါ့လေ၊ ဒါပေမဲ့ ကျွန်တော်ညွှန်းတဲ့ ဆိုင်ကတော့ ဈေးကလည်း မဆိုးဘူးမို့ ပြောပြခဲ့မယ်"

ဆိုပြီး ဆိုင်တစ်ဆိုင်၏ အမည်နှင့်လိပ်စာကို ပြောပြပါသည်။

သောတလည်း ကွန်ပျူတာ သိပ်လိုချင်လှတာတော့ မဟုတ်ပေမဲ့ ပြောသူ စိတ်ကျေနပ်အောင် ကောက်ရေးမှတ်ထားလိုက်သည်။ သူနဲ့ သောတ ကြားက ဆက်ဆံမှုသည် အခုတော့ ဘယ်လိုကြီးမှန်းမသိ ဖြစ်နေသည်။ ဈေးဝယ်သူနှင့် ဈေးရောင်းသူပုံလည်း မပေါက်။ သိပ်ရင်းနှီးကြသော မိတ်ဆွေနှစ်ဦး၏ ပြန်ဆုံမှုနဲ့လည်းမတူ။ ဘယ်လိုမှန်း အဓိပ္ပာယ်ခွဲ၍ မရသော ဆက်ဆံရေးမျိုး ဖြစ်နေကြောင်း သောတ သတိထားမိသွားသည်။

တကယ်ဆို သူနဲ့ ကိုယ့်ကြားမှာ ဘာမှ နာကြည်းမုန်းတီးစရာမှ မရှိခဲ့တာ။ ဟုတ်တယ်လေ။ ဒီတော့ ပြန်တွေ့ကြတဲ့အခါ မသိလိုက် မသိဘာသာ။ ဘာမှ မဖြစ်ခဲ့ဖူးသလို။ ဒီလူနှစ်ဦးကြားထဲမှာ ဘာမှ အဆက်အသွယ် မရှိခဲ့ဖူးသလို ပုံစံနဲ့လည်း ဆက်ဆံနိုင်ရမယ်။

အဖြူရောင်ပန်းစည်းလေး တစ်စည်းကိုင်ပြီး ဆိုင်ထဲက ထွက်သွားသော ကောင်လေး တံခါးပြန်ပိတ်လျှင် ခေါင်းလောင်းသံလေးများ တချွင်ချွင်မြည်ပြီး ကျန်ရစ်ခဲ့ပါသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



အခါ သောတ တစ်ယောက်တည်း ဆိုင်ထဲမှာ တိတ်ဆိတ်ပြီး ကျန်ရစ်ခဲ့ပြန်သည်။ တိတ်ဆိတ်မှုကို အခုကျမှ သတိပြုမိသော သောတသည် အခုမှပဲ CD player ခလုတ်ကို နှိပ်ဖို့ သတိရလေသည်။ Nick Lachey(နစ်(စ)လရှေး)၏ "What's left of me" သီချင်းကို ကြားလိုက်ရသည်။

"Cause I want you ... Cause I need you ... Crowling underneath my skin "

သောတသည် သီချင်းစာသားတချို့ကို လိုက်ဆို ညည်းနေစဉ် စိတ်ကတော့ လွန်ခဲ့သော ခြောက်နှစ်ကျော်ကာလ တွေကို ပြန်အမှတ်ရ မြင်ယောင်နေမိလေသည်။ ဘာနဲ့တူသလဲ ဆိုတော့ ရုပ်ရှင်မှာ ပြကွက်တွေပြရင်း နောက်က playback သီချင်းသံ ထည့်ထားတာနဲ့ပင် တူနေတော့လေသည်။

သောတ၏ မျက်ဝန်းအာရုံထဲမှာ အမြဲလိမ်ကျစ် ဆုပ်ညှစ်နေအောင် တွဲထားတတ်သော လက်ဖဝါးနှစ်ခုရယ် ကျောပိုးအိတ်လေး တစ်အိတ်နဲ့ ကချင်လွယ်အိတ်လေး တစ်လုံး ရယ်။ ကျောင်းစိမ်းဝတ်စုံလေး ဝတ်ထားတဲ့ ဆယ်ကျော်သက် ကောင်လေးနဲ့ ကောင်မလေးရယ်။ ပြန်တမ်းတတာ မဟုတ်ပါဘဲ အလိုလို မြင်ယောင်လာသောအခါ လွမ်းဆွတ်မှုကိုပါ ပူးတွဲခံစား လိုက်ရပါသည်။

သောတ ခုမှ သိတယ်။ သူ့ကို ဒီခြောက်နှစ်လုံး လွမ်းနေခဲ့ဖူးတယ်။





## ၂

အိမ်နဲ့ လမ်းလျှောက်ပြန်လို့ရသော အကွာအဝေး မှာသာရှိသည့် ဆိုင်ကို ညခုနစ်နာရီမှာ ပိတ်ပြီးသောအခါ သောတ တစ်ယောက်တည်း အိမ်ကို လမ်းလျှောက်ပြန်ခဲ့ပါသည်။ သိပ် အဝေးကြီး လျှောက်ရတာလည်း မစုတ်သလို သိပ်နီးနီးလေး လျှောက်ရတာမျိုးလည်း မဟုတ်သော အကွာအဝေးကို သောတ ကြိုက်သည်။ သောတက ကား(သို့မဟုတ်) စီးစရာတစ်ခုခုနဲ့ သွားရခြင်းကို သဘောမကျလှ။ သောတ လမ်းလျှောက်ရတာ ဝါသနာပါသည်။ ကြိုက်သည်။ အခုလို နေမပူတော့သော အချိန် မှာ လမ်းလျှောက်ရတာကို ပိုသဘောကျပါသည်။

နွေရာသီလို ပူသောအချိန်မှာပင် အခုလို ညဘက် တွေဆို လမ်းမထွက် လမ်းလျှောက်လျှင် အပူရှိန်လျော့သော လေတချို့ကတော့ ရတတ်တာမို့ လမ်းလျှောက်ခြင်းဟာ နွေရာသီ ပဲဖြစ်ဖြစ်၊ ဆောင်းရာသီပဲဖြစ်ဖြစ် အဆင်ပြေသည်။ မိုးရာသီမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ လူတော်တော်များများက လမ်းလျှောက်ရတာ သဘောမကျကြ။ ရွံ့ဗွက်စဉ်သည်။ မိုးစိုသည် စသဖြင့် ညည်းညူကြပေမဲ့ သောတကတော့ မိုးရာသီလည်း လမ်းလျှောက်ရတာ စိတ်ပျက်မိတာမျိုးမဖြစ်။ ဖြစ်နိုင်လျှင် မိုးသိပ်မများလျှင်ပင် ထီးမဆောင်းဘဲ လျှောက်ချင်တာ။

အဖော်ပါရင်တော့ ထီးမဆောင်းဘဲ လျှောက်ဖြစ်မှာပေမဲ့ အဖော်မပါရင်တော့ ကိုယ်က မိန်းကလေးမို့ ဣန္ဒြေပျက်သဖြင့် ထီးလေးဆောင်းပြီး လျှောက်ရသည်။

သောတ လမ်းဖြည်းဖြည်း လျှောက်စဉ်မှာပင် မိုးဖွဲဖွဲလေး ကျလာပေမဲ့ သောတသည် ပခုံးလွယ်သော ခြင်းတောင်းပုံစံအိတ်ကြီးထဲက ထီးလေးကို မထုတ်ဖြစ်သေးဘဲ တမင်ပေပြီး လျှောက်လာနေပါသည်။

အိမ်နားနီးလာတော့ သုံးထပ်အမြင့် ဝရန်တာမှာ အင်္ကျီစဉ်မှ အင်္ကျီလေးတွေ သိမ်းနေသော မေမေက သောတကို မြင်သွားပြီး ...

"သောတ ထီးမဆောင်းဘဲ လမ်းလျှောက်လာလည်း မြန်မြန်လာ၊ မိုးမိရင် နှာစေးဦးမယ်"

ဟု လှမ်းပြောလေသည်။

သောတသည် တိုက်အောက် အမြန်ပြေးဝင်လိုက်လျှင် အောက်ဆုံးထပ်မှာနေသော အန်တီကြီးစုံတွဲက ...

"ဆိုင်ပိတ်ပြီလား သမီး"





"ဟုတ်ကဲ့"

"ဒီနေ့ စဖွင့်တာနော်၊ ဘယ်လိုလဲ"

"မဆိုးပါဘူး၊ ဈေးဦးတော့ ပေါက်ခဲ့တယ်"

ထိုသို့ ပြန်ဖြေစဉ် သောတ မျက်ဝန်းထဲမှာတော့ ပထမဦးဆုံး ဈေးလာဝယ်သူကို သတိရနေပြန်သည်။ ကျွတ် ... ခက်တော့တာပဲ။

"အန်တီတို့ ဝင်ခဲ့ဦးမယ်၊ ကျောင်းမှာ အခမ်းအနားရှိရင် ကျန်တဲ့ ဆရာမတွေပါ ပန်းမှာချင်အောင် သူတို့ပါခေါ်ပြီး ဝင်ခဲ့မယ်၊ သိလား"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ အန်တီ၊ ခွင့်ပြုပါဦးနော်၊ သောတ မိုးစိုလာလို့"

"ဪ ... အေး ... အေး၊ ဟုတ်သားပဲ၊ သွား သမီး ... သွား၊ မိုးစိုလာတယ်"

ကျောင်းဆရာမ အန်တီကြီးနှင့် ရုံးတစ်ရုံးမှာ အရာရှိကြီး စုံတွဲက ဒီတိုက်၏ ပိုင်ရှင်တွေလည်းဖြစ်သည်။ သူတို့က သောတကို ဆယ်တန်းအောင်ခါစကတည်းက မြင်ဖူးလာသည်မို့ သူတို့မျက်စိထဲမှာ အသက်နှစ်ဆယ့်နှစ်နှစ် ရှိနေလည်း ကလေးလို မြင်တုန်းပင်။

အပေါ်ထပ် တက်လာတော့ မေမေက အခန်းတံခါးကို အသင့်ဖွင့်ထားပြီးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မိုးရွာတော့မယ် ဆိုတာ သိရက်နဲ့ မြန်မြန်လျှောက်လာ ရောပေါ့၊ အလကား မိုးစိုခဲတယ်ကွယ်"

"သောတာ ရေချိုးတော့မှာပါ မမေရယ်"

"ကဲ ... မြန်မြန်ချိုး"

"မမေ ... သောတ ညစာထမင်း မစားတော့ဘူးနော်၊ ရင်ပြည့်နေလို့"

"ဒါဖြင့် ဘာစားမှာလဲ"

"ဘီစကစ်နဲ့ ကော်ဖီပဲ စားတော့မယ်"

"နေ့ခင်းကဆိုင်မှာ ဘာဝယ်စားလို့လဲ"

"ဝိုင်းဝိုင်းတို့၊ ကေသီတို့ ရောက်လာတော့ J'donuts တွေ ဝယ်လာတာနဲ့ သူတို့နဲ့ စကားပြောရင်း စားလိုက်မိတယ်၊ သူတို့က ကော်ဖီဘူးပါ တစ်ခါတည်း ဝယ်လာတာ"

"အင်း ... ဖြစ်ရမယ်၊ သောတဟာလေ မုန့်နဲ့ ကော်ဖီသာ စားရမယ်ဆိုရင် ထမင်းလွတ်ပဲ"

သောတသည် ရေချိုးခန်းထဲ ဝင်ခဲ့ပါသည်။ ဒီတိုက်အိမ်က ကန်ထရိုက်တိုက်ပေမဲ့ ရေချိုးခန်းမှာတော့ ရေပန်းရော ရေချပ်ချိုးလို့ရသော အုတ်ကန်ရော ပါပါသည်။ သောတကတော့ ရေပန်းဖြင့်သာ ခေါင်းကနေ ရေစိုခံ ရေစ,ချိုးလိုက်ပါသည်။

ရေချိုးရင်းမှ ပြန်တွေးနေမိသည်မှာ သူငယ်ချင်းတွေအကြောင်း ဖြစ်သည်။ သူငယ်ချင်းတွေ ဖြစ်သော ခင်ဝိုင်းဝိုင်းနဲ့ ကေသီကျော် (သောတကတော့ ဝိုင်းဝိုင်းနှင့် ကေသီဟု ခေါ်





သည်) ရောက်လာခဲ့ချိန်က နေ့လယ် နှစ်နာရီလောက်မှာဖြစ်သည်။ သူတို့ ရောက်လာတော့ သောတ,က ဈေးဝယ်သူတစ်ယောက် စိတ်တိုင်းကျ ပန်းစည်းပြင်ဆင်ရောင်းချပေးပြီးခါစ ဖြစ်သည်။ သူငယ်ချင်းတွေမြင်တော့ သောတ ဝမ်းသာစွာပင် ...

"ဟင် ... ဝိုင်းဝိုင်းတို့ ကေသီတို့ လာကြ၊ ဒီနေ့ ဆိုင်ဖွင့်ဖွင့်ချင်း လာကြမယ် ပြောထားလို့ ငါမျှော်နေတာ"

"ဈေးသည်ကြီး ဖြစ်နေပြီဆိုတော့ လာလေ့လာရအောင်ပေါ့ လေ"

ဝိုင်းဝိုင်းက ဆိုင်လေးကို လှည့်ပတ်ကြည့်ရင်း ပြောသည်။ တကယ်တော့ ဒီဆိုင်ကို လှည့်ပတ်ကြည့်စရာ မလိုသလောက် နီးပါး သူတို့ မှတ်မိနေပြီးသားပါ။ သောတ ဒီဆိုင်ခန်းလေးကို စပြီးငှားကတည်းက ဆိုင်အတွင်းကို ပြင်ဆင်ကတည်းက သူတို့ရဲ့စိတ်ကူးတွေလည်း တစ်ဝက်လောက် ပါဝင်ထားပါသည်။

"နင် ဆိုင်ဖွင့်ပြီဆိုတော့ အဖေကလည်း ငါ့ကို ဒီတိုင်း ကြည့်မနေချင်တော့ဘူး ဆိုပြီး ..."

"သူ့အလုပ်ထဲ ဝင်ခိုင်းရောလား"

ကေသီက ခေါင်းခါရင်း ...

"အမယ်လေး ... အဲဒါကိုပဲ ပြောရင် တော်သေး၊ ခုတော့ ဒီအလုပ်ပဲ လုပ်ရင်လုပ်၊ မလုပ်ဘူးငြင်းရင် သူ စိတ်တိုင်းကျတဲ့လူနဲ့ ပေးစားမယ်တဲ့၊ ငါ့မှာ ရွေးစရာလမ်း မရှိဘူး။ အဖေ့ အလုပ်လည်း ငါက မလုပ်ချင်ဘူး။ တခြားမှာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ထွက်လုပ်လို့ကလည်း သူက ပေးမလုပ်ဘူး။ မိဘက ပုံနှိပ်တိုက်ကြီး လုပ်နေပြီး သမီးက ကုမ္ပဏီမှာ သွားလုပ်ရမှာလားတဲ့"

"ဟိ ဟိ ... ဒီတော့ နင်က လိုချင်ရက် လက်တို့ဖြစ်ပြီး အဖေ စီစဉ်တဲ့လူပဲ ယူပါတော့မယ် ပြောလိုက်ရောလား... ဟမ်း ... မိန်းမ ရှက်ရှက်တယ်"

ဝိုင်းဝိုင်းနဲ့ သောတတို့က ဝိုင်းစတော့ ကေသီ ရှုံ့မဲ့နေသည်။

"ယောက်ျားလည်း မလိုချင်သေးဘူးဟယ်၊ ယူချင်ခုကောက်ယူ ရတယ်။ ယောက်ျားယူပြီးမှသာ အပျိုပြန်လုပ်ချင်ရင် ဘယ်တော့မှ မဖြစ်တော့ဘူး။ ဒါကြောင့် မလုပ်ချင်တဲ့ အဖေ့ပုံနှိပ်တိုက်ကြီးနဲ့ပဲ နှစ်ပါးသွားဖို့ စဉ်းစားရတော့တယ်၊ နောက်ဆို ငါလည်း ကဒီး ကဒီး လျှောက်သွားလို့ မရတော့ဘူး။ အဖေ့ပုံနှိပ်တိုက်မှာ သူ့အလုပ်ကလူတွေ လုပ်တဲ့ အလုပ်ချိန်အတိုင်း, ဝင်လုပ်ရမယ်တဲ့"

"သောတက ကံကောင်းပါတယ်ဟယ်၊ သူလုပ်ချင်တဲ့ ဆိုင်လေးမျိုး ဖွင့်ခွင့်ရတယ်"

ဝိုင်းဝိုင်းက အားကျပြီး ပြောသည်။

"မေမေ့ကို မနည်းပြောရတာဟဲ့၊ မေမေကတော့ မြို့စွန်က သူ့ပန်းခင်းဝင်ငွေနဲ့တင် ငါတို့သားအမိ ဖူလုံပေမဲ့ လူကြီးတွေ ထုံးစံအတိုင်း လခစားအလုပ်မျိုး ဝင်လုပ်စေချင်နေတာ၊





ငါက အဲတင်းကိုပွဆာလို့ အရင်းအနှီးလည်း သိပ်အများကြီး ထုတ်မပေးသေးဘဲ နည်းနည်းစ,လုပ်ခိုင်းလိုက်တာပါ။ တစ်နှစ် နှစ်နှစ်လောက် လုပ်ကြည့်ပြီး သိပ်မဟန်ရင် ပိတ်ရမယ်တဲ့"

"နင်တို့က အမေနဲ့သမီး နှစ်ယောက်တည်းရှိတော့ နင့်အမေက ဘာပဲဖြစ်ဖြစ် အလိုလိုက်ပါတယ်"

ခင်ဝိုင်းဝိုင်းကတော့ အားလုံးထဲမှာ ငွေကြေးအတောင့်တင်းဆုံးမိသားစုမှ လာသူမို့ ကျောင်းပြီးပြီးပေမဲ့ အလုပ်ကိစ္စဆိုတာ သိပ်ရေရေရာရာ ခေါင်းထဲတွေးထားပုံ မရသေးပါ။ ခင်ဝိုင်းဝိုင်း အလုပ်လုပ်ချင်လျှင် မိဘတွေရဲ့ ပိုးထည်တိုက်လုပ်ငန်းမှာ ဝင်လုပ်ရုံ။ ဒါမှမဟုတ် အခုခေတ်စားနေတဲ့ ဒီဇိုင်နာ လုပ်ချင်ရင်လည်း နိုင်ငံခြားမှာ ခဏကျောင်းသွားတက်ပြီး ပြန်လာလုပ်ရုံဖြစ်ကြောင်း သူငယ်ချင်းတွေကို အသိပေးထားဖူးပါသည်။

"ကဲ ... ပြောပါဦး၊ နင် ဒီနေ့ ဆိုင်စဖွင့်ဖွင့်ချင်းမှာ ပထမဦးဆုံး Customer နဲ့ စကားပြောတော့ ဘယ်လိုနေလဲ၊ တစ်ခါမှ ဈေးမရောင်းဘူးတဲ့ ငါတို့သူငယ်ချင်း ဘယ်လိုများ ပြောမလဲဆိုပြီး ငါတို့ သိချင်နေတာ"

သောတသည် ထိုသို့ အမေးခံလိုက်ရသောအခါ ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားလျက် မျက်နှာမှာ မလုံမလဲ ဖြစ်သွားသည်ဟု သူမကိုယ်သူမ ထင်မိခဲ့သည်။ ဝိုင်းဝိုင်းတို့ ကေသီတို့ကတော့ ဘာမှမသိဘဲ မေးလိုက်တာပေမဲ့ သောတမှာ အလိုလို မျက်



www.burmeseclassic.com

www.burmeseclassic.com



မလဲ ဖြစ်သွားတာပင်။ သောတ မဖြေဘဲ Lemon Donut ကိုသာ ပါးစပ်ထဲ အများကြီးထိုးထည့် ဝါးနေမိသည်မှာ လည်ချောင်းဝမှာ နင်တော့မတတ် ဖြစ်နေသည်။

ဒါကို သူငယ်ချင်းတွေမြင်ပြီး ...

"ဟယ် ... သောတရယ်၊ ဖြည်းဖြည်းစားမှပေါ့၊ နင် ဘယ်လိုဖြစ်လို့ ငတ်ကြီးကျသလို စားနေရတာလဲ၊ ရော့ ... ရော့၊ ကော်ဖီက သိပ်မပူတော့ဘူး၊ သောက်လိုက်၊ နင်ဟာလေ ... အဲဒီလို မုန့်အချိုတွေဆို သိပ်ကြိုက်တာပဲ၊ နင် ငယ်သေးလို့ မဝ,လာတာနော်၊ အသက်သုံးဆယ်လောက်သာဆိုရင် ပေါင်နှစ်ရာ ဖြစ်နေမယ်၊ သတိထား"

ကော်ဖီ သောက်ခိုင်းကာ သောတကို ဆူပူပါသည်။

"နင်တို့က ဈေးဦး ဘယ်လိုပေါက်သလဲလို့ လာမေးတာကိုး။ ငါက မုန့်စားနေရင်း နင်,သွားတာပေါ့"

"ဟောတော် ... မသိပါဘူး၊ ဒီလိုမှန်းသိရင် စားပြီးမှမေးပါတယ်၊ ဘာဖြစ်လို့လဲ၊ ဈေးဦးဖောက်တဲ့ Customer နဲ့ စကားပြော အဆင်မပြေခဲ့လို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့လဲ၊ နှစ်ရာ သုံးရာဖိုးလောက်ပဲ ဝယ်ပြီး တစ်ဆိုင်လုံးကို မွှေနှောက်ကြည့်သွားလို့လား"

"အဲဒီလိုလည်း မဟုတ်ပါဘူး"





သောတသည် မပြောဘဲလည်း မနေနိုင်သဖြင့် နောက်ဆုံးတော့ ပြောလိုက်မည်ဟု ဆုံးဖြတ်ပါသည်။ တစ်ဦးတည်းသော သမီးတွေ သားတွေဟာ သူတို့မှ တိုင်ပင်လောက်စရာ မောင်နှမသားချင်းလည်း မရှိကြလေရာ သူငယ်ချင်းကိုပဲ ပိုခင်မင် ပိုတိုင်ပင်ချင်ကြသလိုပဲ သောတလည်း သူမရဲ့အဖြစ်အပျက်တွေကိုဆို၊ သူငယ်ချင်းတွေကိုသာ ပြောပြတိုင်ပင်လိုသူ ဖြစ်ပါသည်။ အောင့်အည်းမျိုသိပ်ပြီး ကိုယ့်တစ်ယောက်တည်း ခံစားရတာထက် စာရင် တစ်စုံတစ်ယောက်ကို ဖွင့်ပြောလိုက်ရတာက ပိုပြီး ရင်ထဲမှာ ပေါ့ပါးရှင်းလင်းလေသည်။ ကိုယ်တိုင်ပင် ဖွင့်ပြောသူက ကိုယ့်ကို အကူအညီ ပေးနိုင်သည်ဖြစ်စေ၊ မပေးနိုင်သည်ဖြစ်စေ၊ အကြံဉာဏ် ပေးနိုင်သည်ဖြစ်စေ၊ မပေးနိုင်သည်ဖြစ်စေပေါ့။

"သောတ ... နင့်မှာ ပြောစရာ တစ်ခုခုတော့ ရှိပြီထင်တယ်"

ထိုသူငယ်ချင်း နှစ်ယောက်တို့က သောတနှင့်ဆိုလေး,ငါးတန်းကတည်းက တစ်ခုံတည်း၊ တစ်လိုင်းတည်း၊ တစ်တန်းတည်း နှစ်တိုင်း အတူတူ ဖြတ်သန်းလာခဲ့ကြသူများဖြစ်ရာ သောတ၏ မျက်နှာအမူအရာကို သူတို့ လုံးဝအကဲခတ်တတ်နေခဲ့ပြီ ဖြစ်သည်။

"ငါ ... ငါ ... ငါ့ဆီ သူ ရောက်လာတယ်"

"ဘယ်သူလဲ"

"နင့်ဆိုင်ကို ရောက်လာတာလား၊ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝိုင်းတို့ အသံက ပြိုင်တူနီးပါး ကြားရသည်။

"ရဲဝံ့ထန်"

"ဟယ် ... ဟုတ်လား"

ဟယ် ... ဟုတ်လားသံပါ ပြိုင်တူမေးကြသော ဝိုင်းဝိုင်းတို့မျက်နှာမှာကား အံ့သြမှုတွေ ပြည့်လျှံနေပါသည်။

"နင့်ဆိုင်မှန်း သိလို့လာတာတော့ မဖြစ်နိုင်ပါဘူး"

ဝိုင်းဝိုင်းဟာ အရင်တည်းက ရဲဝံ့ထန်ကိုဆို သိပ်ပြီး အကောင်းမမြင်သူမို့ ကြိုပြောလေသည်။ ကေသီကတော့ အလွမ်းဇာတ်လမ်းတွေကြိုက်သော drama သမားပီပီ ...

"နင်တို့ နောက်ဆုံးတော့ မျက်နှာချင်းဆိုင် ပြန်ဆုံရတဲ့ ရက်ကို ပိုင်ဆိုင်လိုက်ရတယ်နော်"

ဆိုပြီး ဝတ္ထုစာသားလိုလိုတွေ ရွတ်နေခဲ့ပါသည်။

"သူ ငါ့ဆိုင်မှန်း မသိပါဘူး၊ သူ့ကို စိတ်ကောက်နေတဲ့ မိန်းကလေးကို ချော့ဖို့အသွား၊ ကားမောင်းလာရင်း ပန်းစည်းပေးပြီး ချော့ရင် ပိုပြီးများ အဓိပ္ပာယ်ရှိမလားလို့ တွေးမိတာနဲ့ သူ ကားမောင်းနေရာလမ်းမှာ ရှိနေတဲ့ ငါ့ဆိုင်ကို ဝင်မိတဲ့ သဘောပါပဲ"

"ပြန်တွေ့တော့ သူက နင့်ကို မှတ်မိလား"

ဝိုင်းဝိုင်း မေးပြီးမှ သောတ,ကို တစ်ချက်ကြည့်ရင်း ...





"အေးလေ ... မှတ်မိမှာပါ၊ နင်က ဆယ်တန်းကျောင်းသူဘဝက ပုံစံနဲ့ ဘာမှ မကွဲပြားတော့ သူ မှတ်မိမှာပါ။ ကွဲပြားသွားခဲ့ရင်တောင် သူ မမှတ်မိဘူး ဆိုတာတော့ လုံးဝ မဖြစ်နိုင်ဘူး၊ ဒါဟာ ဟန်ဆောင်မှုပဲ"

လို့လည်း သူမဘာသာ ဆက်ဝေဖန်နေပါသည်။

"နင်တို့ ဘာတွေ ပြောဖြစ်ကြလဲ"

"ဘာတွေပြောရမလဲ ကေသီရယ်။ သူက မိန်းကလေးတစ်ယောက်ကို တောင်းပန်စရာရှိလို့ ပန်းဝယ်ပါတယ်ပြောပြီး ဝင်လာတော့လည်း ငါက သူ အဆင်ပြေမဲ့ ပန်းစည်းတစ်စည်းကို ပြင်ဆင်ပေးပြီး ကတ်တစ်ခုနဲ့အတူ[illegible]ချေးရောင်းလိုက်တာပဲပေါ့"

"သူက နင့်ကို သောတလို့ ခေါ်လား"

"ငါနဲ့ သူ့ကြားမှာ ရဲဝံ့တို့ သောတတို့ ခေါ်ပြီး စကားပြောကို မပြောဖြစ်ခဲ့ဘူး၊ သူက သူ့ကိုယ်သူ ကျွန်တော်တဲ့။ ငါက ကျွန်မတဲ့ ... ကဲ"

ကေသီ့ မျက်နှာက ဒီဘာမဟုတ်သော အဖြစ်အပျက်ကို လွမ်းနေသလိုလို ဖြစ်နေသည်။ ဝိုင်းဝိုင်းကတော့ ဘာအဓိပ္ပာယ်မှန်းမသိ ခေါင်းခါနေပြန်သည်။

"ဘာခေါင်းခါတာလဲ"

"ဒီဇာတ်လမ်း ဒီတစ်ရက်နဲ့တင် ရပ်ရင်ကောင်းမယ်လို့ ဆုတောင်းမိတယ်။ ဒါပေမဲ့ ငါ့ဆုတောင်း ပြည့်ချင်မှပြည့်မယ်လို့ တွေးမိပြီး ခေါင်းခါမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်ဟာလေ ... တော်ဓော်ဒ့ ရှုပ်ရှုပ်ယှက်ယှက် ပြောတယ်၊ ဘာမှန်းကို မသိဘူး"

သောတသည် ဝိုင်းဝိုင်းကို နားမလည်ဟန်ဆောင်ပြီး အပြစ်တင်ပြပေမဲ့ တကယ်တော့ ဝိုင်းဝိုင်း ပြောတာကို သောတ ဘာတစ်ခုမှ နားမလည်စရာ မရှိပါပေ။ ဝိုင်းဝိုင်း စိုးရိမ်သလို သောတလည်း စိုးရိမ်ပါသည်။ ဒီတစ်ရက်နဲ့ပဲ ဒီပြန်ဆုံတွေ့ကြသော ဇာတ်လမ်းကို ပြီးစေချင်ပါသည်။ နောက်ထပ် နောက်ထပ်တွေ နောက်တစ်ရက်တွေ ရှိလာခဲ့ရင်ဆိုသော အဖြစ်အပျက်သောတ ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် အာမ,မခံသည်မို့ ကြိုတင်မမှန်းဆရဲပါ။ သောတက ရဲဝံ့ထန်နဲ့ ပတ်သက်ရင် ဘယ်တော့မှ တင်းမခံနိုင်တာလဲ သူငယ်ချင်းတွေ အသိ။ သောတကိုယ်တိုင်လည်း အသိတည်း။

"သမီး ... သမီး ... သောတ ရေအကြာကြီး ချိုးမနေနဲ့၊ ညနေဘက်ကြီးမို့ အအေးမိမယ်၊ ခေါင်းကလည်း လျှော်သေးတယ် မဟုတ်လား မြန်မြန်လေးလုပ်။ ဒီမှာ မေမေ Kettle ကိုခလုတ်ဖွင့်ထားပြီ။ ရေနွေးမကြာခင်ရပြီ။ ကော်ဖီပူပူလေး သောက်ရအောင်၊ ဟုတ်ပြီလား"

သောတ၏ အတွေးတွေသည် ရေချိုးခန်းတံခါးကို လာပုတ်ပြီး ပြောလိုက်သော မေမေ့အသံကြောင့် ပြတ်တောက်သွားပါသည်။ မေမေကတော့ သောတ ဘယ်အရွယ်ရောက်ရောက် ကလေးလို့ ထင်ဦးမှာပင်။ သောတ ဘာလုပ်လုပ် လိုက်ကြည့်၊ လိုက်ပြောနေတတ်ဆဲ။





"သောတ ကလေးမဟုတ်တော့ပါဘူး မေမေရဲ့"

ဟု ပြန်ရှင်းပြလည်း မရ။

"အသက်ခြောက်ဆယ် အမေဟာ အသက်လေးဆယ်ရှိတဲ့ သူ့သမီးကို ကလေးလို့ပဲထင်ပြီး ဟိုဟာမလုပ်နဲ့၊ ဒီလို မပြောနဲ့ လိုက်ဆုံးမနေသေးတာပဲလေ၊ ဒါမဆန်းဘူး"

ဟူ၍ ဟိုဘက်ခန်းက အပျိုကြီးတို့ သားအမိကို ကြည့်ပြီး ပြန်ပြောတတ်လေသည်။ သောတတို့နဲ့ ဘေးချင်းကပ်ခန်းမှာလည်း အသက်ခြောက်ဆယ်ကျော် ပင်စင်စား ရုံးအုပ်ကြီးဖြစ်သော အဘွားအရွယ် တစ်ယောက်နှင့် သူ့သမီး အပျိုကြီး အသက်လေးဆယ်အရွယ် အန်တီတစ်ယောက် နေပါသည်။ ရပ်ကွက်ဈေးထဲမှာ အထည်ဆိုင်ဖွင့်သော အဲဒီအန်တီနှင့် သူ့အမေလည်း သောတနဲ့ မေမေ့လိုပင် ဖြစ်ပါသည်။ အဖြစ်အပျက်ခြင်းတူသော လူလေးဦး အခန်းချင်းကပ်ရပ် ဖြစ်နေပုံက ဆန်းလှသည်။

သောတ ကော်ဖီနှင့် မုန့်ကြွပ်တစ်ချပ်စားရင်း မေမေနဲ့အတူ TV ကလာသော ဇာတ်လမ်းတွဲကို ထိုင်ကြည့်ပါသည်။ ဇာတ်လမ်းတွဲ ခဏနားချိန် ကြော်ငြာဝင်ချိန်မှာ မေမေက ...

"ဆိုင်က ဘယ်လိုအခြေအနေရှိလဲ သမီး"

ဟု မေးလာပါသည်။

"မဆိုးပါဘူး၊ စဖွင့်ဖွင့်ချင်းတော့ ဝင်ကြည့်တဲ့သူရယ်၊ အနည်းအကျဉ်း ဝယ်တဲ့သူရယ်နဲ့ မပျင်းရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းတွေက ကိုယ့်ခြံထွက်မို့ မကုန်လို့ နွမ်းသွားမှာ မပူရဘူးပေါ့။ နွမ်းသွားလည်း လွှင့်ပစ်လိုက်ရုံပေါ့။ ကိုယ်ပိုင်ပန်းခင်း မရှိတဲ့သူဆို ခက်မယ်"

"ပန်းတွေ လွယ်လွယ်နဲ့ မနွမ်းအောင်ထည့်တဲ့ ဆေးလုံးလေးတွေ သောတ သုံးပါတယ်၊ ဆိုင်မှာလည်း တင်ရောင်းထားတယ်လေ မေမေ"

"မေမေ သိတာက သောတ,ဆိုင်မှာ ပန်းများများရောင်းတယ်ပဲ သိတာ။ ဘာပစ္စည်းတွေတင်မှန်း စေ့စေ့ငငတော့ မမေးချင်ဘူး။ သောတကို မေမေ အရင်းအနှီး ထုတ်ပေးထားတယ်၊ သောတ ကြိုက်တာဝယ်တင်ပြီး ရောင်းနိုင်တယ်။ တင်ရောင်းတဲ့ ပစ္စည်းက ကိုယ့်အတွက် မြတ်မလား၊ မမြတ်လား ကြည့်တတ်ဖို့ပဲ လိုတယ်"

"သောတ သိပါတယ် မေမေ။ မေမေ ထုတ်ပေးတာကို အလဟဿဖြစ်အောင် မလုပ်ပါဘူး၊ မေမေ ကြည့်နေ ... သောတဆိုင်က တဖြည်းဖြည်း ရောင်းကောင်းလာစေရမယ်"

"အေးပါ ... အေးပါ ... သမီး ပျော်ရင် ပြီးတာပဲ"

သောတသည် မေမေ့ကိုတော့ ရဲဝံ့ထန် ရောက်လာခဲ့ကြောင်း မပြောတော့ဘဲ ဖုံးကွယ်ထားလိုက်မိသည်။ မေမေသိရင် ဘာဖြစ်သွားမလဲ။ ဝိုင်းဝိုင်းလိုပဲ ကြိုတင်မှန်းဆပြီး စိတ်ပူမလား။ ဒါမှမဟုတ် သောတကို ယုံပြီး ဒါဟာ စိတ်ပူစရာမဟုတ်





ဘူး။ ရန်ကုန်တစ်မြို့တည်း နေကြတဲ့သူတွေ၊ တစ်ဂျက်ရက်မှာ ပြန်ဆုံတာဟာ မထူးဆန်းဘူး ဆိုပြီး တွေးတတ်မလား။

သောတသည် လှကာသာ TV ဖန်သားပြင်ကို စိုက်ကြည့်နေဟန် ဖြစ်နေပေမဲ့ စိတ်အစဉ်ကတော့ ကာလတစ်ခုဆီ လွင့်မျောလုဆဲဆဲ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၃

သောတရယ်၊ ဝိုင်းဝိုင်းရယ်၊ ကေသီရယ်ဟာ ဆယ် တန်းကို နှစ်ချင်းပေါက် အောင်ရမယ်၊ ဒီ့သုံးယောက် အတူ အောင်ကြရမယ် ဆိုသော ရည်ရွယ်ချက်ဖြင့် ကျူရှင်အတူတူ၊ ကျက်ရင်လည်း အတူတူ၊ သင်္ချာတွက်ရင်လည်း အတူတူ၊ မခွာ ရှိနေခဲ့လေသည်။ အရင်နှစ်တွေက ဒီသုံးယောက် တတွဲ တွေ့ရပေမဲ့ အခု ဆယ်တန်းနှစ်လောက်တော့ အိပ်ချိန်ကလွဲ (တစ်ခါတလေ သူ့အိမ် ကိုယ့်အိမ်လောက် လိုက်အိပ်ကြသေးတာ တပူးတွဲတွဲ မဖြစ်ခဲ့ဖူးပါ။ အခုနှစ်ကျမှ ဒီသုံးယောက်စလုံးဟာ တစ်နှစ်တည်း ဆယ်တန်းအတူတူ အောင်ရမယ် ဆိုတဲ့ ရည်မှ ချက်နဲ့ ပို၍တွဲဖြစ်လာကြသည်။

မဖြစ်နိုင်တာ တွေးကြောက်တတ်သော ကေသီကျေ ကတော့ ...





"ငါက စာတွေရပေမဲ့ မေးခွန်းမြင်ရင် စိတ်သိပ်လှုပ်ရှား တာ၊ မဖတ်ရသေးခင်ကို စိတ်က လှုပ်ရှားပြီး စာတွေမေ့ ဟတ်တယ်၊ အကယ်၍ ငါ တစ်ယောက်တည်း ကျခဲ့ရင် ဘယ်လိုလုပ်မလဲ"

ဟု ပြောလျှင်တောင် ...

"ငါတို့ နင့်ကို စောင့်နေမယ်၊ နင်အောင်တဲ့နှစ်ကျမှ ဒဂုံ တက္ကသိုလ်မှာ အတူတူ သွားတက်မယ်ဟယ်"

ဟူ၍ ဝိုင်းဝိုင်းနှင့် သောတက တက်ညီလက်ညီ ပြန်ဖြေတဲ့အထိ တစ်ယောက် အပဲ့မခံနိုင်အောင် ခင်မင်ကြသူတွေ ဖြစ်လာသည်။ ဆယ်ကျော်သက်အရွယ် ဆိုတာကလည်း သူငယ် ချင်းကိုသာ ပို၍အတွယ်တာဆုံးဖြစ်ရာ သောတလို တစ်ဦးတည်း သော အမေတစ်ခု သမီးတစ်ခု မိန်းကလေးဟာ သူငယ်ချင်းတွေ ကိုသာ အတွယ်တာဆုံး ဖြစ်ခဲ့သည်။

"ဒီသုံးယောက်ဟာ တတွဲတွဲနဲ့ သုံးမြွာပူးတွေများလားလို့"

တစ်ရက်မှာ ဘယ်ကဘယ်လို ရောက်နေမှန်းမသိ သော စာလေးတစ်စောင်ဟာ သောတရဲ့ လွယ်အိတ်ထဲမှာ ရောက် နေခဲ့လေသည်။ သောတ ထံသို့ရယ်လို့ ရည်ရွယ်ပြီး ပေးတာလည်း မဟုတ်ပါဘဲ သုံးယောက်စလုံးကို ကြည့်မရဟန်ဖြင့် ရေးလာသော ထိုစာကြောင်းတွေကို သုံးယောက် ခေါင်းချင်းဆိုင်ပြီး အဖြေထုတ် လို့မရခဲ့ ဖြစ်ခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အတန်းထဲက ကောင်တွေတော့ မဖြစ်နိုင်ဘူး၊ သူတို့က ငါတို့သုံးယောက် လေးတန်းလောက်တည်းက တွဲလာတာ မဆန်းတော့ဘူး။ ဒီစာဟာ အခုမှ ငါတို့ကို သတိထားမိလာတဲ့ကောင်ရဲ့ စာပဲ။ ဝိုင်းကျူရှင် တက်ကြတဲ့ထဲက ဘယ်သူ ဒီစာကို ထည့်တာဖြစ်မလဲ"

ခင်ဝိုင်းဝိုင်းက စုံထောက်ကြီး တစ်ယောက်လိုပဲ ထိုနေ့က,စပြီး တရားခံရှာသော မျက်လုံးတွေဖြင့် သူမတို့ကို စောင့်ကြည့်သမျှ ကောင်လေးတိုင်းကို စူးစမ်းတတ်ပါသည်။

ကေသီရယ်၊ သောတရယ်ကတော့ ဒီလောက်လေး ရေးတာကို ခြင်,လာကိုက်တာလောက်ပင် စိတ်မဝင်စားကြ။

"အလကား ... တမင် ငါတို့ကို စိတ်ဒုက္ခပေးတာပါဟယ်၊ ဝိုင်းဝိုင်း တစ်ယောက်ဟာ စာသင်ဖို့လာတာ စာထဲ စိတ်မဝင်စားနိုင်အောင် တရားခံပဲ ရှာနေ။ တော်ကြာ ဆယ်တန်းကျမဲ့လူဟာ ငါလို့ထင်နေပေမဲ့ နင် မတော်တဆကျသွားဦးမယ်"

ကေသီကပင် ဝိုင်းဝိုင်း ဒီစာကိစ္စကို အကျယ်ချဲ့,လွန်းသဖြင့် တားယူရတဲ့အထိ ဝိုင်းဝိုင်းဟာ ဒီစာကို သိပ်ဂရုတစိုက်ရှိခဲ့သည်။ စာအထည့်ခံရသော ကာယကံရှင် သောတပင် ဝိုင်းဝိုင်းလောက် စိတ်မဝင်စား။ ငါ့လွယ်အိတ်ထဲ ဘယ်အချိန်က ခိုးထည့်လိုက်သလဲဆိုတာ တစ်ရက်ထက် ပို၍ပင် မတွေးခဲ့ပါပေ။





ဝိုင်းဝိုင်း ဒီလောက် တရားခံဖမ်းနေသည့်ကြားမှ ဆယ်ရက်လောက်ခြားပြီး နောက်တစ်စောင်ဟာ သောတရဲ့ လွယ်အိတ်ထဲ ရောက်နေခဲ့ပြန်သည်မှာ အင်မတန် ထူးဆန်းလှပြန်သည်။

"သောတကြည် ဆိုတာ အငြိမ့်မင်းသမီး နာမည်မျိုးပါ မှည့်ပဲ မှည့်တတ်တယ်၊ ခင်ဝိုင်းဝိုင်းကတော့ နာမည်နဲ့လိုက်အောင် မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးကလည်း ဝိုင်းဝိုင်းနဲ့၊ ကေသီကျော်ကတော့ စိတ်ကူးယဉ်သမားပုံ ပေါက်နေတယ်၊ ဟဲ ဟဲ ... ကျွန်တော် ဝေဖန်တာမှန်ရင် ဒီစာဖတ်ပြီးတာနဲ့ လက်ခုပ်တီးလိုက်ပါ ... Bravo ! "

ထိုဒုတိယစာသည် သောတတို့ သုံးယောက်စလုံးကို တော်တော်လေး လှုပ်လှုပ်ရှားရှား ဖြစ်သွားစေပါသည်။ အစက သိပ်စိတ်မဝင်စားလှသော, သောတတို့ပါ ဒီအကြောင်းအရာထဲ စိတ်ဝင်စားလာသောအခါ ဝိုင်းဝိုင်း တစ်ယောက်ပိုပြီး တရားခံရှာလို့ ကောင်းသွားတော့သည်။

သောတကတော့ သူမကို အငြိမ့်မင်းသမီး နာမည်ဟု ဝေဖန်သဖြင့် သဘောမကျတာ ဖြစ်သည်။

"မေမေက ပြောတော့ သောတ ဆိုတာ နားအကြားအာရုံကို ပြောတဲ့ ပါဠိစကားတဲ့၊ ကြည်ဆိုတာ မေမေ့နာမည်မှာရော ဖေဖေ့ နာမည်မှာပါ,ပါလို့ သောတနဲ့ ကြည်တွဲလိုက်ရင်လည်း အဓိပ္ပာယ်က နားဝင်ပီယံ ကြည်လင်သာယာခြင်းဆိုတဲ့ အဓိပ္ပာယ်မျိုး ဖြစ်သွားတာမို့ သူတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်စလုံးရဲ့ နာမည်နဲ့ တွဲပေးလိုက်တာတဲ့၊ အငြိမ့်မင်းသမီးနာမည် မဟုတ်ပါဘူး။ အငြိမ့်မင်းသမီးတွေဆိုရင် လေဘာတီမမြရင်တို့၊ ကောလိပ်မြိုင်တို့ နာမည်ပေးကြတာပါ။ အဲဒီကောင်ကများ ငါ့နာမည်ကို ဝေဖန်စရာလား"

သောတအဖေက သောတ ရှစ်တန်းနှစ်တုန်းကပင် သွေးကင်ဆာဖြစ်ပြီး ဆုံးပါးသွားခဲ့လေပြီ။ မေမေနဲ့ သောတ နှစ်ယောက်ကည်းဖြစ်သော သောတသည် အမေနဲ့လည်း သူငယ်ချင်းပေါင်း ပေါင်းတတ်တာမို့ ဒီလိုစာထည့်ခံရတာကို ပြန်အသိပေးခဲ့သေးသည်။ မေမေကတော့ ...

"ရည်းစားစာပေးတာ မဟုတ်ဘဲ သမီးတို့သုံးယောက်ကို စ,သလို နောက်သလို ရေးတာပဲ သိပ်အရေးစိုက်မနေနဲ့။ ကောင်လေးတွေရဲ့ သဘောက သူတို့စ,တာကို အရေးလုပ်ရင် ပိုစ,ကြတယ်၊ အရေးမလုပ်ရင် သူတို့ဘာသာ ဒီလို စ,ရတာကို ငြီးငွေ့ပြီး ငြိမ်သွားလိမ့်မယ်"

ဟုသာ အကြံပေးပါသည်။

သို့သော် သောတရဲ့ သူငယ်ချင်းနှစ်ယောက်တို့ကတော့ ဒါကို အခုမှ အရေးလုပ်လာကြသဖြင့် သောတလည်း အရေးမလုပ်ဘဲ နေ၍မရတော့။ စိတ်လည်း ပါလာသည်။ သောတတို့ကို စောင့်ကြည့်ပြီး ဝေဖန်ရေးလုပ်သော ကောင်လေးသည် မည်သူ ဖြစ်မည်နည်း။ မိန်းကလေးတွေရဲ့ အကျင့်ဟာ ဒီလိုပဲ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွဲတွေ တတွဲတွဲ





နေကြတတ်တဲ့ အထဲမှာမှ သောတတို့ သုံးယောက်ကို ဘာလို့ ...ပြီး သတိထားမိသနည်း။ ထိုမေးခွန်းသည် ထိုဒုတိယစာရပြီး ...သာအခါမှာ သောတတို့သုံးယောက်ကြားမှာ အတော်ကြီးရေပန်း ...းလာခဲ့သည်။ ကိုယ်ယောင်တစ်ချက်မှ မပြလေလေ ပိုပြီးစိတ် ...င်စားမိလေလေ ဖြစ်လာသည်။

ဝိုင်းဝိုင်းကတော့ ပိုအကဲဆုံးဖြစ်သည်။ တစ်နေ့ ...စ်နေ့ သူမ၏ မသင်္ကာသူများစာရင်းကို ပြုစုပြီး ဝေဖန်ဆွေး ...းရတာ မမောနိုင်။

"မျိုးဟန်ဆိုတဲ့ ကောင်ကတော့ ခပ်အေးအေးသမားပဲ၊ ဒါပေမဲ့ တချို့လည်း လူရှေ့မှာသာ မခုတ်တတ်တဲ့ကြောင်လို ဟန်ဆောင်တာ။ ကုပ်ကမြင်းကောင်မျိုး ဖြစ်ရင် ဖြစ်နေတတ်တယ်၊ သစ်ဆန်းကတော့ အရင်တည်းက ငါတို့နဲ့ ခင်ခင်မင်မင်ပါပဲ၊ အခုထိလည်း ငါတို့ကိုတွေ့ရင် နှုတ်ဆက်ရဲတယ်၊ စကားပြောရဲတယ်၊ အင်း ... ဒါပေမဲ့ သူလည်း ကွယ်ရာမှာ ငါတို့ကို စိတ်အနှောင့်အယှက်ပေးဖို့ မကြံစည်ဘူးလို့ ပြောလို့တော့ မရဘူးပေါ့၊ အတန်းထဲက ကောင်တွေကိုလည်း ထည့်တွက်ရင် တွက်ရမှာပဲလေ၊ တစ်သက်လုံး မြင်ဖူးလာပေမဲ့ အခုကျမှ စချင်နောက်ချင်စိတ် ပေါ်လာရင်လည်း ပေါ်လာနိုင်တယ်၊ နောက်တစ်ယောက်ကလည်း တစ်မျိုးတော့ တစ်မျိုးပဲ၊ ရဲဝံ့ထန်ဆိုတဲ့ ကောင်လေး။ သချ်ာဝိုင်းမှာ သူပဲ အမြဲ အရင်ဆုံးပြီးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သင်္ချာ အရမ်းတော်တယ်၊ ပုစ္ဆာပြိုင်တွက်ပြီး ဆရာပေးတဲ့ဆု ကို ယူဖို့တောင် မစဉ်းစားရဲအောင် တော်နေတဲ့ကောင်ဟာ ခုတလော ငါတို့သုံးယောက်ကို သိပ်ဂရုတစိုက်ဖြစ်သလား လို့"

စသဖြင့် တစ်နေ့ တစ်နေ့ သူ ရှာဖွေတွေ့ရှိလာသော မသင်္ကာသူ စာရင်းမှာ ရဲဝံ့ထန် ပါလာသည်မှာ သိပ်လည်း မဆန်းလှပါ။ ဘာကြောင့်လဲ ဆိုတော့ ဝိုင်းဝိုင်းဟာ ရှိသမျှ ယောက်ျားလေး ချောချောရော၊ ရုပ်ဆိုးရော၊ အရပ်ပုရော၊ အရပ်ရှည်ရော အကုန် မသင်္ကာသူစာရင်းမှာ ထည့်ထားချင်ပင်။

ရဲဝံ့ထန်ကတော့ သတိထားမိစရာ ကောင်းလောက်အောင် ရုပ်ချောပြီး သင်္ချာဝိုင်းမှာ သင်္ချာအတော်ဆုံးကျောင်းသား (သို့သော်) အင်္ဂလိပ်စာဝိုင်းမှာတော့ အညံ့ဆုံးကျောင်းသား ဖြစ်နေခဲ့ပါသည်။

"ဘယ်လိုဂရုစိုက်လို့လဲ"

"မသိဘူး၊ ငါ့ရဲ့ Six sense မှာ သိနေတာ"

"ဝိုင်းဝိုင်းဟာလေ၊ ပြောလိုက်ရင် ရယ်စရာချည်းပဲ၊ သူ့မှာပဲ Six sense ရှိရသေးသတဲ့"

ဒီလိုနဲ့ပဲ တစ်ပတ်လောက်ခြားသောအခါ (သေသေချာချာ စောင့်ကြည့်နေပါရက်နဲ့) သောတ၏ လွယ်အိတ်ထဲမှာ သုံးစောင်မြောက်စာက ရောက်လို့နေပြန်သည်။ သောတသည် လွယ်အိတ်ထဲမှာ စာကိုတွေ့လျှင် တွေ့ခြင်းပဲ ကိုယ့်ကိုယ်ကိုယ်





အပြစ်ရှိသလို ခံစားရလျက် ဝိုင်းဝိုင်းနဲ့ ကေသီတို့ကို ချက်ချင်း မပြရဲသေး။ ကိုယ့်ဘာသာ အရင်ဖတ်ကြည့်ကာ တစ်ရက်လောက် သိမ်းထားမိသေးသည်။

သို့သော်လည်း တစ်သက်လုံး ဒီသူငယ်ချင်းနှစ်ယောက်ပဲ အသေးအဖွဲကအစ ထုတ်ပြောနေတတ်လေရာ နောက်နေ့ကျတော့လည်း ပြောပြမိတော့လေသည်။

"ဒီမှာ စာသပ်ရောက်နေပြန်ပြီ"

"ဟယ်"

"နင် သေသေချာချာ လွယ်အိတ်ကို ဂရုမစိုက်ဘူး ထင်တယ်၊ ဟိုကောင် လာထည့်သွားပြန်ပြီ"

ကေသီကတော့ စာကို စိတ်ဝင်တစား ဖတ်ဖို့ပြင်နေသည်။ ဝိုင်းဝိုင်းကတော့ တစ်အုပ်စုလုံးရဲ့ ဆရာမကြီး နေရာယူထားသူပီပီ သောတကို အရင်ဆုံး အပြစ်တင်ပြီးမှ စာကိုယူဖတ်ပါသည်။

"သောတ ဘာဖြစ်လို့ သင်္ချာညံ့တာလဲ၊ ဝိုင်းဝိုင်းက ဘာလို့ ဟိုနှစ်ယောက်ရဲ့ဆရာ ဖြစ်နေတာလဲ၊ ကေသီက ဘာလို့ လက်ရေးသိပ်လှနေတာလဲ၊ ကျွန်တော် ဘယ်သူလဲ သိချင်ရင် စုံစမ်းနိုင်ပါတယ်၊ စိတ်မဆိုးတတ်ပါဘူး။ ခင်မင်တတ်ပါတယ်"

ဟူသော စာကြောင်းတွေကို ဖတ်ပြီးသောအခါ ဝိုင်းဝိုင်းကတော့ စိတ်ဆိုးလေသည်။ သူမကို ဆရာသိပ်လုပ်သည်



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝေဖန်သဖြင့် မကြိုက်။ ကေသီကတော့ သူမကို လက်ရေးလှကြောင်း ပြောသဖြင့် ခပ်ပြုံးပြုံးနဲ့ မျက်နှာလေး မော့နေပါသည်။ သောတကလည်း ကိုယ်ညွှတာ ညွှမှန်းသိပေမဲ့ ညွှသည် ပြောခံရတော့ မခံချင်။

"သူကများ ရာရာစစ၊ ငါတို့နာမည်တွေကို အပြည့်မခေါ်တော့ဘဲ ဟိုစာလုံးဖြုတ်၊ ဒီစာလုံးဖြုတ် ခေါ်ရတာနဲ့။ သူ့ကိုများ သဘောကျနေပြီ အောက်မေ့နေလား မသိဘူး။ တော်တော်ရှုးတဲ့ကောင်ပဲ။ သူ့အကြောင်းလည်း စုံစမ်းရဦးမတဲ့"

"စာလာထည့်နိုင်တယ် ဆိုကတည်းက သောတမှာ ဟာကွက်ရှိနေလို့ပဲ၊ နင့်လွယ်အိတ်ကို ဘယ်တော့မှ မချနဲ့ဟယ်၊ တစ်ချိန်လုံး ပိုက်ထားရင် ကောင်းမယ်"

ကေသီကတော့ ...

"ငါတို့လွယ်အိတ်တွေကျ မထည့်ဘဲ ဘာလို့ သောတထဲပဲ ထည့်လဲ မသိဘူး"

ဟူ၍ အသိချင်ဆုံး မေးခွန်းကို မေးချင်ဟန်ဖြင့် ထုတ်ပြောသည်။

ထိုသုံးစောင်မြောက်စာ ရောက်လာပြီးသောအခါ သောတသည် ကိုယ့်လွယ်အိတ်ကိုယ်ပင် ဘယ်နားထားရမှန်းမသိအောင် စိုးရိမ်နေရတော့သည်။ သောတ အနေနဲ့ဆိုရင် ဒီလောက်ကြီး အဖြစ်သည်းမှာ မဟုတ်ပေမဲ့ ဟိုနှစ်ယောက်ကတော့ (အထူးသဖြင့် ဝိုင်းဝိုင်း) အဖြစ်သည်းနေသဖြင့် စာလာထည့်သွားမှာကို စိုးရိမ်နေမိသည်။ အထည့်ခံလိုက်ရလျှင် ကိုယ်ညွှလို့၊ ကိုယ်ပေါ့ဆလို့ဆိုပြီး ဟိုနှစ်ယောက်က ဝေဖန်တော့မှာကို ကြိုသိသဖြင့် အဝေဖန် မခံချင်တာလည်း ပါသည်။





သောတတို့အဖြစ်က ဘာနဲ့တူသလဲ ဆိုတော့ ဘယ်သူမှန်းမသိသော လူတစ်ယောက်၏ စောင့်ကြည့်ဝေဖန်မှုကို ကြောက်လျက် ရင်မဆိုင်ရဲတာမျိုး ဖြစ်နေပါသည်။

သောတ လွယ်အိတ်ကို တော်တော်ကြီး ဂရုစိုက်လွန်းလို့ ထင်သည်။ စာက ထပ်ရောက်မလာတော့။ လာထည့်ဖို့ကို အခွင့်မသာသဖြင့် မရောက်လာတာမျိုး ဖြစ်ပါသည်။

စာမရောက်လာသော်လည်း မျှော်လင့်မထားခဲ့သော တစ်ရက်မှာ ဝိုင်းဝိုင်းက ရှာဖွေတွေ့ရှိလာသည်မှာ ...

"အဲဒီစာ လာလာထည့်နေတဲ့ကောင်ကို ငါ သိပြီ၊ ဒီမှာ အဲဒီလက်ရေးနဲ့ လုံးဝတူတဲ့စာအုပ်"

ဆိုကာ ကျောင်းစာများ ရေးမှတ်ထားသော စာအုပ်တစ်အုပ်ကို ယူလာပြပါသည်။

စာအုပ်မှာ နာမည်တော့ မပါပေမဲ့ Y.W.H ဟူသော အင်္ဂလိပ်စာလုံး အတိုကောက် နာမည်ကို ရေးထားကြောင်း တွေ့ရသည်။

"နင် ဘယ်က ရလာတာလဲ"

"ဘာကို မေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … ဝိုင်းဝိုင်းရယ်၊ သူများစာအုပ်ကြီး နင် ယူလာတာလေ"

"ယူလာတာ မဟုတ်ဘူး၊ တီချာဒေါ်ဝင်းမာ့က အတန်းထဲက လူတချို့ရဲ့ စာအုပ်လေးတွေ သယ်သွားပေးပါဆိုလို့ ဆယ်အုပ်လောက်ရှိမယ် ယူလာပေးတုန်း သတိရတာနဲ့ ငါက လက်ရေးလိုက်စစ်လိုက်တာပဲ၊ အဲဒီမှာ ဒီတစ်ယောက်ကို တွေ့တာ"

ကေသီကတော့ စိတ်အေးလူအေးသမားမို့ …

"Y.W.H ဟာ ရဲဝံ့ထန်ပါလို့ သိပြီးပြီပဲ၊ ထားလိုက်ပါဟယ်၊ သူ့ကို စာအကြောင်း သွားစ,မေးမနေပါနဲ့တော့"

ဟု ပြောနေလေသည်။

စာအုပ်မှာ နာမည်ထိုးမထားသော်လည်း Y.W.H (ဝိုင်ဒဗလျူအိပ်(ချ်))သည် ရဲဝံ့ထန်၏အမည် အင်္ဂလိပ်စာလုံး အတိုကောက်ဆိုတာ သုံးယောက်စလုံး အလွယ်တကူ အဓိပ္ပာယ်ဖွင့်၍ ရပြီးသောအခါမှ ကေသီက စပြီးအကြံပြုတာလည်း ဖြစ်သည်။

ဝိုင်းဝိုင်းကတော့ ဘာကြောင့်မှန်း မသိ။ ပြောမရဘဲ …

"ငါတို့ဆီ ခိုးကြောင်ခိုးဝှက် စာလာထည့်နေတာ နင်ပဲလို့ လက်ညှိုးထိုးပြီးတော့ကို ပြောချင်တာ"





သောတက ကြားနေသမား ဖြစ်နေသည်။ ကေသီပြောတာလည်း ခေါင်းညိတ်လိုက်၊ ဝိုင်းဝိုင်း ပြောတာလည်း နားထောင်လိုက် ဖြစ်နေသည်။ သောတ မျက်ဝန်းထဲမှာ Harry Potter တံဆိပ်နဲ့ ရုပ်ပုံပါသော ကျောပိုးအိတ်လွယ်လျက် သောတတို့ကိုမြင်လျှင် တစ်မျိုးလေး ပြုံးပြုံးသွားသော ဆံပင်နက်နက်၊ အသားဖြူဖြူ ကောင်လေးကို မြင်ယောင်နေပါသည်။ ရဲဝံ့ထန်ကို ဘာကြောင့် ဆံပင်နက်နက်ဟု အထူးတလည် သုံးနှုန်းရသလဲ၊ ဆံပင်နက်ကြသူတွေ ကြားမှာမှ ဆံပင်နက်နက် ကောင်လေးဟု ဘာကြောင့်သုံးသလဲ ဆိုတော့ သူ့ဆံပင်တွေဟာ သတိထားမိစရာကောင်းလောက်အောင် နက်မှောင်လွန်းနေလို့၊ အရောင်ထည့်ထားသလား ထင်ရလောက်အောင် တလက်လက်တောက်နေလို့၊ မိန်းကလေးတစ်ယောက်မှာပင် မရှိနိုင်သော နက်မှောင်တောက်ပြောင်ပျော့စင်းနေသော ဆံပင်တို့ကို ပိုင်ဆိုင်ထားလို့ပဲ ဖြစ်ပါသည်။

ဆံပင်နက်ပါသည်ဆိုမှ အသားကလည်း အဖြူမှာ အဝါရောသော အသားဖြူပုံမျိုး မဟုတ်ဘဲ တကယ့်ကို ဆွတ်ဆွတ်ဖြူနေတာမျိုး ဖြစ်နေသည်။ အသားဖြူဖြူမှာ ဆံပင်နက်နက်၊ မျက်ခုံးနက်နက်တွေနဲ့မို့ ရဲဝံ့ထန်ဟာ မိန်းကလေးတွေရဲ့ အာရုံမှာ သာမန်ကာလျှံကာ ဖြစ်သွားလောက်စေသော ကောင်လေးမျိုးတော့ မဟုတ်ခဲ့၍ သောတတို့လို ယောကျ်ားလေးတွေနဲ့ သိပ်ရောရောနှောနှော လုပ်လေ့မရှိသူ မိန်းကလေးတွေပင် သတိထားမိနေတာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ငါတို့နှစ်ယောက် အငြင်းပွားနေတာ ကြားပါတယ်၊ သောတပဲ မေးရအောင်။ သောတာ နင် ဘယ်သူ့ဘက်ပါလဲ ... ပြော"

ကေသီသည် နောက်ဆုံးတော့ ဆုံးဖြတ်ချက်တစ်ခု ရသွားသလိုဖြင့် သောတဆီ အဖြေကို ဦးတည်မေးလာတော့သည်။

"ငါ မသိဘူးဟယ်"

"ဟာ ... သောတကလည်း၊ ကာယကံရှင်က နင်လေ"

"ဟယ် ... ကေသီရယ်၊ ငါနဲ့ ဘာဆိုင်လို့လဲ"

"မဟုတ်ဘူးလေ၊ ငါ ပြောတာက နင့်လွယ်အိတ်ထဲပဲ၊ လာ,လာထည့်တာလေ"

"ဒါက ငါ့လွယ်အိတ်မှာ ဘာမှမပါဘူးလေ၊ နင့်လွယ်အိတ်က ချုတွေအများကြီး တပ်ထားတော့ နည်းနည်းထိရင် အသံမြည်လို့ သူ့,ထည့်လို့မရတာ။ ဝိုင်းဝိုင်းက လွယ်အိတ် လွယ်လာလိုက်၊ သဘာရေအိတ် လွယ်လာလိုက်၊ ကျောပိုးအိတ် လွယ်လာလိုက်ဆိုတော့ သူ မမှတ်မိလို့ ထည့်မရတာ ဖြစ်မှာပါ၊ တကယ်တော့ သူ စာရေးတဲ့ စာကြောင်းတွေ အကုန်လုံးက ငါတို့သုံးယောက်ကိုပဲ ရည်ရွယ်ပြီး ရေးတာပဲ၊ သုံးယောက်လုံးနဲ့ ဆိုင်ပါတယ်"

"အံမယ်လေး ... သောတရယ်၊ နင်ကလည်း အများကြီး ရှင်းပြနေပြန်ပြီ၊ ကဲ ... နင့်မေးမရလည်း ငါမဲလိပ်,လိပ်မယ်၊ မဲနှိုက်မယ်၊ မဲလိပ်ကလေးလိပ်ဖြစ်မယ်၊ ဒါပေမဲ့





စာက နှစ်မျိုးပဲပါမယ်၊ တစ်မျိုးက ဝိုင်းဝိုင်း၊ နောက်တစ်မျိုးက ကေသီ၊ ငါတို့သုံးယောက်လုံး နှိုက်ကြမယ်၊ ဒီတော့ ဥပမာ နှစ်ယောက်ဆီမှာ ကေသီ ဖြစ်နေပြီး တစ်ယောက်ဆီမှာ ဝိုင်းဝိုင်း ဖြစ်နေရင် ကေသီ နိုင်မယ်။ ဒါမှမဟုတ် နှစ်ယောက်ရဲ့မဲမှာ ဝိုင်းဝိုင်း ဖြစ်နေပြီး တစ်ယောက်မှာ ကေသီ ဖြစ်နေရင် ဝိုင်းဝိုင်း နိုင်မယ်၊ ဘယ့်လိုလဲ"

ဝိုင်းဝိုင်းသည် သောတတို့ ကေသီတို့၏ ဆရာမကြီး လုပ်နေကြမို့ ဒီတစ်ခါလည်း သူပဲ ဆရာမကြီးလုပ်ကာ အဆုံးအဖြတ်ကို ရှာဖွေပေးလိုက်ပါသည်။

ဒီတော့လည်း ကျန်တဲ့နှစ်ယောက်တို့ဟာ ဝိုင်းဝိုင်း ဆရာလုပ်သမျှ လက်ခံကြသူတွေပီပီ ဒီမဲလိပ်ကိစ္စကို ကျေနပ်စွာ လက်ခံလိုက်ကြနိုင်လေသည်။

"ငါနဲ့ ကေသီက မဲလိပ်မရေးဘူး၊ သောတက ကြားနေဆိုတော့ သောတပဲရေး၊ သူပဲ, မဲလိပ်,လိပ်၊ ငါတို့ကြည့်မနေဘူး၊ ပြီးမှ မဲလိပ်ကို နှိုက်မယ်၊ သောတ အရင်ဆုံး မဲနှိုက်ပြီးမှ ငါတို့ နှိုက်ကြမယ်နော်"

ဆယ်ကျော်သက် မိန်းကလေး သုံးယောက်တို့၏ စိတ်သည် တူညီစွာပင် ဘာမှအရေးမကြီးလှသော အကြောင်းအရာလေးကို စိတ်လှုပ်ရှားလျက်တည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၄

ရဲဝံ့ထန်သည် ဒီလမ်းကလာဖို့ အကြောင်းမရှိပါဘဲ နောက်တစ်ဖန်ပင် ဒီလမ်းမပေါ်မှ ကားဖြတ်မောင်းမိလာသော သူ့ကိုယ်သူ မေးခွန်းတွေ ခမေးလာနေမိသည်။ အရင်ကတော့ ဒီလမ်းမကြီးပေါ်မှ ဖြတ်သွားစဉ်က သာမန်ကာလျှံကာ ငေးမောခဲ့ပေမဲ့ အခုကျတော့ သူနဲ့သက်ဆိုင်သလိုလို ဖြစ်နေသော ဆိုင်လေးတစ်ဆိုင် ဖွင့်ထားမှန်း သိနေလျှင် ဆိုင်ကလေးကို မြင်ချင်နေသောစိတ်ဖြင့် ကြည့်မိသည်။ ဆိုင်ကလေးထဲမှာ ပန်းတောကြီးလို ဖုံးလွှမ်းနေပေမဲ့ မတော်တဆများ ကောင်မလေးတစ်ယောက်ရဲ့ အရိပ်ကို ဖျတ်ခနဲ မြင်ရမလား တွေးပြီး ကြည့်ချင်နေသည်။

"သိပ်တော့ အဓိပ္ပာယ်မရှိဘူး ရဲဝံ့ထန်"

ဟူ၍ သူ့ကိုယ်သူ အခါခါးဆယ်လောက် ရေရွတ်မိပြီးသောအခါမှာ သူ သတိထားလိုက်တာက သူ့ကားသည် ဆိုင်နဲ့နီးသော နေရာတစ်နေရာမှာ ဝင်ရပ်ပြီး ဖြစ်နေခြင်းပင်။





"ဘာလုပ်ဖို့ သူ့ဆိုင်ကို နောက်တစ်ခေါက်ထပ် သွားဦးမှာလဲ၊ ဘာဝယ်မှာလဲ"

လွန်ခဲ့သော ဆယ့်ငါးရက်ခန့်ကတော့ တကယ်ပဲ ပန်းဝယ်စရာရှိ၍(ဝယ်လည်း ဝယ်ချင်၍) ဆိုင်ထဲဝင်ပေမဲ့ အခုကျ သူ့မှာ ပန်းဝယ်လောက်စရာ အကြောင်းမရှိဘူးဟု ထင်နေပါသည်။

သူ့ရဲ့ အခုလက်ရှိ ရည်းစားဖြစ်နေသော ကောင်မလေးကို ပိုးပန်းတုန်းကလည်း ပန်းစည်းပေးပြီး ပိုးပန်းခဲ့တာ မဟုတ်သလို၊ ကောင်မလေးကို တောင်းပန်ချော့မော့ ပန်းစည်းပေးတုန်းကလည်း ...

"ပန်းတွေက လှပါတယ်၊ ဒါပေမဲ့ ဘာလုပ်လို့ရမလဲ၊ ဘုရားပန်းလည်း မတင်ချင်ဘူး။ လူတစ်ယောက်က ကိုယ့်ကို ချော့မော့ပြီးပေးတဲ့ ပန်းစည်းကြီး ဘုရားတင်မစ်ရမှာ စိတ်မပါဘူး။ ဘုရားပန်းဆို ဘုရားပန်း သီးသန့်တင်တာပဲ ကောင်းတယ်၊ နောက်ဆို ချော့ချင်ရင် လာချော့၊ ပန်းစည်းတော့ မပေးနဲ့ အသုံးမဝင်ဘူး။ သူများတွေ အတွက် Romantic ဖြစ်ပေမဲ့ မွန့်အတွက်ကတော့ မဖြစ်ဘူး"

ဟူ၍ ပြောထားဖူးသဖြင့် သူ့ကောင်မလေး မွန်မြတ်ကိုလည်း ပန်းစည်းသွားပေးလို့ မဖြစ်။

ဒါဖြင့် ဘာဖြစ်လဲ။ အကြောင်းတစ်ခုခုပြပြီး ဝင်ဝယ်ပေါ့၊ ဆိုပြီး စဉ်းစားတော့လည်း အဲဒီလို လုပ်ရမှာ စိတ်က မလုံတာနဲ့ပဲ ပေါ်ကုန်လိမ့်မည် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သောတကို ထပ်လည်းတွေ့ချင်သည်။ သောတ မျက်လုံးအိမ်ထဲက မျက်ဆန်ညိုညိုလေးတွေကို ကြည့်ပြီး စကားပြောချင်သည်။ သော့(ပ)ဟဲယား ဆံပင်လေးကို အမြဲထားတတ်သော သောတသည် တစ်ခါတစ်ရံ ထိုဆံပင်လေးကို နှစ်ဖက်ခွဲပြီး မရမက စည်းနှောင်ကာ ဖဲပြားလေးတွေ တပ်ထားတတ်တာကို သတိရမိပြန်သည်။ ဘယ်တော့မှ ဆံပင်အရှည်နဲ့ မမြင်ရဘူးသော၊ ဆံပင် ဘယ်တော့မှ ပခုံးထိတောင် မရှည်ဘူးသော သောတ ဆံပင်လေးတွေဟာ မိန်းကလေးဖြစ်ပြီး ဆံပင်မနက်လှ။ အညိုရောင် သမ်းချင်နေသည်။ ပြီးတော့ ပါးလည်းပါးသေးသည်။ သောတက ရဲဝံ့ထန် ဆံပင်တွေကို အမြဲကိုင်ကြည့်ပြီး ...

"ယောကျ်ားလေးဖြစ်ပြီး ဆံပင်သိပ်လှနေတယ်၊ နင့်ကို သောတ တကယ်မနာလိုဘူး သိလား"

ဟုလည်း ဆံပင်ကိုင်သလိုလိုနှင့် နားရွက်ကိုပါ အငြိုးနဲ့ လိမ်ဆွဲကာ နှိပ်စက်တတ်သေးတာကို သတိရလျက် သူ့ရင်ထဲ နွေးသွားပါသည်။

ဒီခြောက်နှစ်ကျော်လုံး ငါတို့ ဘာကြောင့် တစ်ယောက်အကြောင်း တစ်ယောက် အမေ့ခံထားတာလဲ။ ဘာကြောင့် ဆက်သွယ်ဖို့ မကြိုးစားမိကြသလဲ။ သောတရော ငါ့လိုပဲ ရည်းစားအသစ် ရနေပြီလား။ ဒါမှမဟုတ် ငါ့ကို သတိရတုန်းလား။ ထိုသို့တွေးမိလျှင် ရင်ထဲမှာ သောတဟာ ရဲဝံ့ထန်ကိုပဲ သတိရနေပါတယ်ဆိုသော စကားကို ပိုကြားချင်ပြန်သည်။





လိမ်ကျစ်နေအောင် ဆုပ်ကိုင်ပြီး တစ်ယောက်လက်ဖဝါးထဲ ကျန်တစ်ယောက်ရဲ့ လက်ဖဝါးနစ်ဝင်သွားမတတ် တွဲထားဖူးသော လက်များကို မြင်ယောင် လွမ်းဆွတ်သွားပြန်ပါသည်။

အတွေးနဲ့ သူ လျှောက်လာရာ FANTASTIC ဆိုင်လေးနားကို ရောက်လာပေမဲ့ သူ အထဲမဝင်တော့ဖို့လည်း ဆုံးဖြတ်လို့ ရပြီးနေလေပြီ။ ဆိုင်ရှေ့က ဖြတ်မလျှောက်တော့ဘဲ ဒီနားကတင် ပြန်လှည့်မလို့ ကိုယ်ဟန်ပြင်စဉ်မှာ တိုက်ဆိုင်လှစွာပင် ဆိုင်တံခါးလေး တွန်းဖွင့်ပြီး ဘာကြောင့် အပြင်ထွက်လာသည် မသိသော သောတကား ရဲဝံ့ထန်ကို ဆိုက်ဆိုက်မြိုက်မြိုက် မြင်သွားခဲ့လေပြီ။

သောတသည် အစတော့ ငေးကြောင်ကြည့်နေသေးလေသည်။ ပြီးမှ အသက်ဝင်လာသလို အရိပ်တွေ လွှမ်းလာသည့် သောတ မျက်ဆန်ညိုတွေကို စိုက်ကြည့်ပြီး ပြန်ငေးနေခဲ့သော ရဲဝံ့ထန်ကို ...

"ပန်းလာဝယ်တာလား"

လို့ စမေးလိုက်လေသည်။

"ဪ ... အဲ ... မဟုတ်ပါဘူး"

ဖြေမိပြီးမှ ရဲဝံ့ထန်သည် သောတကို အားနာသွားပါသည်။ ထို့အတူ သောတကလည်း သူ ဘယ်လာမှန်းမသိပါဘဲ ကိုယ့်ဆိုင်ကို လာစေချင်ဟန်ဖြင့် ပန်းလာဝယ်သလား ကြိုမေးမိသည့်အတွက် ပြန်၍ အားနာနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲဝံ့ထန်သည် ပန်းလာမဝယ်ပါဘူး ငြင်းပြီးမှ မထူးတော့ပါဘူးဆိုကာ ဆိုင်ထဲလိုက်ဝင်လာဖို့ ဆုံးဖြတ်မိပြန်သည်။

"ပန်းမဝယ်ဘူးဆို"

"ပန်းမဝယ်ပါဘူး၊ ကတ်တစ်ခု ဝယ်ချင်လို့ပါ"

"ဒါဆို ဆိုင်ထဲဝင်ပြီး ရွေးနှင့်လေ၊ ကျွန်မ ဒီမှာ ဆိုင်ကိုသွယ်တဲ့ရေပိုက်ထဲ ဘာပိတ်နေလဲ ခဏစစ်မလို့။ ရေကောင်းကောင်းမလာတာနဲ့ စစ်လိုက်ဦးမယ်"

ရဲဝံ့ထန်သည် သောတကို ကူညီပြီး ကြည့်ပေးချင်မိပေမဲ့ ခွင့်မတောင်းချင်ပြန်။ သူကလည်း သောတ အပေါ် သူငယ်ချင်းဟောင်း ပုံစံနဲ့တောင် မပြောဆို မဆက်ဆံမိသလို သောတကလည်း ခပ်စိမ်းစိမ်းပဲမို့ အခြေအနေက ဘာမှမရေရာ။ နောက်ဆို ဒီဆိုင်ဘက် မလာတော့ဘူးလို့ နောင်တတွေရပြီး ဆုံးဖြတ်နေမိလျက် လူကတော့ ကတ်ပြားတွေ အစီအရီ ထည့်ထားသော လှည့်လို့ရသည့် ကတ်ပြားစင်လေးရှေ့မှာ လျှောက်ရွေးနေမိသည်။

အဝင်ဝတံခါး တွန်းဖွင့်သံ၊ တံခါးဝမှာ ချိတ်ထားသော ခေါင်းလောင်းလေးများ၏အသံ ကြားသော် လှည့်ကြည့်မိသည်။ သောတ တစ်ယောက် သူမ ဝတ်ထားသော ရုပ်အင်္ကျီပုံစံနှင့် ဆင်ဆင်တူသည့် လက်ရှည်အင်္ကျီတွင် အင်္ကျီလက်အနားတွေ ရေစိုလျက် ပြန်ဝင်လာတာ တွေ့ရသည်။ မျက်နှာပြင်နှင့် ဆံပင်များတွေမှာလည်း ရေနည်းနည်း စိုနေသည်။





ရေပိုက်သွားစစ်ရင်း ဘာများဖြစ်လာလဲ။ ရဲဝံ့ထန်မေးမိတော့မလို ဖြစ်ပြီးမှ သူ့ပါးစပ်သူ ပြန်ပိတ်ထားနိုင်ရန် ပါးစောင်ကို ဖိကိုက်ပစ်လိုက်ရပါသည်။ အဲဒီလောက် သိသိသာသာကြီး အရောမဝင်သင့်ဘူး ထင်ပါရဲ့လေ။ သူလည်း သူ့လမ်းသူလျှောက်၊ ကိုယ်လည်း ကိုယ့်လမ်းကိုယ်လျှောက် နေတာပဲကောင်းမယ်။

"ကတ်ရပြီလား"

"ရပါတယ်"

"ဘာဝယ်ဦးမလဲ ကြည့်နိုင်ပါတယ်"

"မဝယ်တော့ပါဘူး၊ ကတ်တစ်ခုလောက်ပဲ ဝယ်ဖို့ပါ"

ငွေရှင်းကောင်တာပေါ် လာတင်သော ဘာစာသားမှ ရေးမထားသည့် Blank ဖြစ်နေသည့် ကတ်၏ ကျသင့်ငွေကို ရှင်းလိုက်ပါသည်။ သောတသည် သူ ဘာရည်ရွယ်ချက်ဖြင့် ကတ်လာဝယ်သည် မသိပေမဲ့ ကတ်ဝယ်စရာရှားလို့ သူမဆိုင်မှာမှ ပြန်လာဝယ်သော ရဲဝံ့ထန်၏စိတ်ကို သိလည်းသိချင်သည်။ သိလည်း မသိချင်ပြန်။

ရဲဝံ့ထန် အခု ဘယ်မှာနေလဲ။ အရင်အိမ် အကြီးကြီးမှာပဲလား။ သူ့အစ်ကိုနှစ်ယောက် ရှိသေးလား။ အခုထိ အစ်ကိုတွေ စကားကို နားထောင်တုန်းလား။ ရဲဝံ့ထန်ရဲ့ အစ်ကိုနှစ်ယောက်တို့ဟာ တစ်ယောက်ကတော့ (အစ်ကိုလတ်ကတော့) ရဲဝံ့ထန်ထက် ငါးနှစ်ကြီးကာ အစ်ကိုအကြီးဆုံးကတော့ ဆယ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



တောင် ကြီးတာမို့ ရဲဝံ့ထန်လည်း နှစ်ဆယ့်နှစ်နှစ်ကျော်ဆိုရင် သူတို့တွေလည်း တော်တော်ကို ရင့်ကျက်သောအရွယ်တွေ ဖြစ်ကုန်ပြီပေါ့။ ငယ်ငယ်ဘဝကလို ရဲဝံ့ထန် အပေါ် သြဇာညောင်းတုန်းပဲလား။ ရဲဝံ့ထန်ကရော အစ်ကိုတွေကို ကြောက်ရတုန်းပဲလား။

သောတသည် မတွေးဖြစ်တာ ကြာပြီဖြစ်သော ရဲဝံ့ထန် အကြောင်းတွေ အစုမှ ဆက်တိုက်တွေးမိတော့သည်။ သောတသည် ပြန်အမ်းငွေပိုက်ဆံကို အံဆွဲထဲမှ ထုတ်နေစဉ် အင်္ကျီလက် ရေစိုနေသဖြင့် အေးပြီး နှာချေတော့သည်။

ထိုအခါမှ ရဲဝံ့ထန်သည် သူ့ပါးစပ်သူ ထိန်း၍မရတော့ဘဲ ...

"အင်္ကျီလက်ရော ဆံပင်တွေရော ရေစိုနေတာ ခြောက်အောင်သုတ်ရင် ကောင်းမယ်"

"ပြီးရင် သုတ်မှာပါ"

"ရေပိုက်က ဘာဖြစ်လို့လဲ"

"မသိဘူး၊ လေခိုနေတာလား မသိဘူး။ ဒီထဲ ရေသိပ်မလာလို့၊ ပန်းတွေက ရေမကြာခဏ ဖျန်းပေးရတယ်လေ၊ မဖျန်းရင် မလှဘူး"

"ပန်းတွေက အကြာကြီး ဘယ်ခံမလဲနော်"

"အကြာကြီးခံတဲ့ ဆေးရည်တွေ၊ ဆေးလုံးလေးတွေရှိတယ်၊ အဲဒါ ပန်းတွေ ရေစိမ်ထားတဲ့ ရေပုံးထဲ ထည့်ထားရတာ





ပေါ့။ တစ်ရက်တည်းနဲ့ နွမ်းသွားရင် ဘယ်ကိုက်မလဲ၊ ဒီလိုပဲ သုံးလေးရက် လန်းနေအောင်တော့ ထားတဲ့ဆေး သုံးရတာပေါ့"

"ပန်းအခြောက်တွေပဲ ရောင်းရင် အဲဒီပြဿနာ ဘယ်ရှိမလဲနော်၊ ပန်းအခြောက်တွေလည်း မဆိုးပါဘူး ကြည့်လိုက်ရင် အစစ်အတိုင်းပါပဲ၊ အဲဒါပဲ ရောင်းပါလား"

"အတုဟာ အတုပဲလေ။ ပန်းအစစ်ကတော့ ပိုပြီး အသက်ဝင်တာပေါ့။ ပန်းအစစ်ရဖို့ကလည်း သိပ်မကြိုးစားရဘူးလေ။ မေမေ့ရဲ့ မှော်ဘီက ပန်းခင်းတွေ ရှိနေသရွေ့ ရောင်းမကုန်ပါဘူး"

မထင်မှတ်ပါဘဲ သူတို့နှစ်ယောက် စကားတွေ တောက်လျှောက် ပြောနေမိကြတော့သည်။

တစ်ယောက်နဲ့ တစ်ယောက် ဟန်ဆောင်ပြီး စကားမပြောမိအောင် တင်းခံဟန်ဆောင်ထားကြပေမဲ့ တကယ်လည်း ပြောဖို့အခွင့်ကြုံရပြန်သောအခါ ရေတံခွန်က ရေတွေ တားမရဆီးမရ ကျလာသလိုပဲ၊ စကားတွေဟာ ပြောပြီးရင်း ပြောနိုင်ရန် အဆင်သင့် ရှိနေခဲ့တော့သည်။ စကားပြောနေရင်းမှ သူတို့နှစ်ဦး အသီးသီး စိတ်ထဲမှာလည်း ငါတို့ ဒီမှာတင် စကားဖြတ်သင့်ပြီ၊ ရပ်သင့်ပြီနဲ့ သတိပေးသံတွေလည်း အတူတူ မြည်ဟည်းနေခဲ့ပါသည်။

"ကတ်ဝယ်ပြီးပြီမို့ သွားတော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ရဲဝံ့ထန်သည် အမှန်တော့ မသွားချင်သေးပေမဲ့ သူ ဝယ်သောကတ်ကို ဆိုင်တံဆိပ်ပါသော လက်ဆွဲပလတ်စတစ် အိတ်လေးနဲ့ သောတာက ထည့်ပေးပြီးပြီ။ သူ့ကိုလည်း ပိုက်ဆံ ပြန်အမ်းစရာရှိတာ ပြန်အမ်းပြီးပြီဖြစ်ရာ မသွားရင် မကောင်းတော့၍ နှုတ်ဆက်လိုက်ရတာ ဖြစ်သည်။

တကယ်ဆို ပွင့်ပွင့်လင်းလင်း စကားတွေ ပြောလိုက်ကြဖို့လုံတယ် သောတာရယ်။ နင်ရော ဘယ်လိုလဲ၊ ငါရောဘယ်လိုလဲ။ နင် ဘာတွေလုပ်နေလဲ ဆိုပြီး သူငယ်ချင်းဟောင်းပုံစံနဲ့ ရယ်ရယ်မောမော မေးမြန်းပြောဆို စကားတွေ ဖောင်ဖွဲ့လိုက်ကြသင့်တယ်။ အခုမှမဟုတ်ဘူး။ အခုတစ်ခေါက် ထပ်ဆုံမှ မဟုတ်ဘူး။ ပထမဦးဆုံး ဆုံဖြစ်တဲ့ ရက်ကတည်းကပဲ တစ်ယောက်နဲ့ တစ်ယောက် ရှိန်မနေ။ ဟန်ဆောင်မနေ။ မာနတွေ ကြီးမနေကြဘဲ ပွင့်လင်းခဲ့ကြသင့်တယ်။

ခုတော့ မရတော့ဘူး။ ဟန်ဆောင်ကောင်းလက်စနဲ့ ဟန်ဆောင်ရတော့မလို ဖြစ်နေပြီလား။ ဘာမှန်း ရေရေရာရာ မသိတဲ့ ပြန်ဆုံမှုကြီးနဲ့ပဲ မျောနေရတော့မှာလား။ သောတာရယ် ... တကယ်တော့ ငါတို့ ဒီလိုပုံစံမျိုးနဲ့ ပြန်မဆုံသင့်ဘူး။ ငါ့ဘက်ကပဲစပြီး နင့်ကို ဆက်သွယ်ရမှာ။ နင့်ကို လိုက်ရှာရမှာ၊ နင်နဲ့ ပြန်ဆုံဖို့ ကြိုးစားသင့်တာနော်။

"လူတစ်ယောက်ကို တကယ်ချစ်တယ်ဆိုရင် သူဟာ ဘယ်နေရာမှာပဲ ရောက်နေနေ ကိုယ့်ရဲ့ နှလုံးသားထဲမှာ အမြဲရှိနေမှာပါ"





ဟူ၍ သောတာ နောက်ဆုံးပြောခဲ့တာလေးကို ပြန်ကြားယောင် သတိရသွားသောအခါ ရဲဝံ့ထန်သည် လွန်ခဲ့သော ခြောက်နှစ်ကျော် အချိန်ကို ပြန်ရောက်လို့ရရင် ရောက်ချင်သွားပါသည်။

အခုချိန်မှာ သူတို့နှစ်ယောက်မှာ လွန်ခဲ့သော ခြောက်နှစ်ကျော်ကလို မဟုတ်တော့သော အခြေအနေတစ်မျိုးစီနဲ့ ဖြစ်နေခဲ့ပြီ။ ရဲဝံ့ထန်၌ သူကိုယ်တိုင်က ချစ်ပါသည်ဟု ဖွင့်ပြောဝန်ခံထားခဲ့သော ချစ်သူတစ်ဦးက ရှိနေပါသည်။ သောတာနဲ့ ပြန်မဆုံခင် နှစ်တွေတုန်းက ရဲဝံ့ထန်သည် သောတာကို သတိရသည် သိပ်မရှိခဲ့ဘဲ မိန်းကလေးတစ်ယောက်ကို သူ့စိတ်ထဲ ချစ်သည်ဆိုလျှင် သိပ်စဉ်းစားတွေးခေါ်မနေဘဲ ချစ်သည်ဟု ဖွင့်ပြောလိုက်ခဲ့ဖူးသည်။ ဒီတစ်ယောက်နဲ့ သိပ်အဆင်မပြေ။ မကြာခဏ ကောင်မလေးက စိတ်ကောက်ရင်ကောက်။ မကောက်ရင် သူ့ကို ချုပ်ချယ်။ ထိုသို့ဖြစ်လာလျှင် လမ်းခွဲပစ်လိုက်ဖို့လည်း ဝန်မလေး။ လမ်းခွဲခါစ အသည်းကွဲသလိုလို ဘာလိုလို ဟိုလွမ်း ဒီလွမ်း နှစ်ရက်လောက် ခံစားပြီးလျှင် ပြီးပြီ။

အဲဒီလိုနဲ့ပဲ သူ့ရဲ့ရည်းစားထားသော ဇာတ်လမ်းက ပြီးသွားတတ်ပြီ။ ဒီလိုနဲ့ပဲ ရည်းစားတွေ တွဲလိုက် ပြတ်လိုက် ဖြစ်လာတာ သေသေချာချာ တွေးကြည့်ရင် သူ့ကို လူလိမ္မာ လူအေးလေး ဖြစ်စေချင်သော အစ်ကိုတွေကို အရွဲ့တိုက်ရင်းက သူ ဒီလိုပုံစံပြောင်းလာတာဖြစ်ကြောင်း ရဲဝံ့ထန်လည်း သူ့ကိုယ်သူ ဝေဖန်တတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲဝံ့ထန်သည် အခုလက်ရှိ ရည်းစားဖြစ်နေသော မွန်မြတ်မေကိုတော့ တကယ်ချစ်သည်ဟု ထင်ခဲ့ကာ အလေးအနက်ကို ထားခဲ့မိသည်။ တခြားရည်းစားတွေလိုတော င် မဟုတ်။ မွန်မြတ် စိတ်ကောက်လျှင် စိတ်ဆိုးလျှင် စိတ်ရှည်ရှည်နဲ့ ချော့ခဲ့တာတွေ ရှိသည်။ မွန်မြတ် မျက်နှာညိုလျှင် သူ ဘယ်လိုမှနေလို့မရအောင် စိတ်ပူပင် ကြောင့်ကြခဲ့ဖူးသည်။ မွန်မြတ် တခြားယောကျ်ားလေး တစ်ယောက်နဲ့ ကြည်ကြည်နူးနူး ရယ်မောနေတာ တွေ့မြင်လျှင် သဝန်တိုစိတ်ဖြင့် ရန်လိုမိတာတွေ ဖြစ်ခဲ့ဖူးသည်။ မွန်မြတ်က ဒါမလုပ်နဲ့ ဟိုမသွားနဲ့ တားလျှင် နှစ်ခါမပြောရ။ သူ ကျေနပ်စွာ ဝန်ခံခဲ့သည်။ မွန်မြတ်သည် သူ့အသွေးအသားထဲထိ နေရာယူနိုင်လောက်အောင် တကယ်ချစ်ရသော မိန်းကလေးဖြစ်သည်ဟု သူ လက်ခံပြီးသောအခါ ...

"ကိုယ် မွန်မြတ်ကို လက်ထပ်ချင်တယ်"

ဟူ၍ပင် ဝန်ခံခဲ့ပါသည်။

မွန်မြတ်ကလည်း သူ တောင်းဆိုဝန်ခံတာကို လက်ခံပြီး ဟိုဘက်လူကြီး၊ ဒီဘက်လူကြီး အသိပေးတဲ့အထိပင် ခရီးရောက်ပြီးပြီ။

အစ်ကိုကြီး သီဟထန်နဲ့ အစ်ကိုလတ် ကျော်စွာထန်တို့ကတော့ သိပ်သဘောမကျ။

"ညီလေး ... မင်းအသက် နှစ်ဆယ့်နှစ်ပဲ ရှိသေးတယ်။ အိမ်ထောင်ပြုဖို့ သိပ်ငယ်သေးတယ်၊ ယောကျ်ားတစ်ယောက်





ဟာ အသက်သုံးဆယ်မှာ အိမ်ထောင်ပြုတာ အကောင်းဆုံးပဲ၊ လူရော စိတ်ရော ရင့်ကျက်နေပြီ။ ကိုယ့်ဘဝကိုယ် ကောင်းကောင်း ထိန်းချုပ်နိုင်နေပြီ"

ဟူ၍ ဝေဖန်ကန့်ကွက်မှုတွေတော့ ရှိပေမဲ့ အရင်ကလောက်တော့ သိပ်ပြီး မပြင်းထန်။ အစ်ကိုကြီးကလည်း သူ့အိမ်ထောင်နဲ့သူ ဖြစ်နေပြီမို့ ဒီကိစ္စမှာ သိပ်ဝင်မပါနိုင်တာလည်း ပါသည်။

အရင်တစ်ခါကတော့ သူတို့ကြောင့် ရဲဝံ့ထန် ဘဝပျက်တော့မတတ် တောပေဆိုးသွမ်းသွားဖူးခဲ့သော သာဓက ရှိခဲ့တာကြောင့် ဒီတစ်ခါမှာ သိပ်မတားမြစ်ချင်တော့တာလည်း ပါသည်။

ဒါကြောင့် သူ့ကို မွန်မြတ်နဲ့ စေ့စပ်ကြဖို့ကိစ္စမှာ သိပ်ခွင့်မပြုချင်ပေမဲ့ ဒီတစ်ခါ သူတို့ကြောင့် ရဲဝံ့ ထပ်ပြီးဆိုးသွားမှာ မမြင်ချင်၍ဘဲလားတော့ မသိ။ သူတို့ သိပ်မတားမြစ်ခဲ့ကြ။ ရဲဝံ့မှာ ကိုယ်ပိုင်ဝင်ငွေနဲ့ ရပ်တည်နေနိုင်တာလည်း တစ်ပိုင်းပါသည်။ ဒါကြောင့် အစ်ကိုတွေကို သိပ်ဂရုစိုက်စရာ မလိုတော့ပြီမို့ မွန်မြတ်နဲ့ လူကြီးချင်း စကားပြောသော အကြောင်းအရာက အထမြောက်တဲ့အထိ စီစဉ်ပြီးခဲ့ပါသည်။

အမေအမေ မရှိတော့သော ညီအစ်ကိုသုံးယောက်တည်း မိသားစုမို့ သူ့ဘက်က အစ်ကိုတွေသာ လူကြီးအရာထားပြီး လူကြီးချင်း စကားပြောဖြစ်ကြသည့်ပွဲကပင် အရင်လ,ကမှ ဖြစ်မြောက်ပြီးစီးခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အခြေအနေတွေ လွန်ပြီးမှ သောတနဲ့ ပြန်လည်ဆုံစည်းကြလေသတည်း ဟူ၍ အပြောင်းအလဲ ဖြစ်သွားသောအခါ ရဲဝံ့ထန်သည် ဇဝေဇဝါတွေ ဖြစ်နေသော သူ့ကိုယ်သူ အားမရတော့ချေ။

ရဲဝံ့ထန်သည် ဝယ်လာခဲ့သော ဘာစာသားမှ မရေးထားဘဲ ကိုယ်ရေးလိုရာ ရေးထည့်နိုင်သည့် ပို့စကတ်လေးကို ကားဒက်(ရှ်)ဘုတ်ထဲ ပစ်ထည့်လိုက်ပါသည်။ အမှန်တော့ လူစည်ကားသော ရှော့ပင်းစင်တာကြီးနားမှာ ဖွင့်ထားသည့် သူ့ရဲ့ မိုဘိုင်းလ်ဖုန်း၊ ဟန်းဆက်အရောင်းဆိုင်ကို သွားရမှာပေမဲ့ မသွားဖြစ်သေးဘဲ ဒီလမ်းက တမင်ဖြတ်မောင်း၊ ကတ်ပြားဝယ်မိအဖြစ်တွေ သူ့အလိုလို ဖြစ်သွားတာ ဖြစ်သည်။

ဒုတိယတစ်ခါ သောတနဲ့ ပြန်ဆုံပြီးသောအခါမှ ရဲဝံ့သည် သူ့ကိုယ်သူ မေးခွန်းတွေ မေးစရာဖြင့် ပြည့်နှက်သွားခဲ့ပါသည်။

"ငါ သောတ,ကိုပဲ ချစ်နေသေးသလား၊ ဒါမှမဟုတ် အရင်က ချစ်ခဲ့ဖူးတဲ့သူကို ရုတ်တရက် ပြန်ဆုံရလို့ စိတ်ယိမ်းယိုင်တာလား၊ ငါ တကယ်ချစ်တာ မွန်မြတ်လား။ တခြားလူတွေ ပြောသလို ဆယ်ကျော်သက် ဘဝမှာ စိတ်ကစားပြီး ချစ်ခဲ့တာဟာ တကယ့် အချစ်စစ် မဖြစ်နိုင်ဘူး ပြောကြတော့ ငါ သောတ,ကိုတော့ တကယ်မချစ်မိခဲ့ဘဲ မွန်မြတ်ကိုကျမှ တကယ် ချစ်သူအဖြစ် ရွေးလို့ရသွားခဲ့တာလား"





ရဲဝံ့ထန်သည် သူ့ရင်ထဲမှာရှိသော မေးခွန်းပေါင်းများစွာကို ထပ်ခါတလဲလဲ တွေးနေခဲ့သည်။

ထိုအချိန်တွင် သူ့ရဲ့မိုဘိုင်းလ်ဖုန်းမှ ခေါ်သံမြည်လာပါသည်။

ခေါက်ချိုးပိတ်ထားသော ဖုန်းအပြားလေးကို ဖွင့်ကြည့်လိုက်သောအခါ မွန်မြတ်ရဲ့ ဖုန်းနံပါတ် ပေါ်နေသည်။ သူ ဖုန်းကို လက်ခံနားထောင်လိုက်သည်။

"ရဲရေ ... ဘယ်ရောက်နေတာလဲ"

"အခု ဆိုင်ကိုလာနေပြီ"

"မွန်မြတ် ဆိုင်ရောက်တာ ဆယ့်ငါးမိနစ်လောက် ရှိနေပြီ၊ ရဲ,ရောက်မလာသေးလို့ ဘယ်ဝင်နေတာလဲလို့ပါ"

"ဘယ်မှ မဝင်ဘူး၊ ကားလမ်း ကျပ်နေလို့"

"စောစောထွက်လာရင် ဒီလိုမဖြစ်ပါဘူး။ ရဲက နောက်ကျလို့ ဖြစ်မယ်"

"ကိုယ် လာနေပြီပဲ ရောက်တော့မှာပါ။ မွန်မြတ် ဘယ်သွားစရာ ရှိလို့လဲ"

"သွားစရာရှိတယ်၊ ရဲကိုပါ ခေါ်သွားချင်လို့၊ မွန်မြတ် ဝယ်ထားတဲ့ ဆိုင်ခန်းကို ပြန်ရောင်းတော့မှာလေ။ အဲဒါ ဝယ်မဲ့သူနဲ့ ဒီနေ့ တွေ့ကြမယ်၊ သူ့ကို ဆိုင်ခန်းအတွင်းထဲ သော့ဖွင့်ပြရမယ်၊ အဲဒါ လုပ်စရာရှိလို့"

"ကိုယ် ဘာလိုက်လုပ်ပေးရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ လိုက်လုပ်ပေးရမှာ မဟုတ်ပါဘူး။ မွန်မြတ် တစ်ယောက်တည်း သွားရမှာမို့ ပျင်းလို့ ရဲ့ကို ခေါ်ချင်လို့၊ အံမယ် … ဘာဈေးကိုင်နေတာလဲ။ ဒီက သူနဲ့တွဲသွားချင်လို့ ခေါ်မှန်းသိရက်နဲ့ ဟန်လုပ်ပြန်ပြီ။ အရင်ကတော့ မွန်မြတ် ဘယ်သွားသွား လိုက်ချင်တယ်ဆို။ အခု ဘာဖြစ်ရပြန်တာလဲ"

"ဘာမှမဖြစ်ရပါဘူး ခင်ဗျာ၊ လိုက်ချင်ပါတယ်၊ လိုက်မှာပါ၊ ဒါပေမဲ့ အရောင်းအဝယ်ကိစ္စ ဈေးစကားပြောကြရင် မွန်မြတ် တစ်ယောက်တည်းပဲ ဆုံးဖြတ်နော်။ ကိုယ့်ကို အကြံမတောင်းနဲ့။ ကိုယ် အကြံပေးတာ မှားသွားရင် မွန်မြတ် အဖေကြီးက ကိုယ့်ကို အပြစ်တင်မှာ စိုးတယ်"

"သိပါတယ်၊ ရဲ့ဘာမှ အကြံမပေးရပါဘူး စိတ်ချ"

"ဒါဆို အိုခေ … ကိုယ်လာပြီ စောင့်နေ"

ဖုန်းပြောပြီးလျှင် ခလုတ်ကိုနှိပ်ပြီး ပိတ်လိုက်သည်။ အမှန်တော့ မွန်မြတ်တို့က ပိုပြီးချမ်းသာကြွယ်ဝလှသော မိသားစုဖြစ်သည်။ မွန်မြတ်အဖေက ပြည်တွင်းဖြစ် စက်မှုလုပ်ငန်းရှင်ကြီးဖြစ်ပြီး မွန်မြတ်မှာ မောင်နှမလေးယောက် ရှိပေမဲ့ အားလုံး အသီးသီး ကိုယ့်စီးပွားရေးလုပ်ငန်းနဲ့ကိုယ် ခွဲထွက်ထားနိုင်နေပြီ။ အားလုံးလည်း အောင်မြင်နေကြပြီ။ မွန်မြတ်ကသာ သမီးအငယ်ဆုံးပီပီ အဖေထုတ်ပေးသော အရင်းအနှီးကို ဘာလုပ်ရမှန်း မသိဘဲ ဆိုင်ခန်းတွေဝယ်။ အိမ်တွေ ခြံတွေဝယ် လုပ်လိုက် ရောင်းလိုက်နဲ့ပဲ အဆတွေ တိုးပွားနေတာ ဖြစ်သည်။





မွန်မြတ် အဖေကတော့ ဒီလိုလုပ်နေတာ မကြိုက်။

"ဆိုင်ခန်းတွေ ဝယ်ထားတာ ကိုယ်တိုင်ဖွင့်ပါလား၊ ခြံတွေ ဝယ်ထားတာ Inn ဖြစ်ဖြစ် ထောင်ပြီး စီးပွားရေးလုပ်ပါလား ဆိုတာ ပြောမရဘူး၊ ဒီတော့ မင်း သူ့ကိုနားဝင်အောင် ပြောဖို့လိုတယ်၊ သူ့ရှိတဲ့ ပိုင်ဆိုင်မှုဟာ တစ်နေ့ကျ မင်းနဲ့ပါ သက်ဆိုင်လာမှာ၊ အခုတည်းက တိုးပွားအောင် မင်းပါ ဝင်ကူပေးဖို့သင့်တယ် ရဲဝံ့ထန်"

ဟူ၍ ရဲဝံ့ထန်ကို ပြောလာဖူးတော့ ရဲဝံ့ထန်မှာ ထိုစကားကို အထအန ကောက်ပြီး နာကျင်လေသည်။ သူတို့ညီအစ်ကိုသုံးယောက်မှာ မိဘထားခဲ့သော အမွေသုံးပုံ ပုံခွဲရသဖြင့် မွန်မြတ်တို့လောက်တော့ မကြွယ်ဝ။ ရဲဝံ့ထန် ဆယ့်နှစ်နှစ်မှာကတည်းက အမေက သားအိမ်ထဲမှာ အလုံးတွေ့၍ ခွဲစိတ်ကုသရင်း ဆုံးပါးခဲ့သည်။ နောက်နှစ်နှစ်အကြာမှာ အဖေက ကောက်ခါငင်ခါ ဦးနှောက်သွေးကြောပြတ်၍ ဆုံးပြန်သည်။ ထိုအချိန်မှာ အစ်ကိုကြီးက အသက်နှစ်ဆယ့်လေးနှစ် ရှိပြီမို့ မိဘချန်ခဲ့သော အိမ်၊ ခြံနှင့်ကား အပါအဝင် စီးပွားရေးလုပ်ငန်းတွေကို ဆက်ဦးစီးပြီး ညီတွေကို ကျောင်းပြီးအောင် ထားပေးခဲ့နိုင်လေသည်။ အစ်ကိုကြီးက တရားမျှတစွာပင် …

"ညီလေးတို့ အသက်နှစ်ဆယ့်တစ်နှစ် ပြည့်တာနဲ့ ရသင့်ရထိုက်တဲ့အမွေကို ပေးမယ်၊ အဲဒီအမွေနဲ့ ကိုယ့်ဘာသာ လုပ်ငန်းထူထောင် လုပ်ကြရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆုံးဖြတ်ပေးထားခဲ့သည်။

ရဲဝံ့ထန်က အငယ်ဆုံးမို့ အခုမှ အမွေရကာ ထို အမွေဖြင့် သူ့ကိုယ်ပိုင် ကွန်ဒိုအခန်းတစ်ခန်း၊ ကားတစ်စီးဝယ်၊ စီးပွားရေးအတွက် မိုဘိုင်းလ်ဖုန်းဟန်းဆက်များ ရောင်းသောဆိုင် ကို ဖွင့်ထားခဲ့သည်။

မွန်မြတ်တို့နှင့်စာလျှင် သူ့ဆိုင်လေးတစ်ဆိုင်ရှိတာ၊ အိမ်ခန်းပိုင် ကားပိုင် ဖြစ်တာဟာ ပါမွားလောက်သာ အဆင့်ရှိ သည်မို့ မွန်မြတ် အပြောအရ ...

"ဖေဖေက ရဲရဲ့လုပ်ငန်းကို သိပ်သဘောမကျဘူး ဖြစ်နေ တယ်၊ အဲဒီလောက် ဝင်ငွေနဲ့ ရပ်တည်လို့ ရပေမဲ့ ဘယ် လိုမှ ကြီးပွားမှာ မဟုတ်ဘူးတဲ့"

ဟူ၍ ပြန်သိထားသောအခါ ရဲဝံ့ထန်သည် မတော် ရသေးသော ယောက္ခမလောင်းအပေါ် သိပ်မကြည်မလင်တော့ ဖြစ်နေမိပါသည်။ ဒါကြောင့် မွန်မြတ် ဆိုင်ခန်းအရောင်းအဝယ် ကိစ္စကို သူ ဝင်မပါလိုတာ ဖြစ်သည်။ သူ အကြံပေးတာမှားလျှင် အဘိုးကြီးဆီက ဝေဖန်သံ ပြန်ကြားရမှာ မလိုလား၍ပင်။ သမီးကို ချစ်၍ သူနဲ့ သဘောတူရသည် ဆိုပေမဲ့ မွန်မြတ် အဖေရဲ့စိတ် ထဲမှာ သူ့သမီးက ပိုချမ်းသာ၍ ရဲဝံ့ထန်က ကပ်နေသည်။ မရ၊ ဂုအောင် ဆွဲဆောင်သည်ဟု ကင်နေကြောင်း ရဲဝံ့ထန် စိတ်ထဲမှာ ခံစား၍ ရနေပါသည်။





သူ့ရဲ့ mobile world အမည်ရှိ ဆိုင်ရှေ့မှာ ကား ပါကင်ရပ်လိုက်သောအခါ ဆံပင်တွေပေါ် နေကာမျက်မှန်အကြီး ကြီးဖြင့် ပင့်တင်ထားသော မွန်မြတ်၏ အပြုံးလှလှဖြင့် ဆီးကြို မှုကို ရင်ဆိုင်ရလေသည်။ လှပသော အပြုံးလေးတွေရှိသည့် မွန်မြတ်ကိုမြင်တော့ မွန်မြတ်လောက်လည်း မလှသည့် သောတ ကို ဖျတ်ခနဲ ထပ်ပြီး သတိရသွားမြန်သည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁

ရဲဝံ့ထန်သည် သူ့ထံ တည့်တည့်မတ်မတ် စိုက် ကြည့်နေသော မျက်လုံးဝိုင်းဝိုင်း၊ မျက်နှာဝိုင်းဝိုင်း ဖြစ်နေသည့် ကောင်မလေးကိုမြင်လျှင် အံ့သြပြီး သူပါ ငေးကြောင်မှင်သက် သွားသည်။ ကောင်မလေးကလည်း သူ့ကိုမြင်လိုက်ရ၍ အံ့သြပြ နှုတ်ဆက်စကား ပြောဖို့ပင် မေ့နေသလား။ တမင်ပဲ စ,မခေါ်ဘ နေသလား။ မွန်မြတ်မေလည်း တစ်ယောက်နဲ့ တစ်ယောက် တအံ့တသြ စိုက်ကြည့်နေကြသော သူတို့ကြောင့် ဘေးမှ တိတ် ဆိတ်စွာ အကဲခတ်နေခဲ့သဖြင့် ဘာစကားမှ ဘယ်သူ့ဆီက စပြီး မကြားရသလို ဖြစ်နေသည်။

နောက်မှ မွန်မြတ်မေပဲ အရင်ဆုံး စကားစပြောရသ ဖြစ်လာသည်။ ကျန်တဲ့နှစ်ယောက်တို့ဟာ ဘယ်သူကမှ စကာ စ,မပြောလေရာ နောက်တော့ သူမပဲ စကားစ,လိုက်ရသည်။

"ရဲ ... အဲဒါ မွန်မြတ်ရဲ့ ဆိုင်ခန်းကို ဝယ်မဲ့သူလေ"

"ဪ ... အင်း ... အင်း"





"ရဲနဲ့ သိလို့လား"

ရဲဝံ့ထန် မဖြေခင် ထိုကောင်မလေးထံမှ ...

"ဆယ်တန်းတုန်းက ကျူရှင်တူကြဖူးတယ်"

ဟု ဖြေသံ ထွက်လာသည်။

"ဟယ် ... ဟုတ်လား"

မွန်မြတ် လှည့်မေးပါသည်။

"ဟုတ်တယ် ... အဟဲ ... ဆောရီးနော်၊ ကျွန်တော် နာမည်မေ့နေလို့ပါ။ လူမြင်မြင်ချင်း မှတ်မိပါတယ်"

"ဝိုင်းဝိုင်း ... ခင်ဝိုင်းဝိုင်းလေ"

"ဪ ... ဟုတ်ပြီ၊ ဝိုင်းဝိုင်းပဲ"

အမှန်တော့ ရဲဝံ့ထန်သည် သောတာ၊ ဝိုင်းဝိုင်း၊ ကောသိ ဟူသော အမည်တွေကို ဘယ်သောအခါမှ အလွယ်တကူ မေ့ပျောက်၍ မရခဲ့သည်မို့ အခုလည်း မမေ့ပါ။ သူကစပြီး မခေါ် ဓိ၊ နှုတ်မဆက်မိသည့်အတွက် အားနာပြီး နာမည်ပါ မေ့ချင်ဟန် ဆောင်လိုက်တာ ဖြစ်ပါသည်။

"ဝိုင်းဝိုင်း သူက မွန်မြတ်မေတဲ့၊ ကျွန်တော်ရဲ့ ဟို ... အဲ"

"လူကြီးချင်း စေ့စပ်ထားတဲ့ ချစ်သူတွေပါ"

မွန်မြတ်က ရဲဝံ့ထန် အ,သလိုလို ထစ်သလိုလို ဖြစ်နေခြင်းကို သဘောမကျဟန်ဖြင့် ကြားထဲမှ ဖြတ်ပြောလိုက် လေသည်။ ဒီကောင်မလေးနဲ့ ဘာဓာတ်လမ်းတွေ ရှိဖူးလို့လဲဟု လည်း သံသယဖြစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဝိုင်းဝိုင်းကတော့ ဒီကိစ္စကို သိပ်စိတ်ဝင်စားဟ မပြဘဲ မွန်မြတ်မေ၏ ဆိုင်ခန်းအကျယ်ကို လိုက်လှေလာကြည့် ရှုနေတော့သည်။

"မွန်မြတ်မေက ဒီဆိုင်ကို ဘာရောင်းမယ် စဉ်းစားပြီ ဝယ်ထားခဲ့တာလဲဟင်"

"ဩော် ... ဘာရောင်းမယ်ရယ် မဟုတ်ပါဘူး၊ မွန်မြတ် တို့ သူငယ်ချင်းတစ်စုလုံး ဝယ်ကြမယ်ဟေ့ဆိုပြီး ဒီဆိုင် ခန်းကြီးတွေ ရောင်းတော့ တစ်ယောက် တစ်ခန်းစီ ဝ ဝယ်လိုက်ကြတယ်၊ သူငယ်ချင်းတွေကလည်း ဘယ်သူမှ ဆိုင်မဖွင့်ဖြစ်ကြတော့ဘဲ ဒီဆိုင်ခန်းတွေ ပြန်ရောင်းပြီး နိုင်ငံခြား ထွက်တဲ့လူထွက် ဖြစ်ကုန်တာနဲ့ မွန်မြတ်လည်း ဆိုင်လုပ်ဖို့ စိတ်မပါတော့ဘဲ ပြန်ရောင်းတာပါ။ ဘာဖြစ် လို့လဲဟင်"

"ဩော် ... ဆိုင်ခန်းကြီးက သိပ်ကြီးနေတော့ တို့တော ဘာရောင်းရမှန်းမသိ ဖြစ်သွားလို့ပါ"

"ခင်ဝိုင်းဝိုင်းက ဘာရောင်းဖို့ ဆိုင်ခန်းလိုက်ရှာတာလဲ"

"ဒီလိုပါပဲ၊ အဝတ်အစား၊ ဖိနပ်၊ လက်ကိုင်အိတ်လောက် ပဲ စဉ်းစားမိတယ်၊ အိမ်ကပြောတော့ သိပ်မကိုက်နိုင်ဘူ တဲ့။ ဒါပေမဲ့ တို့ကလည်း အဲဒါပဲ ရောင်းချင်နေတယ် လေ၊ ဆိုင်ခန်းကျယ်တော့လည်း ပိုကောင်းတာပေါ့လေ fitting room ပါ ထည့်ပြင်လို့ ရတာပေါ့"



"ဟုတ်တယ် ... ဟုတ်တယ်၊ မွန်မြတ်လည်း အင်္ကျီအဝတ်အစားဆိုင် သွားရင် fitting လုပ်ခွင့်ရတဲ့ဆိုင်မှာ သွားတယ်။ နောက်ပြီး ကိုယ်နဲ့တော်လား မတော်လား၊ လိုက်လား၊ မလိုက်လား မသိဘဲ မျက်စိမှိတ် ဝယ်လာပြီး အိမ်ရောက်မှ ဝတ်ကြည့်ရင် ပြဿနာက တက်ရော။ မလိုချင်ရင် ဒီမှာက ပြန်လည်း လဲလို့မရဘူးလေ"

"ဟုတ်တယ်၊ နိုင်ငံခြားမှာနေတဲ့ အမျိုးတွေဆို ပြောဖူးတယ်၊ သူတို့ဆီမှာ ဘာပစ္စည်းပဲဖြစ်ဖြစ် အဲဒီဆိုင်က ဝယ်လာတဲ့ ငွေရှင်းဘောက်ချာရယ်၊ ပစ္စည်းကလည်း မပျက်စီးဘဲ မှန်ကန်နေတာရယ် သေချာရင် ပိုက်ဆံပြန်အမ်းတယ်။ ဒါမှမဟုတ် တခြားဟာနဲ့ လဲချင်တယ်ဆိုလည်း ပြန်လဲပေးတယ်တဲ့"

မိန်းကလေးနှစ်ယောက်တို့ စကားတပြောပြော လုပ်နေစဉ် ရဲဝံ့ထန်ကတော့ ဒီရက်ပိုင်းအတွင်းမှာမှ တိုက်ဆိုင်လာသော ပြန်ဆုံတွေ့မှုတွေကို တွေးနေမိသည်။

သူ့ကို တစ်ချက်သာ အသေအချာကြည့်ပြီး ထပ်၍ ရှုလည်းမစိုက်၊ ကြည့်လည်းမကြည့်၊ ထပ်၍ စကားပြော နှုတ်ဆက်ခြင်းပင် မပြုတော့သော ခင်ဝိုင်းဝိုင်း၏ သူစိမ်းဆန်မှုကို သူ ခံရခက်နေသည်။ ကေသီနဲ့သာ ပြန်ဆုံရင် ဒီလိုလုပ်မှာ မဟုတ်ဘူး။ ခင်ဝိုင်းဝိုင်းမို့လို့ပေါ့။ အရင်တည်းက ခင်ဝိုင်းဝိုင်းဟာ ရဲဝံ့ထန် အပေါ် အလိုလိုနေရင်း မကြည်လင်နေခဲ့တဲ့ ကောင်မလေးလေ။

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် ပိုက်ဆံလာချေမယ်လေ၊ စာချုပ်တွေ အသင့်ပြင်ထားပေးနိုင်မလား"

"ပြင်ထားလို့ ရပါတယ်"

"ဒါဖြင့် မနက်ဖြန် ဆယ်နာရီ၊ ဘယ်လာရမလဲ"

"မွန်မြတ် အိမ်ပဲ လာနိုင်မလား"

"လာခဲ့မယ်လေ"

သူတို့ချင်း အရောင်းအဝယ် အဆင်ပြေကာ ချိန်းဆိုနေသံ ကြားရသည်။ ရဲဝံ့ထန်ကတော့ အပြင်မှာ ထွက်ရပ်ပြီး သူ့ဖုန်းသူ ကလိလျက် စောင့်နေခဲ့သည်။ မွန်မြတ်မေသည် ရဲဝံ့ထန်ကို တစ်ချက် အကဲခတ်လိုက်ရင်း ခင်ဝိုင်းဝိုင်းကို ...

"ရဲနဲ့က ကျောင်းနေဖက်တွေဆိုတော့ သူ့အကြောင်း စပ်စုရဦးမယ်။ ကျောင်းမှာ သူက လူဆိုးလေးလား"

ဟူ၍ တမင်ပဲ မေးလေသည်။

ခင်ဝိုင်းဝိုင်းသည် မွန်မြတ်မေ၏ သဝန်တိုမှုကို သတိပြုမိပါသည်။ သဝန်တိုမနေနဲ့။ သူ့ရည်းစားဟောင်းက ငါ မဟုတ်ဘူးလို့ စိတ်ထဲမှာသာ ပြန်ရှင်းပြနေမိသည်။ နှုတ်ကတော့ ထုတ်မပြောချင်ပါ။ သောတဘက်မှာက အားလုံးအရှုံးတွေချည်း ဖြစ်နေခဲ့ရတာ မဟုတ်လား။ အရင်က အဖြစ်အပျက်တွေကို ပြန်အစမဖော်ပေးချင်ပါ။

"ကျောင်းနေဖက်ရယ်လို့ မဟုတ်ပါဘူး။ သူက အဲဒီတုန်းက စိန်ပေါလ်လား၊ လမ်းမတော်လား မသိဘူး။ ယောက်ျားလေးကျောင်းမှာ နေတာလေ၊ တို့တွေက ယောက်ျားလေး မိန်းမလေး ရောထားတဲ့ ကျောင်းကပါ။ သူနဲ့သိတာက ဆယ်တန်းဆိုတော့ ဆရာကောင်းတွေချည်းပဲ စုငှားပြီး စုဝိုင်းသီးသန့်လုပ်ကြတော့မှ သိတာပါ။ သူ ဆိုးလား မဆိုးလားတော့ မသိပါဘူး။ ဒါပေမဲ့ ကျူရှင်တော့ မလစ်ပါဘူး။ ပြီးတော့ သူက သင်္ချာ သိပ်တော်တယ်"

"ဟုတ်တယ်၊ သူ ပြောဖူးတယ်၊ သူ ဆယ်တန်းအောင်တုန်းက အမှတ်က သိပ်ရယ်ရတာတဲ့။ သင်္ချာတစ်ခုတည်း အမှတ်တစ်ရာရပြီး ကျန်တာတွေက အောင်ရုံလေး အောင်လာတာလို့ ပြောတယ်၊ အင်္ဂလိပ်စာဆို (၄၀)အတိနဲ့ အောင်ထားတာတဲ့"

"ဟုတ်မှာပေါ့၊ သူက အင်္ဂလိပ်စာ သိပ်ညံ့တယ်"

ရဲဝံ့ထန်သည် ခင်ဝိုင်းဝိုင်း ပြောတာ ကြားတော့ ပြုံးမိသွားသည်။ သောတက အင်္ဂလိပ်စာ သိပ်တော်တယ်လေ။ ခြောက်တန်း ခုနစ်တန်းလောက်မှာကတည်းကပဲ သီချင်းနားထောင်ရင် အင်္ဂလိပ်သီချင်းမှ နားထောင်ပြီး အဲဒီစာသားတွေကို အလွတ်လိုက်ကျက်၊ လိုက်ဆိုတဲ့အထိ ဝါသနာလည်း ပါခဲ့တာလို့ပြောဖူးတယ်။ အင်္ဂလိပ်စာဆို တချို့တွေလိုမျိုး grammer ချည်းသီးသန့်တော်နေတာ မဟုတ်ဘဲ စာတစ်ပုဒ်ချရေးလို့ ရတဲ့အထိ စကားလုံးကြွယ်ဝတယ်၊ စာလုံးတော်တော်များများကို မှတ်ထား သိထားတယ်၊ မမေ့အောင် အမြဲသုံးတယ်၊ အင်း ... သောတ,က







www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဆိုင်ဖွင့်ပြီး ဈေးရောင်းဖို့ မသင့်ဘူး။ အင်္ဂလိပ်စာဆရာမလေး လုပ်ဖို့သင့်တယ်။ သောတ တတ်ထားတာတွေ တစ်ယောက်ယောက်ကို ဖြစ်ဖြစ် သင်ပေးခဲ့ဖို့ သင့်တယ်ဆိုတာ သောတ ဘာလို့မတွေးမိတာလဲ၊ ရဲဝံ့ထန်သည် သောတ အကြောင်းတွေသာ တရေးရေး ဆက်တိုက် တွေးတော ကြည်နူးနေမိခဲ့ပါသည်။

"ရဲက သူငယ်ချင်းဟောင်းနဲ့ ဆုံတုန်း ကော်ဖီလေး ဘာလေး တိုက်ဖို့မစဉ်းစားဘူးနော်"

"ဟာ ... ဟုတ်သားပဲ၊ ကော်ဖီသောက်ဖို့ ဖိတ်ပါတယ် ဝိုင်းဝိုင်း။ ဘယ်လိုလဲ ... အချိန်ရတယ် မဟုတ်လား"

"ငါက အလုပ်ရယ်လို့ မယ်မယ်ရရ မရှိသေးတော့ အားတော့အားပါတယ်။ ဒါပေမဲ့ ခုတော့ ဗိုက်ပြည့်နေလို့ ဘာမှစားချင် သောက်ချင်စိတ် မရှိဘူးဟယ်၊ နောက်တစ်ခါ ဆုံဖြစ်ရင် ဆုံဦးမှာပေါ့၊ အဲဒီကျမှ နင်တိုက်တဲ့ ကော်ဖီကို သောက်ပါ့မယ်၊ ဒါမှမဟုတ်လည်း နင်နဲ့ မွန်မြတ်မေတို့ မင်္ဂလာဆောင်ကျ ဖိတ်လေ၊ အဲဒီကျမှပဲ မင်္ဂလာဆောင်မှာကျွေးတဲ့ ကော်ဖီတွေ မုန့်တွေ စားတော့မယ်၊ ဘယ်လိုလဲ၊ ဖိတ်မှာလား ငါတို့ကို"

ခင်ဝိုင်းဝိုင်း၏ "ငါတို့ကို" ဟူသော အဆုံးသတ်မှာ သူမအပြင် သောတနှင့် ကေသီပါ ပါနေကြောင်း ရဲဝံ့ထန် အလိုလို နားလည်လိုက်ပါသည်။





"ဖိတ်မှာပေါ့၊ ဒါနဲ့ နင်က အရင်အိမ်မှာပဲလား"

"ဟုတ်တယ်လေ၊ ကေသီရော ငါရော အရင်တုန်းကအိမ်မှာပဲ။ သောတ တစ်ယောက်ပဲ အိမ်ပြောင်းသွားတာ"

ခင်ဝိုင်းဝိုင်းသည် သောတ အမည်ကို ထည့်ပြောလိုက်လေသည်။ ရဲဝံ့ထန် သိချင်၍ ဒီအိမ်လိပ်စာ မေးသည်ဟု ထင်ပြီး ထည့်ပြောလိုက်တာလည်း ဖြစ်သည်။ ထိုသို့ပြောလိုက်ရ၍လည်း သောတမှာ ဘာမှ ပြဿနာမရှိဟု ထင်ပါသည်။ ဒီမှာက ဒီကောင်ကလည်း စေ့စပ်ထားနေပြီ။ သောတဆီ သူ အမှတ်မထင် ပန်းဝင်ဝယ်ရင်း တွေ့တာ သိတာ ဆုံတာဟာ ဇာတ်လမ်းက ဒီလောက်ပဲ ပြီးနေပြီလေ။ ဒီကောင်လည်း သောတကို သိပ်စိတ်ဝင်စားပုံ မရတော့ပါဘူးလို့ သူမဘာသာ တွေးနေခဲ့သည်။

"ရဲမှာ မိန်းကလေး သူငယ်ချင်း သုံးယောက်တောင် ရှိခဲ့တယ်နော်"

ဟူ၍ ခင်ဝိုင်းဝိုင်းကို နှုတ်ဆက်ပြီး ကိုယ့်ကားပေါ် ကိုယ်ပြန်ရောက်သောအခါမှာ မွန်မြတ်မေက မေးချင်သလို စ,ပြောလာပါသည်။

"မွန်မြတ်ကလည်းကွာ၊ ဒါ ငယ်ငယ်က သူငယ်ချင်းတွေပါ။ ဘာပြဿနာ ရှိလို့လဲ၊ သူငယ်ချင်းဟောင်း ဆိုတာ လူတိုင်းမှာ ရှိတာပဲ။ မွန်မြတ်မှာလည်း ငယ်သူငယ်ချင်းကောင်လေးတွေ ရှိခဲ့တာပဲ။ ကိုယ် ဘာအပြစ်ပြောမိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရဲကိုလည်း မွန်မြတ်က အပြစ်ပြောတာ မဟုတ်ပါဘူး။ ရဲက တော်တော်စွံတာပဲလို့။ ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ် အရွယ်တည်းက မိန်းကလေးတွေနဲ့ ရောရောနှောနှော နေခဲ့တယ်လို့ တွေးမိပြီး မေးတာပါ"

"သူတို့သုံးယောက်ပဲ သူငယ်ချင်း ဖြစ်ဖူးတာ"

"ခင်ဝိုင်းဝိုင်းက ချစ်စရာလေး၊ ကေသီ ဆိုတာကရော ဘယ်လိုလဲ လှလား၊ သော်က ဆိုတာလား သောတဆို လား တစ်ယောက်ကရော"

ရဲဝံ့ထန်သည် ခါတိုင်းနှင့်မတူ စေ့စေ့ပေါက်ပေါက် စပ်စုနေသော မွန်မြတ်ကို ရှင်းပြဖို့ စိတ်မပါတော့ပေမဲ့ ရှင်းမပြ ပြန်လျှင် စိတ်က ကောက်ဦးမှာမို့ သက်ပြင်းအသာချရင်း ...

"ကေသီက ခပ်အေးအေး နေတတ်တယ်၊ ရုပ်ရည်က မြန်မာဆန်တယ်၊ ယောကျ်ားလေး တစ်ယောက်အတွက် သိပ် attractive မဖြစ်တဲ့ရုပ်မျိုး။ သောတကတော့ ဘယ် လိုပြောမလဲ၊ သိပ်ချောလှနေတာတော့ မဟုတ်ပေမဲ့ မိန်း ကလေးတွေ အများကြီးကြား ရောနေလည်း သူ့ရုပ်က ပျောက်မနေဘူး။ အဲဒီလိုမျိုးပုံစံ ရှိတယ်၊ ကဲ ... ဘာသိချင် သေးလဲ"

"အဟင်းဟင်း ... နာမည်က သောတကိုး။ သော်က ထင် လို့"

"မဟုတ်ပါဘူး၊ သောတကြည်တဲ့"



"ဟယ် ... နာမည်ကလည်း ရေဒီယိုအဆိုတော်လိုလိုကြီး နော်"

"ဟား ဟား ... မွန်မြတ် ဝေဖန်တာနဲ့ ကိုယ် သူ့နာမည် ကို စသိသိချင်း ဝေဖန်တာ နီးစပ်တယ်ကွ"

"ရဲက ဘယ်လိုဝေဖန်မိလို့လဲ"

"သူ့နာမည့်ကို အငြိမ့်မင်းသမီး နာမည်မျိုး ထင်လို့လေ"

"အခုရော သူက ဘယ်မှာလဲ"

မွန်မြတ်မေက ဖျတ်ခနဲ ထပ်မေးချလိုက်သည်။ ရဲဝံ့ထန်သည် သူ့မျက်နှာသူ အမူအရာ အတည်ငြိမ်ဆုံးဖြစ်အောင် ပြင်လျက် ...

"သူလား ... တစ်နေရာရာမှာ ရှိမှာပေါ့၊ ကေသီလည်း တစ်နေရာရာမှာ အလုပ် လုပ်နေမှာပေါ့၊ ကိုယ်တို့ မတွေ့ တာ ကြာလှပြီ၊ ခြောက်နှစ်လောက် ရှိပြီ"

"တက္ကသိုလ် တက်တော့ရော"

"ကိုယ်က Day မတက်ဘူး၊ အဝေးသင် တက်လိုက်တယ် လေ၊ သူတို့ကတော့ Day ပဲ တက်ကြတယ် ထင်တယ်"

"မွန်မြတ် အခုလို မေးနေတာ ရဲ ဘယ်လိုထင်လဲ"

ရဲဝံ့ထန် ဘာမှ ထင်မြင်ချက် မပေးလို၍ ပခုံးတွန့် ပြလိုက်ပါသည်။ မွန်မြတ်မေက တဟင်းဟင်း ရယ်ပြရင်း ...

"ရဲတို့ တွေ့ကြပုံက တစ်မျိုးပဲ။ တစ်ယောက်နဲ့တစ်ယောက် ရိုးသားကြတယ်ဆိုရင် ဟယ် ... ဘယ်သူဘယ်ဝါခွဲပြီး

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းခေါ်ပြီး နှုတ်ဆက်ကြရမှာ၊ အခုကျ တစ်ယောက်နဲ့တစ်ယောက် ရှိန်ပဲရှိန်နေသလိုလို၊ လျှို့ဝှက်ချက်တွေပဲ ရှိနေသလိုလို ရှိုးတိုးရှန့်တန့်နဲ့။ သူ အရင်စခေါ်မှ ငါလည်း ခေါ်မယ်ဆိုတဲ့ ပုံစံနဲ့မို့ မွန်မြတ် စိတ်ထဲမှာ မရိုးဘူးထင်တာနဲ့ လျှောက်မေးနေတာ၊ ကဲ ... ပြော ... ခင်ဝိုင်းဝိုင်းနဲ့ ငယ်ကျွမ်းဆွေဖွာတ်လမ်း ရှိခဲ့တာလား"

"ဟာ ... မဟုတ်တာတွေကွာ မဲရှိပါဘူး။ ရိုးရိုးသူငယ်ချင်းပါ မွန်မြတ်ရယ်၊ ကိုယ် ဘာလို့ညာရမှာလဲ၊ ညာလည်း ဘာမှ အဓိပ္ပာယ်မရှိဘူး"

"မွန်မြတ် ရဲရဲ့ ရည်းစားဟောင်းတွေလည်း သိထားတာပဲ၊ ဘယ်မှာ သဝန်တိုလို့လဲ၊ အမှန်အတိုင်းပြောပါ ရဲရဲ"

"ကိုယ် တကယ်ပြောတာကွာ၊ ဝိုင်းဝိုင်းနဲ့ကိုယ် ဘာမှ မဖြစ်ခဲ့ဘူး"

"ဒါဖြင့် ကောသီလား၊ သောတလား"

ရဲဝံ့ထန် ခေါင်းကိုသာ အသာခါမိသည်။ သောတနဲ့ ချစ်သူတွေ၊ သိပ်ကိုချစ်မိခဲ့ကြတဲ့ အခြေအနေမျိုးမှာ အခွဲခံခဲ့ရတာ ဆိုတာတွေ ပြန်မပြောချင်ပါ။ ရဲဝံ့ထန်အတွက် ဘာမှ အကျိုးမရှိပေမဲ့ သောတ အတွက်ကျတော့ သိက္ခာကျစရာတွေ ဖြစ်လာမှာ စိုးရိမ်ပါသည်။

"ရဲ မပြောချင်တာဟာ အကြောင်းတစ်ခုခု ရှိလို့ပဲလို့ ထင်တယ်"





"ကိုယ့်မှာ ဘာမှပြောစရာမှ မရှိတာ၊ သူငယ်ချင်းတွေပါကွာ၊ မွန်မြတ်ကလည်း မဟုတ်ပါဘူး ဆိုတာကို မယုံဘဲ စွတ်ဝန်ခံခိုင်းနေတယ်"

"မွန်မြတ် သဝန်မတိုပါဘူး။ ဆယ်ကျော်သက်မှာ ရည်းစားထားခဲ့လည်း ဒါဟာ စိတ်ကစားလို့ ထားဖြစ်တာပဲ၊ အဲဒီအချစ်ဟာ မခိုင်မြဲဘူး၊ မမှန်ကန်ပါဘူးလို့ မွန်မြတ် သိထားပါတယ်၊ ဒါပေမဲ့ ဘာကြောင့်လဲ မသိဘူး။ ရဲဖွင့်ပြောဝန်ခံတာကိုတော့ ကြားချင်နေတယ်၊ အဲဒါပဲ၊ မပြောချင်လည်း ရပါတယ်။ မွန်မြတ်လည်း အလုပ်ရှုပ်ခံပြီး စိတ်ကောက်မနေပါဘူး။ ခုချိန်မှာက ကိုယ်က စင်ပေါ်ကပဲလေ။ မွန်မြတ် လက်ထဲကနေ ရဲကို ဘယ်သူကမှ လာလုယူလို့ မရတော့ဘူး"

ရဲဝံ့ထန်သည် သက်ပြင်းကို ခဏခဏချရင်း ခင်ဝိုင်းဝိုင်း အကြောင်း တွေးနေခဲ့သည်။ ဝိုင်းဝိုင်းနဲ့ သောတဟာ အခုထိ အဆက်အသွယ် ရှိကိုရှိဦးမှာပါ။ ဒါဆို ဝိုင်းဝိုင်းက သောတ့ကို ငါ့ရဲ့အခြေအနေကို ပြန်ပြောပြတော့မှာပေါ့။ ဒါမှမဟုတ် ငါတို့ ပြန်ဆုံခဲ့ကြသေးတယ်ဆိုတာ သောတက ဝိုင်းဝိုင်းတို့ကို ပြန်ပြောခဲ့ရင်လည်း ပြောခဲ့မှာပေါ့။

ပြန်တွေ့တာ နောက်ကျတယ်လို့ မတွေးပါရစေနဲ့တော့ သောတရယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

ရဲဝံ့ထန်သည် အိမ်ပြန်ရောက်သောအခါ သူ့ရဲ့အဝတ်ဗီရိုကိုပြေး၍ အရင်ဆုံး ဖွင့်မိသည်။ အဝတ်ဗီရိုထဲမှာ အတွင်းခံဘောင်းဘီတို့၊ ခြေစွပ်တို့ထားသော အံဆွဲက တစ်ခြမ်း၊ နက်(ခ)တိုင်တွေ၊ လက်ကိုင်ပဝါတွေထားသော အံဆွဲကတစ်ခြမ်း ပါပါသည်။ ထိုအံဆွဲတွေထဲမှာ နက်(ခ)တိုင်တွေထားသော အံဆွဲထဲတွင် Note Book အဟောင်းလေးတွေပါ ထည့်ထားမိသည်ကို သတိရသွား၍ မွှေနှောက်ရှာမိသည်။

အသုံးမဝင်သော Note Book တချို့ကိုတော့ လွှင့်ပစ်လိုက်သည်။ ကျန်တစ်အုပ်ထဲမှာတော့ သူရှာဖွေလိုသော ဓာတ်ပုံလေးတစ်ပုံ ရှိနေကြောင်း သိသဖြင့် ထိုတစ်အုပ်ကိုယူကာ အထဲကို လှန်လှောကြည့်လိုက်ပါသည်။

ထိုအထဲမှာ ပတ်(စ)ပို့အရွယ် ကျောင်းသူဓာတ်ပုံလေးတစ်ပုံကို သူ ညှပ်ထားမိသည်။ ထိုဓာတ်ပုံလေးနောက်မှာ





သောတာရဲ့ လက်ရေးပိန်ပိန် (မိန်းကလေးဖြစ်ပြီး) လက်ရေးမလှသော စာသားလေးတချို့ ရေးထားပါသည်။

"ရဲဝံ့အတွက် ....

ချစ်တဲ့ သောတာ"

ဟူသော ရိုးရိုး စာကြောင်းလေးကို ပြန်ဖတ်မိသောအခါ ရဲဝံ့ထန် ရင်ထဲမှာ ထိုရက်များကို ပြန်လွမ်းသွားရတော့သည်။

ဘော့(ပ)ဟဲယား ဆံပင်တိုလေးကိုပဲ ဘေးနှစ်ဖက်ခွဲပြီး ဖဲပြားအဖြူလေးတွေ စည်းထားသော နေဗီကော်လံကြီးဝတ်ထားသည့် အင်္ကျီလေးနဲ့ ကိုယ်တစ်ပိုင်းပုံ သောတာသည် ဓာတ်ပုံထဲမှာ နှုတ်ခမ်းလေးစေ့ပြီး ပြုံးနေသည်။ သိသိသာသာလေး ရှည်ချွန်ချွန်လေး ဖြစ်နေသော၊ သောတာရဲ့ မေးစေ့လေးကို သူ လက်ညှိုးလေးဖြင့် ထိကြည့်မိရင်း သောတာ့တို့သုံးယောက် သူ့ဆီ ရောက်လာပြီး ရန်တွေ့သော နေ့လေးကို သတိရသွားခဲ့ပါသည်။

သုံးယောက် လာရန်ရှာတွေ့တယ် ဆိုပေမဲ့ တကယ်တော့ ဟိုနှစ်ယောက်ကို ဦးဆောင်လာသူမှာ ဝိုင်းဝိုင်းပဲ ဖြစ်လေသည်။ ရဲဝံ့ထန်သည် ကျူရှင်မစခင် ကျူရှင်သင်သော ခြံရှေ့ရှိ မြောင်းပေါင် အုတ်ခုံတွင် ခြေတွဲလောင်းချကာ သူငယ်ချင်း သုံးလေးယောက်တို့နှင့် အော်ကျယ် အော်ကျယ် လုပ်နေစဉ် သူ့ဆီ တန်းတန်းမတ်မတ် လျှောက်လာသော ကောင်မလေးသုံးယောက်တို့ကို မြင်တာနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုက် ... လာကုန်ကြပြီ၊ ပြဿနာတော့ ပေါ်ပြီထင်တယ်"

ဟု လွတ်ခနဲ ပြောမိသည်။ သူငယ်ချင်း ကောင်လေးတစ်ယောက်က ...

"မင်း ဘာသွားစ,ထားလို့လဲ"

လို့ မေးသံမဆုံးသေးခင် သူတို့ရှေ့ကို ကောင်မလေးတွေ ရောက်လာသဖြင့် မျက်နှာပိုး သတ်လိုက်ကြရတော့သည်။ ခင်ဝိုင်းဝိုင်းက သူမ လက်ထဲမှာ အသင့်ပါလာသော စာသုံးစောင်နှင့် ရဲဝံ့ထန်၏ ကျူရှင်စာအုပ်ကို ပြလိုက်ရင်း ...

"ငါတို့ကို စာတွေရေးရေးပြီး အနှောင့်အယှက် ပေးနေတာ နင်ပဲလို့ ငါတို့ သိပြီ။ ဒီမှာကြည့်၊ ဒီလက်ရေးနဲ့ စာအုပ်ထဲကလက်ရေး အတူတူပဲ၊ ကဲ ... နင် ဘာငြင်းဦးမလဲ ရဲဝံ့ထန်"

ဘေးကကောင်တွေကတော့ ပွဲကြီးပွဲကောင်းထင်ပြီး တိတ်ဆိတ်စွာ (သို့သော်) စပ်ဖြီးဖြီးဖြင့် စောင့်ကြည့်နေကြလေသည်။ ရဲဝံ့ထန်ကလည်း ရဲဝံ့ထန်ပင်။ အရယ်အပြုံး တစ်စက်မှ မပျက်ဘဲ ...

"ဘာမှတောင် မငြင်းရသေးပါလား"

ဟူသော အသံလေးလေးကြီး ဆွဲဆွဲငင်ငင် ပြောလိုက်လေသည်။

"အဲဒါ ဘာသဘောလဲ"





သောတနှင့် ကေသီတို့ကတော့ ဝိုင်းဝိုင်း ပွဲကြမ်းတော့မှာကြောက်ပြီး နောက်မှာ ငြိမ်ကုပ်နေကြသည်။ ရဲဝံ့ထန်သည် သူ တကယ်ပင် စိတ်ဝင်တစား ချစ်မိသလိုလို၊ ဘာလိုလိုဖြစ်နေသော ကောင်မလေး သောတကို အသာတစ်ချက် ပြုံးပြရင်း အင်း ... သောတကို ပြေလည်ချင်ရင် သူ့ရဲ့ဆရာမကြီး ဝိုင်းဝိုင်းကိုတော့ တည့်အောင် ပေါင်းရမှာမို့ ပြေပြေလည်လည် ပြောမှပါဟူ၍ တွေးမိသဖြင့် မျက်နှာပိုးကို လျှော့လိုက်ပါသည်။

"သူငယ်ချင်းတွေလိုပဲ ခင်ချင်လို့ မိတ်ဖွဲ့တဲ့အနေနဲ့ စ,တာပါဟာ၊ စိတ်သိပ်ဆိုးပြမနေပါနဲ့။ ငါ ရေးတာတွေက နင်တို့ကို ဘာမှမကောင်းတာ ရေးတာမပါပါဘူး။ ခင်မင်တဲ့သဘောနဲ့ ငါက နင်တို့ကို ဘယ်အချက်တွေမှာ သတိထားမိကြောင်း ရေးပြတာပါ"

"အဲဒီလို ခိုးကြောင်ခိုးဝှက် စာထည့်တာကိုက အောက်တန်းကျတာ။ မရိုးသားတာပဲ"

ကေသီက ဝိုင်းဝိုင်း အလကားနေရင်း ရန်လိုနေမှာ စိုးရိမ်လာသဖြင့် ...

"ကဲပါ ဝိုင်းဝိုင်းရယ်၊ သူ ဝန်ခံရင် ပြီးတာပဲ။ နင်ကလည်းလေ ပြဿနာ ဆက်လုပ်မနေပါနဲ့။ ဟို ... ဟိုဒင်း ... အဲ ရဲဝံ့ထန် ... နင်ကလည်း ဆက်ပြီး စာတွေမထည့်ပါနဲ့နော်။ ငါတို့ စိတ်အနှောင့်အယှက် ဖြစ်လို့ပါ။ နင်က စောင့်ကြည့်ပြီး ဝေဖန်ရေးတွေ လုပ်နေတယ်ဆိုတော့ ငါတို့ အနေရခက်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပြေပြေလည်လည် ဝင်ပြောလေသည်။

ရဲဝံ့ထန်သည် သောတထံမှ အသံတိတ်လျက် သူ၏ လွယ်နေကျ ကချင်လွယ်အိတ် နီနီလေးကို ရင်ဘတ်မှာပိုက်ပြီး မျက်လုံးညိုညိုလေးတွေ ပြူးနေအောင် အခြေအနေကို စောင့်ကြည့် နေကြောင်း တွေ့သဖြင့် သောတကိုပါ စကားပြောစေချင်သွားပါ သည်။ သူ့ရဲ့ အဓိက,ရည်ရွယ်ချက်က သောတ လေ။ ဘာကြော မှန်းမသိဘူး။ ကျူရှင်စပြီး ဝိုင်းကြစဉ်ကတော့ သောတကို သိ ဂရုမပြုမိပေမဲ့ တစ်လ နှစ်လ သုံးလ စသဖြင့် ရက်တွေကြာလာ တော့ ကြည့်ရင်း ကြည့်ရင်း သောတကို မြင်ရတာပဲ ရင်ထဲနွေ သလိုလို။ သောတ မတော်တဆ သူ့ကို ကြည့်မိရင်ပဲ စိတ်လှု ရှားသလိုလို၊ ယောကျ်ားလေးတွေနဲ့ သိပ်ရောရောနှောနှော မနေ တတ်တဲ့ သောတကများ အမှတ်မထင် ယောကျ်ားလေးတ ယောက်နဲ့ စကားတစ်ခွန်း နှစ်ခွန်းလောက် ရပ်ပြောမိရင် ရဲဝံ့ထန် ရင်ထဲမှာ မနာလို ဝန်တိုချင်သလိုလိုတွေ ဖြစ်ပြင်လာ သည်။

နောက်ဆုံးတော့ ဆယ်ကျော်သက် ဆယ်တန်း ကျောင်းသားအရွယ် ကောင်လေးရဲ့ စိတ်ထဲမှာ ရင်ခုန်တာကို အချစ်လို့ထင်ပြီး ဒီကောင်မလေးကို ငါ ချစ်တယ် ဆိုတာမျိုးတွေ ဖြစ်လာသည်။ ကောင်မလေးနဲ့ ရည်းစား ဖြစ်ချင်လာသည် ဒါကြောင့် ကောင်မလေး သောတကြည်နဲ့ အရောဝင်နိုင်ဖို့ နည်းလမ်းရှာတော့ သူမနဲ့ တစ်မိနစ်မှတောင် မခွဲမခွာနေကြ သူငယ်ချင်းတွေကိုပါ အရောဝင်ဖို့ စိတ်ကူးမိတာ ဖြစ်လေသည်





"အေးပါ ... ငါ ဘာမှမလုပ်တော့ပါဘူး။ နင်တို့ဆီ စာလာမထည့်တာဖြင့် ကြာပြီ"

"အဲဒါက ငါတို့အားလုံး အရမ်းစောင့်ကြည့်နေကြလို့ မဟုတ်လား၊ သောတကလည်း ငါတို့စကား နားထောင်ပြီး လွယ်အိတ်ကို ပေါင်ပေါ်တောင် မတင်တော့ဘူး။ ရင်ဘတ်နဲ့ပဲ ကပ်ထားတာကိုး"

"ငါလည်း စာသိပ်အရေးတတ်ကြီး မဟုတ်ပါဘူး ခင်ဝိုင်းဝိုင်းရာ။ ဒီစာသုံးစောင်လောက် ရေးပြီးတော့ ဘာရေးရမှန်း မသိတာနဲ့ ထပ်မရေးတော့တာပါ"

"ဪ ... တကယ်လို့ ရေးတတ်မယ်ဆိုရင် စာထပ်ထည့်ဦးမယ်ပေါ့"

"စာအထည့်ခံရတာ သောတကြည်ပါဟာ၊ နင်က ဘာလို့ ဒီလောက်ကြီး စိတ်ဆိုးနေရတာလဲ။ သောတကြည်က ဘာလို့ စိတ်မဆိုးတာလဲ"

"အံမာ ... ငါတို့သုံးယောက်မှာ ဘယ်သူ့ပြဿနာပဲဖြစ်ဖြစ် ငါတို့နဲ့ဆိုင်တယ်၊ ငါ့ဘာသာ စိတ်ဆိုးရုံမကလို့ လဲပဲသေသေ နင်ပြောစရာလား"

ဝိုင်းဝိုင်းမှာ သူမကို အဝေဖန်ခံလိုက်ရ၍ ရဲဝံ့ထန်ကို မျက်စောင်းကြီး တထိုးထိုး လုပ်နေတော့သည်။ ရဲဝံ့ထန်သည် ဝိုင်းဝိုင်းကို အရေးလုပ်မနေတော့ဘဲ သောတကို တိုက်ရိုက်ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ တောင်းပန်ပါတယ် သောတ။ ကျေနပ်လား"

ဟုလှမ်းမေးလိုက်သည်။

သောတသည် ရဲဝံ့ထန်ကို ပြန်ကြောင်ကြည့်နေရင်း ...

"ကေသီနဲ့ ဝိုင်းဝိုင်းပါ ကျေနပ်ရင် သောတလည်း ကျေနပ်တယ်"

ဟူ၍ အူတူတူ အဖြေကို ပြန်ဖြေပါသည်။

ကေသီကတော့ ယောကျ်ားလေးအုပ်စုကြား လာစကားပြောနေရသဖြင့် စိတ်ပျက်ဟန် မြန်မြန်ပြီးလိုဟန်ဖြင့် ...

"ငါက ကျေနပ်ပါတယ်"

"ဒါဖြင့် အိုခေ ... အားလုံး ပြေလည်သွားပြီ၊ ပြေလည်တဲ့ အထိမ်းအမှတ်နဲ့ ကျူရှင်ပြီးရင် လမ်းထိပ်က အအေးဆိုင်မှာ အအေးတိုက်မယ်လေ၊ ဘယ်လိုလဲ"

ရဲဝံ့ထန်က စာတ်လမ်းကို ဆက်လိုက်ပါသည်။

ဝိုင်းဝိုင်း လက်မခံဘဲ ...

"အံမယ် ... ဘာလို့ သောက်ရမှာလဲ"

"ဝိုင်းဝိုင်းကလည်းဟာ၊ ငါက ခင်လို့ပါ၊ ငါ နောက်တာလည်း နင်တို့ကို နစ်နာစရာ ဘာမှမပါအောင် ရွေးပြီးနောက်တာပါ၊ တကယ်တော့ နင်တို့ကို ခင်ချင်လို့ပါ။ ငါတို့ ရန်သူတွေမှ မဟုတ်တာ။ ဆယ်တန်း တစ်နှစ်လုံး ဒီတစ်ဝိုင်းတည်း ဘာသာစုံတက်ရဦးမဲ့ လူတွေပါ။ ဒီမျက်နှာကို နင်မမြင်ချင်လို့လည်း မရဘူး၊ မခင်ချင်လို့လည်း မရဘူး ဟဲ ဟဲ"





"ငါတို့က ဗရုတ်ဗရက် လုပ်တဲ့ကောင်နဲ့ ပေါင်းစရာလား။ ငါတို့ဘာသာ သုံးယောက်တည်းတွဲလည်း ရတယ်"

"ငါက ပါမယ်လေ ... ဟဲ ဟဲ"

ထိုအချိန်မှာပဲ စာသင်မဲ့ဆရာ ရောက်လာ၍ ကျူရှင်သင်ဖို့ အားလုံး အထဲဝင်ကုန်ကြရသည်။ ရဲဝံ့ထန်သည် သူငယ်ချင်းတွေနောက်က ခပ်သုတ်သုတ် လျှောက်နေသော, သောတနားပြေးကပ်ပြီး ...

"သောတ ... ကေသီနဲ့ ဝိုင်းဝိုင်းကို ပြေလည်အောင် ပြောပေးပါ။ ကျူရှင်ပြီးရင် အအေးဆိုင်မှာ ကြိုစောင့်နေမယ်လို့"

"ဟာ ... မပြောဘူး ... မပြောဘူး"

"ပြောလိုက်ပါ သောတရယ်၊ ဘာခြင်းစရာရှိလို့လဲ။ ငါက တောင်းပန်တဲ့အနေနဲ့ အအေးတိုက်တာပါ"

သောတသည် ရဲဝံ့ထန် အနားမှ ပြေးထွက်သွားဘာ ဝိုင်းဝိုင်းနဲ့ ကေသီ ကြားထဲ တိုးဝင်ပြီး ကျူရှင်အိမ်ထဲ လျှောက်ဝင်သွားတော့သည်။ ရဲဝံ့ထန်သည် စာသင်နေသော တစ်ချိန်လုံး အရင်ကလို မဟုတ်ဘဲ သောတကိုသာ အားတိုင်းယားတိုင်း မျက်လုံးချင်းဆုံအောင် လိုက်ကြည့်နေမိသည်။

မျက်လုံးချင်း ဆုံလိုက်၊ သောတကို သိပ်ကြွနေတဲ့ပုံ ကြည့်ပြလိုက်၊ သောတ တအံ့တသြဖြင့် အစက်တော့ သုံးလေးခါ ပြန်ကြည့်သေးသည်။ နောက်တော့ သောတလည်း



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးပီပီ အခြေအနေကို သဘောပေါက်လာကာ ရဲဝံ့ထန်နှင့် မျက်လုံးချင်း မဆုံမိအောင် ရှောင်တော့လေသည်။ သို့သော်ငြားလည်း ပြန်ကြည့်မိတဲ့ အခါတွေ ရှိပြန်သည်။ ထိုသို့ပြန်ကြည့်မိလျှင်တော့ အရည်တွေ ခုချက်ချင်းပဲ ပျော်ကျစီးဆင်းတော့မတတ် ရီတီတီ ချိုတ်တိတ်တိတ် ကြည့်ပြသော ရဲဝံ့ထန်၏ မျက်လုံးတွေကို ဆုံရသည်ပဲပေါ့။

(ခုချိန်ကျမှ ရဲဝံ့ထန် သူ့ကိုယ်သူ ပြန်တွေးမိသော အခါ ,တကယ့်ကို ကလေးဆန်သော အပြုအမူအဖြစ် ရယ်ချင်နေတတ်ခဲ့သည်။)

ကျူရှင်ပြီးသောအခါ ရဲဝံ့ထန်သည် ထိုသုံးယောက်နား ပြေးသွားပြီး ...

"အအေးသောက်ကြမယ်နော်၊ ငါ သွားနှင့်မယ်၊ လာခဲ့မယ် မဟုတ်လား"

ဟု ပြောလည်းပြော၊ အရင်လည်း ပြေးထွက်ပြီးသွားနှင့်ပါသည်။

ကောင်မလေးတွေ လိုက်လာမည်။ မလာမည်ကို မသေချာပေမဲ့ သူ တမင်ပဲ အအေးဆိုင်မှာ သွားထိုင်စောင့်နေခဲ့ပါသည်။ ထိုအအေးဆိုင်ရှေ့မှပင် ဖြတ်ပြန်သော ကောင်မလေးသုံးယောက်ဟာ ရဲဝံ့ထန် ထိုင်စောင့်နေမှန်းမြင်လျှင် ဝိုင်းဝိုင်း၏ ဦးဆောင်မှုဖြင့် ဆိုင်ထဲဝင်လာခဲ့ကြသည်။ ဝိုင်းဝိုင်းကပင်လျှင် အရင်ဆုံးစပြီး ...





"နင့်ကို အမြင်ကတ်လို့ အပြစ်ပေးတဲ့ အနေနဲ့ နင့်ပိုက်ဆံကုန်အောင် ဈေးကြီးတာတွေ ဝယ်စားမယ်လို့ တိုင်ပင်ပြီးလာတာနော်။ နင့်ကို သိပ်ခင်ချင်တယ်လို့ မထင်နဲ့"

ခပ်ကြောကြောလေး ပြောပါသည်။ ရဲဝံ့ထန်ကတော့ သာတ အနားရောက်လာ၍ ရင်တွေ ခုန်တာနဲ့ပဲ စကားပြန်ပြောပြင် မေ့နေသည်။

"ဒီဆိုင်မှာ ဈေးအကြီးဆုံး ဘာရှိလဲ"

ဝိုင်းဝိုင်းက စားပွဲထိုးကို မေးသည်။

"ထောပတ်သီးဖျော်ရည်၊ လိုက်ချီးဖျော်ရည် သီးစုံတို့က ဈေးအကြီးဆုံးပါပဲ"

"ထောပတ်သီး ငါ မကြိုက်ဘူး စိမ်းရွှေရွှေကြီး၊ လိုက်ချီးဖျော်ရည်ပဲပေး၊ သောတကတော့ ထောပတ်သီး ကြိုက်တယ်နော်၊ ငါ မှာလိုက်ပြီ၊ ကေသီကရော"

"ရေခဲသုပ်"

"ဟယ် ... ကေသီကလည်း အပြင်က ရေခဲတွေစားရင် အာသီးရောင်နေဦးမယ်"

"စားမှာပဲ၊ အာသီးရောင်တော့လည်း ဆေးသောက်လိုက်မှာပေါ့"

ရဲဝံ့ထန်က အရောဝင်လိုက်တာနဲ့ စကားစရသွားဖြင့် ဝင်ပါပါသည်။

"အာသီးခဏခဏရောင်ရင် လေးဖက်နာ ဖြစ်တတ်တယ်တဲ့၊ ဆေးစစ်ကြည့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"စစ်ပြီးပြီ ဘာမှ မရှိဘူး၊ ဒါနဲ့ နင့်မှာရော ဘာရောဂါရှိလဲ"

ကေသီက သူမကို လေးဖက်နာ ဖြစ်မည်ဟု ပြောသဖြင့် စိတ်ဆိုးပြီး ပြန်မေးဟန် ပြုပါသည်။ သောဇာကတော့ ခုန ကျူရှင်တစ်ချိန်လေး အတွင်းမှာ အမူအရာမျိုးစုံ လုပ်ပြပြီး သူ ပိုးနေကြောင်း သိသာအောင် ကြေညာထားသော ရဲဝံ့ထန်ကို ရှိန်ပြီး စကားမပြောရဲဘဲ ငြိမ်နေသည်။

အမှန်တော့ သောတ ဘာသာဆို ရဲဝံ့ထန် အအေးတိုက်မယ် ပြောပြီး ခေါ်တာကို လက်ခံဖြစ်မည် မထင်။ ဝိုင်းဝိုင်းကြောင့်ပါ။ ဝိုင်းဝိုင်းက ဘာမှန်းမသိ၊ သူပဲ ရဲဝံ့ထန်ကို အမြင်ကတ်လိုက်၊ သူပဲ ရဲဝံ့ထန် ဖိတ်ခေါ်တာကိုကျ လက်ခံလိုက်နဲ့။ ဘာမှန်းကို အကဲခတ်လို့ မရဘူး။ စိတ်အပြောင်းအလဲ မြန်တယ်။ သောတကဖြင့် ကိုယ့်ကို ရဲဝံ့ထန် ကြိုက်နေပါပြီဆိုပြီး ရှက်တာနဲ့ သူ့ရှေ့မှာ သေတော့မယ်။ သူ့ရှေ့မှာ ပါးစပ်ဖွင့်ပြီး ဘယ်လိုလုပ်ထောပတ်သီးဖျော်ရည်ကို သောက်ရဲမလဲ။ သူက လိုက်ကြည့်နေတာ။ အလကားကောင် လူကဖြင့် နို့နံ့မစင်သေးဘူး။ မိန်းမပိုးတတ်နေပြီ။ ရည်းစားထားချင်နေပြီ။

သောတသည် ငြိမ်လျက် လွယ်အိတ်အမြီးနားကတွဲလောင်းကျနေသော အနားစတွေကို ကျစ်ဆံမြီး လိမ်ကျစ်နေမိသည်။ တစ်ချိန်လုံး ရဲဝံ့ထန် အကြောင်းပဲ တွေးနေမိသည်။ သူ့အကြောင်း ပြောသံကြားဖူးတာတော့ အစ်ကိုတွေက အုပ်ချုပ်နေ





တာမို့ သူ့အစ်ကိုတွေကို သူ သိပ်ကြောက်ရတယ်တဲ့။ အစ်ကိုကြီးကဆို ပြောမရရင် ဆွဲထိုးတတ်တာတဲ့။ အဖေအမေ မရှိတော့ဘူးတဲ့။ အဲဒါတော့ သနားပါတယ်လေ။ သောတမှာတော့ အဖေမရှိပေမဲ့ အမေ ရှိသေးတာ။ သူက အဖေ အမေ မရှိဘူးဆိုတော့ တော်တော့်ကို အားငယ်မှာပဲ။ သူ အဖေ အမေ တွေကို လွမ်းရင် ငိုတတ်လား မသိဘူး။

"သောတရယ်၊ ဝိုင်းဝိုင်းရယ်၊ ကေသီရယ် ဆိုတာ ဘယ်တော့မှ ခွဲမတွေ့ရဘူးနော်၊ တတွဲတွဲပဲ ၊ ကျူရှင်တစ်ယောက်ပျက်လည်း နောက်နှစ်ယောက်ပါ မလာတာထင်တယ်၊ သုံးယောက်ပူးတွဲကြီး ပျက်ကြတယ်။ ငါ နင်တို့ကို ဒီနှစ်မှသိပေမဲ့ နင်တို့အကြောင်း ပြောသံကြားတယ်၊ ငယ်ငယ်တည်းက ပေါင်းလာတာဆို"

ရဲဝံ့ထန်ကစပြီး တရင်းတနှီး မေးလာပါသည်။

"ငါတို့ လေးတန်းလောက်ကတည်းက တစ်ခုံတည်းထိုင်လာကြတာ"

ဝိုင်းဝိုင်းကပဲ ဖြေသည်။ ဝိုင်းဝိုင်းသည် အခုကျတော့လည်း ရဲဝံ့ထန်ကို အမြင်ကတ် ဒေါသဖြစ်ခဲ့တာ သူမ, မဟုတ်တော့တဲ့အတိုင်း ကြည်သာနေပြန်သည်။

"အားကျလိုက်တာ၊ ငါ့မှာတော့ သိပ်စွဲစွဲမြဲမြဲ ခင်ရတဲ့ သူငယ်ချင်းဆိုလို့ မရှိဘူး"

"နင် ဘယ်ကျောင်းကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိန်ပေါ်ကျောင်း ဗိုလ်တထောင်(၆)လေ"

"ဪ ... ယောက်ျားလေးကျောင်းပေါ့"

"နင်တို့က T.T.C ကနော်"

"ဟုတ်တယ်"

"အိမ်နဲ့ နီးလား"

"ငါ့အိမ်က တက္ကသိုလ်ရိပ်သာလမ်းမှာ ကေသီ့ အိမ်က မြေနီကုန်းမှာ ဆိုတော့ နီးတယ်ပေါ့လေ၊ သောတကတော့ နည်းနည်း ဝေးသွားတယ်၊ သူက မြို့ထဲမှာနေတာ၊ ဆိပ်ကမ်းသာလမ်းမှာ"

"အဝေးကြီးပဲ"

"သောတက ကျောင်းကားနဲ့ လာတော့လည်း အဆင်ပြေပါတယ်"

ကေသီက သောတအကြောင်း ဝင်ပြောပေးလိုက်ပါသည်။ ကေသီဟာ လူသာအေးတာပေမဲ့ အကဲခတ်တာ မြန်လှပြီး ရဲဝံ့ထန် ဘာကြောင့် ဒီသုံးယောက် အကြောင်း စပ်စုလဲ။ အရောဝင်လည်း ဆိုတာကို သိရှိသွားပြီဖြစ်ရာ ရဲဝံ့ထန် သိချင်နေပုံရသော သောတ အကြောင်းကို ဝင်ပြောပေးလိုက်မိသည်။ သောတ ကြည့်ရတာလည်း ခါတိုင်းလို မဟုတ်ဘဲ အသံကတိတ်လျက်၊ သူ့ရှေ့က ထောပတ်သီးဖျော်ရည်ကိုပင် ကောက်မသောက်ရဲအောင် အရှက်က ကြီးနေတာ။





အရင်ကဆို သုံးယောက်မှာ ဝိုင်းဝိုင်းက အသွက်ဆုံး၊ သောတက အလယ်အလတ် ဖြစ်လျက် ကေသီကတော့ အအေးဆုံး၊ သူတို့နှစ်ယောက် တစ်ခါတစ်ရံ လုယက်ပြောတာကို ဟိုလှည့်ကြည့်လိုက်၊ ဒီလှည့်ကြည့်လိုက် နားထောင်တတ်သူဖြစ်ပါသည်။ ဒီနေ့ကျတော့ သောတက ကေသီ နေရာ ဝင်ယူသွားပြီး အေးဆေးတိတ်ဆိတ်နေတော့သည်မို့ ကေသီလည်း ရိပ်မိသွားတာ ဖြစ်သည်။

သောတတို့ ကေသီတို့ ဝိုင်းဝိုင်းတို့ ဆိုတာ ရုပ်အဆိုးကြီးတွေလည်း မဟုတ်ကြတာမို့ ဒီအသက်အရွယ်မှာ ကိုယ့်ကို သဘောကျ လိုက်မိုးပန်းခံရတာတွေလည်း သုံး၊လေးခါတော့ ကြုံဖူးပြီးပါပြီ။ သို့ပေမဲ့ အဲဒီတွေတုန်းက သောတဟာ သူငယ်ချင်းတွေကို ပြောပြရင်းနဲ့တောင် တဟားဟား အော်ရယ်ပစ်နိုင်ခဲ့သေးတာပါ။

"ဒီအရွယ်လေးနဲ့ ရည်းစားထားဖို့ စိတ်ဝင်စားနေတယ်၊ လူကဖြင့် နို့နံ့မစင်သေးဘူး"

... တွေ ဘာတွေ ထုတ်ပြော ကဲ့ရဲ့ပြီး ရွတ်ချသေးတာပါ။

"ငါ့ဆရာမတစ်ယောက်က ပြောဖူးတယ်၊ ဆယ်တန်းမှာ ရှာရင် ကိုယ်နဲ့တန်တဲ့ ဆယ်တန်းပဲ ရမယ်၊ တက္ကသိုလ်ရောက်မှ ရှာရင် တက္ကသိုလ်တက်တဲ့ လူချင်း တွေ့မယ်၊ ဘွဲ့ရမှရှာရင် ဘွဲ့ရတဲ့လူပဲ တွေ့မယ်။ ကိုယ်နဲ့ တန်းတူ



www.burmeseclassic.com

www.burmeseclassic.com




ရည်တူ တန်ရာတန်ရာပဲ ရမယ်တဲ့။ ဒါကြောင့် ငါတော့ ဆယ်တန်းလောက်နဲ့တော့ ရည်းစားထားတာကို သဘော မကျပါဘူး။ လူကဖြင့် အထက်တန်းကျောင်းကတောင် မပြီးသေးဘူး၊ ပြီးတော့ ဒီအရွယ်က စိတ်ကစားလို့ ရည်း စားထားတဲ့အရွယ် ဘာမှ အစစ်အမှန် မရှိဘူးလို့လည်း မေမေ ပြောဖူးတယ်"

တွေ ဘာတွေ လေသံရှည်ရှည်နဲ့ ကိုးကားပြီး ဆုံးမ သလိုလေးနဲ့ အဲဒီကောင်လေးတွေကို ပြန်နှက်ဖူးတာပါ။ အခုကျ မှ သောတ တစ်ယောက်ဟာ မူပျက်လျက် ပုံစံပြောင်းနေသဖြင့် ကေသီ့ကား စောင့်ကြည့်နေဖို့ ဆုံးဖြတ်ထားလိုက်လေပြီ။









www.burmeseclassic.com

www.burmeseclassic.com







## ၇

"ငါ့ဆိုင် စပြီးပြင်ဆင်နေပြီ၊ လိုက်ကြည့်ပါလား"

ဝိုင်းဝိုင်းက သောတ ဆိုင်ပိတ်ခါနီးမှာ ကေသီ့ကိုပါ ဝင်ခေါ်ပြီး ရောက်လာကာ, လာခေါ်ပါသည်။ အခုကျ ကေသီလည်း သူ့အဖေ ပုံနှိပ်တိုက်မှာပင် ရုံးချိန်အတိုင်း မနက်ကိုးနာရီကနေ ညနေငါးနာရီ အလုပ်ဝင်ရပြီမို့ ညနေပိုင်းတွေသာ အားသဖြင့် သူတို့ ညနေကျမှ ရောက်လာတာ ဖြစ်ပါသည်။

"သောတ ဆိုင်က ပိတ်ရက်မရှိ ဖွင့်တော့ နင်အားတဲ့ ညနေဘက် ဆိုင်ပိတ်ချိန်ပဲ ခွေးလာခေါ်ရတာ၊ လိုက်ခဲ့ဟာ၊ အပြင်မှာ ဆီချက်တို့ ဘာတို့ စားကြရအောင်လေ"

"လိုက်မှာပါ၊ မေမေ့ကို ပြန်ပြောရဦးမယ်လေ"

"နင့်အိမ်မှာ ဖုန်းရှိသားပဲ၊ အခု လမ်းကနေ ဖုန်းနဲ့ဆက်လိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒီနားလေး ခဏဝင်ပြောရင် ရတာပဲ ဝိုင်းဝိုင်းရယ်၊ နင်ကလည်း အလျှင်လိုနေပြန်ပြီ။ ငွေသာတ သနားပါတယ်၊ သူ့အမေသူ ဝင်ပြောချင်တာ ပြောပါစေလား"

"ငါက စတာပါ ကေသီရယ်။ သောတနဲ့ အန်တီကြည်တို့က ဒီအမေ ဒီသမီးပဲရှိတာ တစ်ယောက်နဲ့ တစ်ယောက် ဂရုစိုက်ကြရမယ် ဆိုတာ ငါ သိပါတယ်"

သောတသည် စကားများစရာမရှိ ရှာကြံစကားများနေသော သူငယ်ချင်းနှစ်ယောက်တို့ကို လျစ်လျူရှုပြီး ဆိုင်မီးတွေ ပိတ်စရာရှိပိတ်၊ သော့တွေ အထပ်ထပ် ခတ်စရာရှိ ခတ်နေပါသည်။

သောတ ဆိုင်ပိတ်ပြီးသောအခါမှ ဝိုင်းဝိုင်း မောင်းသော ဆလွန်းကားလေးထဲ သုံးယောက်အတူတူ တက်စီးပြီး သောတ အမေကို အရင်ဝင်ပြောပါသည်။ အရင်ကလည်း ဒီလိုပဲ သူငယ်ချင်းတွေ လာခေါ်ရင် ပါသွားနေကျမို့ မေမေကတော့ အေး ... သွားကြ ... သွားကြပေါ့။ ဝိုင်းဝိုင်းက လောက္ကဝတ်လုပ်ပြီး ...

"အန်တီကြည် ဘာစားမလဲ မှာလိုက်၊ သမီး ဝယ်ခဲ့မယ်"

တွေ ဘာတွေ ပြောနေသေးပေမဲ့ အစားနည်းပြီး ညနေဆို ခပ်များများ မစားတတ်သော, သောတ အမေက ဘာမှ မမှာပါ။





"သမီးတို့သာ ညနေစာကို အာဟာရဖြစ်ပြီး ဗိုက်ပြည့်တာပဲ စားလာကြပါ။ သောတက ညနေဆို ကော်ဖီနဲ့ မုန့်နဲ့ ပြီးပြီးနေတာ ပြောမရဘူး၊ ညစာ ကောင်းကောင်းမစားဘူး"

"ဟား ဟား ... သူက diet လုပ်နေတာ ထင်တယ်"

"အံမယ်လေး ... သောတ,သာ diet ထပ်လုပ်ရရင် ဟောလီးဝုဒ်မှာ ခေတ်စားနေတဲ့ anorexia (အနိုရက်ဆီးဟား)ရောဂါ ဝင်တဲ့ပုံ ဖြစ်သွားမှာပေါ့"

"အလကား မေမေ၊ ဝိုင်းဝိုင်းက ဒီလိုပဲ၊ သူများကိုကြဲဖန်ချောက်တွန်းတာ၊ သူသာ နှစ်ပေါင်လောက် စာက်လာပြီဆိုရင် မျက်လုံးပြူး မျက်ဆန်ပြူး ကြောက်ပြီး တစ်ပတ်လောက် ရေပဲ သောက်နေတာ သိလား"

သူငယ်ချင်း သုံးယောက်သား စကားနိုင်လုရင်း ဆင်းသွားကြသည်ကို သောတ၏ မေမေက အိမ်တံခါးပိတ် ရပ်ကြည့်ရင်း ကျန်ခဲ့တော့သည်။

"သောတ ဆာပြီလား"

"မဆာသေးပါဘူး၊ ငါက နေ့လယ်ဆို လာတဲ့ဈေးသည်ခေါ်ဝယ်စားထားတယ်၊ အိမ်က ထည့်ယူလာတဲ့ ကော်ဖီလည်း သောက်ထားတယ်"

"သောတက မုန့်ဆို မြန်မာမုန့်လည်း ကြိုက်တာပဲ၊ နေ့ခင်းဘက် ဗန်းနဲ့ရွက်လည်ရောင်းတဲ့ ကောက်ညှင်းပေါင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ မုန့်ဖက်ထုပ်တို့ ထန်းသီးမုန့်တို့ မုန့်စိမ်းပေါင်းတို
လည်း တစ်နေ့တစ်မျိုး စားတယ်။ လမ်းဘေး မုန့်ဆိုင်
တန်းမှာ လုပ်ရောင်းတဲ့ ခေါက်မုန့်တို့ ရေမုန့်တို့ မုန့်လ
မယားတို့ ဘိန်းမုန့်တို့လည်း စားတာပဲတဲ့။ အန်တီကြည်
က တိုင်လိုက်တယ်၊ နေ့လယ်ဘက် ရင်ပြည့်စာတွေစာ
ပြီး ညနေကျ ထမင်းမစားချင်ဘူး ဖြစ်ရောတဲ့၊ နင်ကလေ
ကလေးတုန်းကအကျင့် ခုထိ မပျောက်သေးပါလား”

ဝိုင်းဝိုင်းသည် စကားသာ ပြန်ပြောနေရပေမဲ့ အ
သူမ ဦးတည်သွားနေတဲ့ သူမရဲ့ဆိုင်နဲ့ ပတ်သက်သူအကြောင်
ကိုတော့ တရေးရေး တွေးမိနေလေရာ သောတကို အသိလည်းပေ
ချင်သည်။ သို့သော် အသိလည်း မပေးရက်ပြန်။

ထိခိုက်ကြေကွဲသွားနိုင်သော သောတရဲ့ နှလုံးသာ
ကို ဝိုင်းဝိုင်းလည်း မြင်ထားလေရာ မပြောရက်ပြန်ပါ။ ဟိုကဖြ
အသစ်ရှာတွေ့ပြီး တစ်ဘဝစာအတွက် လက်တွဲသွားဖို့တော
စဉ်းစားပြီးနေပြီ သောတရယ်။

နင်ကတော့ ခုထိ ဘယ်ယောကျာ်းလေး တစ်ယော
ကိုမှ မချစ်ခဲ့ဘဲ ရဲဝံ့ထန်ကိုပဲ စောင့်နေခဲ့လေသလားလို့
သံသယ ဖြစ်ချင်တယ်။

ဝိုင်းဝိုင်း ဝယ်ထားသော ဆိုင်ခန်းရှိသည့် ပလာ
ကြီးထဲမှာတော့ စည်ကားနေဆဲ ဖြစ်ပါသည်။ ညကိုးနာရီမှ ပိ
မှာဖြစ်သည်။ ညဘက် မီးရောင်တို့နှင့် လှပခမ်းနားနေသော





ဆိုင်ခန်း၊ CD အရောင်းဆိုင် တချို့၏ သီချင်းဖွင့်သံ ခပ်မြူးမြူး၊ ကောင်လေး ကောင်မလေးတွေ၏ ရောင်စုံဖက်ရှင်များနှင့် အသက်ဝင်နေသော ပလာဇာကြီးမှာ ညဘက်မှ ပိုလူစည်နေသဖြင့် ဝိုင်းဝိုင်းမှာ ကားရပ်ဖို့နေရာ မနည်းပင် ရှာယူရသည်။ ကားရပ်ပြီးမှပဲ နေရာဝိုင်းကြည့်ပေးရသော ကျန်နှစ်ယောက်ပါ သက်ပြင်းချနိုင်တော့လေသည်။

သောတ,ကတော့ ကားကို လှည့်ကြည့်ရင်း ...

“ဒါကြောင့် ငါ အစက အကြံပေးမလို့ပါပဲ။ နင့်ကား ငါ့တိုက်ရှေ့ ရပ်ထားခဲ့ပြီး ငါတို့ တက္ကစီနဲ့ သွားရအောင်လို့လေ။ ကားပါလာတော့ ထားစရာနေရာက ရှာရရော။ နေရာအတွက် ပူပန်ရရော။ ကားကြီး ခေါက်ချိုးပြီး ပိုက်ဆံအိတ်လို ပခုံးမှာ လွယ်သွားလို့ရရင်လည်း ကောင်းသား”

ဟု ဝိုင်းဝိုင်း ကားဝင်ရပ်ထားရသော နေရာကျဉ်းကျဉ်းလေးကို စိတ်မချစွာ ပြောပါသည်။ ကားက ကျပ်ညပ်နေအောင် ရပ်ထားရသည်ဖြစ်ရာ ကိုယ့်ဘေးက ကားဟာ ဂရုတစိုက် မထွက်ဘဲ ဝရုန်းသုန်းကား ထွက်လို့ကတော့ ပွန်းမှာသေချာသည်။

“စိတ်မပူပါနဲ့၊ ပွန်းသွားတော့လည်း ဘာတတ်နိုင်မလဲလေလို့၊ စိတ်ထဲမှာ တွေးထားလိုက်ရုံပေါ့ဟယ်”

“နင်က သူဌေးကို ဘယ်နှမြောပါ့မလဲ”

ကေသီက ပြောတော့ ဝိုင်းဝိုင်း ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုကြောင့် မဟုတ်ပါဘူး၊ သူဌေးဖြစ်လို့ မဟုတ်ပါဘူး ငါ Paris Hilton လောက်လည်း မချမ်းသာသေးပါဘူး"

"နင်ဟာလေ ... အဲဒီ မိန်းမပျက်လို ဖြစ်နေတဲ့ မိန်းက လေးများ စိတ်ဝင်စားရသေးတယ်။ သူက ရုပ်လည်းသိ မလှပါဘူး။ ပိုက်ဆံသိပ်ချမ်းသာပြီး ယောကျ်ားတွေ ရှုပ်လွန်းလို့သာ နာမည်ကြီးနေတာပါ။ ငါတော့ ကြိုက် မကြိုက်ဘူး"

"သူ့ကို အားကျလို့ စကားထဲ ထည့်ပြောတာ မဟုတ်ပါ ဘူး၊ သတိရသွားလို့ ပြောမိသွားတာပါ။ ငါလည်း ငါ့က လေးတော့ နမြောတတ်ပါတယ် သောတရယ်။ ဒါပေ ကိုယ် တမင်လုပ်မိတာ မဟုတ်ဘဲ မတော်တဆ ဖြစ်သွ တော့လည်း ပစ္စည်းသခၢါရ၊ လူသခၢါရ ဆိုပြီး တရားနဲ့ မယ်လို့ စိတ်ကူးထားလို့ပါ"

"ဟဲ ဟဲ ... ဝိုင်းဝိုင်း တရားရနေပြီ၊ ဒါတောင် ဒီနေ့ရာ တုန်းက ရိပ်သာမဝင်လိုက်ရသေးဘူး၊ ရိပ်သာဝင်ပြီး တောထွက်လိမ့်မယ် ကေသီ"

သောတ ပြောသမျှ ကေသီက ရယ်နေသည်။ သ ယောက်သား အပေါ်တက်သော စက်လှေကားပေါ် ခြေချမိကြသည် ထိုအချိန်တွင် တစ်ဖက်မှ အဆင်းစက်လှေကားမှ ဆင်းလာ တစ်ဦးကို သူတို့သုံးယောက် အမှတ်မထင် ဆိုက်ဆိုက်မြိုက်မြိုက် ကြည့်လိုက်မိကြသောအခါ ...။





သောတသည် ခုတလောမှာမှ ခဏခဏ ပြန်ဆုံစည်း ရသော တိုက်ဆိုင်မှုတွေကို မုန်းသွားပါသည်။ ဝိုင်းဝိုင်းကတော့ ထင်မှတ်ဘဲ ဒီနေရာမှာ ရဲဝံ့ထန်ကို တွေ့ရသဖြင့် မျက်လုံးတွေ ကျယ်ပြီး ကြည့်ပါသည်။ ကေသီကတော့ ရုတ်တရက် ဘယ် မှန်း စဉ်းစားမရဘဲ သိပ်မမြင်ဖူးတဲ့ လူတစ်ယောက် ဆိုပြီး သေအချာ ကြည့်ရင်းကမှ တဖြည်းဖြည်း မှတ်မိလာကာ တ်တရက် ခေါ်လိုက်မိမလို ပါးစပ်ပင် ဟ,သွားသည်။

ရဲဝံ့ထန်သည် ဒီသုံးယောက်ကို ဆိုက်ဆိုက်မြိုက်မြိုက် သူ့ခွင့်ရလိုက်သောအခါ ရင်ထဲမှာ အပျော်လှိုင်းတွေ မြင့်တက် သွားပါသည်။ သူကား အမှန်တော့ ဝိုင်းဝိုင်း ဒီပလာဇာမှာ ဆိုင် ဖွင့်တော့မယ်။ ဆိုင်ခန်းကို မွန်မြတ်ဆီက ဝယ်လိုက်တာ စ်လလောက်ရှိပြီ။ ဖွင့်များဖွင့်နေပြီလား။ ကေသီတို့ သောတတို့ ဆိုင်ကို ရောက်လာတတ်မလား ဆိုတဲ့ သူ့အတွေး၊ သူ့ ျော်လင့်ချက်၊ သူ့စိတ်ကူးဖြင့် ခဏဝင်ရာတာ ဖြစ်ပါသည်။

ဆိုင်က မဖွင့်ဖြစ်သေးဘဲ အထဲမှာ Decoration တွေ လုပ်နေသေးတာ တွေ့သဖြင့် ပြန်ဖို့ အောက်အဆင်းမှာမှ သောတတို့ သုံးယောက်ကို မျက်နှာချင်းဆိုင် ဆုံရတာဖြစ်ပါ သည်။

ဟိုသုံးယောက်ကစပြီး မခေါ်ပေမဲ့ ရဲဝံ့ထန်ကပဲ ...

"ဆိုင်လာကြည့်တာလား ဝိုင်းဝိုင်း"

ဟု လှမ်းနှုတ်ဆက်လေသည်။ စက်လှေကားက ည်း အပေါ်ကို ရောက်သွားပြီမို့ ဟိုသုံးယောက်တို့က ရဲဝံ့ထန်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်တော့လှည့်ကြည့်နေကြသည်။ ရဲဝံ့ထန်ရဲ့ စက်လှေကားထစ်တွေကတော့ အောက်ကို ရောက်သွားပေမဲ့ ရောက်ရောက်ချင်း ရဲဝံ့ထန်က အတက်လှေကားပေါ် ချက်ချင်းပြန်လှည့်ခြေချပြီး ဖြစ်ပါသည်။ ထိုသို့ ပြုမူမိချိန်တွင် ရဲဝံ့ထန်သည် သူ့ကိုယ်သူ ဘာလုပ်မိမှန်း ပြန်မတွေးမိခဲ့ပါ။

"မှတ်မိလား ... ငါ ရဲဝံ့ထန်လေ"

ဟူ၍ မကြာခဏ တွေ့နေရပါရက် အခုမှ သူ့ကိုယ်သူ ပြန်မိတ်ဆက်နေသော ရဲဝံ့ထန်ကို သောတသည် ငေး၍သာ စောင့်ကြည့်နေပါသည်။

"နင်တို့သုံးယောက်ကတော့ အခုထိ အတွဲမပျက်သေးဘူး နော်"

"ဟုတ်တယ်"

"ဆိုင် ဘယ်တော့ဖွင့်မှာလဲ"

"ပြင်ဆင်တာတွေ ပြီးခါနီးနေပြီ၊ ရောင်းမဲ့ပစ္စည်းတွေလည်း ကွန်တိန်နာနဲ့ ဆိပ်ကမ်းမှာ အသင့်ရှိနေပြီဆိုတော့ သိပ်မကြာတော့ပါဘူး"

"ကေသီကရော ဘယ်မှာလုပ်နေလဲ"

ကေသီသည် ရဲဝံ့ထန်ကို ခတော့ တည်ငြိမ်စွာကြည့်ရင်း ခပ်တည်တည်ဖြင့် ဖြေသည်။

"ငါ့မိဘတွေရဲ့ ပုံနှိပ်တိုက်လုပ်ငန်းမှာပဲ လုပ်နေတယ်"

"သောတ ဆိုင်ကိုတော့ ငါ နှစ်ခေါက်လောက် ရောက်ပြီး ပြီနော်"





သောတသည် ဆိုင်လာတုန်းကတော့ တကယ့်ကို တစ်ခါမှ မသိကျွမ်းဖူးသည့် သူစိမ်းတွေလိုပဲ ခေါ်ပြောဆက်ဆံပြီး အခုကျမှ တရင်းတနှီး ပြောနေသဖြင့် ရဲဝံ့ထန်၏စိတ်ကို အကဲခတ်ရခက်လျက် ခေါင်းသာ,အသာညိတ်ပြလိုက်ပါသည်။

"နင်ကရော ဘယ်လာတာလဲ"

ဝိုင်းဝိုင်းမှာ ဒီဘက်က သုံးယောက် သိပ်တိတ်ဆိတ်လွန်းနေရင် မကောင်းတာမို့ သူမကပဲ ဦးဆောင်ပြီး ရဲဝံ့ထန်ကို ဆက်မေးလိုက်ရပါသည်။

"ငါ ဝယ်စရာလေးရှိလို့ လာရှာတာ၊ ဒီမှာမရှိပါဘူး၊ ဒါနဲ့ ပြန်တော့မလို့ ဆင်းလာတာပါ"

ရဲဝံ့ထန်က ပီရိစွာ ညာလိုက်လေသည်။ ဘယ်သူ့မှ သူ့ကို သံသယမဖြစ်ပါ။ ကေသီထံမှသာ ...

"နင် အခု ဘာလုပ်နေလဲ"

ဟူသော မေးမြန်းသံကို ကြားရသည်။

"ဪ ... ငါ မိုဘိုင်းလ်ဖုန်း ဟန်းဆက်လေးတွေရောင်းတဲ့ဆိုင် ဖွင့်ထားတယ်။ (... ...)လမ်းမကြီးပေါ်က ရွှေပင်းမောလ်နားမှာလေ"

သောတကတော့ ငြိမ်ပြီး ဘေးဘီကိုသာ လိုက်ငေးချင်ဟန်ဆောင်နေသည်။ သောတဆီမှာတော့ ရဲဝံ့ထန်နဲ့ ပတ်သက်ပြီး မေးစရာတွေ အများကြီးလည်း ရှိသလို၊ မေးစရာတွေ လုံးဝ မရှိသလောက်နီးပါး ဟာလာဟင်းလင်း ဖြစ်နေသလိုလည်း ခံစားနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ငါတို့ ငါ့ဆိုင်ဘက် သွားကြည့်ဖို့ လာတာမို့ သွားလိုက်ဦးမယ်"

"တစ်ခုခု စားကြရအောင်လေ"

"နေပါ။ မစားတော့ပါဘူး။ ဆိုင်ကို သွားကြည့်ပြီးရင် ငါတို့သုံးယောက် ရှော့ပင်း ဝင်ကြဦးမှာမို့ အချိန်လည်း သိပ်မရတော့ဘူး"

"ဪ"

"ကဲ ... သွားမယ်နော်"

ဝိုင်းဝိုင်းက အရင်နှုတ်ဆက်သည်။ ကေသီက ...

"သွားမယ် ... ရဲဝံ့ထန်ရေ"

ဟု အဆင်ပြေဆုံး အသံဖြင့် နှုတ်ဆက်ပါသည်။ ဘာကြောင့်လဲဆိုတော့ ဝိုင်းဝိုင်း အသံက မာကြွပ်စိမ်းကားနေ၍တည်း။ ကေသီကတော့ အဆင်ပြေအောင်သာ ဆက်ဆံချင်သူဖြစ်သည်။ သောတ တစ်ယောက်ကတော့ ရဲဝံ့ထန်ကို ဖျတ်ခနဲသာ တစ်ချက်ကြည့်ရင်း ...

"သွားတော့မယ်"

ဆိုသော မသဲမကွဲအသံ။ ရဲဝံ့ထန်ကိုပဲ ပြောသလားဘယ်သူ့ကို ပြောသလဲ မသေချာ မရေရာသော အသံဖြင့် နှုတ်ဆက်ပြီး လှည့်ထွက်သွားပါသည်။

ရဲဝံ့ထန်နားမှ လှည့်ထွက်လာသောအခါ သောတရင်ထဲတွင် အစအန၊ အပိုင်းအစတွေ အများကြီး ပြန့်ကျဲကြေမွနေသလိုပဲ ခံစားနေရသည်။





ထိုအတူ ရဲဝံ့ထန် ရင်ထဲမှာလည်း ဟိုးအရင်တွေကလိုပဲ သောတတို့သုံးယောက် ယှဉ်သွားလျှင် သောတ ဘေးကိုပြေးလိုက်ကပ်ကာ စကားပြောခွင့် ရသလိုပဲ စကားတွေ ကပ်လိုက်ပြောချင်စိတ်တွေ ဖြစ်သွားခဲ့ပါသည်။

သို့သော် ...။ သို့သော်လည်း ...။

ရဲဝံ့ထန်သည် သူ့ကားပေါ် ရောက်သောအခါ ကားစတီယာရင်ပေါ် မျက်နှာမှောက်ပြီး ...

"ငါဘာလုပ်ရမလဲ၊ ငါဘာလုပ်ရမလဲ"

နှင့် တစ်ယောက်တည်း ငိုညည်းသလို အသံဖြင့် ရေရွတ်နေခဲ့မိတော့သည်။

ထိုအတူ ဝိုင်းဝိုင်းတို့ သုံးယောက်ကြားမှာလည်း အခုမှ ဆွေးနွေးတိုင်ပင်စရာတွေ အများကြီး ဖြစ်လာခဲ့တော့သည်။ ဝိုင်းဝိုင်းကပင် မျက်နှာပျက်ယွင်းနေသော သောတကို ကြည့်လျက် ...

"သူ့မှာ မွန်မြတ်မေ ဆိုတဲ့ စေ့စပ်ထားတဲ့ ရည်းစားရှိတယ် သောတ။ အခု ငါဝယ်တဲ့ ဆိုင်ခန်းဟာ သူ့ကောင်မလေးရဲ့ ဆိုင်ခန်းပဲ။ ငါ ဝယ်ဖြစ်တဲ့ နေ့ကတည်းက သူတို့ကို တွေ့ပြီးပါ ပြီ၊ နင် စိတ်မကောင်း ဖြစ်မှာစိုးလို့ ပြန်မပြောတာ"

"ဪ ... ငါက ဘာစိတ်မကောင်း ဖြစ်ရမှာမို့လဲ၊ ငါ့ဆိုင်မှာ သူ လာဝယ်ကတည်းက မိန်းကလေးတစ်ယောက်ကို ချော့ဖို့ ပန်းစည်း လာဝယ်ပါတယ်လို့ သိထားပြီးပြီပဲ"

"ဒါပေမဲ့ အခုလို တွေ့တော့လည်း နင် ဟန်တောင်မဆောင်နိုင်ဘူး၊ မျက်နှာမှာ ဟန်ဆောင်လို့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ပဲ ရိပ်မိတာပါ၊ ရဲဝံ့ကတော့ ရိပ်မိပုံ မရပါဘူး။ ကိစ္စမရှိဘူး။ သူ မရိပ်မိရင် ပြီးတာပဲလေ"

ကေသီကတော့ ...

"နင်တို့ သိပ်ချစ်ခဲ့ကြတာကိုး။ အခုလို ပြန်တွေ့တော့ နင် ဟန်မဆောင်နိုင်တာကို ငါ နားလည်ပါတယ်။ ဒါပေမဲ့ ရဲဝံ့ထန်ကိုပဲ အံ့သြတယ်၊ သူ နင့်ကို လုံးဝမေ့လို့ရတယ် နော်၊ နောက်တစ်ယောက် ထပ်ရှာလို့ ရတယ်နော်"

ဟူ၍ အံ့သြစွာ ပြောနေသည်။

"ငါတို့အကြောင်း ထပ်မပြောပါနဲ့တော့ဟာ၊ ငါလည်း အနည်ထိုင်သွားပါပြီ။ သူလည်း သူ့ဘဝသူ စီစဉ်ပြီးနေပါပြီ။ ငါတို့ ပြန်မပြောဘဲ နေရအောင်နော်။ အခုချိန်မှာ တွေ့တာကိုပဲ ပြောရအောင်နော်"

သူငယ်ချင်းတွေက သောတ၏ ခံစားချက်ကို နားလည်လျက် သဘောတူလိုက်ကြသည်။

"ကဲ ... ဒါဖြင့် အခု ရဲဝံ့ထန် အကြောင်းပဲ ပြောပြမယ်"

"ပြောပါဦး၊ နင် ဘာသိထားလို့လဲ"

"ငါသိထားသလောက်ကတော့ အဲဒီ မွန်မြတ်မေတို့ဟာ ပိုချမ်းသာတယ်ဟဲ့။ ပြီးတော့ သူက ရဲဝံ့ထန်ကို တော်တော် လည်း ချစ်ပုံရတယ်၊ သဝန်လည်း တိုတယ်ဟ။ ငါနဲ့စတွေ့ တွေ့ချင်း နှုတ်ဆက်ကြတော့ ငါနဲ့ မသင့်တော်ဖြစ်ပြီးကြည့် တာ သိလား"





"သူငယ်ချင်းဟောင်း ပြန်တွေ့တိုင်းသာ သဝန်တို သံသယ ဖြစ်နေရင် မလွယ်ပါဘူး၊ ငါသာဆို ဘာမှ သဝန်တိုမနေ ဘူး။ အရင်က ဖြစ်ခဲ့တာ ဖြစ်ပြီးပြီပဲ။ ဘာပြန်ပြင်လို့ရမှာ လဲနော်၊ ဖြစ်ခဲ့ပြီးတာတွေကို မဖြစ်ချင်ပါဘူး၊ အော်နေလို့ လည်း ရမှမရတာ။ တကယ်တော့ ခုချိန်မှာ သူ့စိတ်က ကိုယ့်ဆီမှာရှိမှန်း သေချာရင် ပြီးတာပဲ"

ကေသီက ထိုသို့ပြောပါသည်။ သောတသည် ကေသီ ပြောလိုက်သော "ဖြစ်ခဲ့ပြီးတာတွေကို မဖြစ်ချင်ပါဘူး အော်နေ လို့လည်း ရမှမရတာ"ဟူသော စကားကိုတွေးလျက်၊ အရင်က ဖြစ်ခဲ့ပြီးတာတွေကို သတိမရချင်ပါဘဲ သတိရသွားခဲ့ပြန်သည်။

သောတသည် တကယ်တော့ ရဲဝံ့ထန်ကို ပြန်တွေ့မှ ရယ် မဟုတ်။ မတွေ့ရသေးခင် ဒီခြောက်နှစ်ကာလ တစ်လျှောက် လုံးမှာလည်း တစ်ရက်မှ သတိမရသော နေ့ရယ်လို့မရှိ။ မမျှော် လင့်နေခဲ့မိသော နေ့ရယ်လို့ မရှိခဲ့လေအောင် လွမ်းဆွတ်ကြေကွဲ နေခဲ့သူ တစ်ဦးသာ ဖြစ်ပါသည်။

ဒီအကြောင်းကို သောတကလွဲရင် ဘယ်သူကမှလဲ သတိမထားနိုင်ခဲ့ကြရအောင်လည်း သောတဟာ သိပ်ဟန်ဆောင် ကောင်းနိုင်လွန်းခဲ့သည်။ အခုလည်း သောတဟာ ဟန်ဆောင် ကောင်းကောင်းနဲ့ ရဲဝံ့ထန်၏ ချစ်သူကလေးအကြောင်း လိုက်နား ထောင် ရယ်မောနေရသည် ဆိုပေမဲ့ ရင်ထဲမှာတော့ အစတွေ အများကြီး ပြန့်ကျဲကြေကွဲနေရသည်တည်း။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



# ၈

တမင် သိသိသာသာပဲ အတင်းဝင်ရော ခင်မင်ပြသော ရဲဝံ့ထန် ကွယ်ရာတွင်မှာတော့ မိန်းကလေး သုံးယောက်တို့ဟာ သူ့လော ငါ့လော ထင်ကြေးအမျိုးမျိုးဖြင့် ပြောဆိုဆွေးနွေးမိကြပြီ ဖြစ်ပါသည်။ သောတသည်လည်း ရဲဝံ့ထန်ဟာ ငါ့ကို စိတ်ဝင်စားလို့ ကပ်လာတာပါရယ်လို့ ယုံကြည်စိတ်ချစွာ သူငယ်ချင်းတွေကို မပြောချင်ပြန်။ တော်ကြာ အထင်တစ်မျိုး၊ ဖြစ်လာတာတစ်မျိုး ဖြစ်လျှင် သူငယ်ချင်းတွေကြား မျက်နှာပူစရာ ရှက်စရာ ဖြစ်မှာကို တွေးပြီး စိုးရိမ်လေသည်။

ကေသီကတော့ အပြတ်ကို ပြောရဲသည်။

"သူ ငါ့ကိုကြိုက်တာတော့ လုံးဝမဟုတ်ဘူး၊ ငါ့စိတ်ထဲမှာ သိကို သိတယ်၊ နင်တို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ပဲ"

ဝိုင်းဝိုင်းကတော့ ...





"ဆယ်တန်းတောင် မဖြေရသေးဘူး၊ ရည်းစားထားဖို့ ခေါင်းထဲမထည့်ရင် ကောင်းမယ်နော်"

ဟူ၍ ..."

သောတကကျတော့ ရှက်ကိုးရှက်ကန်း မပွင့်မလင်းနဲ့ပဲ သူငယ်ချင်းပြောတာ သံယောင်လိုက်ရင်း ...

"သူငယ်ချင်းတွေလိုပဲ ခင်ကြရအောင်လို့ အားလုံးဆုံတိုင်း တမင်ထုတ်ပြောကြမယ်လေ"

လို့ ... လိုက်သာပြောပေမဲ့ ရဲဝံ့ထန်နဲ့ သူမတို့သုံးယောက် ဆုံရင်တော့ ဟိုကောင်ပြောသမျှ လိုက်ရယ် ဟေးလားဝါးလားနဲ့ပဲ၊ ဒီအရွယ်မှာ အချစ်ကိစ္စ စိတ်မဝင်စားဖို့တို့၊ သူငယ်ချင်းတွေလိုပဲ ခင်ကြရအောင်တို့၊ ဆယ်တန်းအောင်ဖို့ အရေးကြီးတယ်တို့တွေ သူကပဲ စပြောမလိုလို ကိုယ်ကပဲ စပြောမလိုလိုနဲ့ ပြီးသွားခဲ့ပြန်သည်။

တစ်ရက်မှာတော့ သောတ တစ်ယောက်တည်း ကျူရှင်ခပ်စောစော ရောက်နေခိုက် ရဲဝံ့ထန်ပါ စောစောရောက်လာသောအခါမှာ အားလုံးသိချင်သော အဖြေကို သိရတော့သည်။ ရဲဝံ့ထန်သည် လွယ်အိတ်ဘေးချ ထိုင်နေသော သောတနား လာရပ်ရင်း သောတလွယ်အိတ်ကို ကောက်ကိုင်လိုက်ကာ သူ့ကျောပိုးအိတ်ထဲမှ စာတစ်စောင်ကို ခပ်တည်တည်ပဲ ထည့်လိုက်တော့သည်။

သောတသည် အထိတ်တလန့်ဖြင့် လွယ်အိတ်ကို ပြန်လုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာထည့်တာလဲ"

ဟုလည်း ရှက်ကိုး ရှက်ကန်း အော်ပါသည်။

"စာ"

"ဘာစာလဲ"

"ဖတ်ကြည့်"

"အံမာ ... စာပေးတိုင်း ဖတ်မဲ့အစားထဲက ထင်လား"

"သောတကို ငါ စာပေးချင်နေတာ ကြာပြီ၊ ရေးထားတာ လည်း ကြာလှပြီ၊ ဟိုနှစ်ယောက်က တောက်တဲ့လိုပဲ တစ်ချိန်လုံး တွယ်ကပ်နေလို့ မပေးနိုင်တာ။ ဒီနေ့မှ ကံကောင်းပြီး သောတ တစ်ယောက်တည်းကို တွေ့ရတယ် သိလား"

"နင် ... နင်နော် ... လူကဖြင့် နို့နံ့မစင်သေးဘူး။ ရည်းစားစာ ပေးရတာနဲ့ ဘာနဲ့"

"နို့နံ့ စင်ပါပြီဟာ၊ ကိုရင်တောင် ဝတ်ပြီးပြီ၊ နောက်လေးနှစ်ဆို အသက်နှစ်ဆယ်ပြည့် ပဋ္ဌင်းတောင် တက်ရမှာပါ။ ငါ ဘယ်သူ့ကိုမှ ရည်းစားစာ မပေးဖူးဘူး သိလား သောတ။ နင့်ကို အရင်ဆုံး ပေးတာပါ၊ နင့်ကို ငါ တကယ် ..."

"ဟယ် ... တော်စမ်း ... တော်စမ်း ... မပြောနဲ့"

သောတသည် ရှက်ပြီး မျက်စိမှိတ်ကာ အော်မိပါသည်။ ချစ်တယ် ကြိုက်တယ် ပြောခံရမှာကို တခြားကောင်လေးတွေတုန်းကတော့ အော်ဟစ်ရယ်မောရဲသော သောတသည် ရဲဝံ့





ထန်ဆီမှ စကားကိုကျ တိုက်ရိုက် ကြားလိုက်ရမှာ ရှက်နေလေသည်။

"သောတ ဒီစာကို နင် ဝိုင်းဝိုင်းနဲ့ ကေသီကို ပေးဖတ်မှာလား"

"ပေးဖတ်မှာပေါ့၊ ဒါ လျှို့ဝှက်စရာမှ မဟုတ်တာ"

"ပေးဖတ်ချင်ရင်လည်းဖတ်၊ ဒါပေမဲ့ သူတို့အကြံပေးတာတော့ လိုက်မလုပ်နဲ့နော်"

"လုပ်မှာပဲ၊ နင့်ကို အမြင်ကတ်လို့ ချောက်ချဖို့နည်းတွေ ရရင် လိုက်လုပ်မှာပဲ"

ဆိုခဲ့ပေမဲ့ တကယ့် တကယ်မှာကျတော့ သောတ လိုက်မလုပ်ခဲ့။ လုပ်မယ်ပြောတာတောင် လက်မခံခဲ့သူပါ။ ဒီစာကို သောတ ဖတ်ပြီးသောအခါ သောတသည် သူငယ်ချင်းတွေကို ဖုံးကွယ်မထားဘဲ အသိပေးဖြစ်အောင် ပေးခဲ့မိသည်။ သောတသည် ဟိုနှစ်ယောက်နဲ့ဆုံလျှင် လွယ်အိတ်ထဲမှစာကို ထုတ်လိုက်ပြီးနောက် ...

"ရော ... ဒီမှာ ဖတ်ကြည့်ကြဦး"

လို့ ပြောလိုက်လျှင်ပဲ ဝိုင်းဝိုင်း အရင်ဆုံး ယူဖတ်သည်။ ဝိုင်းဝိုင်းသည် ...

"သောတရယ် ...

နင့်ကို ငါ ချစ်နေတာကြာပြီ

ရဲဝံ့ထန်"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော စာသားတွေကို ဖတ်ပြီးပြီးချင်း သိသိ
သာသာ မျက်နှာပျက်သွားတာကို သောတ ခုချိန်ထိ မှတ်မိစွာ
မြင်ယောင်မိပါသေးသည်။ အမှန်တော့ ဝိုင်းဝိုင်းသည် သောတ
ထက်လည်း အဝတ်အစားကောင်း ပိုဝယ်နိုင်၊ အသားလည်းဖြူဖြူ
မျက်လုံးဝိုင်းဝိုင်းလေးနဲ့မို့ ယောကျ်ားလေးတစ်ယောက်ဟာ စိတ်
ဝင်စားချင်လျှင် ဝိုင်းဝိုင်းကိုသာပိုပြီး စိတ်ဝင်စားနိုင်ဖို့ အခွင့်
အလမ်း ပိုများသူပါ။ ဒီလိုအရွယ်မှာ ကိုယ်နဲ့ရွယ်တူတွေထဲက
လာ,ပိုးပန်းခံရသူ အရေအတွက်ခြင်း ယှဉ်လျှင် ဝိုင်းဝိုင်းက သုံး
ယောက်ထဲမှာ အများဆုံး ပိုးပန်းခံရသူပါ။

အခုတော့ ဝိုင်းဝိုင်းကို ကျော်ပြီး သောတကို ရဲဝံ့
ထန်က ပိုးပန်းပါသည်ဟု သိလိုက်ရသည့်အတွက် ရှက်သွားတာ
များလားဟု သောတ ထင်လေသည်။ သုံးယောက်ယှဉ်လိုက်တိုင်း
သူချည်း အနိုင်ရနေခဲ့သော ဝိုင်းဝိုင်းဟာ ဒီတစ်ခါတော့ အရှုံးနဲ့
ရင်ဆိုင်ရသလို ဖြစ်သွားသဖြင့် ရှက်နေပုံပင်။

"ငါတို့ အစတည်းက သိဖို့သင့်တယ်၊ သူ စာလာထည့်
တာကိုက သောတရဲ့ အိတ်ထဲပဲလေ။ သုံးယောက်စလုံး
အကြောင်းရေးပြီး စာထည့်တာပေမဲ့ သူက သောတကို
Target ထားတာ မေ့သွားတယ်"

ဝိုင်းဝိုင်းသည် စာကို ပြန်ခေါက်ရင်းမှာ မျက်နှာကို
ပြန်ပြင်ပြီး ပြောလိုက်နိုင်ခဲ့သဖြင့် ဝိုင်းဝိုင်း မျက်နှာပျက်သွားတာ
က မိနစ်ပိုင်းလေးလောက်ပဲ ဖြစ်ပျက်သွားခဲ့တာမျိုး ဖြစ်လေသည်။





"နင် ဘယ်လိုသဘောရလဲ သောတ"

ကေသီကတော့ သိပ်မရိပ်မိဘဲ သောတ၏ သဘော
ထားကို မေးလေသည်။ ဝိုင်းဝိုင်းကတော့ ...

"သောတ ဆယ်တန်းနော်... ဆယ်တန်း။ မပေါ့နဲ့၊ စာမေးပွဲ
က နံပါတ်တစ်ပဲ"

ဆိုပြီး သတိပေးသည်။ ဝိုင်းဝိုင်းက သောတရဲ့စိတ်
ယိမ်းယိုင်မှုကို အကဲခတ်ပြီးနေလေပြီ။

"အေးပါ၊ ငါ ဘာမှမစဉ်းစားသေးပါဘူး"

လို့ သောတသည် ရဲဝံ့ထန် ဆိုသော ကောင်လေး
ထံမှာ ငြိတွယ်ပြီးနေပြီ။ ထိုကောင်လေးရဲ့ နှလုံးသားထဲမှာ နေ
ရာရယူချင်နေခဲ့ပြီးလေပြီ။ သူ ငါ့ကို ပိုးနေတာပဲ ဖြစ်ပါစေ၊ ငါ့
ကိုပဲ ကြိုက်ပါစေလို့ အစောကြီးကတည်းက ကျိတ်ဆုတောင်း
နေသူသာ ဖြစ်နေခဲ့လေပြီ။

အကယ်၍များ သောတကို သူ ပိုးပန်းတာ မဟုတ်
ဘဲ ဝိုင်းဝိုင်း၊ ဒါမှမဟုတ် ကေသီသာ ဖြစ်ခဲ့ရင် သောတ ရင်ထဲ
မှာ တော်တော်လေး တိတ်တဆိတ် ကြေကွဲသွားရမှာလည်း သေ
ချာပါသည်။ အခုတော့ သူက သောတကို ချစ်သည်ဆိုသော
အခါ သောတ တကယ် အရည်ပျော်ပါပြီ။

ဒီအရွယ်လေးနဲ့ ရည်းစားမထားသင့်သေးဘူး။ အချစ်
အကြောင်း စိတ်မဝင်စားသင့်သေးဘူး။ ဒါမျိုးမဖြစ်သင့်သေးဘူး
ဟူသော အသိက စိတ်ထဲမှာရှိသော အသိသာဖြစ်လျက် မထိန်း
သိမ်းထားနိုင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရဲဝံ့နဲ့ သောတဟာ ဘယ်လိုက ဘယ်လို နားလည်မှု တွေနဲ့ ချစ်သူ ဖြစ်သွားကြမှန်းပင် သောတ ခုထိ ရေရေရာရာ မတွေးတတ်ပါ။ ရဲဝံ့ လက်ဆောင်ပေးသော ခဲတံတွေ ဘောလ် ပင်န်တွေထည့်သည့် စားပွဲတင် အသည်းနှစ်ထပ်ပုံ စတင်န်းလေး ကို လက်ခံမိသည့်နေ့ကလား၊ ရဲဝံ့ သောတ နေသော အိမ်ရှေ့က (အဲဒီတုန်းက သောတတို့ မြေညီထပ်မှာနေ၍ အိမ်ထဲမှာ ထိုင်နေ လည်း လမ်းမကသွားသောသူကို အလွယ်တကူ မြင်နိုင်သည်) ပြိုင်စက်ဘီးလေးနဲ့ ခေါက်တုံ့ခေါက်ပြန် ဖြတ်ပြနေမှန်းသိရက် တမင် အပြင်ထွက် ကိုယ်ယောင်ပြလို၍ မေမေ့ကို မဂ္ဂဇင်းစာအုပ် အငှားဆိုင်မှာ သွားငှားမယ် အကြောင်းပြကာ ထွက်သွားမိသော နေ့ကလား၊ သောတ အတွက် ခေါင်းစည်းဖဲပြားလေးတွေ ရောင်စုံ ဝယ်ပေးလာခဲ့ပြီး သောတ ဆံပင်လေး အဲဒီနေ့က မစည်းဘဲ လာ တာကို သူ့ရှေ့မှာတင် နှစ်ဖက်ခွဲစည်းခိုင်း၊ သူဝယ်လာသော ဖဲပြားတွေထဲက တစ်စုံကို တပ်ခိုင်းခဲ့သောနေ့ကလား၊ သချာ်ည့ သော, သောတကို ဉာဏ်စမ်းပုစ္ဆာတွေ ကိုယ်စားတွက်ပေးမယ် ဆိုပြီး သောတ စာအုပ်ကို ရဲဝံ့ယူသွားတဲ့ နေ့ကလား။

ရဲဝံ့ မရေးတတ်သော essy ခေါင်းစဉ်မျိုး ကျူရှင် ဆရာက အိမ်စာပေးလျှင် သောတက ကိုယ့်အတွက် အကြောင်း အရာတစ်မျိုး၊ ရဲဝံ့အတွက် အကြောင်းအရာတစ်မျိုးတွေ ရေးပေး လာပြီး ကျူရှင်ရောက်မှ ရဲဝံ့က ထို essy ကို ပြန်ကူးရေးရသော နေ့တွေကလား၊ သောတ ကျောင်းအဆင်းမှာ မကြာခဏ လာလာ





စောင့်ကြည့်ပြတတ်သော ရဲဝံ့ သုံးလေးခါလောက် လာစောင့်ပြီး သောအခါ သောတသည် စိတ်အလိုလိုက်စွာပင် ကျောင်းအဆင်း လာစောင့်နေသော ရဲဝံ့ဆီ သူငယ်ချင်းတွေ မမြင်အောင် ခိုးသွား တွေ့လိုက်သော နေ့ကလား၊ သောတသည် သူမတို့နှစ်ယောက် ဘယ်လိုက ဘယ်လို၊ ဘယ်ရက် ဘယ်အချိန်၊ ဘယ်လိုအကြောင်း အရာနဲ့ပဲ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုတွေယူပြီး အပြန်အလှန် ချစ်သွားကြသည် ဆိုတာကို ခုထိမရေမရာရှိဆဲတည်း။

သို့သော် သေချာတာကတော့ နှစ်ယောက်စလုံး တစ်ယောက်ကို တစ်ယောက် မျက်စိအောက်က အပျောက်မခံချင် လောက်အောင် ချစ်မိခဲ့ကြသည် ဆိုတာပဲ ဖြစ်သည်။

အစကတော့ သူငယ်ချင်းတွေရှေ့မှာ သောတ ဟန် ဆောင်နေခဲ့သေးသည်။ နောက်တော့ တဖြည်းဖြည်းနဲ့ အမှုအရာ တွေက သိသာလာ၊ ရဲဝံ့ကလည်း အကဲပို အသည်းပို လာတာနဲ့ ပင် သူတို့လည်း ရိပ်မိသွားတော့သည်။

သူတို့ သိလာသောအခါ ကေသီကတော့ လေသံ အေးအေးလေးနဲ့ အစ်မကြီးစတိုင်လ်နှင့် (ကေသီက သူတို့ရဲ့မောင် နှမတွေထဲမှာ အစ်မအကြီးဆုံးလည်း ဖြစ်သဖြင့်) ဆုံးမပါသည်။

"သောတရယ် ... နင် သိပ်မိုက်တာပဲ၊ တကယ်ဆို နောင် လေးငါးလ ဆိုရင်ပဲ ဆယ်တန်းဖြေရတော့မှာ။ အဲဒီထိ စိတ်ကို ခိုင်ခိုင်ထားမှပေါ့၊ ခုတော့ နင်က ဆယ်တန်းတောင် မဖြေရသေးဘူး၊ ရည်းစားက ရနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝိုင်းသည် ခပ်မဲ့မဲ့လေး သောတကို ကြည့်ရင်း ...

"ဟမ်း ... အစက ပြောတော့ဖြင့် စကားကြီး စကားကျယ် နဲ့ သောတရယ်။ နို့နဲ့ဓောင် မစင်သေးဘူးလေး ဘာလေး နဲ့။ အခုတော့ ဘာလဲ၊ နို့နံ့စင်ပြီလို့ ယူဆလိုက်ပြီလား"

သောတဟာ အပြစ်ရှိသူမို့ မျက်နှာငယ်လေးသာ လုပ်ပြရင်း ...

"ငါ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်း မသိလိုက်ပါဘူး၊ ဒါပေမဲ့ ငါ တကယ် ကတိပေးပါတယ်၊ ငါ ရည်းစားထား လို့ စာမေးပွဲကျတာတော့ မဖြစ်စေရပါဘူး။ နင်တို့နဲ့အတူ စာကျက်မယ် ကျောင်းမှန်မှန် ကျူရှင်မှန်မှန် တက်မယ်။ နင်တို့ မျက်စိအောက်မှာပဲ ငါတို့နှစ်ယောက် ရှိနေမယ်၊ စာလည်း အရင်ကထက် နှစ်ဆပို ကြိုးစားပါ့မယ်။ ငါသာ ဆယ်တန်းကျခဲ့ရင် နင်တို့ ငါ့ကို ဘယ်တော့မှ အဆက် အသွယ် မလုပ်နဲ့တော့၊ ငါ စိတ်မဆိုးဘူး ကိုယ့်အပြစ် ကိုယ်ခံမယ်"

ဟူ၍ သူငယ်ချင်းတွေကို ကတိပေးခဲ့လေသည်။

သောတသည် သူမ၏ ကတိအတိုင်း သူငယ်ချင်း နှစ်ယောက်ကြား သူတို့စုံတွဲ ကန့်လန့် ကန့်လန့်နဲ့ အမြဲရှိနေခဲ့ ပါသည်။ အခုတော့ သူငယ်ချင်းသုံးယောက်ပုံစံ မဟုတ်တော့ဘဲ ကောင်လေးတစ်ယောက်ပါသော သူငယ်ချင်းလေးယောက်ပုံစံ ဖြစ်သွားပါသည်။





ရဲဝံ့ထန်ကလည်း သောတ မျက်နှာနှင့် ကျန်နှစ် ယောက်ကို ဖားရသည်။ သင်္ချာစွပါဘာရိန်း တစ်ယောက်မို့ သောတလောက် သင်္ချာမညံ့ပေမဲ့ ရဲဝံ့ထန်လောက် သင်္ချာမတော် သော ဝိုင်းဝိုင်းနဲ့ ကေသီကိုပါ သင်္ချာဆရာကြီး ပြန်လုပ်ပြန်ရှင်း ပြပေးရသည်။ သောတကလည်း အင်္ဂလိပ်စာ တော်လှသဖြင့် အင်္ဂလိပ်စာနဲ့ ပတ်သက်ရင် အားလုံးကို ပြန်အကူအညီ ပေးရသလို အင်္ဂလိပ်စာမှာ စာမေးပွဲတစ်ခုတွင် "သုည"အမှတ်ပင် ရဖူးသော ရဲဝံ့ထန်ကို ပို၍ဂရုစိုက်ပေးရသည်။ နလပိန်းတုံး နားလည်နိုင်သော၊ စာမေးပွဲအောင်ရုံ ဖြေနိုင်သောနည်းတွေ ရှာကြံသင်ပေးရသည်။ တစ်ခါတစ်ရံ ရဲဝံ့ထန်က အပျင်းထူပြီး မကြိုးစားလျှင် စိတ်ကောက် ငိုယိုရသည်။ သူ့ကို လိမ်ဆွဲထုရိုက်ပြီး စာလုပ်ချင်အောင် ဆွဲဆောင် ရသည်။

သောကြာနေ့လို ကျောင်းနောက်ဆုံး တက်ရသော နေ့တွေမှာတော့ သောတတို့နှစ်ယောက်ထံမှာ အမြဲ အချိန်းအချက် ရှိနေသည်။ မနက်ကိုးနာရီကနေ ညနေသုံးနာရီ ကျောင်းတက်ရတာ ခြင်း တူသဖြင့် သောတက ကျောင်းဆင်းလျှင် အရင်ကလို ကျောင်းကားဖြင့် လိုက်မပြန်တော့ဘဲ ရဲဝံ့ထန် လာအခေါ်ကိုစောင့် နေတတ်သည်။

ရဲဝံ့ထန်ကလည်း တက္ကစီတစ်စီးနဲ့ ကျောင်းဆင်း ဆင်းချင်း အပြေးရောက်ချလာသဖြင့် သောတထံကို သုံးနာရီခွဲ၊ တစ်ခါတလေ သုံးနာရီလေးဆယ့်ငါးလောက်မှာ ရောက်လာတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးလျှင် ကျောင်းဝတ်စုံ ဝတ်ထားသော စုံတွဲလေးဟာ လက်နှစ်ဖက်ကို ပူးကပ်လိမ်ကျစ်နေအောင်တွဲလျက် TTC ကျောင်းနောက်ဘက်က လမ်းလေးတစ်လျှောက် မမောနိုင် မပန်းနိုင် လျှောက်ကြတော့သည်ပဲပေါ့။

ဆေးတက္ကသိုလ်(၁) ကျောင်းသား ကျောင်းသူတွေကို အားကျစွာ ငေးမော၊ ဘီအီးဒီတက္ကသိုလ် ကျောင်းသားကျောင်းသူတွေကို ငေးမောလို့၊ တက္ကသိုလ် ကျောင်းသားကျောင်းသူတွေကြား ကလေးစုံတွဲလေးဟာ နာရီဝက် တစ်နာရီလောက် အချိန်ဖြုန်းပြီး လက်တွဲလမ်းလျှောက်ကြ၊ မောတော့ ကင်န်တင်းကြီးထဲမှာဖြစ်ဖြစ် လှည်းတန်းဈေးမှာဖြစ်ဖြစ် တစ်ခုခု ဝင်စားကြ။ ညနေငါးနာရီလောက်မှာတော့ ကိုယ့်အိမ်ကိုယ်ပြန်ဖို့လည်း နားလည်စွာ လမ်းခွဲဖြစ်ကြစမြဲ။

"သောကြာနေ့ ညနေတွေမှာ သောတ အိမ်ကို ငါးနာရီကျော်လောက်မှ အမြဲပြန်ရောက်မယ် မေမေ။ သောတ ကျောင်းကားနဲ့ ပြန်လိုက်မလာဘူးနော်။ ဘာဖြစ်လို့လဲဆိုတော့ သောတက သင်္ချာတွေမရှု/န်းသိတော့ သောတကို ချစ်တဲ့ ဆရာမက သူ့အိမ်ခေါ်သွားပြီး အချိန်ပိုနည်းနည်း သင်ပေးမယ်၊ သင်မလားမေးလို့ အဲဒါ သောတ လက်ခံလိုက်တယ်"

ဆိုပြီး မိခင်ဖြစ်သူကိုတော့ ဆယ်ကျော်သက် ဆယ်တန်းကျောင်းသူတစ်ယောက်၏ သိပ်မရိုးမဆန်းသော လိမ်ညာမှုဖြင့် ဆွဲဆောင်ထားနိုင်ခဲ့ပါသည်။





မေမေ ခေါ်ကြည့်ဖြူကလည်း သောတ တစ်ယောက်ဟာ တစ်သက်လုံး ဒီသူငယ်ချင်းမိန်းကလေး နှစ်ယောက်နဲ့သာ ရောရောနှောနှော ရှိခဲ့ပြီး ယောကျ်ားလေး သူငယ်ချင်းပင်မထားခဲ့လောက်အောင် ရိုးသားခဲ့သဖြင့် မိဘတို့မည်သည် ကိုယ့်သားသမီးပဲ ကိုယ်ယုံတတ်ကြသည့်အတိုင်း အလွယ်တကူပင် သောတကို ယုံခဲ့ပါသည်။ သိပ်အစစ်ဆေး အမေးမြန်း မရှိခဲ့ဘဲ တစ်ပတ်တစ်ရက် သောကြာနေ့တွေမှာ အိမ်ကို ညနေငါးနာရီကျော်မှ ပြန်ရောက်ခြင်းကို သံသယရှင်းခဲ့ပါသည်။

သောတတို့ရဲ့ သောကြာနေ့ဓာတ်လမ်းကို သိကြသော ဝိုင်းဝိုင်းတို့ကတော့ အစက ကန့်ကွက်ကြသေးသည်။

"အန်တီကြည့်နဲ့ တိုင်မယ်"

ဟု ခြိမ်းခြောက်ကြသေးသည်။

သို့သော် သောတက ...

"တိုင်ရင် ငါ ကျူရှင်လည်း လာမတက်တော့ဘူး၊ ကျောင်းလည်း ထွက်မယ်၊ တကယ်ပြောတာ။ ဆယ်တန်းလည်း အပြင်ကဖြေမယ်၊ နင်တို့နဲ့လည်း လုံးဝအဆက်အသွယ် ဖြတ်မယ်၊ တကယ်ပြောတာ"

ဟူ၍ တကယ်ပင် သေချာနေသော အသံဖြင့် သူငယ်ချင်းတွေကို သူမကပင် ပြန်ပြီး အကျပ်ကိုင်ခဲ့သေးသည်။

ဆယ်ကျော်သက် အရွယ်တွေမို့ သူငယ်ချင်းက ကိုယ့်ကို မခေါ်ရင်ဘဲ ပြဿနာကြီး တစ်ရပ်လို ခံစားရချိန်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာမို့ သောတက မခေါ်တော့ဘူး ပြောလျှင် ကေသီ့မှာ မျက်ရည်လေး တဝဲဝဲနဲ့ ...

"ငါတို့က နင့်ကို စိတ်ပူလို့ပါဟယ် ... တကယ်လည်းမတိုင်ပါဘူး။ နင် လမ်းမှားရောက်မသွားဖို့ပဲ လိုတယ်"

ဝိုင်းဝိုင်းကတော့ ရှင်းရှင်းပြတ်ပြတ်ပင် ...

"စိတ်သာယာမှုနောက်ကို လိုက်မိရင် ဒုက္ခရောက်မှာစိုးလို့ ပြောတာ သောတ။ ဆယ်တန်းအရွယ်လေးနဲ့ မတော်တဆ နှစ်ဦးသဘောတူ ထွက်ပြေးတာတွေ ဘာတွေ ဖြစ်လာရင် ဘယ်လိုလုပ်မလဲ"

သောတက ထိုသို့ကြားသောအခါ အရှက်ကြီးရှက်လျက် ဝိုင်းဝိုင်းကိုပင် ရန်တွေ့မိခဲ့သေးတာ။

"ငါ ဘယ်တော့မှ ဦးနှောက်မရှိတဲ့အလုပ် မလုပ်ဘူး မြဲမြဲမှတ်ထား ဝိုင်းဝိုင်း။ ငါ့ကို အဲဒီလောက် အထင်မသေးပါနဲ့။ ရည်းစားထားမိတာနဲ့ပဲ ငါ့ကို အဲဒီလောက် မပြောပါနဲ့"

ဒီလိုနဲ့ပင် သူငယ်ချင်းတွေကြား စကားတွေ ဘာတွေ များကြပြီး တစ်ပတ်လောက် သောတက သူတို့ကို စကားမပြောဘဲ စိတ်ကောက်ရတဲ့အထိ ဖြစ်ခဲ့ဖူးသေးသည်။

ဝိုင်းဝိုင်းကတော့ စိတ်မချော့ပေမဲ့ ကေသီကတော့ မနေနိုင်။ အရင်လိုက်ချော့ လိုက်ခေါ်ပါသည်။ သောတကတော့ ရဲဝံ့ အားကိုးဖြင့် တစ်သက်လုံး ပေါင်းလာခဲ့သော သူငယ်ချင်းတွေကို ပြန်ခေါ်ဖို့ပင် ခေါင်းထဲ မထည့်ခဲ့သူ။ ရဲဝံ့လက်ကို တင်းတင်းဆုပ်ကိုင်ထားရလျှင် အားလုံးကို မေ့နေခဲ့သူသာ ဖြစ်ခဲ့လေသည်။

"သူတို့နဲ့ မခေါ်တော့လည်း တစ်ခုကောင်းပြီး တစ်ခုမကောင်းဘူး။ ကောင်းတာကတော့ သောတ ငါ့နား ပိုနေခွင့်ရတယ်၊ ငါနဲ့ သောတပဲ စကားလွတ်လွတ်လပ်လပ် ပြောလို့ရတယ်။ အရင်ကဆို သူတို့ရှေ့မှာ ပြောနေရတာ မမိုက်ဘူး။ သောတ ဆံပင်လေးတွေ ကိုင်ချင်ရင်တောင် သူတို့မျက်နှာ ကြည့်နေရတယ်။ မကောင်းတာကတော့ အခု ငါတို့အကြောင်းကို အကုန်လုံး သိသွားကြပြီ၊ အရင်ကတော့ လေးယောက်တတွဲတွဲ ဆိုတော့ ကျူရှင်ကလူတွေက ဘယ်သူနဲ့မှန်း မသိကြဘူး။ အခုကျ သောတနဲ့ငါ အတွဲဆိုတာ သိသွားကြပြီ၊ အဲဒီအခါကျတော့ ငါ့အစ်ကို ပြန်သိရင် မလွယ်ဘူး သောတရဲ့။ သူတို့က သူတို့တောင် ရည်းစားမထားဘဲ ကိုယ့်ဘဝကိုယ် ထိန်းကျောင်းနေကြတာလေ၊ အစ်ကိုတွေ စံပြဖြစ်မှ ညီလည်း အတုယူမှာဆိုပြီး သိပ်လိမ္မာတဲ့ လူကောင်းတွေ လုပ်နေကြတာလေ။ ငါက ကြားထဲက ဖောက်ပြီး ဒီအရွယ်လေးနဲ့ ရည်းစားထားတာ သိကုန်ကြရင် ကွဲပြီပဲ။ ငါကို့ အခွဲခံရလိမ့်မယ် သေချာတယ်။ ငါ့ကို အိမ်ထဲမှာ ပိတ်ထားပြီး ဆရာခေါ်သင်ပြီးတော့ပဲ ဆယ်တန်းဖြေခိုင်းလိမ့်မယ်"







www.burmeseclassic.com

www.burmeseclassic.com



ရဲဝှံ့ထန်ကတော့ သူနဲ့ သောတတို့ အကြောင်းလူသိမှာစိုးပြီး စိုးရိမ်ကြောင့်ကြစွာ ပြောတော့ ပြောပြထားဖူးပါသည်။ သူ့အစ်ကိုတွေ အကြောင်း။ အစ်ကိုတွေကို ကြောက်ရသည့် အကြောင်း။

"မိဘထားခဲ့တာသာ ထိုင်သုံးရင် ကုန်လောက်ပြီ၊ အခုတော့ အစ်ကိုတွေက အားကြိုးမာန်တက် စီးပွားဆက်ရှာလို့ ငါတို့ ဒီအခြေအနေမှာ မပျက်ဘဲ နေနိုင်တာ သောတရဲ့။ ဒီတော့ အစ်ကိုကြီးတို့ ကျေးဇူးက ငါ့အပေါ်မှာရှိတယ်။ ငါ သူတို့မကြိုက်တာ မလုပ်သင့်မှန်း သိရက် လုပ်မိတယ်၊ ဒါပေမဲ့ သောတကိုလည်း ငါ တကယ်ပဲချစ်လို့ အခုလို လုပ်မိတာကို ကျေနပ်ပါတယ်"

သောတဘက်ကလည်း မေမေ ရှိသေးသဖြင့် စိုးရိမ်ကြောင့်ကြစရာတော့ ရှိတာပင်။

"ဖေဖေ လုပ်ခဲ့တဲ့ ပန်းစိုက်လုပ်ငန်းကို မေမေ့ခမျာ ဘာမှမသိဘဲ ဆက်လုပ်ကိုင်ခဲ့ရတာ အဆုံးအရှုံးတွေလည်း အများကြီး ဖြစ်ခဲ့တယ် ရဲဝှံ့ရဲ့။ ဒါပေမဲ့ မေမေက ဘာပြောလဲဆိုတော့ ငါ့မှာ ဒီသမီးလေး တစ်ယောက်တည်းရှိတာ သူ့အတွက် ငါ လုပ်ကိုလုပ်ရမယ် စိတ်အားတင်းရမယ် သမီးအလှည့်ကျရင် ကုန်းကောက်စရာ မရှိလောက်အောင် မွဲသွားတဲ့အဖြစ်မျိုး မဖြစ်ရအောင် မေမေ ကြိုးစားရမယ် ဆိုတဲ့စိတ်နဲ့ ကြိုးစားခဲ့ရတာမို့ လုပ်ငန်းက ပြန်ခေါင်းထောင်





လာနိုင်တာတဲ့၊ မေမေကလည်း သောတကို အမြဲတဖွဖွဆုံးမပါတယ်၊ ဒီအရွယ်မှာ ပညာပဲ စိတ်ဝင်စားဖို့၊ တခြားဘာမှ စိတ်မကစားဖို့၊ ဘာပဲဖြစ်လာလာ ဘာပဲလုပ်လာလာ မေမေ့ကို အသိပေးဖို့တွေ မှာထားခဲ့တယ်၊ မှာထားရက်နဲ့ သောတက မိုက်ပြီး ရည်းစားထားမိတော့ သောတလည်း အပြစ်ရှိတာပါပဲ။ မေမေ သိရင်လည်း သောတကို ကျောင်းထုတ်ပြီး ဆယ်တန်းကို အပြင်ကပဲ ဖြေခိုင်းမှာသေချာတယ်"

"ငါတို့ကလည်း ငါတို့ပဲလေ၊ သူများ အပြစ်ပြောစရာဖြစ်အောင် ဒီအရွယ်လေးနဲ့ ရည်းစားဖြစ်မိကြတာကိုး"

"သောတက နင့်ကို တကယ်ချစ်တာ ရဲဝှံ့ရဲ့။ တကယ်ပြောတာ၊ ဘယ်ကောင်လေးကိုမှ စိတ်ဝင်စားခဲ့တာ မဟုတ်ဘူး။ သောတ စိတ်ကစားလို့ ရည်းစားထားတာ မဟုတ်ဘူး"

"ငါလည်း နင့်ကိုမှ တကယ်ချစ်သွားတာပါ။ အရင်ကဆို ငါ့အစ်ကိုတွေ စကားကို နားထောင်ပြီး စာပဲ စိတ်ဝင်စားတဲ့ကောင်ပါ"

"ပြောပါဦး၊ နင်က သောတကို ဘာလို့သဘောကျသွားတာလဲ"

"သဘောကျသွားတာ မဟုတ်ဘူး၊ ချစ်သွားတာပါ၊ သဘောကျတယ် ဆိုတာက အရာဝတ္ထုတွေကို သုံးနှုန်းတဲ့ စကားလုံး ကောင်မလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ပြောပြ၊ အမှန်အတိုင်း ပြော"

ရဲဝံ့က သောတ နှာသီးဖျားလေးကို ချစ်စနိုးညှစ်လိုက်ရင်း ရယ်မောလျက် ...

"ပြောရင် စိတ်မဆိုးနဲ့ သောတ။ နင်က သိပ်တော့ မလှပါဘူး။ ဒါပေမဲ့ ဘယ်လို တစ်မျိုးလေးမှန်း မသိဘူး။ ကောင်မလေးတွေ အများကြီးကြားထဲ ရောနေလည်း နင့်ပုံစံလေးက ပေါ်လွင်ပြီး ထင်းနေတယ်၊ ပျောက်မနေဘူး။ သတိထားမိစေတယ်။ ကြည့်မိစေတယ်။ ငါလည်း စတွေ့တွေ့ချင်းကတော့ အဲဒီလိုပဲ သတ်မှတ်မိတာပဲလေ။ စတွေ့တွေ့ချင်းက မချစ်ပါဘူး၊ ဒီလိုပဲ ကြည့်ရင်း ကြည့်ရင်း ချစ်လာတာ။ ဒီကောင်မလေး ငါ့ရည်းစားလေး ဖြစ်ရင် ကောင်းမှာပဲ၊ သူ့လက်လေးကိုတွဲပြီး လမ်းအတူလျှောက်ခွင့်ရရင် ကောင်းမှာပဲဆိုတဲ့ စိတ်ကူးမျိုး ဖြစ်လာတော့တာပဲ။ ဆယ်တန်းအောင်မှ ပြောမယ် ဆိုပြီး အောင့်ထားသေးတယ်၊ ဒါပေမဲ့ မရဘူး။ နင့်ကို လာလာကြိုက်တဲ့ ကောင်တွေလည်း တွေ့နေတော့ တစ်ယောက်ယောက်နောက်ပါသွားရင် ငါတော့ ခံရမယ်လို့ စိတ်ပူလာတာနဲ့ ဦးအောင် ပြောလိုက်ရတာ"

သူတို့၏ ချစ်သူဘဝသည် တစ်ခါတစ်ရံ ကလေးဆန်။ တစ်ခါတစ်ရံ လူကြီးဟန်ဆောင်လိုက်၊ တစ်ခါတစ်ရံကျ အရင်းနှီးဆုံးသော သူငယ်ချင်းတွေလိုပဲ ဖြစ်လိုက်နဲ့ လပေါင်းများစွာ ကြာမြင့်ခဲ့ပါသည်။





နောက်ပိုင်းတော့ တစ်ကျူရှင်လုံးလည်း သိကုန်ကြပြီး ဘယ်လိုမှလဲ ညာလို့မရတော့တဲ့ အဖြစ်ကို ရောက်သွားကြပါသည်။ ရဲဝံ့ဘက်က အစ်ကိုတွေသိမှာ၊ သောတဘက်မှာ အမေပြန်သိမှာ စိုးရိမ်ရင်း စိတ်ပူရင်းကပဲ သူတို့ဟာ စိတ်အလိုကိုလိုက်လျက် သူတို့ရဲ့ ဓာတ်လမ်းကို မရပ်နိုင်ခဲ့ကြပါ။ ဝိုင်းဝိုင်းတို့ ကေသီတို့က ...

"နည်းနည်း ဆင်ဆင်ခြင်ခြင် ပြန်နေကြဦး။ စာမေးပွဲဖြေဖို့က ဘာမှမလိုတော့ဘူး။ စာမေးပွဲ အေးအေးဆေးဆေး ဖြေပြီးမှ ချိန်းတွေ့ရင် တွေ့ကြ။ စာမေးပွဲဖြေခါနီးကျမှ စိတ်အနှောင့်အယှက် ဖြစ်စရာတွေ ကြုံရမှာစိုးလို့ ပြောတာနော် သောတ။ အခုဆို ငါ့အိမ်ကတောင် မေးတယ်။ သောတ နင်တို့နဲ့ မဟုတ်ဘဲ ကောင်လေးတစ်ယောက်နဲ့ အအေးဆိုင်မှာ ထိုင်နေသလားလို့ အဲဒါ ဟုတ်လားတွေ ဘာတွေ အမေးခံရနေရပြီ"

"ဟုတ်တယ်၊ ငါ့အမေလည်း မေးတယ်။ သောတအမေက ပြောတယ်တဲ့ သောတ သင်္ချာမရလို့ သောကြာနေ့တိုင်း ဆရာမအိမ် လိုက်သင်တာ သမီးရော ဘာလို့မသွားလဲတဲ့။ ကိုယ်ရပြီးသားပေမဲ့ အတူတူ လိုက်နားထောင်ပါလားတဲ့၊ ဘာလို့ အတူတူ မသွားဘဲ သောတ တစ်ယောက်တည်း ပဲထွက်နေရတာလဲတဲ့။ သုံးယောက် တစ်ခါမှ မခွဲသွားဖူးဘဲနဲ့တဲ့။ အဲဒါ ငါတို့လည်း ကြည့်ကျက် လုည့်ပတ်ပြော



www.burmeseclassic.com

www.burmeseclassic.com



ထားရတယ် သောတ။ တော်ကြာ အမေတွေအချင်းချင်း ပြောကြရင်း ပေါ်ကုန်မှာ စိုးရိမ်ရတယ်နော်"

ဟူ၍ ရဲဝံ့နဲ့ သောတတို့ တစ်ယောက်ကို တစ်ယောက် တကယ့်ကို အရှုံးအမှုး ချစ်နေကြမှန်း ရိပ်မိလျှင် နှစ်ယောက်အခွဲ ခံရမှာ စိုးရိမ်ပြီး သတိတွေပေးကြ။ အမေတွေအိမ်က မိသားစုဝင်တွေထဲက တစ်ယောက်ယောက်ဖြစ်ဖြစ် သောတတို့ကို အမှတ်မထင် မြင်လာလျှင် ဝိုင်းဖုံးကြဖိကြ လိမ်ညာကြနှင့် သူငယ်ချင်းဘက်က အစွမ်းကုန် ကာကွယ်ပေးခဲ့ကြသူတွေ ဖြစ်သည်။

ရဲဝံ့ကိုဆို အလိုလိုနေရင်း မကြည်လင်သော ဝိုင်းဝိုင်းပင် သောတ ဒုက္ခရောက်မှာ စိတ်ပူပြီး ဝိုင်းညာပေးဖို့ စိတ်ပါလက်ပါ ရှိခဲ့ပါသည်။ အဲဒီလိုနဲ့ပဲ အဖုံးအဖိ အလိမ်အညာတွေကောင်းတာနဲ့ ဆယ်တန်းတောက်လျှောက်မှာ သောတ ရည်းစားရှိခဲ့တာကို မေမေ မသိခဲ့ရှာပါ။

ထို့အတူ ရဲဝံ့၏ အစ်ကိုတွေလည်း ဘာသတင်းမှ မကြားခဲ့ကြရပါ။ သောတတို့ရဲ့ ချစ်သူသက်တမ်း ခြောက်လခုနစ်လသည် အင်မတန့်ကို စိတ်ကြည်နူးဖွယ်ရာတွေနဲ့သာ ပြည့်နှက်နေခဲ့ပါသည်။

❦ ✧ ❦





## ၉

ရဲဝံ့ထန်ထက် အသက်ငါးနှစ်ကြီးသော အစ်ကိုလတ် ကျော်စွာထန်က ရဲဝံ့ထန်၏ဆိုင်ထဲ ဝင်လာပြီး ရဲဝံ့ထန်ကို ရှာသလို လျှောက်ကြည့်နေသည်။ ရဲဝံ့ထန်က အစ်ကိုလတ်ကို ကောင်တာတစ်ခုနားမှ လက်ပြပြီး ...

"ကိုလတ် ကျွန်တော် ဒီဘက်ရောက်နေလို့"

"ဪ ... အေး၊ မင်း ထိုင်နေကျ ကောင်တာကို ရှာနေတာကွာ"

ဟု ပြောလည်းပြောရင်း သူ့နေကာမျက်မှန်ကို နဖူးပေါ် ပင့်တင်လိုက်ပြီး ဝင်လာတော့သည်။ အစက အဝင်ဝမှာမို့ နေပူရှိန်ကို ခံနိုင်ရန် နေကာမျက်မှန်ကို မချွတ်သေး။ အခုမှ ဆိုင်ထဲရောက်မှ ချွတ်တာဖြစ်သည်။

ညီအစ်ကို သုံးယောက်မှာ သူနဲ့အစ်ကိုလတ်က ငါးနှစ်ကွာ၊ ကိုလတ်နဲ့ ကိုကြီးက ငါးနှစ်ကွာ ဖြစ်သပြင့် ရဲဝံ့ထန်



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ ကိုကြီးနဲ့ ဆယ်နှစ်တောင် ကွာသွားသည်။ ကိုလတ်က အခုမှ နှစ်ဆယ့်ခုနစ် ပြည့်ပြီးခါစပေမဲ့ သူ့စီးပွားရေးကတော့ ညီအစ်ကိုသုံးယောက်မှာ အကောင်းဆုံးလို ဖြစ်နေသည်။ ကိုကြီး အိမ်ထောင်ကျသွားပြီးကတည်းက သူတို့ညီအစ်ကိုတစ်တွေ ကိုယ့်အိမ်နဲ့ကိုယ် ခွဲနေကြသည်ဖြစ်ရာ အဆက်အသွယ်တော့ ပြတ်မသွားပေမဲ့ တစ်လနေမှ တစ်ခေါက်လောက် တွေ့ကြသလိုမျိုး ဖြစ်နေသည်။ မတွေ့ရင်လည်း ဖုန်းတော့ ဆက်ဖြစ်ကြပါသည်။

"ကိုလတ် တစ်ယောက်တည်းလား၊ မဝင့်ဝါရော"

မဝင့်ဝါသည် ကိုလတ်နဲ့ နောက်သုံးလလောက်ကြာရင် လက်ထပ်ကြတော့မည့် ကိုလတ်ရဲ့ချစ်သူ ဖြစ်ပါသည်။

"ဝင့်ဝါ Bank သွားစရာရှိတယ်ဆိုလို့ အဲဒီရှေ့ ချပေးခဲ့တယ်၊ သူ့ဘာသာ အိမ်ကိုတက္ကစီနဲ့ပဲ ပြန်လိမ့်မယ်။ ဟော ကောင် ... ငါ မင်းကို အံ့ဩစရာတစ်ခု ပြောရဦးမယ်ကွာ"

"ဟုတ်လား ... ဘာလဲ"

ရဲဝံ့သည် အသစ်ဝင်လာသော မိုဘိုင်းလ်ဖုန်း မော်ဒယ်လ်အသစ်တွေ၏ Code No နှင့် အမျိုးအစားတွေကို ကွန်ပျူတာထဲ ထည့်မှတ်နေရင်းမှ သံယောင်လိုက်မေးလိုက်ပါသည်။

"ဝင့်ဝါကကွာ၊ သူ့အသိမိတ်ဆွေ အန်တီတစ်ယောက်ရဲ့ သမီးလေး ဆိုင်ဖွင့်ထားလို့ ခဏဝင်ကြည့်မယ်ဆိုပြီး (...) လမ်းမကြီးပေါ်က ဆိုင်တစ်ဆိုင်ကို ဝင်တယ်ကွာ၊ အဲဒီမှာ ..."





ရဲဝံ့ထန်းသည် ကွန်ပျူတာရှေ့မှ မျက်နှာကို ချက်ချင်းပင် ခွာလိုက်ပြီး ကိုလတ် ပြောသော (...)လမ်းမကြီးဟု ကြားလိုက်ရသည်။ အား ... အသေအချာပင် နားစွင့်မိတော့သည်။

ထိုလမ်းမကြီးပေါ်မှာပဲ သောတရဲ့ Fantastic ဆိုသော Floristsi & Gifts Shop လေး ရှိသည်ကို သူ ဘယ်တော့မှ မမေ့ပါ။

"ဝင့်ဝါ ဝင်သွားတဲ့ ဆိုင်ထဲမှာ ငါ သောတကြည်ကို တွေ့ခဲ့တယ် ရဲဝံ့။ သူ ပန်းဆိုင်လေး ဖွင့်ထားတယ်၊ delivery service ပါ,ပါတဲ့ ဆိုင်လေးကွ။ ဖန်စီလက်ဆောင်ပစ္စည်းလေးတွေပါ တွဲရောင်းတဲ့ ဆိုင်မျိုးလေးကွ"

ရဲဝံ့ထန်သည် သူမျှော်လည်း မျှော်လင့်ထားမိသော မမျှော်လည်း မမျှော်လင့်ထားမိသော တိုက်ဆိုင်မှုကို သိလိုက်ရသောအခါ ရင်ထဲမှာ လှိုင်းလုံးကြီးတွေ ရိုက်ခတ်ခံရသလိုပဲ တဝုန်းဝုန်း အသံဆူနေတော့လေသည်။ ဘာကြောင့် အခုကျမှ ခဏခဏ တိုက်ဆိုင်နေရတာလဲ။ အခုကျမှ သောတနဲ့ သက်ဆိုင်သူတွေကို ထပ်ထပ်တွေ့လာရသလဲ သောတရယ်။ တကယ်ဆိုလုံးဝပြန်မတွေ့ခဲ့တဲ့ ခြောက်နှစ်အတွင်းမှာ သတင်းလေးတောင် ကြားဖို့သင့်ပါရက် ဘာသတင်းမှကို မကြားခဲ့ဘဲ အခုလို အချိန်ကျမှ ကြားရတာ နောက်ကျနေပြီလား။ သိပ်များ နောက်ကျနေပြီလား။

"ကိုလတ် သူ့ကို မှတ်မိတယ်လား။ သိပ်လည်းမတွေ့ဖူးဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိတယ်ရယ်လို့ မဟုတ်ဘူး။ ဒီကောင်မလေး သိပ်တွေ့ဖူးတာပဲဆိုပြီး ငါကလည်း သူ့ကိုကြည့်။ သူကလည်း ငါ့ကို အံ့သြပြီး ကြည့်နေတုန်း ဝင့်ဝါက မိတ်ဆက်ပေးလိုက်တာပဲ။ ဝင့်ဝါတို့ အသိမိတ်ဆွေ အန်တီကြည်ဖြူရဲ့ သမီးလေးလေတဲ့။ သောတကြည်တဲ့ ဆိုပြီး မိတ်ဆက်ပေးတော့ ငါ မင်းရဲ့ကောင်မလေး သောတပဲ ဆိုတာ ချက်ချင်းတန်းသိလိုက်တယ်။ သောတကြည် ဆိုတဲ့ နာမည်က ရှားလည်း ရှားတယ်လေ။ ပြီးတော့ ငါကိုယ်တိုင်လည်း မြင်ဖူးသလိုလို ဇဝေဇဝါ ဖြစ်နေတော့ နာမည်ကြားလိုက်ရတော့မှ အဖြေပေါ်တော့တယ်"

"ကိုလတ်ကိုရော"

"သူလား … မှတ်မိတယ်ရယ်လို့ မဟုတ်ဘူး။ သူလည်း ငါ့လိုပဲ ဝင့်ဝါက ဒါ အစ်မရဲ့ ကိုကျော်စွာထန်မလေ၊ ဘာညာနဲ့ပြောပြီး မိတ်ဆက်ပေးတော့မှ သူ့ပုံက မင်းရဲ့အစ်ကို ဆိုတာ မှတ်မိသွားပုံပဲကွ၊ အေးလေကွာ၊ ငါတို့က တစ်ခါနှစ်ခါလားပဲ တွေ့ဖူးလိုက်ကြတာကိုး"

ကိုလတ် စကားဆုံးသောအခါ ရဲဝံ့ထန် ရင်ထဲတွင် ဘာကို နာကျင်မှန်းမသိ နာကျင်သွားပါသည်။ ကိုလတ်နဲ့ ကိုကြီးတို့ သောတကို မြင်ဖူးလိုက်ကြရသော အဖြစ်အပျက်ကို ပြန်မှတ်မိသွားသောအခါ ရဲဝံ့ထန်သည် ကိုယ့်ကိုယ်ကိုယ် အခုမှ guilty ဖြစ်သွားပါသည်။





"မဝင့်ဝါနဲ့ သူတို့ ဘယ်တုန်းက သိလဲ၊ တစ်ခါမှ ပြောသံမကြားဖူးပါဘူးနော်"

"အပြန်, လမ်းရောက်မှ ငါ မေးကြည့်တယ်၊ သိတာကြာပြီလို့ပြောတယ်၊ ဝင့်ဝါတို့က မော်ဘီဘက်မှာ မာလကာခြံတွေရှိတယ်လေ။ ဒေါ်ကြည်ဖြူတို့ခြံက ပန်းစိုက်ခင်းခြံပေါ့၊ ခြံချင်းမနီးမဝေးမို့ မိတ်ဆွေတွေတဲ့။ သောတ ဆိုတာ အရင်ကတည်းက သိလာတဲ့ မိန်းကလေးတဲ့။ ငါတို့နဲ့ကျ ဘာမှ အဆက်အစပ်မရှိတော့ ပြောမပြဖြစ်ခဲ့တာတဲ့ကွာ၊ ငါက သောတအကြောင်း မေးတော့ ဝင့်ဝါက ပြန်စပ်စုသေးတယ်။ ငါ အဆင်ပြေအောင် ပြောလိုက်ပါတယ်ကွာ။ ညီလေးနဲ့ ဆယ်တန်းတုန်းက ရည်းစားတွေ ဖြစ်ခဲ့ကြဖူးလို့လို့။ ဝင့်ဝါတောင် အံ့သြနေတယ်။ အဲဒီကောင်မလေး သိပ်လိမ္မာတာတဲ့။ တစ်ခါမှလည်း ရည်းစားထားခဲ့တာ မကြားဖူးဘူးတဲ့၊ ရဲဝံ့နဲ့ ဘယ်လိုများ ရည်းစားဖြစ်ခဲ့ဖူးတာလဲတွေ ဘာတွေ ဖြစ်လို့ အံ့သြနေတာ"

"ကိုလတ် အဲဒီလောက်ပဲ ပြောတယ်မဟုတ်လား"

"အေးပါ … ငါ အဲဒီလောက်ပဲ ပြောပါတယ်၊ ဘာလုပ်မှာလဲ၊ အပိုတွေ လျှောက်ပြောနေရင် ဘယ်သူ့အတွက်မှ မကောင်းဘူးဆိုတာ ငါသိပါတယ်။ အားလုံး သူ့အခြေအနေနဲ့သူ အနည်ထိုင်နေပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



အနည်းမထိုင်သေးပါဘူး ကိုလတ်။ အခုမှတောင် ပိုဆိုးလာတယ်။ အနည်းမထိုင်သေးချိန်မှာ အနည်းတွေ ပြန်ပြီးတော့ တောင် ထလာပြီ ထင်တယ်။ ပိုပြီး နောက်ကျိမှုန်မှိုင်းကုန်ပြီထင် တယ်။

"ငါ အခုမှ သေသေချာချာ ကြည့်မိတယ်၊ ကောင်မလေး က ချစ်စရာလေးပဲ။ သူ့မျက်နှာက တစ်မျိုးလေး၊ သူ ဘာ အပြစ်ပဲလုပ်လုပ် စိတ်ထဲမှာ ခွင့်လွှတ်ပြီး အပြစ်မမြင်ချင် အောင် innocent လေးကွ။ ဒါကြောင့် မင်း သူ့ကိုတော် တော်ချစ်ခဲ့တာကိုး။ ဆယ်တန်း တစ်နှစ်မဖြေဘဲ စိတ်လေ ပစ်တဲ့အထိတောင် ချစ်ခဲ့တာကိုး။ အေးကွာ ... ညီလေး ရာ ဆောရီးပါပဲ။ ငါလည်း အဲဒီတုန်းက ကိုကြီးကိုပဲ ခေါင်းဆောင်တင်ထားရတော့ သူ ပြောတာ လုပ်ရတာပဲ လေ။ ပြီးတော့ မင်းတို့ကလည်း သိပ်ငယ်သေးတာကိုး။ တကယ့် ကလေးစုံတွဲလေးဆိုတော့ အစ်ကိုတွေက ဒေါသ ဖြစ်စရာ ခွဲပစ်ချင်စရာပေါ့"

ရဲဝံ့ထန်သည် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား သော သူ့လက်ဖဝါးနှင့် သောတ၏ လက်ဖဝါးလေးတို့ကို အတင်းအဓမ္မ ဆွဲဖြုတ်ကွန်းထုတ် ဆောင့်ဆွဲပစ်ခဲ့ကြသော ကိုကြီးနဲ့ ကိုလတ်တို့၏ ဒေါသမျက်နှာကို ပြန်မြင်ယောင် ကြေကွဲနေမိသည်။ လက်ချောင်းလေးတွေနဲ့ လက်ကောက်ဝတ် နာသွားပုံရတဲ့ သောတ ၏ ရှုံ့မဲ့မဲ့နှင့် ငိုလည်း ငိုကြွေးနေသော မျက်လုံးညိုလေးတွေဟာ သူ့ကို ရက်ပေါင်း လ,ပေါင်းများစွာ အိပ်မက်ဆိုး မက်စေခဲ့တာပါ။





"မင်း မွန်မြတ်ကို သူ့ထက်ပိုချစ်လို့ ရွေးလိုက်ဘယ်ပဲ ငါ ထင်ပါတယ်ကွာ။ ဟိုကောင်မလေးနဲ့က ဆယ်ကျော်သက် အရွယ် စိတ်ကစားတုန်း ချစ်ကြတာဆိုတော့ ကြာတော့ မင်း မေ့လို့ရသွားတာပေါ့"

"မဟုတ်ဘူး ... မဟုတ်ပါဘူး။ ကျွန်တော် ဘာကြောင့်မှန်း မသိဘူး။ ခဏအတိတ်မေ့သွားတာ ထင်တယ်၊ တကယ် ပါ။ ကျွန်တော် သူ့ကို ခြောက်နှစ်လုံးလုံး ဖျတ်ခနဲ ကြုံကြိုက်လို့ သတိရခဲ့တာကလွဲရင် ပြန်ဆုံဖို့လည်း မကြိုး စားခဲ့ဘူး။ ပြန်ဆက်သွယ်ခွင့် ရအောင်လည်း မလုပ်ခဲ့မိ ဘူး။ ကျွန်တော် ညံ့ဖျင်းလွန်းခဲ့တယ်"

"ဟာ ... ရဲဝံ့ ... ညီလေး၊ မင်း ဘာဖြစ်နေတာလဲ၊ ဘာ လဲ ... မင်းတို့ ပြန်တွေ့ပြီးကြပြီလား၊ ဟုတ်လား"

ရဲဝံ့ အသာပင် ခေါင်းခါပြသည်။ ကျော်စွာထန် တစ်ယောက် ဘာဆက်ပြောရမှန်းပင် မသိအောင် တိတ်ဆိတ် သွားပါသည်။ ညီလေး ရဲဝံ့ရဲ့ မျက်နှာမှာ အခုမြင်ဖူးတာလောက် ကြေမွနေသော အရိပ်အရောင်မျိုး သူ တစ်ခါမြင်ဖူးခဲ့ပါသည်။ ထိုတစ်ခါမှာ သူတို့ညီလေးကို သောတနဲ့ ခွဲလိုက်စဉ်တုန်းက မြင်ဖူးတာ ဖြစ်သည်။ မွန်မြတ်မေ ဆိုတဲ့ ကောင်မလေးနဲ့ မဆုံ ခင်ကာလတွေကလည်း ရဲဝံ့ဟာ စိတ်လေတာပဲလား။ အသည်း ကွဲနေတာကို မေ့ချင်ယောင်ဆောင်ပြီး နေပြတာလားတော့မသိ။ တွဲလိုက် ပြတ်လိုက်တဲ့ ကောင်မလေးတွေဆိုတာ သူတို့မသိလိုက် တာပဲ အများကြီး။ သိလိုက်တာလည်း အများကြီး။



www.burmeseclassic.com

www.burmeseclassic.com



ပထမတစ်နှစ် ဆယ်တန်းကို သွားပင်မဖြေတော့ဘဲ စိတ်လေနေသော ရဲဝံ့ကို ကိုကြီးကသာ ကောင်းကောင်းကိုင်တွယ် ဆုံးမနိုင်ခဲ့တာ ဖြစ်သည်။ ကိုကြီးကြောင့်လည်း ဒုတိယနှစ်ဝက် လောက်မှာ ရဲဝံ့ စိတ်လေတာလျှော့ပြီး ဆယ်တန်းပြန်ဖြေဖို့ အာရုံ စိုက်လိုက်ပြီး အသေအချာ လေးလေးနက်နက် ဖြေခဲ့လို့ ဒုတိယ တစ်နှစ်မှာ ဖြေဖြေချင်းပဲ အောင်ခဲ့ပါသည်။ သို့သော် ရဲဝံ့က အဝေးသင်သာ တက်မည်ဟု ဆုံးဖြတ်ပြီး အဝေးသင်တက်ရင်း ကွန်ပျူတာဒီပလိုမာသင်တန်းကိုပါ တွဲတက်ခဲ့သဲဖြင့် သောတတို့ နဲ့ တက္ကသိုလ်မှာ ပြန်မဆုံခဲ့သည်လား။ ဒါမှမဟုတ် သောတတို့ ကလည်း အဝေးသင်ပဲ တက်ခဲ့လို့လား မသိ။ အဖြစ်အပျက်တွေ ဖြစ်ပြီး နောက်ပိုင်းမှာ ရဲဝံ့နှုတ်ဖျားက သောတဆိုတာ လေသံဟာတာ ပင် မကြားရခဲ့ပါ။

ကိုကြီးကပြောတော့ ...

"ငါပြောသားပဲ၊ စိတ်ကစားတုန်း ဖြစ်ပျက်သွားတဲ့ အရာ ပါကွာ၊ ငါတို့ သူ့အလိုသာလိုက်ပြီး လွှတ်ပေးလိုက်ကြည့်။ အခုလောက်ဆို ဒီကောင် နောင်တရနေမယ်"

ဟူ၍တည်း။ ကျော်စွာထန်ကတော့ အဲဒီထဲက ရဲဝံ့ ကို ဒီကောင်မေ့လွယ်လှချည်လားဟု အံ့ဩမိခဲ့သေးသည်။ ကိုကြီး ပြောလို့သာ စိတ်ကစားပြီး ချစ်ကြသည်ဟု ယုံရပေမဲ့ သူတို့ တကယ်ချစ်သွားတာလည်း ဖြစ်နိုင်သည်ဟု ဘာကြောင့် သူ တစ်ဖက်ကနေ တွေးကြည့်ခဲ့မိသည်လဲ မသိပါ။





"ဘယ်တုန်းက ပြန်တွေ့တာလဲ"

အတန်ကြာ ငြိမ်သက်ပြီး ရှေးဟောင်းနှောင်းဖြစ် တွေ သတိရနေသော ကျော်စွာထန်သည် အခုမှ သတိရကာမေး လိုက်ပါသည်။

ရဲဝံ့ထန်သည် ခပ်ဝဲဝဲ မျက်ရည်ဝဲနေသော သူ့မျက် လုံးတွေကို ဖုံးကွယ်ရင်း ...

"သိပ်မကြာသေးဘူး၊ သူ ဖွင့်ထားတဲ့ဆိုင်မှန်း မသိဘဲ ပန်းစည်းဝင်ဝယ်မိတဲ့ နေ့ကပေါ့။ လွန်ခဲ့တဲ့ နှစ်လလောက် ကပဲ၊ နှစ်လအတွင်းမှာ သူ့ကို သုံးခါဆုံတယ်၊ သူနဲ့သက် ဆိုင်တဲ့ သူ့ရဲ့အချစ်ဆုံး သူငယ်ချင်းတွေနဲ့လည်း ဆုံရတယ်"

"သူ့မှာရော ရည်းစားအသစ် ရပြီလား"

"အဲဒါတော့ ကျွန်တော် မသိဘူး။ ဒါပေမဲ့ ကျွန်တော့်စိတ် ထဲမှာတော့ သောတဟာ ခုထိ တစ်ယောက်တည်းပဲလို့ အလိုလို သိနေတယ်"

"ဟား ဟား ဟား ... ငါတို့ ယောကျ်ားလေးတွေမှာ အဲဒီ အစွဲ ရှိတယ်ကွာ။ ကိုယ်ကျတော့ သူ့နောက်ပိုင်းမှာ ရည်းစားတွေ ထပ်ပြီးထားရင် ထားမယ်၊ သူကျတော့ ဘယ်ရည်းစားမှ ထပ်မရှာဘဲ ကိုယ့်ကိုပဲ လွမ်းနေ ချစ်နေ တာမျိုးကို ပိုမက်မောကြတယ်ကွ"

"အဲဒီလိုသဘော မဟုတ်ပါဘူး၊ ကျွန်တော်ကတော့ မျှမျှ တတပါပဲ။ ကျွန်တော်တောင် အဖော်ရှိနေသေးတာ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိနေစေချင်တယ်၊ သူ ကျွန်တော်တို့စုံတွဲကို lonely ဖြစ်ပြီး ငေးကြည့်နေရတာထက်စာရင် သူလည်း သူ့အဖော်နဲ့ ကျွန်တော့်ကို ရင်ဆိုင်ရတာမျိုး ဖြစ်ချင်တယ်။ သူ ခုလိုတစ်ယောက်တည်း ဖြစ်နေတော့ ကျွန်တော် ပိုခံစားရတယ်။ ကျွန်တော် ပိုပြီး guilty ဖြစ်တယ်"

ကျော်စွာထန်သည် ရဲဝံ့ထန် ပြောသည့် သဘောကို နားလည်ပြီး ဟုတ်တာပေါ့ဟု ဆိုပါသည်။

"မွန်မြတ်ကို မင်း ဒါတွေ ပြောပြဖူးလား"

"မပြောတော့ပါဘူး၊ ကျွန်တော့်အတွက်ကြောင့် မဟုတ်ဘူး။ မလိုအပ်ဘဲ သောတဆိမှာ ထိခိုက်နစ်နာသွားမှာစိုးလို့ပါ"

"ဒါတော့ မှန်ပေမဲ့ မင်းတို့က ..."

ရဲဝံ့ အသာလက်ကာရင်း ...

"ကိုလတ် ပြန်ပြောမနေပါနဲ့ဗျာ၊ ကျွန်တော် အခုမှ တကယ်ပဲ အတိတ်မေ့ချင်နေပြီ၊ တကယ် ပြောတာ၊ ကျွန်တော် သောတကို ဘာမှလုပ်ပေးလို့လဲ မရတော့ဘူး။ ဒါကြောင့် သူ့နဲ့ပတ်သက်တာ ဘာမှ ဆွေးနွေးမနေချင်တော့ဘူး"

ထိုအချိန်တွင် ဆိုင်ရှေ့ကားပါ့ခ်မှာ မွန်မြတ်၏ sports ကားပုံစံ ကားနီနီရဲရဲလေး လာဝင်ရပ်လိုက်သဖြင့် အလိုလိုပင် စကားစပြတ်သွားပါသည်။ မွန်မြတ် ကားတံခါးဖွင့်ပြီး ဆင်းလာချိန်တွင် ကျော်စွာထန်ကတော့ ...





"အမှန်အတိုင်း ပြောရရင် မွန်မြတ်က ပိုလည်းလှပါတယ်၊ အစစအရာရာလည်း သောတထက် သာပါတယ်၊ မင်း သူ့ကိုပဲ ရွေးချင်တော့မှာပေါ့၊ ငါ နားလည်ပါတယ်"

ဟု ခပ်တိုးတိုး ပြောလျှင် ...

"မဟုတ်ဘူး ကိုလတ်။ မဟုတ်သေးဘူး"

မွန်မြတ် ဝင်လာပြီမို့ သူ့အတွင်းနှုတ်ခမ်းသားကိုသာ ဖိကိုက်ပြီး စကားလုံးတွေကို ပြန်မျိုချလိုက်ရတော့လေသည်။ တကယ်တော့ အချစ်မှာ ပိုလှတာတွေ ပိုချမ်းသာတာတွေ အရေးမကြီးဘူး။ ရင်ထဲမှာ ဘယ်တော့မှ ထုတ်ပစ်လို့ မရအောင် ချစ်နေမိဖို့ပဲ လိုတယ်။ ကိုယ်ချစ်တဲ့သူဟာ ရုပ်ချောသည်ပဲဖြစ်ဖြစ်၊ ရုပ်ဆိုးသည်ပဲဖြစ်ဖြစ်၊ ချမ်းသာသည်ပဲဖြစ်ဖြစ်၊ ဆင်းရဲသည်ပဲဖြစ်ဖြစ် အသွေးအသားတွေထဲမှာ နှစ်မွှန်းနေအောင် ချစ်မိထားရင် ဘယ်တော့မှ ဖယ်ပစ်လို့ မရတော့ဘူး။ ထုတ်ပယ်လို့ မရတော့ဘူးဆိုတာ အခုမှ ကျွန်တော် နားလည်သွားပါပြီ ကိုလတ်ရယ်ဟု ရဲဝံ့ အသေအချာကို ရှင်းပြချင်ပါသည်။

ယောကျ်ားတစ်ယောက်ထံမှာ ကိုယ်ပေးထားသော ကတိကို တည်ကြည်ခြင်းဟူသော ဂုဏ်သိက္ခာက အရေးကြီးသည်မို့ ရဲဝံ့သည် ကတိတည်ဖို့ ကြိုးစားနေရသော ယောကျ်ားတစ်ယောက်သာ ဖြစ်တော့သည်။

"မွန်မြတ်ကို တစ်သက်လုံး လက်တွဲချင်ပါတယ်၊ လက်ထပ်ချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောထားဖူးသော သူဟာ ...

"တစ်သက်လုံး သစ္စာရှိပါ့မယ်"

လို့လည်း ကတိလွယ်လွယ်ပေးခဲ့မိသဖြင့် အခုတော့ ထိုကတိကို တည်ပြုရတော့မည်။

ဒါဖြင့် သောတ အပေါ်မှာ ကျတော့ရော။ သူ မတရားခဲ့ဘူးလား။ သောတကိုလည်း ...

"ငါ့ခြေထောက်ပေါ် ငါရပ်နိုင်တဲ့နေ့ကျရင် နင့်ဆီ ငါအရင်ဆုံး ပြေးလာခဲ့ပါ့မယ် သောတရယ်"

လို့ အားလုံးရှေ့မှာ သွေးရူးသွေးတန်း အော်ပြောခဲ့မိတယ်၊ ကတိပေးခဲ့မိတယ်။ ကတိရယ် မဟုတ်ပေမဲ့လည်း ဒါဟာ သောတကို သူ အဲဒီအချိန်တုန်းက အသေအချာ ရင်ထဲက ထွက်လာသောအသံနဲ့ အော်ပြောခဲ့မိတယ်။ ဒါကို သောတ အတည်ယူခဲ့လေမလား။

ရဲဝံ့ ရောက်လာမဲ့ နေ့ကိုများ စောင့်နေခဲ့သလား သောတရယ်။ ထိုသို့ ရုတ်တရက် တွေးလိုက်မိသောအခါ ရဲဝံ့ထန်သည် ချက်ချင်းပဲ သောတကို ပြေးတွေ့ပြီး ရအောင်မေးပစ်ချင်သွားပါသည်။ ကတိပေးခဲ့သူက ပေးခဲ့ပေမဲ့ ထိုကတိကို မေ့သွားခဲ့ပေမဲ့ ထိုကတိကို ကြားခဲ့သူကတော့ စောင့်နေခဲ့မယ်ဆိုရင် ...။

ရဲဝံ့ထန်သည် ရင်ထဲမှာ နှလုံးသားကို ဖျစ်ညှစ်ခံထားရသလို အသက်ရှူကျပ်လျက် ချွေးပင်စို့လာသည်။

"ရဲ ဘယ်လိုဖြစ်နေတာလဲ၊ မျက်နှာလည်း မကောင်းဘူး၊ ဘာဖြစ်လို့လဲ၊ နေမကောင်းတာလားဟင်"





ကိုလတ်က မျက်နှာရိပ်မျက်နှာကဲပြပြီး ဟန်ဆောင်ဖို့ လှမ်းသတိပေးပါသည်။

"ကွန်ပျူတာအကြည့်များလို့ မျက်ရိုးကိုက်လာတာကွာ။ ညကလည်း အိပ်ရေးပျက်ထားတော့ လူက မလန်းဘူးဖြစ်နေတယ်"

"ဟယ် ... ဘာဖြစ်လို့ အိပ်ရေးပျက်တာလဲ"

"ဒီလိုပါပဲ၊ satellite ထိုင်ကြည့်ရင်း မထ,ဖြစ်တော့ဘူး။ ကြည့်ရင်း ဆိုဖာပေါ်မှာ ဘယ်အချိန်က အိပ်ပျော်သွားမှန်း မသိဘူး။ လက်တွေ ကျင်လာတော့မှ နိုးတော့ မနက်ခုနစ်နာရီရှိပြီ။ ဒါပေမဲ့ ကိုယ်သိတယ်၊ အိပ်ရေးမဝသေးဘူး၊ ပြန်လည်း အိပ်ပျော်မရတော့ဘူး။ ဒါကြောင့် ဆိုင်ဘက်စောစောရောက်လာတာ"

"ဆွေးနွေးစရာရှိလို့ ရဲဆီ လာတာ၊ ရဲက, သိပ်မရွှင်လန်းဘူးဆိုတော့ မပြောသေးပါဘူး။ နောက်နေ့မှပဲ ပြောတော့မယ်။ ဟော ... ကိုလတ်က ပြန်တော့မှာလား။ မွန်မြတ်ရောက်လာတာနဲ့ အားနာပြီး မပြန်နဲ့နော်၊ ရတယ် နေပါ။ ရဲနဲ့စကားပြောရင် ပြောပါ။ မွန်မြတ်က ဒီလိုပဲ၊ ရဲဆီ တစ်နေ့တစ်ခေါက် မလာရရင်မနေနိုင်လို့ လာတဲ့သဘောပါ"

ကျော်စွာထန်က အသာအယာပြုံးရင်း ...

"ငါလည်း ပြန်တော့မှာပါဟာ။ ဝင့်ဝါ ဘက်ကိုစွပြီးရင် သူ့အိမ်သူ ပြန်နှင့်မယ်ဆိုတော့ အခုလောက်ဆို ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီထင်တယ်။ သူ့အိမ်လိုက်သွားပြီး ဝယ်ခြမ်းစရာ ဘာကျန်သေးလဲ မေးရဦးမယ်”

“အင်း ... ဟုတ်တယ်နော်၊ ပွဲက သုံးလလောက် လိုသေးပေမဲ့ ဝယ်တာက ဝယ်နေရမှာပဲနော်။ ကိုယ့်အိမ်ကိုယ့်ရာပြန်စ,ရမယ်ဆိုတော့ အိမ်ထောင်ပရိဘောဂကအစ ပြန်အသစ်ဝယ်ရတော့ ဝယ်လို့ကို မပြီးနိုင်ဘူး။ မွန်မြတ်တို့အလှည့်ကျလည်း ဒီလိုပဲ ဝယ်ရမှာပဲ”

“ကဲ ... ကဲ ... ငါသွားပြီ ညီလေး။ ကိုကြီးဆီ ဖုန်းလေးတစ်ချက်တော့ ဆက်လိုက်ဦး။ မင်း သူ့ဆီဖုန်းမဆက်တာကြာပြီ။ မင်း ဖုန်းခေါ်လည်း အိမ်ဖုန်းဆို ဘယ်တော့မှ ခေါ်မရဘူး။ အိမ်မှာ အမြဲမရှိတော့ ကိုင်မဲ့လူ မရှိဘူးတဲ့။ မိုဘိုင်းလ်ဖုန်းကလည်း အမြဲ ခေါ်ရခက်နေတယ်တဲ့၊ သူက ငါ့လိုမဟုတ်ဘူး၊ လတ်လျားလတ်လျား လျှောက်သွားလို့မရဘူးကွ။ သူ့အလုပ်က သူကိုယ်တိုင် မျက်စိဒေါက်ထောက် ကြည့်နေမှ ဖြစ်တော့ တစ်နေ့တစ်နေ့ အလုပ်နဲ့ အိမ်ပဲ ဖြစ်နေတယ်”

“ဟုတ်ကဲ့ ... ကျွန်တော် ဆက်လိုက်ပါမယ်”

ကိုလတ် ပြန်ထွက်သွားသောအခါ ရဲဝံ့ထန်သည် မွန်မြတ်ကို ချော့မော့သလိုဖြင့် ပခုံးလေး အသာပွေ့ဖက်လိုက်ရပါသည်။

“ကဲ ... ပြောပါဦး၊ ဘာဆွေးနွေးစရာရှိလို့ လာတာလဲ”





“ရဲ ခေါင်းကိုက်နေတယ်ဆို”

“ရပါတယ်၊ မွန်မြတ် ရောက်လာတော့လည်း ရောဂါတစ်ဝက် သက်သာသွားသလိုပဲ ခံစားရတယ်”

“ခေါင်းကိုက်နေတာကို ဒီတိုင်း မနေနဲ့လေ၊ ဆေးလေး ဘာလေး သောက်လိုက်ဦး”

“ကိုယ် ဘာမှ မစားရသေးဘူး။ ဆိုင်ကကောင်တွေကပြောတယ်၊ အကိုက်အခဲပျောက်ဆေးတွေ သောက်ရင် ဗိုက်ထဲမှာ အစာနည်းနည်းတော့ စားထားရမယ်တဲ့။ ကိုယ်ဘာမှ မစားရသေးတော့ ဆေးမသောက်ရသေးဘူး”

“ဒါဖြင့် လာ ... တစ်ခုခု သွားစားရအောင်”

ရဲဝံ့ထန်သည် မွန်မြတ်၏ အလိုကျ အပြင်အတူထွက်လာခဲ့ပါသည်။ snack bar လေး တစ်ဆိုင်ထဲ ဝင်ပြီး ကိုယ်စားချင်ရာ ကိုယ်မှာစားရင်း မွန်မြတ် ပြောလိုသော စကားကို နင်းထောက်ပေးရလေသည်။

မွန်မြတ်က ...

“မွန်မြတ်တို့ လူကြီးချင်းတော့ တွေ့ဆုံစကားပြောပြီးနေပြီ။ စေ့စပ်ပွဲ လုပ်ကြရင် ကောင်းမလားလို့ တွေးမိလို့ပါ”

ရဲဝံ့ထန်သည် အရင်ကလောက် စိတ်မပါပေမဲ့ တစ်ဖက်မိန်းကလေး စိတ်ထဲမှာ အနှောင့်အယှက် ဖြစ်မှာစိုးသဖြင့် ...

“မွန်မြတ် သဘောပါ”



www.burmeseclassic.com

www.burmeseclassic.com



ဟုသာ အလိုက်သင့် ဖြေလိုက်ရပါသည်။

"မွန်မြတ် သဘောချည်း မပြောပါနဲ့။ ရဲက စေ့စပ်ပွဲလုပ်မနေတော့ဘူး။ လက်ထပ်ပွဲသာ ကြီးကြီးကျယ်ကျယ်လေး တစ်ခါတည်း လုပ်လိုက်ကြရအောင်လို့ အရင်က ပြောထားဖူးလို့ပါ"

"အဟင်း ... ဟုတ်တယ်လေ၊ ပွဲတွေအများကြီး လုပ်မယ်ဆိုရင် ကိုယ့်ဘက်က မနိုင်နင်းမှာ စိုးလို့ပါ။ ကိုယ်က မွန်မြတ် မိဘတွေလောက် မချမ်းသာဘူးလေ။ သူတို့လိုချင်တဲ့ ပွဲပုံစံမျိုး ကိုယ်လိုက်လုပ်ရရင် ကိုယ့်ပိုက်ဆံနဲ့မမီမှာစိုးလို့"

"မေမေက ပြောလာလို့ပါ။ မေမေကတော့ မွန်မြတ်တို့ကိုနားလည်ပါတယ်။ သမီးအငယ်ဆုံးလေးမို့ ကိုယ့်ဘက်က ကုန်ရင်လည်း ကုန်ပါစေတဲ့၊ စေ့စပ်ပွဲတစ်ခါတော့ မေမေတို့ အကုန်ခံပြီး လုပ်ပေးမယ်၊ ဘယ်လိုလဲတဲ့၊ ဒီမနက်မှာ ပြောလို့။ မေမေ ပြောတာကလည်း အကြောင်းရှိတယ်လေ၊ သူ့ဖြိုင်ဘက် အန်တီကြီးတစ်ယောက်ရဲ့ သမီးက ခုတလောလေးတင် စေ့စပ်လက်ထပ် လုပ်သွားတာ စေ့စပ်ပွဲက သိန်း(...)လောက် ကုန်တယ်။ မင်္ဂလာဆောင်တဲ့ အခါကျတော့မှ ပွဲတွေက မနည်းဘူး၊ လက်မှတ်ထိုးပွဲ တစ်ရက်၊ မင်္ဂလာဆွမ်းကျွေး တစ်ရက်၊ ညှိခံပွဲတစ်ရက်နဲ့ ညဘက် dinner ပွဲတဲ့။ လေးပွဲဆက်တိုက် လုပ်ပြသွားတာလေ၊





အသိုင်းအဝိုင်းထဲမှာတော့ သူ့ပွဲဟာ ပြောစမှတ်အတွင်ဆုံးဖြစ်သွားတယ်။ ရဲကိုပြောရင် ယုံပါ့မလားမသိဘူး။ သတို့သမီးဝတ်စုံက သိန်းနှစ်ဆယ်ကျော်လောက် တန်တယ်တဲ့လေ"

ရဲဝံ့ထန် တမင်ပဲ မျက်လုံးပြူးပခုံးတွန့်ပြမိပါသည်။ မွန်မြတ်တို့ အသိုင်းအဝိုင်းမှာတော့ ဒီလို လုပ်ပြနိုင်မှပဲ လူတန်းစေ့သည်ဟု ထင်ကြကြောင်း ရဲဝံ့ထန် သိထားပြီးပါပြီ။ မွန်မြတ်ကိုယ်တိုင်လည်း တော်ရုံလူဆို အထင်မကြီးခဲ့သူပင်။ ရဲဝံ့ထန်ကိုကျမှ သူမတို့လောက် မကြွယ်ဝမှန်း သိပေမဲ့ ရွေးချယ်လိုက်ခြင်းကြောင့် ရဲဝံ့ထန်မှာ အဲဒီအချက်နဲ့ပင် မွန်မြတ်ရဲ့အချစ်ကို မှန်းဆကြည့်နိုင်ခဲ့ပါသည်။

"ရဲ ဘယ်လိုသဘောရလဲ"

"မွန်မြတ် စိတ်ပါရင် လုပ်လိုက်ပါ၊ တကယ်ပြောတာ၊ ကိုယ် ဘာမှ ဝင်မပါတတ်ဘူး။ ကိုယ့်ဘက်ကတော့ ကြိုတင်ပြင်ဆင်ထားတာက မင်္ဂလာပွဲကျရင် မွန်မြတ်တို့ အသိုင်းအဝိုင်းနဲ့ ယှဉ်လို့ရမဲ့ပွဲမျိုး လုပ်ပေးဖို့ပဲ ဖြစ်နေတော့ ကိုယ် ဘာမှအကြံမပေးလိုပါဘူး"

"မေမေကတော့ ပြောတယ်၊ စေ့စပ်ပွဲ အတိအလင်း လုပ်ပြီးရင် လက်ထပ်ဖို့က သိပ်အချိန်မဆွဲသင့်တော့ဘူး၊ တစ်နှစ်လောက် အကြာမှာ လုပ်သင့်တယ် ပြောတယ် ရဲရဲ့။ မွန်မြတ်က ရဲကို အားနာလို့ပါ။ ရဲမှာ ကြိုတင်စုဆောင်း



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ပိုက်ဆံ မလုံလောက်သေးဘဲ မွန်မြတ်က အတင်း ပွဲလုပ်ခိုင်းနေရင် ရဲ စိတ်ညစ်မှာ စိုးလို့ပါ"

"ဩော် ... မွန်မြတ်ရယ်"

ရဲဝံ့ထန်သည် အလိုက်သိတတ်လှသော မိန်းကလေးကို ကရုဏာသက်ပြီး လက်ချောင်းလေးတွေကို အသာဆုပ်ကိုင် ဖျစ်ညှစ်နှစ်သိမ့်လိုက်ရပါသည်။

တကယ်တော့ သူနဲ့ဆုံရသော မိန်းကလေးတွေက သာ သူ့အပေါ် ကောင်းသူတွေဖြစ်လျက် သူကသာ မကောင်းတဲ့ သူ တစ်ယောက် ဖြစ်နေခဲ့ပါသည်။ မွန်မြတ်ဆီမှ ဒီလို အလိုက်သိစွာ ပြောသံကြားရတော့ သူ့အပေါ် အလိုက်သိစွာပင် ပြန်ဆုံကြပေမဲ့လည်း သူ့ကို မျှော်လင့်စောင့်စားနေခဲ့ကြောင်း တစ်ခွန်းတောင် မဟ၊ အရိပ်အယောင်တောင် မပြခဲ့သည့် သောတကို တမ်းတစွာ သတိရမိသွားတော့လေသည်။

❦ ✧ ❦



# ❦ ၁၀ ❦

"ညီမလေး ... သောတ"

"ဟယ် ... မဝင့်ဝါ"

သောတတို့ တစ်ယောက်နဲ့တစ်ယောက် လက်အသာ ဆွဲ လှုပ်ယမ်းမိကြလျက် ဝမ်းသာအားရ နှုတ်ဆက်နေကြသည် ကို နောက်ဘက်မှာ ခပ်ပြုံးပြုံး ရပ်ကြည့်နေသည့် ကျော်စွာထန် ကတော့ လေ့လာနေဆဲ။

ရှော့ပင်းမောလ်ကြီးထဲမှာ အမှတ်မထင် တွေ့လိုက်ရ၍ ဝင့်ဝါက ကောင်မလေးနောက်က ပြေးလိုက်ခေါ်သဖြင့် သောတကြည်နှင့် သူ ဒုတိယတစ်ခါ ထပ်ဆုံရပြန်ပြီ။ သောတကြည်ကတော့ ကျော်စွာထန်ကို မြင်လျှင် မျက်နှာမှာ ခုနကလောက် ရွှင်လန်းမနေတော့ဘဲ အသင့်အနေအထားလိုလို ဖြစ်သွားပါသည်။

ကျော်စွာထန်သည် ပိတ်အကြေ ခပ်မွမွ ကော်တွန်သားအင်္ကျီ ဖြူပွပွလေးနှင့် စကတ်အကားလေးဝတ်ကာ ကလေး



www.burmeseclassic.com

www.burmeseclassic.com



မလေးတစ်ယောက်လိုပဲ နုငယ်နေဆဲဖြစ်သည့် မိန်းကလေးကို ထပ်ဆုံရလျှင် ရင်ထဲမှာ ဘယ်လိုအားနာမိမှန်းမသိ။ ဘယ်လိုသနား မှန်းမသိ။ သူတို့ခွဲခဲ့မိသည်ကို အစမှ ပြန်အစဖော်ပြီး တောင်းပန် လိုက်ချင်နေမှန်းမသိ ဖြစ်နေပါသည်။

ဘာကြောင့်လဲ ဆိုတော့ ဒီမိန်းကလေးမျက်နှာဟာ ဘယ်လောက်ပဲ ရယ်နေနေ ပြုံးနေနေ ပျော်ရွှင်ပြနေနေ တစ်စုံ တစ်ခုမှာ ကြေကွဲလွမ်းဆွတ်နေဟန် အရိပ်တချို့ကတော့ ခပ်ပျပျ ကလေး မြင်နေရသည်ဟု ကျော်စွာထန့် စိတ်ထဲမှာ ခံစားရ၍ပင်။

ညီလေးကတော့ အဖော်နဲ့ ဖြစ်နေချိန်မှာ ဒီမိန်းက လေးကတော့ တစ်ယောက်တည်း ဖြစ်နေပုံပဲ။ အစတုန်းကတော့ ညီရဲ့ပုံထန်ဟာ သူ့ဘဝနဲ့သူ အခြေကျနေပြီ။ နှလုံးသားလည်း အနည်ထိုင်နေပြီ။ ဖြစ်ပြီးခဲ့တာတွေကိုလည်း မေ့နေပြီဟု ကျော်စွာ ထန် ထင်မှတ်ခဲ့မိပါသည်။ အခုကျတော့ ညီကပါ ဒီမိန်းကလေးနဲ့ ပြန်ဆုံပြီးနောက်မှာ ကြေကွဲဝမ်းနည်းပြီး နောင်တရနေဟန် အရိပ် တွေကို သူ လေ့လာမိလျှင် ကျော်စွာထန်သည် ဒီနှစ်ယောက်ကို ရအောင်ခွဲခဲ့မိသော သူ့ကိုယ်သူပင် ပြန်မုန်းလာပါသည်။

"မှတ်မိလား၊ ဒါ အစ်မရဲ့ ကိုကျော်စွာထန်လေ၊ ဟိုတလော က ညီမလေးဆိုင်ကို ပါလာသေးတယ်"

သောတသည် ငယ်ကြောက်ဖြစ်ခဲ့ရသူပီပီ ခပ်ရဲရဲ မကြည့်ပုံဘဲ ...

"အင်း ... ဟုတ်ကဲ့ပါ၊ သောတ မှတ်မိပါတယ်"





"ညနေကျမှ အန်တီကြည်ဖြူဆီဝင်ပြီး လာပြောဦးမလို့ပါပဲ"

"ဟုတ်လား၊ ဘာများလဲ"

"အစ်မ မင်္ဂလာပွဲအတွက် အန်တီကြည်ဖြူ ပန်းခင်းထဲက ပန်းတွေ မှာချင်တယ်လို့"

"မေမေ အိမ်မှာ အမြဲရှိတတ်ပါတယ်"

"ဒါဖြင့် ခြံဘက်ကို ဘယ်တော့သွားလဲ"

"ခြံက သုံးရက်တစ်ခါလောက် သောတနဲ့အတူ သွားကြည့် ကြတယ်၊ သောတလည်း မေမေ့ပန်းတွေနဲ့ပဲ ဆိုင်ဖွင့်နေ တော့ သုံးရက်တစ်ခါတော့ ပန်းသွားယူရင်း စစ်ရတာပေါ့၊ ခုတလော Lavender တွေ ပိုးနည်းနည်းကျလို့ မေမေလည်း စိုးရိမ်နေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မဝင့်ဝါ မေမေက ကြိုပြောထားတယ်လေ။ မဝင့်ဝါ ပွဲရှိတယ်၊ ပန်းတွေမှာချင် တယ် ဆိုတာနဲ့"

"တစ်မျိုးလုံးက မိန်းမတွေလေ၊ အန်တီကြည်ဖြူခြံကပန်း ပဲ ပန်ချင်တယ် ဖြစ်နေကြတာ၊ အလှပြင်ပေးမဲ့ မိန်းမလျှာ ကလည်း သိတယ်၊ ဒေါ်ကြည်ဖြူခြံက နာမည်ကြီးတဲ့။ သူ့ပန်းတွေက ဘယ်သူနဲ့မှ ယှဉ်လို့မရအောင် ပိုကြွားတယ် တဲ့"

"ဟယ် ... ညီမရယ်၊ ငါတို့ မတ်တတ်ကြီး စကားရပ် ပြောနေတာ၊ လာပါ၊ ဒီမှာတင် လှမ်းမြင်နေရတဲ့ မုန့်ဆိုင် ထဲ ဝင်ထိုင်ရအောင်၊ Mr. Brown Cafe ကို ဒီကနေလှမ်း တွေ့နေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝင့်ဝါက ရတ်တရက် ကောင်မလေးကို ဖိတ်လိုက်တော့ ကောင်မလေးဟာ ဘာမှမဆီမဆိုင်ပင် ကျော်စွာထန်ကို မဝံ့မရဲ ကြည့်ပြန်သေးသည်။ ကျော်စွာထန်သာ မပါရင် သောတကြည်ဟာ ဝင့်ဝါ ဖိတ်တဲ့နောက် မငြင်းဘဲ ချက်ချင်းလိုက်ထိုင်မှာပဲလို့ ကျော်စွာထန်လည်း ချက်ချင်းရိပ်မိလိုက်ပါသည်။ သူ့ရင်ထဲ မကောင်းတော့သလို ဖြစ်သွားသည်။ သူ့ကို ရွံ့ကြောက်ကြီး ကြောက်နေသော သောတရဲ့ အမြင်တွေဟာ ဘယ်တော့မှ ကြည်လင်လာတော့မည် မထင်။ ကျော်စွာထန်သည် မျက်နှာကို အချိုသာဆုံး ပြုံးလိုက်ရင်း ...

"လာလေ ညီမလေး၊ ကိုယ်တို့လည်း ကော်ဖီသောက်ပြီး မုန့်စားမလို့ပါပဲ။ ဝင့်ဝါ ဖိတ်တာကို မငြင်းနဲ့နော်။ သူက ညည်းနဲ့မတွေ့ခင်ကတည်း ညနေကျ ညည်းအမေဆီဝင်ပြီး ပန်းကိစ္စ ထပ်ပြောမယ် တဖွဖွဆွေးနွေးလာတုန်း ညည်းကို တိုက်တိုက်ဆိုင်ဆိုင် တွေ့လို့ သိပ်ပျော်နေတာ"

ဝင့်ဝါသည် စကားဝင်မပြောစဖူး ဝင်ပြောလိုက်သော ကျော်စွာထန်ကို အကဲခတ်ရင်း ...

"ခဏလေးပါ ဝင့်ဝါရဲ့။ ငါ့ညီမလေးနဲ့ ဆုံတုန်း အေးအေးဆေးဆေးလေး စကားထိုင်ပြောပါရစေလား။ ဟိုတလောက ဆိုင်လာလည်တော့ လူများနေတာနဲ့ ကောင်းကောင်းတောင် မပြောဖြစ်ဘူး။ ဆိုင်လေးအကြောင်းလည်း မေးချင်နေတာ၊ ဆိုင်က ချစ်စရာလေးလေး၊ ဝင်လိုက်တာနဲ့ ပန်းဥယျာဉ် အသေးစားလေးထဲ ဝင်လိုက်ရသလိုပဲ ခံစား





ရအောင် ပြင်ဆင်ထားတာတော်လွန်းလို့ တို့ ညီမကို ချီးကျူးနေမိတယ်"

သောတသည် သိပ်ရှောင်လွန်းအားကြီးရင် ကိုကျော်စွာထန် တစ်ယောက် ရှက်သွားမှာ စိုးတာနဲ့ မဝင့်ဝါနဲ့ လိုက်ထိုင်ဖို့ လက်ခံလိုက်ပါသည်။ ကိုကျော်စွာထန်သာ မပါရင် မပင့်ဝါ မခေါ်ခင်ကတည်းက သောတကပဲ ဖိတ်ခေါ်ပြီး ဆိုင်ထိုင်စကားပြောမလို့ပါ။ ခုတော့ သောတကိုအကဲခတ်နေတတ်သော ကိုကျော်စွာထန်ကို သောတ အလိုလို ကြောက်နေ၍ပင်။

သုံးယောက် မျက်နှာချင်းဆိုင်ပုံစံဖြစ်သော စားပွဲဝိုင်းမှာပင် ဝင်ထိုင်လိုက်ကြသည်။ ကျော်စွာထန်ကို မျက်နှာချင်းမဆိုင်လိုပါဘဲ ရင်ဆိုင်နေရသဖြင့် သောတ အနေကျပ်နေပါသည်။ သောတနဲ့ ရဲဝံ့တို့ရဲ့ မြမြဆုပ်ကိုင် တွဲဆက်ထားတဲ့ လက်ဖဝါးလေးနှစ်ခုကို အားနဲ့ဆောင့်ဆွဲ ဖြုတ်ပြီး သောတကိုပါ ခပ်ဆောင့်ဆောင့်လေး တွန်းပစ်ခဲ့သော ကျော်စွာထန်၏ မျက်နှာမာမာကို သောတ ဘယ်လိုမှ မေ့ပျောက်မရခဲ့ပါ။ ပြီးတော့ ကိုသီဟထန်ရဲ့ ...

"ရုပ်ကလေးကဖြင့် ကလေးရုပ် မပျောက်သေးဘူး၊ ကြည့်လိုက်ရင် အပြစ်ကင်းတဲ့ ရုပ်လိုလိုနဲ့၊ နင် အဲဒီလောက်ကဲရသလား။ ရွရသလား။ ငါ့ညီမသာဆိုရင် နားရင်းပိတ်တီးပြီးပြီ"

ဟု လက်ပါအသာရွယ်လိုက်ပြီး ကြိမ်းမောင်းခဲ့တာကိုလည်း သောတ ဘယ်တော့မှ မမေ့ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန် အဲဒီအရွယ်တုန်းကတော့ သူတို့ကိုစိတ်အနာကြီးနာ၊ အမုန်းကြီး မုန်းခဲ့ပေမဲ့၊ အခုချိန်မှာ ပြန်စဉ်းစားကြည့်သောအခါ သူတို့လုပ်ခဲ့တာဟာ မမှားဘူး။ သူတို့ရဲ့ အတွေးအခေါ်နဲ့ ဆုံးဖြတ်ချက်ဟာ အသက်နှစ်ဆယ်ကျော်အရွယ် စိတ်ဓာတ်ရင့်သန်တဲ့ အရွယ်မှာမို့ သူတို့ လုပ်ခဲ့တာ မှန်တယ်ဟု သောတကိုယ်တိုင်လည်း အသက်နှစ်ဆယ်ကျော်အရွယ် ရောက်သောအခါ ပြန်နားလည် လာနိုင်ခဲ့ပါသည်။ သူတို့ လူကြမ်းလုပ်ခဲ့တာဟာ သောတတို့ကောင်းဖို့၊ ကောင်းတာ ဖြစ်လာဖို့ လုပ်ခဲ့တာမှန်း သောတ သဘောပေါက်လာပါသည်။

သို့သော် ဘာကြောင့်များ ဒီလောက်ကြီး ဝေးကွာ အဆက်အသွယ်ပြတ်လောက်အောင် သူတို့ တားမြစ်ခဲ့ရသလဲ။ ဘာကြောင့် သောတနဲ့ အဆက်အသွယ် အားလုံးကို ဖြတ်ပစ်ရသလဲ။ သောတ ကိုယ်တိုင် သူတို့ရှေ့မှာ ...

"သောတတို့ မမိုက်တော့ပါဘူး။ ကိုကြီးတို့ ကိုလတ်တို့ အခုလိုခဲ့တာကို အခွဲခံပါတယ်။ ဒါပေမဲ့ သောတနဲ့ ရဲဝံ့ကို အဆက်အသွယ် ပေးမလုပ်ဘဲနဲ့တော့ မနေပါနဲ့နော်"

ဟူ၍ ငိုယိုတောင်းပန်ပြီးတော့တောင် ပြောခဲ့ဖူးတာပါ။ ဒါကို ဘာကြောင့် သူတို့ ခွင့်မပြုခဲ့တာလဲ။ သောတ မေမေကိုယ်တိုင်ကတောင် ...

"သမီးကို အန်တီ နားလည်အောင် ကြည့်ပြောပြီး ဆုံးမရင် ရပါတယ်။ အန်တီ့သမီးရဲ့စိတ်ကို အန်တီသိပါတယ်။ သူ မင်းတို့ထင်သလို နောက်တစ်ခါထပ်ပြီး မိုက်မဲတဲ့အပြု





အမူကို လုပ်မှာမဟုတ်ဘူး စိတ်ချပါ။ မင်းတို့လည်း မင်းတို့ရဲ့ညီလေးကို ရိုက်နှက်ဆုံးမ၊ အိမ်ထဲ ပိတ်လှောင်ထားတာမျိုး မလုပ်ပါနဲ့။ ကလေးစိတ်မှာ ဒဏ်ရာရသွားမယ်၊ သူ သဘောပေါက် နားလည်အောင် စည်းရုံးသိမ်းသွင်းပြောရင် ရပါတယ်၊ မောင်ရဲဝံ့က လိမ္မာတဲ့ ကလေးပါ"

ဟူ၍ ညီလေးကို ဖက်ပိုးဝိုင်းအုပ်၊ လူရှေ့သူရှေ့မှာတင် လက်ပြန်ရိုက် လုပ်နေသောကြောင့် ပြေပြေပြစ်ပြစ် ဝင်ပြောယူ တားယူခဲ့တာလည်း သောတ မြင်ယောင်နေပါသည်။ မှတ်မိနေပါသည်။ သူတို့ဟာ အဲဒီအချိန်က အုပ်ထိန်းသူမိဘလည်းမရှိသော အသက်နှစ်ဆယ်ကျော်အရွယ်တွေမို့ သူတို့ရဲ့ညီအပေါ် အုပ်ထိန်းပုံက တစ်မျိုးဖြစ်နေတာမှန်း မေမေက ရိပ်မိပါသည်။ အသက်လေးဆယ့်ငါးနှစ်ကျော်ကျော် အတွေ့အကြုံ ရင့်ကျက်သော မိခင်တစ်ယောက်၏ ထိန်းချုပ်မှုအောက်မှာ ရှိခဲ့သော သောတအပေါ် မေမေ ထပ်မံတင်းကျပ်ခဲ့သည့် နည်းလမ်းတွေကတော့ မှန်ကန်ခဲ့ကြောင်း သောတ နားလည်လာခဲ့ပါပြီ။

အခုချိန်တွင် မဝင့်ဝါကတော့ အပေါ်ယံလောက်သာ သိထားပုံနှင့် ကိုကျော်စွာထန်ကို သောတ ရှိန်နေခြင်းအား နားလည်ပုံရသည်။ သောတတို့ကို ရင်းနှီးအောင်သာ သူမက ဦးဆောင်ပြီး စကားပြောနေပါသည်။

"ကိုကျော်စွာကလေ ညီမလေး ဆိုင်လေးကိုမြင်ပြီး အပြန်ကျ ချီးကျူးလာတယ်။ အင်္ဂလန်က ပန်းဆိုင်လေးတွေ အတိုင်းပဲတဲ့ ပြင်ဆင်ထားတာ၊ သိပ်တူတာပဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်တယ်၊ သောတ ရုပ်ရှင်တွေကြည့်ပြီး အတုယူမိတယ်၊ မဂ္ဂဇင်းပေါ့၊ နိုင်ငံခြားမဂ္ဂဇင်းတွေကြည့်ပြီး အတုယူတာပေါ့။ ကျောင်းပြီးတဲ့ရင် အဲဒီလို Florists & Gifts Shop လေးပဲ ဖွင့်ချင်လို့ တစ်လျှောက်လုံး လေ့လာလာတာလေ"

"ကိုကျော်စွာက အင်္ဂလန်ကို အလည်သွားဖူးလို့ သူကသိနေတာ"

"ဩော် ... ဟုတ်လား၊ အစ်ကို ရောက်ဖူးတယ်လား"

သောတက မကောင်းတတ်၍ တစ်ခွန်းတော့ ပြောလိုက်ရပါသည်။ မဝင့်ဝါ ကြည့်ရတာ တစ်ချိန်လုံး ကိုကျော်စွာထန် နာမည် ထည့်ထည့်ပြောနေ၍ သောတလည်း အနည်းအကျဉ်းတော့ စကားစ,ပြောလိုက်ပါသည်။

"မဝင့်ဝါ ပန်းလိုချင်ရင် သောတနဲ့ပဲ အပြီးပြောရင် ပြောလိုက်လေ၊ မအားရင် အိမ်ကို တကူးတက မလာပါနဲ့၊ ရပါတယ်။ အန်တီဦးလည်း မေမေ့ကို ဖုန်းထဲက ပြောပြီးပြီဆိုတော့ သောတတို့ သေသေချာချာ မှတ်ထားပြီးပါပြီ"

အန်တီဦးသည် မဝင့်ဝါရဲ့အမေ ဖြစ်ပါသည်။

"မေမေက ပြောတော့ ပြောပါတယ်၊ ဒါပေမဲ့ ကိုယ်တိုင်သွားပြောဦးတဲ့၊ လူကြီးကို မရှိသေရာ ရောက်မယ်တဲ့။ ကိုယ့်ပွဲအတွက် ပန်းတွေ တကယ့်ခေါင်တွေမှ ချန်ထားပေးမှာ ဝင့်ဝါ ကိုယ်တိုင် တစ်ခါသွားပြောဦး ဆိုလို့ပါ"





"ဩော် ... ရပါတယ်၊ မဝင့်ဝါတို့ မင်္ဂလာပွဲနီးလို့ မအားဘူး ဆိုတာကို သောတ နားလည်ပါတယ်"

"သောတကို အရန်လုပ်ခိုင်းတာ မလုပ်လို့ကွယ်"

ကျော်စွာထန်သည် သူ မသိထားသော ကမ်းလှမ်းမှုကို ကြားတော့ အံ့သြပြီး နားစွင့်နေသည်။

"သောတ အဲဒီလို အလှတွေပြင်ပြီး စင်ပေါ်မှာ ငြိမ်ငြိမ်လေး ထိုင်နေရမှာ မနေချင်လို့ပါ"

"မင်္ဂလာပွဲတော့ ဆက်ဆက်လာနော်။ ဆိုင်ကိုပိတ်ခဲ့နော်။ အန်တီကြည်ဖြူက ပြောတယ်တဲ့။ သောတက ဆိုင်ကိုတစ်ရက်မှမပိတ်ဘဲ ကြိုးစားနေတယ်တဲ့၊ ဟုတ်လား"

"အဟင်းဟင်း ... သောတ သွားစရာရှိရင်တော့ နေ့တစ်ဝက် ပိတ်ရင်ပိတ်ပါတယ် မဝင့်ဝါရဲ့"

ထိုအချိန်တွင် အမျိုးသမီးတစ်ယောက်က စားပွဲနားလျှောက်လာရင်း ...

"ဟယ် ... ဝင့်ဝါလွင် မဟုတ်လား၊ ကြည့်စမ်း ... နင်အရင်အတိုင်းပဲ၊ ငါ မြင်မြင်ချင်း မှတ်မိတယ်နော်၊ ငါမမှားဘူး ... ဟဲ ဟဲ"

ဟူသော အော်ကျယ် အော်ကျယ် နှုတ်ဆက်သံနှင့်အတူ ရောက်လာပါသည်။

"ဟယ် ... ဇင်မာ"



www.burmeseclassic.com

www.burmeseclassic.com



မဝင့်ဝါ ပြန်နှုတ်ဆက်၊ ထပြီးစကားပြောနှင့် သူငယ်ချင်းဟောင်း နှစ်ယောက် ဆုံသောအခါ တိုး၍မပေါက်အောင် အော်ဟစ်ပြောသံတွေ ဆူညံကုန်တော့သည်။

သောတလည်း ကော်ဖီကို အပြီးငုံ့သောက်နေစဉ် ကိုကျော်စွာထန်ဆီမှ ...

"ရဲဝံ့နဲ့ ပြန်ဆုံသေးတယ်လို့ ကိုယ့်ကို သူ ပြောတယ်"

ဟူသော ခပ်တိုးတိုး လှမ်းပြောသံသည် သောတလက်ထဲမှ ကော်ဖီခွက်ကို လွတ်ကျတော့မလောက်ပင် တုန်လှုပ်သွားစေပါသည်။

သောတသည် မဝံ့မရဲ ပြန်ကြည့်မိသည်။ ကျော်စွာထန်သည် သောတ ထိတ်လန့်တုန်လှုပ်သွားမှန်း မြင်လိုက်ရလျှင် ပြောမိတာ မှားသွားပြီလားလို့ နောင်တရသွားပါသည်။

"ကိုကြီးလည်း အိမ်ထောင်ကျသွားပြီ၊ သူ့အိမ်နဲ့သူ ခွဲနေတယ်။ ကိုယ်လည်း ကိုယ့်အိမ်နဲ့ကိုယ်။ ညီလည်း သူ့အိမ်နဲ့သူ သီးသန့်ပါပဲ။ အခုချိန်မှာကျတော့ ကိုယ်တို့ဟာ ညီအစ်ကိုချင်းပေမဲ့ သူ့ကိုယ်ရေးကိုယ်တာမှာလည်း ဝင်မစွက်ဖက်တော့ဘူး။ အားလုံး ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ်ပဲ။ ဒီတော့ ရဲဝံ့ ဆုံးဖြတ်ထားတာကို ကိုယ်တို့ ဘာမှဝင်အကြံပေးလို့ မရတော့ဘူးလေ"

ဝင့်ဝါသည် သူငယ်ချင်းဟောင်းနဲ့ စကားပြောနေပေမဲ့ ကျော်စွာထန်၏ သောတကို ရှင်းပြနေသော စကားတွေကိုလည်း စပ်စုချင်သဖြင့် နားအသာစွင့်မိသည်။





ကိုကျော်စွာညီလေးရဲ့ ရည်းစားဟောင်း ဖြစ်ခဲ့သော သောတသည် ဘာကြောင့်များ ကိုကျော်စွာကို ကြောက်သလိုလို၊ ရင်မဆိုင်ရဲသလိုလို၊ စကားသေသေချာချာ မပြောရဲသလိုလို ဖြစ်နေသနည်း ဆိုတာ ဝင့်ဝါ စဉ်းစားမရပါ။ ကိုယ့်ရည်းစားဟောင်းရဲ့ အစ်ကို့ကို မိတ်ဆွေဟောင်း တစ်ယောက်လိုပဲ ခေါ်ပြောရဲရမှာပေါ့။ သူတို့ကြားမှာ စိတ်နာစရာ ဘာတွေများ ရှိခဲ့သလဲလို့ ဝင့်ဝါဟာ သောတလေးကို သနားပြီး သောတဘက်က အကြောင်းသိချင်နေပါသည်။

"သောတ ... သောတ ... အားလုံးကို မေ့ထားပြီးပါပြီ ကို ... ကိုကျော်စွာထန်"

သောတ၏ အထစ်ထစ် အငေါ့ငေါ့ ပြန်ပြောသံကို အကဲခတ်နေသော ကျော်စွာထန်သည် ...

"ထကယ်တော့ အဲဒီလို ခွဲလိုက်တာဟာ အမိက,ကတော့ ကိုကြီး အမိန့်ပါပဲ"

"ကိုလတ် ... အဲ ... ကိုကျော်စွာထန်၊ ဟို ... သောတကို အရင်ကအကြောင်းတွေ မပြောပါနဲ့တော့နော်။ သောတ အဲဒီအကြောင်းတွေကို ဘယ်တုန်းကမှ မဖြစ်ခဲ့ဖူးဘူးလို့ စိတ်ထဲမှာ သတ်မှတ်ထားနိုင်ပြီးပါပြီ၊ သောတကို တောင်းပန်စရာလည်း မလိုတော့ပါဘူး။ သောတ နားလည်တတ်လာပါပြီ၊ ပြီးတော့ သောတ ကိုကျော်စွာထန်တို့ကိုလည်း အခုချိန်မှာ ခွင့်လွှတ်ပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အေးကွာ၊ ဆောရီး ... ညီမလေးရာ။ ညည်းကို အခုလို ပြန်တွေ့ရတာ ဝမ်းလည်းသာပါတယ်၊ အကူအညီ တစ်ခုခု လိုခဲ့ရင် ဝင့်ဝါနဲ့ ကိုယ့်ကို ကိုယ့်အစ်ကိုလို အစ်မတွေလို သဘောထားပြီး လာအကူအညီတောင်းနိုင်တယ်နော်။ ကိုယ်တို့ အခုကစပြီး မိတ်ဆွေဖြစ်ကြရအောင်၊ ဟုတ်ပြီလား"

ဝင့်ဝါသည် သူငယ်ချင်းနဲ့ စကားပြတ်ပြီး စားပွဲမှာ ပြန်ထိုင်လိုက်သောအခါမှာ ကျော်စွာထန်လည်း ချက်ချင်းရယ်ရယ်မောမော ဟန်ဆောင်ပြီး ...

"သောတကို စပ်စုနေတာကွ၊ Valentine's နေ့တွေမှာဆို ပန်းတွေ delivery လုပ်ရတာတို့၊ ဆိုင်မှာလာဝယ်တာတို့ ပိုများတော့ ညီမတို့က အားလုံးလိုချင်တဲ့ ပန်းမျိုးရအောင် ဘယ်လိုပြင်ဆင်ထားလဲလို့လေ"

ဟု တခြားအကြောင်းအရာကို စကားလွှဲပြောပါသည်။ သောတကလည်း အဆင်ပြေအောင် ပြန်ပြောကာ ဟန်ဆောင်ကောင်းခဲ့ပါသည်။

သို့သော် ဝင့်ဝါကတော့ မရ။ မိန်းမပီပီ စပ်စုချင်ကာ သောတနဲ့လည်း လမ်းခွဲရော ကျော်စွာထန်ကို ဗိုက်ခေါက်လိမ်ဆွဲပြီး ကျိတ်မေးတော့တာပင်။ အစတည်းကလည်း ရှေ့ကဖုံးနောက်ကပေါ် ဖြစ်ချင်နေသော ဇာတ်လမ်းကို ပြောခဲ့မိသော ကျော်စွာထန်သည် ဝင့်ဝါ နှစ်ခါလောက်ပင် ဗိုက်ခေါက်မလိမ်ရသေး။ အဲဖြစ်အပျက်ကို ပြောဖို့ပြင်နေသည်။





"ကိုယ်တို့ သူတို့ကို ခွဲခဲ့မိတယ်ကွာ။ ကိုကြီးနဲ့ ကိုယ် လှုကြမ်းလုပ်ပြီး ခွဲခဲ့တုန်းက သူတို့ ဆယ်တန်းတောင်မဖြေရသေးဘူး။ ဆယ်တန်းဖြေဖို့ တစ်လလောက်ပဲ လိုတော့တယ်။ ဝင့်ဝါကို ကိုယ် ပြောတော့ ပြောပြပါ့မယ်၊ ဒါပေမဲ့ ဝင့်ဝါ သိပြီးတာကို စိတ်ထဲမှာပဲ ထားပါနော်။ ဘာကြောင့်လဲဆိုတော့ ကိုယ် သောတကို တော်တော်သနားလာလို့ သူ့ရဲ့နောက်ကြောင်းကို ဘယ်သူမှ မသိစေချင်တော့ဘူး"

"ဩော် ... ကိုရယ် ... ဝင့်ဝါလည်း သိပါတယ်၊ အလကားနေရင်းလည်း သူများအကြောင်းကို မကောင်း လိုက်ပြောတဲ့ မိန်းမမျိုးလည်း မဟုတ်ဘူးဆိုတာလည်း ဝင်ဝါ့ကို လေ့လာရင် သိမှာပါ။ ဝင့်ဝါက သောတကိုလည်း ငယ်ငယ်လေးတည်းက မြင်ဖူးလာတာ။ သူ့အဖေနဲ့လည်း ဖေဖေတို့နဲ့ အသိမိတ်ဆွေတွေပါ။ အသက်ကွာလို့သာ မပေါင်းဖြစ်ခဲ့ပေမဲ့ ဝင့်ဝါကို စိတ်ထဲမှာ ချစ်နေ ခင်နေခဲ့ပြီးသားပါ။ သူ့အဖေ တရှောင်ရှောင် ဖြစ်လာလို့ သွေးတွေ ဘာတွေစစ်ရောဂါရှာတော့မှ လူကီးမီးယားဖြစ်တယ်၊ ခြောက်လတစ်နှစ်လောက်ပဲ ခံတော့မယ် သိရတုန်းက၊ ဝင့်ဝါ သောတကို သိပ်သနားခဲ့ရတယ်၊ ခုထိလည်း သားအမိနှစ်ယောက်တည်း ရုန်းကန်ရှာဖွေပြီး လူတန်းစေ့ နေနိုင်ဖို့ ကြိုးစားနေကြတာကို ဝင်ဝါ့တို့ တစ်မိသားစုလုံးက ချီးလည်းချီးကျူးကြတယ်၊ သနားလည်း သနားကြတယ်။ အန်တီကြည်ဖြူ ဆိုတာ ယောကျ်ားရှိတုန်းက ဘာစီးပွားမှသိတာမဟုတ်ဘူး။ အခု



www.burmeseclassic.com

www.burmeseclassic.com



ရှင်မကောင်းတစ်ယောက် ဖြစ်အောင်ပဲ နေခဲ့တဲ့သူလေ။ ကဲပါ ... ထားပါတော့ အဲဒီအကြောင်းတွေ။ ဝင့်ဝါက ကိုနဲ့ ရဲဝံ့နဲ့ သောတနဲ့ ကြားမှာ ဘာပြဿနာလေးတွေ ရှိခဲ့လဲ သိချင်ရုံပါ။ သောတကို မကောင်းတာဖြစ်အောင် လိုက်ပြော ချင်လို့လည်း မဟုတ်ပါဘူး"

ကျော်စွာထန်သည် ဒီအကြောင်းတွေကို ထပ်မပြော တော့ဘူးဟု ရဲဝံ့ဆီမှာ ကတိပေးထားပြီး ဖြစ်ပေမဲ့ ချစ်တဲ့သူက မေးလာတော့လည်း အလိုလိုက်ပြီး ပြောပြလိုက်ဖို့ ဆုံးဖြတ်လို့ရသွား ပါသည်။ သူတို့ ဘာမှ ဖြစ်ခဲ့တာမှ မဟုတ်တာ။ ငါတို့ လူကြမ်း လုပ်ပြီး ခွဲလိုက်တဲ့ ဇာတ်လမ်းပဲ။ ဘာကြောင့် အမှန်အတိုင်း မပြောရဲစရာရှိလဲ။

နောက်ပြီး ဝင့်ဝါကလည်း ဒီသောတလေးနဲ့ လူရင်း တွေပဲမို့ ကောင်မလေးကို ငဲ့ပြီး ဘယ်သူမှ လျှောက်ပြောမှာ မဟုတ်ပါဘူးလို့လည်း ယုံကြည်ရမှာပါပဲ။ ဝင့်ဝါက ဟိုစပ်စပ် ဒီစပ်စပ် လျှောက်ပြောတဲ့ မိန်းကလေးမျိုးလည်း မဟုတ်ပါဘူးဟု ယုံကြည်စွာပင် လွန်ခဲ့တဲ့ ခြောက်နှစ်ကျော်ကာလက ရက်လေး တစ်ရက်ကို ပြန်မြင်ယောင်ပြီး ပြောပြလိုက်မိတော့သည်။






# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com







# ၁၁

ထိုနေ့က ရဲဝံ့နဲ့ သောတတို့ ချိန်းပြီး လျှောက်လည်နေကျဖြစ်သော ကျောင်းတက်ရက်၏ နောက်ဆုံးရက် သောကြာနေ့ညနေဖြစ်ပါသည်။ သောတက ကျောင်းဆင်းလျှင် လာခေါ်မည့် ရဲဝံ့ကို မျှော်ရသည်။ ရဲဝံ့ တက္ကစီကားပေါ်ကနေ ကျောပိုးအိတ်ကြီး လွယ်ပြီး ဆင်းလာလျှင် သောတဟာ ဒါ အမြဲပြုနေကျပေမဲ့ ခိတ်လှုပ်ရှား ရင်ခုန်ပြီး ပျော်နေတော့သည်။ သောတ ရှိရာဆီ လျှောက်လာနေသော ရဲဝံ့ခြေလှမ်းတွေ ဘယ်လောက်မြန်မြန်နေးလှသည်ဟုထင်ပြီး ရဲဝံ့ဆီ သောတကလည်း ပြန်ဦးတည်လျှောက်သွားမိသည်။

နှစ်ဦးသား၊ မျက်နှာချင်းဆိုင် ဆုံလိုက်ကြတာနဲ့ ဘာစကားမှ အရင်မပြောဖြစ်ကြဘဲ တစ်ယောက်မျက်ဝန်းတွေထဲ တစ်ယောက် စိုက်ကြည့်ပြီးလျှင် လက်ဖဝါးနှစ်ခုတို့ကတော့ မြဲမြဲအောင် ဆုပ်ညှစ်လိမ်ကျစ်ထားပြီးကြနေပြီ။ ဒီလက်လေးနှစ်

www.burmeseclassic.com

www.burmeseclassic.com



ဖက် တွဲထားရရင်ပဲ သူတို့ရဲ့ ရင်ထဲမှာ ပြောစရာစကားတွေ ဘာမှ မလိုအပ်တော့လောက်အောင် ပြည့်စုံသွားသည်ဟု ခံစား တာလည်း အတူတူပင်။

လက်ချင်း မြဲမြဲတွဲပြီး TTC နောက်ဘက်က လမ်း သွယ်လေးဆီ ဦးတည်လျှောက်ကြပါသည်။ သစ်ပင်ရိပ်ကြီးများ နှင့် သစ်ရွက်ကြွေတွေ ပေါသော ထိုလမ်းကလေးသည် ညနေဘက် တွေမှာတော့ အတန်းပြီးခါစဖြစ်သော ဆေးတက္ကသိုလ်ကျောင်းသား ကျောင်းသူတွေနဲ့ အများအားဖြင့် စည်ကားနေတတ်သည်။ အဖြ အစိမ်းဝတ်စုံဝတ် သူတို့ စုံတွဲလေးကို မှတ်မိသူတချို့လည်းရှိ တချို့လည်း မသိလိုက်မသိဘာသာ ဖြတ်သွားနှင့် ဒီစုံတွဲလေးကို ဘယ်သူကမှတော့ သိပ်ဂရုတစိုက် စောင့်ကြည့်နေကြတာမျိုးတော့ သိပ်မရှိကြ။

သောတက Grey's Anatomy စာအုပ်ထူကြီးတွေ ကိုင်သွားတတ်သော ဆေးကျောင်းသူလေးတွေ အမြဲအားကျ ငေးရင်း ...

"သောတလည်း ဆေးကျောင်း တက်ချင်လိုက်တာ ရဲဝ ရယ်"

ဟု အမြဲပြောတတ်သည်။

"ကောင်မလေး စာတော့ မကြိုးစားဘဲ ရည်းစားထားနေပြီး တော့"

ရဲဝံ့က စ,သလို နောက်သလို ပြောလျှင် ...





"သောတ တကယ်ပြောတာ၊ ငယ်ငယ်ကတော့ ဆေး ကျောင်းတက်တာ ဆရာဝန်ဖြစ်တာ သိပ်စိတ်မဝင်စားခဲ့ ဘူး။ ဖေဖေက လူကြီးမီးယားဆိုတာကြီး ကောက်ကာငင်ကာ ထဖြစ်၊ မျက်စိအောက်မှာပဲ ခြောက်လကျော်လေး နေလိုက် ရပြီး ဆုံးသွားတော့မှ အဲဒီရောဂါ ဘာကြောင့်ဖြစ်သလဲ။ ဘာကြောင့် ကုမရတာများလဲဆိုပြီး သိချင်လာပြီး ဆေး ကျောင်းတက်ချင်လာခဲ့တယ်၊ ဒါပေမဲ့ သောတကိုယ်သောတ လည်း သိနေတယ်။ သောတ ဉာဏ်မကောင်းဘူး။ ကြိုးစားမှုပဲ ရှိတယ်။ အဲဒါကြောင့်သာ အတန်းမှန်မှန်အောင် နေတာလေ။ ဆေးကျောင်းတက်တဲ့လူတွေက ပင်ကိုဉာဏ် လည်း ကောင်းရသလို တအားလည်း စာကြိုးစားကြရတယ် လို့ သောတ သိထားတယ်။ ဒါကြောင့် သောတက အားကျတာပဲရှိတယ်၊ တက်ချင်တာပဲရှိတယ်၊ သောတ ဉာဏ်နဲ့ ဘယ်လိုမှ ဆေးကျောင်းရောက်မှာ မဟုတ်ဘူး။ တရားလွန်ကြိုးစားလွန်းလို့ရောက်လည်း ဟိုရောက်ရင် စာမလိုက်နိုင်ဘဲ ကျောင်းထွက်ရမှာ သေချာတယ်"

ရဲဝံ့ကတော့ သောတလိုမဟုတ်။ သူ့မှာ ဘာဖြစ်ချင် တယ် ညာဖြစ်ချင်တယ်ဆိုတဲ့ ရေရေရာရာ ရည်မှန်းချက်လည်း မရှိလေရာ ...

"ငါကတော့ ဆယ်တန်းအောင်ရင် ကျေနပ်ပါပြီ။ ဆယ်တန်း အောင် တက္ကသိုလ်တက် ဘွဲ့ရ၊ အသက်နှစ်ဆယ့်တစ်နှစ်လော



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး သိမ်းထားပေးတဲ့ အမွေတွေယူ၊ စီးပွားရေးလုပ်၊ မိန်းမယူ ... ဟဲ ဟဲ ... ဒါပဲတွေးတယ် သိလား ကောင်မလေး။ သောတဆိုတဲ့ ကောင်မလေး စိန်နားကပ်ပန်ရဖို့ စီးပွားရှာရမယ်"

"အံမာ ... ငါ့မှာ နားပေါက်မှ မရှိတာ"

"ငါ စိန်နားကပ်ဆင်နိုင်မှ နားပေါက်ဖောက်တော့ပေါ့။ ခုတော့ မဖောက်နဲ့ဦး"

"ရဲဝံ့ ... သောတတို့ ဒီနေ့ ဘယ်ထိသွားမှာလဲ"

"လှည်းတန်းဘက်ထိ လျှောက်မယ်။ ဟိုရောက်ရင် ငါ့သူငယ်ချင်းဆီက ယူလာတဲ့ သူတို့ ကျူရှင်ကပေးတဲ့ ဘာသာစုံမေးခွန်းနမူနာကို ဖိုတိုကော်ပီလုပ်မယ်၊ ပြီးရင် မုန့်စားကြမယ်နော်"

"သောတ ဒီနေ့ ဖိနပ်ပေါက်သလိုပဲသိလား၊ ခြေထောက်က နာလာတယ်"

ရဲဝံ့က သောတ ခြေထောက်ကို လမ်းလျှောက်ရင် ခေါင်းငုံ့ကြည့်သည်။

"ဖိနပ်အသစ် ဝယ်လာတာကိုး"

"ခါတိုင်း ဝတ်နေကျဖိနပ်က ဟောင်းနေလို့"

"ဖိနပ်မှာလည်း စိန်တုံးကြီးနဲ့ ... ဟား ဟား"

သောတရဲ့ ခြေညှပ်ဖိနပ်ပါးလေးက ဖိနပ်ဖြူလေ ပေမဲ့ ခြေမကြွင်းထိုးနေရာမှာကျ စိန်တုံးကြီးလိုပုံစံ ကျောက်ပြော





လက်လက်ကြီး ဖြစ်နေကာ ခြေမနဲ့ ခြေခလယ်တို့က အဲဒီ စိန်တုံးကြီးနဲ့ တွဲဆက်ထားသော ခြေညှပ်ဖိနပ်လေးမှာ ညှပ်ထားရသည်။ ရုတ်တရက်ကြည့်ရင် အောက်ကခြေညှပ်နေရာကို မမြင်ဘဲ သောတရဲ့ ခြေချောင်းလေးတွေပေါ်မှာ စိန်တုံးကြီးတစ်တုံး တင်ထားသလို ဖိနပ်ပုံစံပင်တည်း။

"ဖိနပ်မှာတောင် စိန်စီထားတယ်၊ သူဌေးမကြီး"

"ရဲဝံ့ မစနဲ့နော်၊ ဒီမှာ ဖိနပ်ပေါက်ရတဲ့အထဲ"

"ဖိနပ်အသစ်ဝယ်ပြီး ပထမဦးဆုံး စပြီးဝတ်လာမယ်ဆိုရင် ဘာလုပ်ရလဲသိလား၊ ခြေထောက်မပေါက်အောင်လေ"

"ဘာလုပ်ရလို့လဲ"

"ဖိနပ်ကို ဖင်ပြန်ခေါင်းပြန် နှာခေါင်းနဲ့ သေသေချာချာ နမ်းပြီး ဖိနပ်သဲကြိုးကို သွားနဲ့ အသက်အောင့်ပြီး ခုနစ်ခါတိတိ ကိုက်ရတယ်တဲ့"

"ဟမ် ... မဟုတ်တာကြီး၊ အလကား ညာပြောတာ"

"ဩော် ... ဟုတ်ပါတယ်ဆို၊ မယုံရင် ဖိနပ်အသစ်ဝယ်ပြီး စီးခါနီးကျ လုပ်ကြည့်"

"ခွေးကျနေတာပဲ၊ ဖိနပ်ကို နမ်းလည်းနမ်းရဦးမယ်၊ ကိုက်လည်းကိုက်ရဦးမယ်တဲ့။ ရဲဝံ့ဟာလေ သူများကို မဟုတ်တာ ကြံဖန်ပြောဖို့ဆို ရှေ့ဆုံးကပဲ"

သူတို့ဟာကလေးစုံတွဲလေးမို့ သူတို့ တစ်ယောက်နဲ့ တစ်ယောက် ပြောဖြစ်သော စကားတွေဟာလည်း ကလေးဆန်



www.burmeseclassic.com

www.burmeseclassic.com



လျက် အရှည်မရ အဖတ်မရ ဖြစ်နေတတ်သည်။ တစ်ယောက်က စနောက်လျှင် ကျန်တစ်ယောက်က ဘယ်တော့မှ စိတ်ဆိုးစိတ်ကောက်သွားတာလည်း မရှိဘဲ ကိုယ်လည်း သူ့ကို နိုင်အောင် ဘယ်လိုပြန်စရမလဲ၊ ဘယ်လိုနောက်ပြောင်ရမလဲပဲ စဉ်းစားမိကြတာမျိုးတည်း။

လှည်းတန်းဘက်ရောက်တော့ သူတို့ကားလမ်းမကျယ်ကြီးကို ဖြတ်ကူးဖို့ ရပ်စောင့် ပြင်ဆင်ကြစဉ် ...

"ရဲဝံ့ ငါ့လက် ခဏပြန်လွှတ်ဦး။ လက်က တအားဆုပ်ကိုင်ထားတော့ ချွေးပြန်နေပြီ၊ တစ်ရှူးနဲ့ သုတ်ဦးမယ်"

"သူ့ပဲ လက်မကိုင်ထားရင် စိတ်ကောက်ပြီး"

"နင်က လွှတ်ပေးလိုက်လို့မရဘူး။ သခင်ကြီးလွှတ်လိုက်တာနဲ့ တအားစွတ်ပြေးချင်တဲ့ ခွေးလေးလေ။ မစောင့်ပဲ ပြေးမှာစိုးလို့"

"အေး ... ငါ ခွေးလေးဆိုရင် ခွေးလေးကို လိုက်ကြိုက်တဲ့ ခွေးမလေးက နင်ပဲ၊ ကဲ ... ခွေးမလေး ကားရှင်းတုန်း လမ်းကူးရအောင် လက်ပေး"

"ဟင်း ... မုန်းလိုက်တာနော်"

သောတ မျက်စောင်းကလေး ခပ်ဆောင့်ဆောင့် ထိုးပြီး ရဲဝံ့ လက်ထဲ သူမ၏ လက်ကလေးကို ပြန်ထည့်နေစဉ် အဝေးမှ အပြင်းမောင်းလာသော ကားတစ်စီးသည် သူတို့စုံတွဲနားရောက်လျှင် ဝုန်းခနဲ ဆောင့်ထိုးရပ်လိုက်သည်နှင့် ရင်ဆိုင်ရ





သသည်။ ကားမှန်တွေ မချခင် မှန်ကြည်ကြည်တွေမှတစ်ဆင့် ခွင်းဖောက်မြင်ရသူကိုကား သောတ မသိပေမဲ့ ရဲဝံ့ကတော့ အလန့်လန့် အထိတ်ထိတ် တုန်လှုပ်သွားလျက် သောတရဲ့ သက်တွေကို ပိုပြီး တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ရင်း ...

"အား ... ကိုကြီးနဲ့ တွေ့ပြီ၊ ဒုက္ခပဲ"

ဟု လွှတ်ခနဲ အော်လိုက်ပါသည်။

ထိုအချိန်မှာ ...

"ဟေ့ကောင် ... မင်း ... မင်း ... ကြည့်စမ်း ... ဒါ ဘာလုပ်တာလဲ"

"ကိုကြီး ကျွန်တော် ..."

"တောက် ... ငါကွာ လမ်းမကြီးမှာမို့ မင်း သက်သာတယ်မှတ်၊ နားရင်းပိတ်တီးထည့်လိုက်ရ"

ရဲဝံ့ ခေါင်းငုံ့ပြီး ရှောင်မိလေသည်။ ကိုကြီးက သက်သာရှယ်ပေမဲ့ လမ်းမလယ်ကောင်ကြီးမှာမို့ မရိုက်ပါ။ ထိုအချိန်မှာ မီးပွိုင့်တွင် လမ်းပြနေသော လမ်းပြရဲထံမှ ဝီစီသံ တရှိန်ရှိန် ကြားရပါသည်။ ကားက မရပ်ရသောနေရာမှာလည်းရပ်လိုရပ်။ မီးပွိုင့်လေးဖက်လေးတန်မှ ကားတွေကလည်း ဥဒဟိုသွားနေဆဲမို့ ကိုကြီး သီဟထန် ကားပိတ်ရပ်လိုက်ရာ ကားတွေအကုန်ပိတ်ဆို့ကုန်တော့သည်။ လမ်းပြရဲသားက အပြေးရောက်လာပြီး ...

"ညီလေး ... လိုင်စင်ကြည့်ပါရစေ၊ မင်း စည်းကမ်းချိုးဖောက်ထားတာတော့ သိပါတယ်နော်။ ကားကို ဟိုဘက်ခပ်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမှာ သွားရပ်ပေးပါ၊ နောက်က ကားတွေ အကုန်ပိတ်ကုန်ပြီ”

ဟု ညွှန်ကြားစေသည်။

“ကျွန်တော့်ညီကိစ္စ ရှင်းနေလို့”

“ဟုတ်ကဲ့၊ ကိုယ်ရေးကိုယ်တာကိစ္စကို နောက်မှ ပြောပါ၊ ခုလောလောဆယ် လမ်းဖယ်ပေးလိုက်ပါ၊ လိုင်စင်ပဲ ကျွန်တော် သိမ်းပြီး ချလန်ရေးပေးလိုက်ပါမယ်”

ကိုကြီးသည် ရဲဝံ့ကို သေသေချာချာ စိုက်ကြည့်တောက်ခနဲခေါက်ကာ ...

“လာ ... မင်းပါ ကားပေါ်တက်”

“ကိုကြီး ကျွန်တော်တို့ ...”

“တက်ဆို ပြောနေ”

“ကျွန်တော် သောတကို အိမ်ပြန်ပို့ပြီးရင် ပြန်ခဲ့ပါ့မယ်”

“ဟော့ကောင် ... မင်း နှာချင်ပြီလား”

“သူ့ကို ကျွန်တော် သူတို့ လမ်းထိပ်ထိ အမြဲလိုက်ပို့ပြီးမှ အိမ်ပြန်တယ်”

ရဲဝံ့ ဘယ်ကဘယ်လိုရလာသော သတ္တိတွေနဲ့ အာခံသည်မသိ။ သူ့အစ်ကိုကြီး ပြောစကားကို လုံးဝ နားမထောင်ဘဲ သောတ လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ လမ်းဖြတ်ပြေးကူးသွားတော့လေသည်။ သောတသည် ဘုမသိ ဘမသိ အကြောက်ကြောက် အရွံ့ရွံ့နှင့် ရဲဝံ့ ဆွဲခေါ်ပြေးသွားရာနောက် ဒယဉ့်တိုက်





နီးပါး ခလုတ်အတိုက်တိုက်ဖြင့် ပါသွားရတော့သည်။ သီဟထန်လည်း မီးပွိုင့်နားကပ်ရပ်ကြီးမှာ ကားရပ်မိသဖြင့် ဘယ်လိုမှ ဆက်လိုက်ချင်၍ မရဘဲ ကားပေါ်တက်၊ ကားမောင်းထွက်ကာ ယာဉ်ထိန်းလမ်းပြရဲသား ညွှန်ပြသော ကားရပ်လို့ရသည့် နေရာမှာသာ ကားကို သွားထိုးရပ်၊ သူ့လိုင်စင် အသိမ်းခံရသည့်အတွက် ချလန်ဖြတ်ပေးတာကို ယူဖို့ သွားစောင့်နေလိုက်ရတော့သည်။

“ရဲဝံ့ ... ရဲဝံ့ ... ဘယ်လိုလုပ်ကြမလဲဟင်”

တစ်ဖက်ပလက်ဖောင်းပေါ်လည်း ရောက်ရောသောတသည် ငိုချတော့မလို မျက်နှာဖြင့် ရဲဝံ့ကို မော့၍ မေးမိသည်။ သောတ အခုမှ ပထမဦးဆုံး မြင်ဖူးသော ကိုသီဟထန်၏ မျက်နှာထား တင်းမာမှုကြောင့် သောတ တော်တော်လည်း ကြောက်သွားသည်။ ရဲဝံ့ကို ကြိမ်းမောင်းသွားတာပေမဲ့ သောတပါရောပြီး ကိုယ့်ကို ကြိမ်းမောင်းသည်ဟု ခံစားရကာ တုန်ယင်ချောက်ချားနေတော့သည်။

ရဲဝံ့ကလည်း သောတကို အားပေးချင်၍သာ မျက်နှာကို အမူအရာမပျက်အောင် ဟန်ဆောင်ထားရပေမဲ့ သူလည်း ကြောက်နေသည်။ အိမ်ရောက်ရင် ကိုကြီး နားရင်းအုပ်မှာကို မကြောက်လှ။ အသားနာမှာကို မကြောက်ဘဲ သူ့ကို ကျူရှင်ပေးမလွှတ်တော့မှာ၊ ကျောင်းပေးမသွားတော့မှာတွေကို ကြောက်တာဖြစ်သည်။ စာမေးပွဲဖြေဖို့လည်း တစ်လလောက်သာ လိုတော့လေရာ ကိုယ့်ကျောင်းက ကျောင်းသားအနေနဲ့ စာမေးပွဲ ဝင်ဖြေ



www.burmeseclassic.com

www.burmeseclassic.com



ချင်သည်။ အပြင်ဖြေမဖြစ်ချင်။ ပြီးတော့ သောတနဲ့လည်း မတွေ့ရတော့ဘဲ မနေနိုင်တာလည်း ပါပါသည်။

"ဘယ်လိုမှ လုပ်လို့မရဘူး၊ ငါတို့ကို တွေ့သွားပြီလေ"

"သူတို့ ရဲဝံ့ကို အိမ်ရောက်ရင် ရိုက်မှာလား"

"ရိုက်တာက ငါ မမှုပါဘူး"

"ဒါဖြင့် ဘာကိုမှုတာလဲ"

"ငါ့ကို ကျောင်းပေးမတက်တော့မှာ၊ ကျူရှင်မလာခိုင်းတော့မှာကို မှုတာ"

"ဟင် ... ဒါဆို သောတနဲ့ ဘယ်တွေ့ရတော့မလဲ"

"ငါ သူတို့ အဲဒီလို မလုပ်အောင် ပြောရမှာပေါ့၊ စာမေးပွဲက တစ်လလောက်ပဲလိုတော့တာ ဘာညာနဲ့ တောင်းပန်ရမှာပေါ့"

"ရပါ့မလား ရဲဝံ့ရယ်"

"ရအောင်ပြောမှာပါ သောတရယ်"

"ကိုကြီး မျက်နှာက တင်းမာခက်ထန်နေတာနော်၊ ကြောက်လိုက်တာ ရဲဝံ့ရယ်"

"သောတကို သူ ဘာမှ လုပ်လို့မရပါဘူး"

"ဒါပေမဲ့ ရဲဝံ့ကို လုပ်မှာလေ၊ သောတတော့ ကြောက်ပြီး ငိုချင်တာပဲသိလား ... အီး ဟီး ဟီး၊ ငါတို့ မှားသွားတယ်၊ ဒီလို အတင့်ရဲပြီး ခဏခဏ လျှောက်မသွားဘဲ နေခဲ့ရင်ကောင်းသား ရဲဝံ့ရယ်"





"ဟာ ... သောတ ... သောတ ... ဘာလို့ လမ်းမလယ်ကောင်ကြီးမှာ အော်ငိုနေရတာလဲ။ လာ ... လာ ... ငါတို့ မူလအစီအစဉ်အတိုင်း ဖိုတိုကော်ပီကူးမယ်၊ နင် ကြိုက်တဲ့ ရှမ်းခေါက်ဆွဲစားမယ်၊ ပြီးရင် အငှားကား ငှားပြီး ပြန်မယ်လေ ... နော် ... နော်။ မငိုနဲ့ မျက်ရည်တွေ သုတ်လိုက်၊ လူတွေ ငါတို့ကို ကြည့်သွားကုန်ကြပြီ"

သောတသည် လမ်းမမှာပေမဲ့ မရှက်နိုင်တော့ဘဲ ငိုချမိပြီးမှ ရဲဝံ့ ချော့မော့တာကြောင့် လက်ကိုင်ပဝါလေးဖြင့် ပြန်ပွတ်သုတ်ပစ်လိုက်သည်။ မနက်က လူးလာသော သနပ်ခါးတွေ ညနေကျ ကျိုးတဲကျဲတဲ ကျန်သေးပေမဲ့ အခုတော့ ငိုပြီး လက်ကိုင်ပဝါဖြင့် ပွတ်သုတ်ပစ်လိုက်သောကြောင့် အတုန်ပျက်ကုန်ကာ ပြောင်ပြောင်ဝင်းဝင်းလေး ဖြစ်သွားပါသည်။ ရဲဝံ့ ချော့မော့၍သာ စိတ်မပါဘဲ သူနဲ့အတူ လက်တွဲမပျက် ဖိုတိုကော်ပီဆိုင်သွား၊ ရှမ်းခေါက်ဆွဲဆိုင်ထိုင် လုပ်ရပေမဲ့ သောတသည် ကိုသီဟထန် ဘယ်နားက ပေါ်လာဦးမလဲလို့ အလိုလိုတွေးပြီး ကြောက်လန့်နေကာ မျက်နှာလေး ငယ်နေသည်။

အရင်ကဆို အခုလို လမ်းအရှည်ကြီး အဝေးကြီးကို လျှောက်ပြီးလျှင် ဗိုက်က တော်တော်ဆာနေပြီမို့ ဘာပဲ ဝင်စားစား စားလို့ကောင်းခဲ့ပေမဲ့ ဒီနေ့ကျ နှစ်ယောက်စလုံး မစားနိုင်ကြ။ ဟိုမွှေ ဒီမွှေလုပ်ပြီး သုံးလေးလုတ်ထက်ပင် မစားနိုင်သော ခေါက်ဆွဲတွေပင် ပွ၍ အေးကုန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မစားနိုင်တော့ရင် ပြန်ကြမလား သောတ"

ဟူ၍ ရဲဝံ့က အလိုက်တသိ မေးပါသည်။

"ငါက ပြန်ရင် ဘာမှ မဖြစ်ဘူး။ နင်က ပြန်ရင် အရိုက်ခံရမှာ၊ အဆူခံရမှာနော်"

"ရိုက်လည်းရိုက်၊ ဆူလည်းဆူတော့ဟာ၊ မတတ်နိုင်ဘူး၊ အခိကက ငါ့ကို ကျူရှင်လာခိုင်းရင် ပြီးရော။ သူတို့ အကြိုအပို့ပဲလုပ်လုပ် အရေးမကြီးဘူး။ နင့်ကို ငါ ကျူရှင် တက်ရတဲ့နေ့တွေတိုင်း တွေ့နေရရင် ပြီးရော"

ဝိုင်းကျူရှင်က တစ်ပတ်မှာ လေးရက်တက်ရသည်။ စနေ၊ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါမှာ စနေနဲ့ တနင်္ဂနွေကတော့ အချိန်အများဆုံး ဘာသာအများဆုံး တက်ရသည့်နေ့ဖြစ်သည်။ ကျောင်းဖွင့်ရက်မှာတော့ ကျောင်းဆင်း အိမ်ပြန် ရေမိုးချိုး၊ ပြီးတာနဲ့ ညနေငါးနာရီမှ ခုနစ်နာရီ တစ်ခါတော့ ကျူရှင်လာရသေးလေသည်။

"ငါတို့ တွေ့ရပါ့မလား ရဲဝံ့ရယ်"

သောတသည် ရဲဝံ့ အိမ်ပြန်ပို့ပေးသော လမ်းခွဲနေကျ လမ်းထိပ်လေးရောက်လျှင် ရဲဝံ့လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း စိုးရိမ်ကြောင့်ကြစွာ ကပ်မေးမိသေးသည်။

"စိတ်ချ တွေ့ရမှာပါ သောတရယ်။ စိတ်အေးအေးထား အိမ်ပြန်။ ပုံမှန်စာကျက်နေကျအတိုင်း ကျက်နော်။ ခေါင်းထဲမှာ သိပ်မတွေးနဲ့။ ငါတို့ ရည်မှန်းထားသလို ဆယ်တန်း အတူတူ တစ်နှစ်တည်းအောင်ပြီး တက္ကသိုလ် အတူတူ တက်ကြရအောင်လေ၊ စိတ်တင်းထားနော် သောတ"

ထိုနေ့က လမ်းခွဲပြီး ပြန်ခဲ့ပြီးသည့်နောက်မှာ သောတသည် ရဲဝံ့ကို လုံးဝပင် ထပ်မတွေ့ရတော့ပါ။ သောကြာနေ့ အိမ်ပြန်၊ စနေမနက် ရှစ်နာရီမှာစသော ဝိုင်းကျူရှင်အိမ်ကို ရဲဝံ့ ရောက်မလာတော့ကတည်းက သောတ မျက်နှာပျက်နေပြီ။ မျက်ရည်ကျချင်နေပြီ။ ရှစ်နာရီမှ ဆယ်နာရီ တစ်တန်းပြီးလျှင် ခဏနားပြီး ဆယ်နာရီခွဲမှာ နောက်တစ်တန်းတက်ရမှာဖြစ်သည်။ ထိုနားရသော အချိန်မှာ သောတသည် ဝိုင်းဝိုင်းနဲ့ ကေသီတို့ကို အကုန်ပြောပြပြီး ငိုမိတော့လေသည်။

"ငါတို့ ပြောသားပဲ သောတရယ်၊ သိပ်အတင့်မရဲနဲ့ဆိုတာ၊ ခုတော့ စာမေးပွဲဖြေဖို့က ဘာမှ မလိုတော့ဘူး။ နင် စိတ်ဆင်းရဲရပြီ မဟုတ်လား"

"စာမကျက်နိုင်ရင် နင်ပဲ စာမေးပွဲကျမှာ သောတရယ်၊ နင်ဟာလေ သိပ်မိုက်တာပဲ"

"ငါလည်း အခုမှ နောင်တရနေပြီ။ ဒါပေမဲ့ အချိန်က နောက်ကျသွားပြီလေ။ အခု ရဲဝံ့ကို သူ့အစ်ကိုတွေ အိမ်ထဲမှာ ပိတ်ထားလိုက်ကြပြီ၊ သူ ကျူရှင်မလာရတော့ဘူး၊ ရဲဝံ့ကမှ ပိုဆိုးတာ၊ ကျူရှင်ကသင်တဲ့ အနီးကပ်ကို မတက်ရတော့ဘူး။ စာလည်း သူ့ဘာသာဆို စိတ်လေပြီး ကျက်မှာမဟုတ်ဘူး။ သူ စာမေးပွဲကျလိမ့်မယ်"







www.burmeseclassic.com

www.burmeseclassic.com



သောတသည် တငိုငို တရယ်ရယ်ဖြင့်ပင် စနေ တနင်္ဂနွေ ကျူရှင်ရက်တွေကို ဖြတ်ကျော်လိုက်ရသည်။ ဒီနှစ်ရက်လုံးလုံး ရဲဝံ့ကို မတွေ့ရသောအခါ အရဲစွန့်ပြီး သူ့အိမ်ဖုန်းခေါ်ကြည့်မိသေးသည်။ ဖုန်းလာကိုင်သူမှာ ရဲဝံ့ မဟုတ်မှန်းသိလျှင်သိချင်း သောတ ကြောက်ပြီး ဘာမှမပြောရဲဘဲ ဖုန်းပြန်ချခဲ့တာ နှစ်ခါလောက် ရှိသည်။

သောတလည်း တနင်္လာ၊ အင်္ဂါ၊ ညနေပိုင်းကျူရှင်ချိန်တွေကိုလည်းကောင်း၊ သောကြာနေ့တိုင်း ရဲဝံ့လာလာခေါ်တတ်တဲ့ ကျောင်းဆင်းချိန်ကိုလည်းကောင်း ခက်ခဲပင်ပန်းစွာပင် တစ်ပတ်လုံး တိတ်ဆိတ်ခြောက်သွေ့လျက် ဖြတ်သန်းလိုက်ရပါသည်။





## အခန်း ၁၂

"ဟယ် ... အဲဒီမှာတင် သူတို့ ကွဲသွားရောလား"

ဝင့်ဝါက ဆက်သိချင်ဟန်ဖြင့် မေးသည်။ ကျော်စွာထန်သည် ရှေ့ဆက်ပြောသင့် မပြောသင့် စဉ်းစားမိသဖြင့် ဇာတ်လမ်းကို ခဏဖြတ်လိုက်တာဖြစ်သည်။ သူတို့ အခြေအနေက ဒီမှာတင် ရပ်သွားရင်ကောင်းသားပေါ့လေ။ အခုတော့ သူတို့နှစ်ဦးသဘောတူ ထွက်ပြေးသွားကြဖူးတယ်။ ဒါပေမဲ့ သုံးလေးနာရီအတွင်း ပြန်ရှာတွေ့တယ်ဆိုတဲ့ အဖြစ်အပျက်ဟာ သောတကြည်အတွက် သိက္ခာကျစရာများ ဖြစ်နေမလား။ သူတို့ ဘာမှ မဖြစ်ခဲ့ပါဘူး ပြောပေမဲ့ ယုံတဲ့သူက ယုံမယ်၊ မယုံတဲ့သူက မယုံဘူးဆိုတာမျိုးရှိရင်ရှိနိုင်တယ်။ အကယ်၍သာ ရဲဝံ့ဟာ ခုချိန်မှာ သောတကြည်ကိုပဲ ရွေးချယ်ထားတယ်ဆိုရင် ဒီအဖြစ်အပျက်ဟာ ဘာမှ ဖုံးကွယ်လောက်စရာမရှိဘူး။ ရဲဝံ့ သောတကိုသာ ရွေးဖြစ်ခဲ့ရင်ကောင်းမှာပဲလို့ ကျော်စွာထန်သည် ဘာရယ်ကြောင့်မှန်းမသိ တွေးတောကြည့်မိသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကို မပြောချင်ရင်လည်း မပြောနဲ့လေ၊ ဝင့်ဝါ နည်းနည်းတော့ သဘောပေါက်လာပါပြီ"

ဝင့်ဝါသည် ဘာကို တွေးမိသည်မသိ။ ထိုသို့ ပြောလိုက်တော့မှ ကျော်စွာထန် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပါသည်။

"ဟာ ... မဟုတ်ဘူး၊ မဟုတ်ဘူး။ ဝင့်ဝါ တလွဲတွေ မတွေးပါနဲ့။ သူတို့ ဘာမှ မဖြစ်ပါဘူး ... ကဲ ... ခဏ သည်းခံပြီးနားထောင်၊ ကိုယ် ပြောပြမယ်"

ဝင့်ဝါက အသာငြိမ်ပြီး ဝတ္ထုဇာတ်လမ်းလေးတစ်ပုဒ်လိုလို၊ ရုပ်ရှင်ဗီဒီယိုဆန်ဆန် ဇာတ်လမ်းလေးတစ်ပုဒ်လိုလို ဖြစ်နေသည့် ရဲဝံ့နဲ့ သောတဟူသော ဆယ်ကျော်သက်လေးနှစ်ယောက်ရဲ့ အကြောင်းကို စိတ်ဝင်စားစွာပင် နားထောင်မိပါသည်။

"ညီလေးကို ကျောင်းလည်းထုတ်လိုက်တယ်၊ သူ သွားတက်နေကျ ဝိုင်းကျူရှင်ဆီလည်း မသွားတော့ဘူး၊ ကိုကြီးက တက်သုတ်ရိုက်စီစဉ်ပြီး ချက်ချင်းပဲ ဆေးကျောင်းတက်နေတဲ့ စာတော်တဲ့ ကျောင်းသားတစ်ယောက်ကိုပဲ Study Guide ငှားပေးလိုက်တယ်ပေါ့။ စာမေးပွဲလည်း ဖြေခါနီးနေပြီဆိုတော့ သင်ရိုးက ကုန်နေပြီ။ စာဖတ်ရုံပဲ ကျန်တော့တာဆိုတော့ စာကျက်ဖို့ အဖော်ပဲ ငှားပေးလိုက်တယ်၊ သူ့ကို အိမ်ထဲက အိမ်ပြင် မထွက်ရအောင် ထားလိုက်တဲ့ သဘောပေါ့။ တကယ်တော့ ကိုယ်တို့ အဲဒီလို တားမြစ်တာပာ သူတို့ကောင်းဖို့အတွက်ပါ။ အချိန်မတိုင်ခင် မဖြစ်သင့်တာ ဖြစ်မှာစိုးလို့ပါ"





ဝင့်ဝါသည် ကျော်စွာထန် ပြောသမျှကို အနှောင့်ယှက်မပေးဘဲ အသာနားထောင်ရင်း မျက်စိထဲမှာလည်း မြင်ာင်လာအောင် ပုံဖော်ကြည့်နေခဲ့သည်။

"တစ်ရက်မှာကွာ ကိုကြီးက မနက်အစောကြီး ထပြီး အလုပ်ကိစ္စအတွက် ထွက်သွားရတယ်၊ ကိုယ်ကလည်း အဲဒီနေ့က အိမ်မှာ ရေစက်ပျက်လို့ ပြင်မဲ့လူကို အိမ်က ထွက်မသွားခင် အမြန်သွားခေါ်နိုင်ဖို့ဆိုပြီး မနက် ခြောက်နာရီလောက် အိမ်က ထွက်သွားမိတယ်ကွာ"

ထိုနံနက်ကတော့ ရဲဝံ့တစ်ယောက်တည်း အိပ်ရာကတော့ ခြောက်နာရီခွဲနေပြီ။ ရဲဝံ့တို့အိမ်က အိမ်တော့သိပ်မကြီး။ ခံထပ်တိုက်ပြားပြားရှည်ရှည်လေးကိုပဲ အိပ်ခန်းလေးခန်း၊ ရေချိုး အိမ်သာ တွဲရက်နှစ်ခန်း၊ ထမင်းစားခန်းနှင့်တွဲရက် မီးဖိုာင်နှင့် ဧည့်ခန်းဘုရားခန်းတွဲရက် သီးသန့်တစ်ခန်းစီ အကန့်က်ခွဲထားသော အိမ်လေးဖြစ်သည်။ ဖေဖေနဲ့ မေမေ့ စိတ်ကူး ဆောက်ခဲ့သော တိုက်အိမ်လေးက ခြံတော့ နောက်ဘက်မှာ ာ်တော်ကျယ်ပါသည်။ ထိုနောက်ဘက်မှာ ရေတိုင်ကီအကြီးကြီးသာ ရေစင်အကြီးကြီးလည်း ရှိသည်။ သရက်ပင်၊ အုန်းပင်၊ လကာပင်၊ ပိတောက်ပင်တို့လို အရိပ်ရအပင်ကြီးတွေလည်း သည်။ မြက်ခင်းလည်း အပြည့်ခင်းထားသဖြင့် ရဲဝံ့တို့ ငယ်ငယ်တော့ ကလေးစီး ဒန်းတွေ လျှောတွေ လုပ်ပေးထားခဲ့သည်။ ခုတော့ အဲဒါလေးတွေ ဖြုတ်သိမ်းထားလိုက်ပါသည်။ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တလေတော့ သူတို့ ညီအစ်ကိုသုံးယောက် ကြီးကောင်ကြီးမား
မဲ့ ဘောလုံးကန်တာမျိုး၊ ခြင်းခတ်ကြတာမျိုး ထွက်ကစား
ကြသည်။ အိမ်ရဲ့ ဘေးမှာတော့ ကားဂိုဒေါင်ရှိသည်။ ကားနှစ်
အသာလေး ဝင်နိုင်သော ကားဂိုဒေါင်မှာ ကိုကြီးနဲ့ ကိုလတ်သ
အသုံးများသော ကိုကြီးရဲ့ နိုင်းတီမော်ဒယ်လ် စူပါဆလွန်း
ကိုလတ်ရဲ့ ပတ်ပလေကာပစ်ကပ်တစ်စီး အမြဲရှိပေမဲ့ ဒီနေ့တေ
မနက်စောစောကြီးမှာပဲ နှစ်စီးစလုံး မရှိသည်ဖြစ်ရာ ရဲဝံ့ တအံ့တ
ဖြစ်သွားပါသည်။

သူ့ကို အကျဉ်းသားတစ်ယောက်လိုပဲ စောင့်ကြ
နေကြသော အစ်ကိုတွေ ဘယ်ရောက်ကုန်ကြသနည်း။ တ
ယောက်မဟုတ် တစ်ယောက် အမြဲစောင့်ကြည့်ခံရသော ရက်
တုန်းက သူတို့နှစ်ယောက်စလုံး မရှိတဲ့ရက်ကျရင် သောတ
ပြေးတွေ့ဖို့ စိတ်ကူးထားမိတာ ခုတော့ တကယ်ဖြစ်လာပြီ။

ရဲဝံ့သည် ကတုန်ကယင်ပင် ဖြစ်အောင် စိတ်လှ
ရှားသွားသည်။ လွယ်နေကျ Harry Potter ကျောပိုးအိတ် ကော
လွယ်ပြီးသောအခါ ရဲဝံ့သည် နာရီကို ကြည့်လိုက်ပါသည်။ ခု
နာရီထိုးနေပြီ။ ကိုလတ်ဖြစ်ဖြစ် ကိုကြီးဖြစ်ဖြစ် ပြန်လာ
မသွားရဘဲနေမည်။ ဒါကြောင့် ဗိုက်ထဲက တဗွီဗွီ မြည်အော
ဆာပေမဲ့ မစားတော့ဘဲ တံခါးဝကိုသာ သုတ်ခြေတင်မိသည်

အိမ်မှာ သူတို့ ညီအစ်ကိုတွေ လိုအပ်သော သ
ရှင်းရေး ချက်ပြုတ် လျှော်ဖွပ် ခြံရှင်းဖို့ အဖေ့ဘက်ကလား အ





ဘက်ကလားမသိ ခေါ်ထားသော ဆွေနီးမျိုးစပ်ဖြစ်သည့် ဦးကြီး
ဒေါ်ကြီး လင်မယားကတော့ ဘာမှ မသိ။

ဦးကြီးက နောက်ဖေးခြံထဲက သစ်ရွက်ခြောက်ဘွေ
တံမြက်စည်းလှည်း သန့်ရှင်းနေသည်။ ဒေါ်ကြီးကတော့ ရဲဝံ့
နိုးလာရင်စားဖို့ မနက်စာပြင်ရင်း ထုံးစံအတိုင်း တစ်အိမ်သားလုံး
စားဖို့ ထမင်းဟင်း စပြီးချက်နေရောပေါ့။ ရဲဝံ့ အိမ်ပြင်ထွက်သွား
သည်ကို ဘယ်သူမှပင် မသိလိုက်ကြ။ သူတို့ကိုလည်း ကိုကြီး
ကိုလတ်တို့က ဘာမှမှာထားပုံမရ၍ သူတို့လည်း ရဲဝံ့ကို ဂရုတစိုက်
စောင့်ကြည့်ရမှန်း သိပုံမရချေ။

ရဲဝံ့သည် တွေ့ရာ တက္ကစီကို လှမ်းတားပြီး သောတ
နေသော လမ်းအမည်ပြောကာ တက်လိုက်ပါသည်။ သောတ
ဒီအချိန် အိမ်မှာပဲ ရှိဦးမှာပေါ့။ စာမေးပွဲလည်း နီးပြီမို့ ကျောင်း
လည်း သွားချင်မှ သွားတော့မှာပေါ့။ ကလေးတန်းတွေ၊ အစိုးရ
စစ်မဟုတ်သော အတန်းတွေလည်း စာမေးပွဲတွေ စနေပြီဖြစ်သဖြင့်
အစိုးရစစ်ဖြေရမည့် ဆယ်တန်းတွေကတော့ အိမ်မှာ စာစ,ကျက်
နေကြ၍ ကျောင်းသိပ်သွားတော့မှာ မဟုတ်ချေ။

သောတကို ဘယ်လို တွေ့ရမလဲပဲ စဉ်းစားလာမိ
သည်။ အိမ်ရှေ့က ဖြတ်ပြီး ကိုယ်ယောင်ဖျောဖျော ပြရင်
သောတ မြင်ပါ့မလား။ ဒါမှမဟုတ် မနက်ဆို အမေကို ကူတဲ့အနေနဲ့
ဈေးဝယ်ပေးသလား။ ဈေးဝယ်ပေးရင်တော့ ပိုကောင်းတာပေါ့
လေ။ ဈေးထဲသွားရှာပြီး တွေ့ရုံပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ညီလေး ရောက်ပြီ၊ ဒီလမ်းပဲ ဘယ်မှာရပ်ရမလဲ"

"ရပြီ အစ်ကို၊ ဒီမှာပဲ ရပ်လိုက်ပါ"

ရဲဝံ့ ကားခပေးပြီး ဆင်းလာခဲ့သည်။ သောတတို့အိမ်က လမ်း၏ အလယ်လောက်မှာမို့ လမ်းထိပ်နားမှ ဆင်းပြီး လမ်းလျှောက်ဝင်လာခဲ့သည်။

သောတတို့ရဲ့ အောက်ဆုံးထပ် အိမ်ခန်းလေးကတော့ အပြင်သံပန်းတံခါး ပိတ်ထားပါသည်။ အတွင်းဘက်က သစ်သားတံခါးမကြီးတော့ ဖွင့်ထားပြီမို့ လူတွေ နိုးနေပြီပေါ့။ ရဲဝံ့သည် သုံးလေးခါလောက် ခေါင်းကြီးလည်ပြီး ဖြတ်လျှောက်ရင်းမှ ...

"အင်း ... သောတကို ငါ ရောက်နေကြောင်း အချက်ပေးရင် သိနိုင်တဲ့ သင်္ကေတတွေ ဘာတွေ အစက ပြောထားမိရင်ကောင်းသား။ အခုတော့ မမချောက အပြင်ထွက်တို့မလာတော့ဘူး"

ဟု အခုမှပဲ သူတို့နှစ်ယောက်ကြားမှာ အချိန်းအချက်လျှို့ဝှက်သင်္ကေတတွေ ဘာတွေ မလုပ်ထားမိတာကို နောင်တရပြီး တွေးမိသည်။

ရဲဝံ့ ဖြတ်လျှောက်နေချိန်မှာပဲ သောတ အမေ ဈေးခြင်းတောင်းဖြင့် ပြန်လာသည်ကို လှမ်းတွေ့လိုက်ရပါသည်။ ရဲဝံ့ ဝမ်းသာသွားသည်။ အမေကို တံခါးလာဖွင့်ပေးရင် သောတ သူ့ကို တွေ့တော့မည် မဟုတ်လား။





ရဲဝံ့ ပြောင်ပြောင်တင်းတင်းကြီး တိုက်ရှေ့မှာ ဟိုကြည့်ဒီကြည့် ရပ်ပြကာ ကိုယ်ယောင်ပြလိုက်ပါသည်။ သောတကား သူ့ကို လှမ်းမြင်မြင်ချင်း အံ့သြဝေးကြောင်နေသည်။ နောက်မှ အမေကို ဟန်မပျက် တံခါးဖွင့်ပေးရင်း အမေ ကျောခိုင်းနေတုန်း ရဲဝံ့ကို လက်အသားကာပြကာ "ခဏစောင့်"ဟု အသံတိတ် လှမ်း၍ အချိန်းအချက် လုပ်လိုက်ပါသည်။

နောက်တော့ မိနစ်နှစ်ဆယ်လောက် အကြာမှာ သောတတစ်ယောက် လက်ထဲမှာ ဖိုင်လ်လေးတစ်ချပ်ကိုင်၊ လက်သီးဆုပ်ထဲ ကိုင်ထားရင် မြုပ်နေတတ်သည့် မွေးပွပိုက်ဆံအိတ် (Hello Kitty ရုပ်)လေးကိုင်ရင်း လမ်းထိပ်မှာ စောင့်နေသည့် ရဲဝံ့ဆီ အပြေးလျှောက်လာပါသည်။

သူတို့ တွေ့တွေ့ချင်း စကားမပြောဖြစ်ကြသေးဘဲ လက်ချင်း ပူးကပ်တင်းကျပ်နေအောင် ဆုပ်ကိုင်လိုက်မိကြလေသည်။

"ရဲဝံ့ ... ရဲဝံ့ရယ် ... သိပ်လွမ်းတာပဲသိလား"

သောတထံမှ မျက်ရည်လေးဝဲလျက် ပြောသံကို အရင်ဆုံး စ,ကြားရသည်။

"ငါလည်း သိပ်လွမ်းတာပဲ သောတရယ်။ ဘာမှကို စိတ်မဝင်စားနိုင်ဘူး။ အချိန်ပြည့် နင့်ပဲ သတိရနေတယ်၊ တစ်ပတ်မှာ လေးရက်လောက်တွေ့ရသလို သောကြာနေ့တွေဆိုလည်း လျှောက်လည်ကြရတော့ ငါးရက်လောက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတာလေ။ အခုလို လုံးဝကြီး မတွေ့ရတော့ လူက သေတောင်လဲသေချင်တယ်၊ ကိုကြီးတို့က သိပ်ရက်စက်တာပဲ၊ သိပ်အနိုင်ကျင့်တာပဲ။ ငါက ကလေးဆိုပြီး ဗိုင်းဗိုလ်ကျတယ်"

"နင့်ကို ထိုးကြ ကြိတ်ကြသေးလားဟင်"

"ကိုကြီးက ဖက်ပိုးနှစ်ခါအုပ်တယ်၊ ကိုလတ်က ပါးကို လက်ပြန်ရိုက်တယ်၊ အဲဒါတွေက မနာပါဘူး၊ သူတို့ နာအောင်ရိုက်လည်း ငါ မကြောက်ပါဘူး။ ငါ ကြောက်တာက နင်နဲ့ ခွဲရမှာပဲ၊ အခုရော နင့်အမေကို ဘယ်လို ပြောပြီး ထွက်လာတာလဲ"

"လမ်းထိပ်မှာ ဖိုတိုကော်ပီသွားကူးမလို့ဆိုပြီး ခဏထွက်လာတာ။ နင်ကရော ဘယ်လို ရောက်လာတာလဲ"

"ကိုကြီးရော ကိုလတ်ရော ဒီမနက် ငါ နိုးနိုးချင်းမရှိတာ ဖြစ်ချင်ရာဖြစ်တော့ဆိုပြီး ထွက်ချလာတာလေ။ ခါတိုင်းဆို တစ်ယောက်မဟုတ် တစ်ယောက်က ငါ့ကို အကျဉ်းသားလိုပဲ စောင့်နေတာ။ အိမ်မှာ ဆေးကျောင်းက အစ်ကိုကြီး တစ်ယောက်ပေါ့ ကိုလတ် သူငယ်ချင်းလည်း သူငယ်ချင်းပေါ့၊ သူ့ကို ငါ့အတွက် စာကူကျက်ပေးဖို့ Guide ငှားလိုက်တော့ သူ စာလာကျက်ပေးပေမဲ့ ငါ လုံးဝကို ခေါင်းထဲ ထည့်လို့မရဘူး သောတရယ်။ ငါတော့ ဒီနှစ် ဝင်ဖြေရင် ကျမှာပဲထင်တယ်"





"ဟယ် ... ရဲဝံ့ရယ်၊ နင်ကလည်း"

သောတလည်း ရဲဝံ့အတွက် စိုးရိမ်ပူပန်ပြီး မျက်ရည်တွေ တပေါက်ပေါက် ကျလာသည်။ သောတလည်း စာကျက်တော့ စိတ်မပါ။ ခေါင်းထဲမဝင်လှပေမဲ့ စီးပွားရေးမှာ တစ်ယောက်တည်း ရုန်းကန်နေသော မေမေ့ကို သနားပြီး ဖြစ်သမျှတွေကြိုးစားမေ့ပစ်ကာ စာကို ရအောင်တော့ ကြိုးစားကျက်နေရတာပင်။

သောတ အောင်ပြီး ရဲဝံ့ ကျမယ်ဆိုရင် သောတ ဘယ်လိုများ ဖြေသိမ့်ရပါ့မလဲ။ ပြီးတော့ ရဲဝံ့ ကျခဲ့ရင် သောတနဲ့ တက္ကသိုလ်မှာ ဘယ်လိုမှ ပြန်ဆုံနိုင်မှာ မဟုတ်တော့ဘူးလေ။

"ခွဲရမှ ပိုသိလာတယ် သောတရယ်။ ငါ နင့်ကို လုံးဝ မခွဲနိုင်ဘူး။ တကယ်ပြောတာ သိပ်ချစ်တာပဲ။ ငါတို့ စိတ်ကစားလို့ ချစ်တာမဟုတ်ပါဘူးနော်။ ငါတို့နှစ်ယောက် တကယ်ချစ်ကြတယ်ဆိုတာ ငါတို့ အချင်းချင်း နားလည်ပြီးသားပါနော်"

"ငါလည်း အဲဒီလိုပါပဲ ရဲဝံ့ရယ်၊ နင့်ကို ငါ ဘယ်လိုမှ မေ့မပစ်နိုင်ဘူး"

"သောတ"

"ဟင်"

ရဲဝံ့သည် သောတမျက်ဝန်းညိုညိုတွေထဲ အသေအချာ ငင်စိုက်ကြည့်ပြီး ရင်ထဲကလာသော အသံဖြင့် ခေါ်လိုက်ပါသည်။ သောတ လက်ကိုလည်း လွတ်သွားမှာစိုးသည့်အလား တင်းကျပ်



www.burmeseclassic.com

www.burmeseclassic.com



စွာပင် ဆုပ်ကိုင်ထားခဲ့ပါသည်။ သူသည် စိတ်ထဲမှာ လျှပ်တ
ပြက် ဖြစ်ပေါ်လာခဲ့သော ဆုံးဖြတ်ချက်ကို မပြင်ချင်တော့ေ

"နင် ငါနဲ့ဆိုရင် ဘာပဲဖြစ်ဖြစ်ဆိုပြီး စွန့်စားရဲလား"

"ဟင် ... ဟင် ... ရဲဝံ့ ... နင် ဘာပြောနေတာ
ဘာလဲဟင် ငါ နားမလည်တော့ဘူး"

"ငါတို့ ထွက်ပြေးကြရအောင်လေ"

"ဟင် ... ရဲဝံ့ရယ်၊ မလုပ်ပါနဲ့။ ငါတို့ ငယ်ငယ်
ရှိသေးတယ်၊ ပြီးတော့ ဆယ်တန်းလည်း မဖြေသေးဘူ

"တစ်နေရာရာမှာ အတူတူ ထွက်ပြေးပြီး ပုန်းနေမယ်လေ
စာမေးပွဲဖြေတဲ့အခါကျ ကိုယ် ဖြေရမဲ့စင်တာမှာ သွား
မယ်လေ"

ရဲဝံ့သည် ကလေးတစ်ယောက်ရဲ့ အတွေးမျှသ
ရှိသော သူ့အတွေးကိုသာ တွင်တွင်ပြောပါသည်။ သောတ
တော့ မိခင်ဆုံးမမှုအောက်မှာ အသေအချာ ကြီးပြင်းခဲ့ရသေ
မိန်းကလေးဖြစ်သဖြင့် ဒီလိုမျိုး မဖြစ်သင့်ဘူးဟု ဦးနှောက်ထဲ
သတိပေးနေသဖြင့် ခေါင်းကို တွင်တွင်ခါယမ်းကာ ...

"အဲဒီလို လုပ်လို့လဲ ဘယ်ဖြစ်မလဲ၊ ဘယ်စာအုပ်နဲ့
သွားကျက်မလဲ။ ပြီးတော့ ငါတို့နှစ်ယောက် ထွက်ပြေ
ကြတယ်ဆိုတာဟာ ခိုးပြေးတာနဲ့ အတူတူပဲ။ နင်နဲ့
အဲဒီလိုဖြစ်ဖို့ အချိန်မတန်သေးဘူး။ ငါတို့ သိပ်ငယ်သေ
တယ်။ ပြီးတော့ ငါလည်း အစောကြီး အိမ်ထောင်ကျရ





မိန်းမမျိုး မဖြစ်ချင်ဘူး။ ငါ့မှာ မေမေ ရှိတယ်။ မေမေ့ကို
သနားရမယ်"

"ဩော် ... အေး ... သောတ နင်က ဒီလိုလား၊ ဒါဆို
လည်း ရပါတယ်။ ငါ အခု ဒီကပြန်ရင် အိမ်မပြန်တော့ဘူး၊
ငါ့ဘာသာ အဝေးကို ထွက်ပြေးသွားမယ်။ ဆယ်တန်းလည်း
မဖြေတော့ဘူး။ ဒီနှစ်လည်း မဖြေဘူး၊ နောက်နှစ်လည်း
မဖြေဘူး။ ဘယ်တော့မှ မဖြေဘူး။ ငါ လူကောင်းမလုပ်
တော့ဘူး။ လူဆိုးပဲလုပ်မယ်။ ဆေးချမယ်၊ သူများပစ္စည်း
ခိုးမယ်။ ဖဲရိုက်မယ်၊ လောင်းကစားမယ်၊ ရန်ဖြစ်မယ်၊
လူသတ်ရင်သတ်မယ် ဒါပဲ။ အဲဒါတွေ ငါ လျှောက်လုပ်ပစ်
မယ်။ ငါတကယ် ပြောတာ သောတ။ ငါ့ဘဝမှာ နင်
ရှိနေလို့ မျှော်လင့်ချက်နဲ့ ငါ လူကောင်းလုပ်နေတာ။ ငါ့မှာ
ဘာမျှော်လင့်ချက်မှ မရှိတော့ရင် လူဆိုးပဲလုပ်တော့မယ်၊
ဒါပဲ ကဲ ... ငါ သွားပြီ။ လုံးဝ သွားပြီနော်၊ နင့်ဆီ ဘယ်
တော့မှ ပြန်မလာတော့ဘူး"

ရဲဝံ့သည် ကမူးရှူးထိုးပင် သူ ပြောချင်ရာပြောပစ်
ပြီး သောတ လက်ကို ဆတ်ခနဲ ပုတ်ချ၊ ဖြတ်ချလိုက်ကာ ပြေး
ထွက်သွားသည်။ တစ်ဖက်ကားလမ်းကို ပြေးကူးသွားပါသည်။
သောတကိုလည်း တစ်ချက်မှပင် လှည့်မကြည့်တော့ဘဲ ဇိုက်စိုက်
ဇိုက်စိုက်ဖြင့် ဆောင့်နင်းပြီး ထွက်သွားပါသည်။ သောတကို စိတ်
လည်းနာနေသည်။ ပြီးတော့ ဝမ်းလည်းနည်းနေသည်။ သောတ



www.burmeseclassic.com

www.burmeseclassic.com



က သူချစ်သလိုမချစ်။ သူကတောင် စွန့်စားရဲသေးတာ သောတက ဘာလို့ မစွန့်စားရဲရတာလဲ။ ဒါဟာ သူ့ကို မချစ်လို့ပဲပေါ့။ ရဲဝံ့သည် ယောကျ်ားလေးတန်မဲ့ မျက်ရည်တွေ ကျိတ်သုတ်လာခဲ့ပါသည်။ ထိုအချိန်တွင် နောက်က ပြေးလိုက်လာခဲ့သော ခြေသံနှင့်အတူ ...

"ရဲဝံ့ ... ရဲဝံ့ ... ခဏစောင့်ပါဦး၊ သောတ လိုက်လာပြီ"ဟူသော ခေါ်သံကိုပါ ကြားလိုက်ရပါသည်။ ရဲဝံ့၏ ရင်ထဲ ထိုအချိန်က ပျော်သွားခဲ့တာလောက် ဘယ်အပျော်ကမှ လိုက်မမီခဲ့တော့ချေ။

"ရဲဝံ့ ... ရဲဝံ့ သောတလေ"

သောတသည် မျက်ရည်တွေဖြင့် ဆက်မပြောနိုင်။ ရဲဝံ့ကတော့ သောတ သူ့နားရောက်လာလာချင်း သောတလက်ကို လွတ်ထွက်သွားမှာစိုးသည့်အလားပင် တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီးနေခဲ့ပြီ။

"သောတ ငါနဲ့ လိုက်ခဲ့နော်"

"ရဲဝံ့ရယ် ... ငါ တကယ်တော့ ဒီလို မဖြစ်ချင်ဘူး၊ ဒါပေမဲ့ နင် မကောင်းတာဖြစ်သွားမှာစိုးလို့ ငါ လိုက်လာပေးရတာပါ။ ငါရှိရင် နင် လူကောင်းဖြစ်မှာ သေချာလားဟင်"

"သေချာတာပေါ့၊ ငါ အသက်ရှင်နေတာ နင့်အတွက်ပဲ၊ နင်ရှိရင် ငါ့ကိုယ်ငါ ထိန်းနိုင်ပြီပေါ့။ ငါ လူသာငယ်ပေမဲ့ စိတ်ဓာတ်က မငယ်ပါဘူး။ ကိုယ့်တာဝန် ကိုယ်ကျေပါ့မယ်"





လူငယ်စုံတွဲလေးတို့ဟာ လောကကြီးအကြောင်း သူတို့ သိထားတာ လက်တစ်ဆစ်စာလောက်သော ဗဟုသုတဖြင့် အနာဂတ်တစ်ခုကို စွန့်စားပြီး အတူတူသွားဖို့ အလွယ်တကူပင် ဆုံးဖြတ်နိုင်ခဲ့ကြပါသည်။ ရဲဝံ့က တက္ကစီကို တားပြီးနေပြီ။ ကားရပ်ရပ်ချင်း သောတကို အရင် ကားထဲ ဝင်ထိုင်၊ သူက နောက်က လိုက်ဝင်ထိုင်ပြီးသည်နှင့် ...

"ဦး ... အဝေးပြေးကားဂိတ်ကို မောင်းပေးပါခင်ဗျာ" ဟူ၍ သူ့ခေါင်းထဲမှာ ကြားဖူးနားဝရှိသော နေရာကိုသာ ညွှန်လိုက်တော့လေသည်။

"ရဲဝံ့ ဘယ်သွားမှာလဲဟင်"

"အဝေးပြေး ကားဂိတ်ရောက်မှ စဉ်းစားမယ်လေ။ ဘယ်ကို ကားလက်မှတ် ဝယ်ရမလဲဆိုတာ အဲဒီကျမှ ကြည့်ရမယ်"

"ငါ့မှာ ပိုက်ဆံနှစ်ထောင်ပဲ ရှိတာ"

"ငါ့မှာ ရှိပါတယ်၊ အများကြီးပဲ၊ ဒီမှာတွေ့လား"

ရဲဝံ့က သူ့ပိုက်ဆံအိတ်ခေါက်လေး ဖွင့်ပြသည်။ စက္ကူအရွက်ရေ အများကြီးမို့ သောတ အံ့သြနေသည်။ ရဲဝံ့ ဘာလို့ ပိုက်ဆံအများကြီး ကိုင်သုံးတာလဲ။

"တစ်သောင်းလောက် ရှိမယ်ထင်တယ်"

"ပိုက်ဆံအများကြီး ဘယ်ကရလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ကိုလတ်တို့က တခြားနေရာမှာသာ လိုက်ချုပ်ချယ်တာ၊ မုန့်ဖိုးကျ တောင်းတိုင်းပေးလိုက်တာပဲ။ ဘာလုပ်ဖို့လဲ မေးတယ်။ ငါက Game တွေ အသစ်ဝယ်ဖို့၊ ဂျင်းန်ဘောင်းဘီဝယ်ဖို့၊ Eminem ပုံတီရှပ်ဝယ်ဖို့ဆိုပြီး ပြောပြီး တောင်းလိုက်တာပဲ။ တစ်ခါတလေလည်း တကယ်ဝယ်တယ်၊ တစ်ခါတလေလည်း မဝယ်ဖြစ်ပါဘူး။ ဒီလိုပဲ လျှောက်သုံးပစ်လိုက်တယ်"

"ရဲဝံ့ ငါ ကြောက်တယ် သိလား"

"ဘာကြောက်တာလဲ"

"ငါ မေမေ မပါဘဲ တစ်ခါမှ အဝေးကြီး မသွားဖူးဘူး။ အခု နင်က အဝေးပြေးကားနဲ့ သွားမှာဆိုတော့ ငါ ကြောက်နေတယ်"

"ငါပါတယ်လေ၊ ငါနင့်ကို စောင့်ရှောက်မှာပေါ့"

တက္ကစီမောင်းသူက ကလေးစုံတွဲလေး ပြောသမျှကို နားစွင့်နေပေမဲ့ ဒီကလေးတွေ ဘယ်ကဘယ်လို လာကြသည် မသိလေရာ ရင်မောစွာပင် အကဲခတ်နေရပါသည်။ တစ်နေရာရာကို ထွက်ပြေးကြမှာထင်တယ်။ အင်း ... မဖြစ်သေးပါဘူး။ သူတို့ အဝေးပြေးကားနဲ့ မသွားနိုင်ခင် အုပ်ထိန်းသူ လူကြီးမိဘတွေ ပြန်ဖမ်းမိသွားအောင် တစ်နည်းနည်းတော့ လုပ်ထားမှဟု၍လည်း သူ့ဘာသာ ကျိတ်ပြီး စဉ်းစားတွေးတောနေသော တကယ့်လူကောင်းတစ်ယောက် ဖြစ်နေပါသည်။





ကလေးအရွယ်လေးတွေ မဖြစ်သင့်တာ မဖြစ်ရအောင် ကိုယ်နဲ့ မဆိုင်ပါဘဲ ကိုယ့်အကျိုးလည်း မရှိပါဘဲ ဝင်တားမြစ်လိုက်ဖို့ စဉ်းစားနေခဲ့သော စိတ်ထားကောင်းသူတစ်ဦး ဖြစ်နေခြင်းကပင်လျှင် ရဲဝံ့ထန်နဲ့ သောတာကြည်တို့ရဲ့ လိုရာခရီး မရောက်နိုင်တော့ဖို့ ဖန်တီးသွားခဲ့ပါသည်။

ကားမောင်းသူသည် သူတို့ကို အဝေးပြေးကားဂိတ်မှာ ချပေးပြီးတာနဲ့ လက်မှတ်အရောင်းဌာနဆီ သူ့ဘာသာ သွားလိုက်ပါသည်။

"ဟိုနားမှာ ရပ်နေတဲ့ အသားဖြူဖြူ ကောင်လေးနဲ့ ဆံပင်တိုတို ကောင်မလေးစုံတွဲဟာ လူကြီးမိဘ မသိအောင် ခိုးပြေးလာကြပြီး အဝေးကို ထွက်သွားဖို့ စီစဉ်နေတဲ့ ကလေးတွေပါ။ သူတို့ လက်မှတ်လာဝယ်ရင် ချက်ချင်း မရောင်းသေးဘဲ အကြောင်းတစ်ခုခုပြပြီး အချိန်ဆွဲထားပေးပါ။ ကောင်လေးနဲ့ ကောင်မလေးဆီက အိမ်လိပ်စာရအောင် မေးပေးပါ။ ကျွန်တော် ကလေးတွေ အရွယ်မတိုင်သေးဘဲ မဖြစ်သင့်တာမဖြစ်ရအောင် တားချင်လို့ပါ။ သားသမီးချင်း ကိုယ်ချင်းစာနာပြီး ဝိုင်းကူညီပေးကြပါဗျာ"

ထိုသူ အသေအချာပင် သူ ကြားသမျှ ဓာတ်စုံခင်းပြပြီး လက်မှတ်ရောင်းသူများကို စည်းရုံးလိုက်သောအခါ အများစုကလည်း ကလေးတွေ မဖြစ်သင့်တာ မဖြစ်စေချင်သူတွေများလေရာ တက္ကစီမောင်းသူရဲ့ စည်းရုံးရေးလည်း အောင်မြင်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ် လာဝယ်သော ကောင်လေးကိုလည်း ...

"မကွေးထွက်မဲ့ကားတော့ ရှိတယ်၊ လက်မှတ်ရှိပါတယ်၊ ဒါပေမဲ့ ကားထွက်ဖို့က နောက်နှစ်နာရီလောက် ကြာဦးမှာမို့ အခု ကြိုမရောင်းသေးဘူး။ ကားထွက်ခါနီး လေးဆယ့်ငါးမိနစ်အလိုကျမှ ရောင်းမယ် ကလေး။ စောင့်နေကြပေါ့၊ ဒါနဲ့ ရန်ကုန် လိပ်စာလေး ပေးလို့ရမလား၊ အစ်မတို့ ကားလုပ်ငန်းက ကံစမ်းမဲအစီအစဉ်လေးရှိတော့ လက်မှတ်ဝယ်သူတိုင်းကို ကံစမ်းမဲပေးပါတယ်။ ပေါက်ရင် အကြောင်းကြားဖို့ပါ"

ရဲဝံ့လည်း ဒီလူတွေဟာ သူတို့ကိုလည်း လုံးဝ သိမထားသူတွေဖြစ်ရာ သဘောရိုးနှင့် မေးသည်ထင်ပြီး အိမ်လိပ်စာကို အလွယ်တကူပင် ရေးပေးမိလေသည်။ တက္ကစီမောင်းသူက သတင်းကြိုပေးထားမယ်မှန်း ဘယ်လိုမှဆက်စပ်ပြီးတော့လဲ မတွေးမိကြ။ အေးအေးဆေးဆေးပင် သောတနား ပြန်လာပြီး ...

"သောတာ လက်မှတ်မရောင်းသေးဘူးတဲ့။ လာ ... လက်ဖက်ရည်ဆိုင်မှာ ထိုင်စောင့်ကြရအောင်နော်"

"ဘယ်ကိုသွားမဲ့ လက်မှတ်ဝယ်တာလဲ"

"သိပ်မကြာခင် ထွက်မဲ့ ခရီးစဉ်ဖယားကို သွားကြည့်တော့ မကွေးကိုထွက်မဲ့ကား အချိန်အကပ်ဆုံးမို့ အဲဒီလက်မှတ်သွားဝယ်တာ"

"ဟင် ... မကွေး"





"ဘာဖြစ်လို့လဲ"

"ငါ တစ်ခါမှ မရောက်ဖူးဘူး။ ကြောက်တယ်၊ ပြီးတော့ အသိလည်း မရှိဘူး"

"ငါ့မှာလည်း မရှိပါဘူး၊ မကွေးရောက်ရင် တည်းခိုခန်းမှာ တည်းပေါ့၊ ဒါပဲ"

"စာမေးပွဲဖြေရဦးမယ်လေ"

"မဖြေခင် တစ်ပတ်မှာ ရန်ကုန် ပြန်ဆင်းလာပြီး တစ်နေရာရာမှာ တည်းပြီး စာမေးပွဲဖြေမှာပေါ့"

"နင် ပြောတာတွေက လွယ်လိုက်တာ ရဲဝံ့ရယ်။ ဖြစ်ပါ့မလား၊ ထွက်ပြေးရင်လည်း ဝေးဝေးလံလံ မသွားဘဲ ပဲခူးလောက်ဆို တော်သေးတယ်"

"ဒါဖြင့် ပဲခူးမှာ ကားခဏရပ်ရင် ဆင်းနေမယ်လေ"

ရဲဝံ့ကတော့ ဒီက ထွက်သွားရဖို့သာ စိတ်ကူးလျက်သောတ စိတ်မပြောင်းအောင် ကြံဖန်ချော့မော့နေပါသည်။ တကယ်တော့ သူ အဝေးကြီး ထွက်မပြေးရဲပါ။ ပိုက်ဆံလေး တစ်သောင်းလောက်နဲ့ ဘယ်လိုရပ်တည်မလဲ။ စာမေးပွဲကလည်း ဖြေရဦးမယ်။ စာမေးပွဲပြီးမှ ရရာအလုပ် ဝင်လုပ်ရမှာပေါ့။ သောတကိုတော့ မလုပ်နိုင်းပါဘူး။ သောတလေး သနားပါတယ်။ ငါ ခေါ်လာလို့သာ လိုက်လာရတာ။ သူ့ကြည့်ရတာ ကြောက်နေပုံပဲ။ ဒါပေမဲ့ ငါလည်း မတတ်နိုင်ဘူး။ ငါက သူ့ကို ချစ်တယ်။ မခွဲချင်ဘူး။ ဒီတော့ သူ ငါနဲ့ ပါလာဖို့ပဲလိုတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာတော့ အိမ်လိပ်စာသိပြီးသော တက္ကစီမောင်းသူမှာ အိမ်လိပ်စာကို ကြည့်ပြီးတာနဲ့ ကားကို အမြန်မောင်းပြီး ထွက်လာခဲ့သည်။ ကလေးတွေ လက်မှတ်ဝယ်ချိန် မရောက်ခင်မှာ သူ့အိမ်က လူကြီးတွေ ရောက်လာနိုင်ဖို့လိုသဖြင့် မြန်မြန်သတင်းသွားပေးရမှာဖြစ်သည်။ ထိုအချိန်မှာ ကျော်စွာထန်လည်း အိမ်မှာ ဗျာများနေချိန် ဖြစ်ပါသည်။ ရေစက်ပြင်သမား ခေါ်ပြီး ပြန်လာတော့ ရဲဝံ့ကို စာလာကျက်ပေးသည့် ကျော်စွာထန့်သူငယ်ချင်း ဆေးကျောင်းသားက ဧည့်ခန်းမှာ ထိုင်လျက် စာအုပ်တစ်အုပ် ဖတ်နေတာနဲ့ ဆုံရသည်။

"ဟာ ... မင်းတို့က စာကျက်နေကြပြီတောင် ထင်တာ"

"ငါ ရောက်တာကြာပြီ၊ မင်းညီက ပေါ်ကိုမလာဘူး၊ အိမ်က အဒေါ်ကြီး မေးတော့လည်း အိပ်ပဲအိပ်နေသေးသလိုလို ပြောတာနဲ့ ငါ စောင့်နေတာ"

"ဟေ ... ဟုတ်လား၊ ဒါဖြင့် ခဏနေဦး၊ ငါ သွားကြည့်မယ်"

သွားလည်းကြည့်ရော အခန်းတံခါးက ဘုလှည့်ပြီး ပိတ်ထားပေမဲ့ အတွင်းက လော့(ခ)မလုပ်ထား၍ ဘုသီးလှည့်ဖွင့်လျှင် အထဲမှာ ရဲဝံ့ထန် ရှိမနေတာကို သိလိုက်ရသည်။

အဲဒီမှာ ကျော်စွာထန်လည်း ယောက်ယက်ခတ်ဗျာများသွားပြီး ကိုကြီးသီဟထန်ကို ဖုန်းဆက်ခေါ်။ သူကိုယ်တိုင်လည်း အိမ်ကဖုန်းဖြင့် ဒိုးဒုံ သူငယ်ချင်းတွေ မှန်သမျှ ဖုန်းဆက်မေးနေရသည်။





တချို့ကောင်လေးတွေဆီက သိရသော ရဲဝံ့ ကောင်မလေး သောတရဲ့ သူငယ်ချင်းဝိုင်းဝိုင်း၊ ကေသီဆိုတာတွေရဲ့ ဖုန်းနံပါတ် စုံစမ်းရရှိသောအခါ ထိုကောင်မလေးတွေကိုပါ ဖုန်းဆက်မေးရသည်။ သူတို့ထံမှ ...

"သောတ ကျွန်မတို့နဲ့ ရှိမနေပါဘူး။ သူ့အိမ်မှာပဲ ရှိနေမှာပေါ့"

ဟူသော အဖြေနဲ့အတူ သောတရဲ့ ဖုန်းနံပါတ်ပါ ရလာသဖြင့် သောတအိမ်ကိုပါ ဖုန်းဆက်သောအခါမှာ မိခင်တစ်ယောက်၏ မချိတင်ကဲ ငိုသံဖြင့် ...

"အန်တီ့သမီးလေး အပြင်ခဏသွားမယ်၊ ဖိုတိုကူးစရာသွားကူးမယ်ဆိုပြီး ပြန်မလာသေးလို့ စိတ်ပူနေတာပါကွယ်၊ မင်းတို့ ပြောလာသလို မင်းတို့ ညီနဲ့ ချိန်းချက်ပြီး ထွက်ပြေးသွားပြီဆိုရင် အမယ်လေး ... ဒုက္ခပါပဲ၊ သမီးက ငယ်ငယ်လေးရှိသေးတာပါ၊ ကူညီကြပါဦး။ အချိန်မီဝိုင်းရှာပေးကြပါဦး"

ကျော်စွာထန်လည်း ခေါင်းတွေပူပြီး ဘယ်မှာရှာရမှန်းမသိဖြစ်နေစဉ် ကိုကြီး အူယားဖားယား ပြန်ရောက်လာပါသည်။ တစ်အိမ်လုံးကို နေစရာမရှိအောင် ဆူပူကြိမ်းမောင်းနေသော သီဟထန်သည် တက္ကစီကားတစ်စီး ခြံဝင်းထဲ အမြန်မောင်းဝင်လာတော့မှ အဆူအငေါက် ရပ်တော့သည်။

တက္ကစီမောင်းသူ၏ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်က ကောင်လေး (......)က အဝေးပြေးကားဂိတ်
မှာ အခုရှိသေးလို့ သူတို့ကို အချိန်မီ ခေါ်နိုင်ဖို့ အကြောင်
ကြားတာပါ"

ဟူသော သတင်းစကားသည် သိဟထန်က
သူ့ကားရှိရာဆီ တစ်ဟုန်ထိုး ထသွားစေတော့သည်။ ကျော်စွာထ
လည်း တက္ကစီမောင်းသူကို ...

"ကျေးဇူးအရမ်းတင်ပါတယ် အစ်ကို"

ဟု ကျေးဇူးစကား အထပ်ထပ်ပြောပြီး သိဟထ
နောက် ပြေးလိုက်သွားပါသည်။

ပြေးလိုက်သွားရင်းမှ အိမ်ရှိ ဦးကြီး ဒေါ်ကြီး လင်
မယားတို့ကို ...

"သောတကြည်ဆိုတဲ့ ကောင်မလေးရဲ့ အမေဆီ ဖုန်းဆက်
ပြီး (......)ကားဂိတ်ကို လိုက်ခဲ့ပါလို့ ပြောပေးထားပါဗျို့
ဖုန်းနံပါတ် အဲဒီမှာ တင်ထားခဲ့တယ်"

ဟု လှမ်းညွှန်ကြားသွားရပါသည်။

ရိုးသားပြီး ထုံသော အ,သော တောသူတောင်သာ
ဦးကြီး ဒေါ်ကြီး လင်မယားဆိုတာက ဒါလေး လုပ်ပါပြော
ခိုင်းမှ လုပ်တတ်ကြသဖြင့် ဘာပဲလုပ်စေချင်ချင် ပါးစပ်က
ထုတ်ပြောမှဖြစ်သည်။ အခုတောင်ကြည့် ရဲဝံ့ကို စောင့်ကြည့်ထား
ဖို့ မမှာထားမိတာနဲ့ပဲ သူတို့ မျက်စိအောက်မှာတင် ရဲဝံ့က
ထွက်သွားလို့ရသွားတာပဲပေါ့။





(......)မြို့နယ်ရှိ အဝေးပြေးကားဂိတ်သို့ ရောက်သော အခါမှာတော့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၏ အဝင်ဝ မြေစိုက်ခုံပုလေးတွေမှာ ထိုင်နေကြသော ရဲဝံ့တို့ကို ချက်ချင်း ရှာဖွေ တွေ့သွားပါသည်။

သိဟထန်နှင့် ကျော်စွာထန် ဖြုန်းခနဲ သူတို့ရှေ့ ရောက်လာသောအခါ ရဲဝံ့သည် တုန်လှုပ်အံ့ဩနေလျက်က မမေ့ မလျော့ပင် သောတ လက်ကိုတော့ ကျစ်ကျစ်ပါအောင် ဆုပ်ညှစ် ကိုင်ထားခဲ့လေသည်။

"ဟော့ကောင် ... ရဲဝံ့ ... တောက် ... မင်းကွာ"

သိဟထန်သည် လူတွေအများကြီး ရှိသည်ကိုပင် ဂရုမစိုက်နိုင်တော့ဘဲ အကျယ်ကြီး အော်လိုက်လေသည်။ ပတ်ဝန်းကျင်ရှိ လူတွေကတော့ အဖြစ်အပျက်ကို ကြည့်သူကြည့်၊ မကြည့်ဘဲ ကိုယ်သွားစရာရှိတာ ဆက်သွားသူသွားဖြင့်။

"လာခဲ့စမ်း ... ဒါ ဘာအခံတာလဲ။ လူလေးကဖြင့် လက်တောက်လောက်နဲ့ သိပ်အစွမ်းပြချင်တယ်ပေါ့။ ဒီလောက် စောင့်ကြည့်နေတဲ့ ကြားကတောင် ထွက်ပြေးပြချင်တယ်ပေါ့။ မင်းတော့ ကောင်းကောင်းနာတော့မယ်"

"ကိုကြီး ကျွန်တော့်ကို မတရားမလုပ်နဲ့။ ကိုကြီး ချုပ်ချယ်လို့ ကျွန်တော် ခုလို ထွက်ပြေးတာ။ အကြီးဆိုပြီး အနိုင်ကျင့်ချင်တိုင်း ကျင့်လို့ရမလားဗျာ။ ကျွန်တော်လည်း ကျွန်တော့်ဘဝ ကျွန်တော် ပိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"လာစမ်း ... မင်း ပြန်လိုက်လာခဲ့စမ်း။ ဘာစကားကြီး စကားကျယ် ပြောတာလဲ။ မင်း ဘယ်မှာ ကိုယ့်ခြေထောက် ပေါ်ကိုယ် ရပ်နိုင်သေးလို့လဲ။ မင်းတို့ ဒုက္ခမရောက်အောင် ငါ ဘယ်လောက် အလုပ်ကြိုးစားခဲ့ရတယ်မှတ်လဲ။ မင်း ငါ့ အရိပ်အောက်မှာပဲ ရှိသေးတယ်၊ ငါ့ကို အာခံဖို့ မကြိုး စားနဲ့။ မင်းတို့ လမ်းမှားရောက်မှာစိုးလို့ ချုပ်ချယ်နေတာကို ဘာပြန်ပြောတာလဲ"

သီဟာထန်သည် ညီကိုပါ မာန်မဲရတာနဲ့ မကျေနပ် သောတကိုပါ စိမ်းစိမ်းစူးစူး စိုက်ကြည့်ကာ ...,

"ရုပ်ကလေးကဖြင့် ကလေးရုပ် မပျောက်သေးဘူး။ ကြည့် လိုက်ရင် အပြစ်ကင်းသလိုလိုနဲ့။ နင် အဲဒီလောက်ကဲ သလား။ ရှရသလား။ ငါ့ညီမသာဆိုရင် နားရင်းပိတ်တီး ပြီးပြီ သောတကြည့်"

သောတသည် လူအများကြီးရှေ့မှာ အပြောခံလိုက် ရ၍ ရှက်ကာ မျက်ရည်တွေ ပေါက်ပေါက်ကျ၊ အံကြိတ်ရှိုက်နေ သည်။ သို့သော် ရဲဝံ့ရဲ့ လက်ကိုတော့ လုံးဝ မလွှတ်မိပါ။ ရဲဝံ့က လည်း မလွှတ်ပါ။

"ခုချက်ချင်း လက်တွဲဖြုတ်စမ်း၊ ဘာခေါင်းမာနေတာလဲ ငါတို့ ပြန်တွေ့ပြီးနေတာတောင် ဘာလဲ မင်းက ဆက်ပြီး ထွက်ပြေးဖို့ အကြံထုတ်နေသေးတာလား"





ကျော်စွာထန်သည် ရဲဝံ့ လက်မောင်းကို ဆောင့်ဆွဲ ခေါ်လိုက်ပါသည်။ ရဲဝံ့ ယိုင်ကာပါလာသလို သူ လုံးဝ လက်တွဲ မဖြုတ်သော သောတကပါ တတန်းကြီး ပါလာပါသည်။

ဒါကိုမြင်တော့ ကိုကြီး ကိုလတ်တို့ ပို၍ ဒေါသဖြစ် လာကာ လိမ်ကျစ်နေအောင် ဆုပ်ကိုင်ထားသော လက်ဖဝါးနှစ် ဖက်တို့ကို အတင်းဆွဲဖြဲ၊ ဖြေထုတ်၊ ဆောင့်ဆွဲပစ်လိုက်ကြပါသည်။ လက်တွဲပြေသောအခါမှာ သောတကိုပါ ကျော်စွာထန်က ပခုံးကို တစ်ချက်ဆောင့်တွန်းပစ်လိုက်မိသေးသည်။

သောတတစ်ယောက် လက်ချောင်းလေးတွေ၊ လက် ကောက်ဝတ်လေးတွေ တအားနာသွားလျက် ရှိုက်ကြီးတငင်ငိုနေ ရင်းမှ ...

"သောတတို့ မမိုက်တော့ပါဘူး။ ကိုကြီး ကိုလတ်တို့ အခုလို ခွဲတာကို အခွဲခံပါတယ်။ ဒါပေမဲ့ သောတနဲ့ ရဲဝံ့ ကို အဆက်အသွယ် ပေးမလုပ်ဘဲနဲ့တော့ မနေပါနဲ့နော်"

ဟူ၍ တောင်းပန်စကားတွေ ဗလုံးဗထွေး ပြောနေစဉ် သောတ နားကို မေမေ အပြေးရောက်လာခဲ့ပါသည်။

"သမီးရယ် ... မေမေ စိတ်ပူလိုက်ရတာ"

ဟူသော တစ်ခွန်းသာပြောပြီး လူရှေ့သူရှေ့မှာ အပြစ်တင်စကားလုံးဝ မပြောဘဲ သမီးဖြစ်သူကို ပခုံးအသာပွေ့ဖက် နှစ်သိမ့်လိုက်သော မိခင်ကြောင့် သောတအတွက် မှိုခိုအားထား စရာကား ပြည့်စုံလုံခြုံသွားစေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခါ ထပ်ပြီး ထွက်ပြေးဖို့လုပ်လို့ကတော့ မင်း ဒီထက်ပိုနာမယ်မှတ်"

ဟု ညီဖြစ်သူကို လူအများကြီးရှေ့မှာ ဖက်ပိုးအုပ်၊ လက်ပြန်ရိုက်၊ ဆောင့်တွန်းလုပ်ရင်း ဆူပူကြိမ်းမောင်းနေကြသော သီဟထန်၊ ကျော်စွာထန် ညီအစ်ကိုတို့ကို မေမေသည် စိတ်မသက်သာစွာ ကြည့်ရင်း ...

"သမီးကို အန်တီ နားလည်အောင် ကြည့်ပြောပြီး ဆုံးမရင် ရပါတယ်။ အန်တီ့သမီးရဲ့ စိတ်ကို အန်တီ သိပါတယ်၊ သူ မင်းတို့ထင်သလို နောက်တစ်ခါထပ်ပြီး မိုက်မဲတဲ့ အပြုအမူကို လုပ်မှာမဟုတ်ဘူး စိတ်ချပါ။ မင်းတို့လည်း မင်းတို့ရဲ့ ညီလေးကို ရိုက်နှက်ဆုံးမ၊ အိမ်ထဲ ပိတ်လှောင်ထားတာမျိုး မလုပ်ပါနဲ့။ ကလေးစိတ်မှာ ဒဏ်ရာရသွားမယ်၊ သူ သဘောပေါက်နားလည်အောင် ချည်းရုံးသိမ်းသွင်းပြောရင် ရပါတယ်။ မောင်ရဲဝံ့က လိမ္မာတဲ့ ကလေးပါ"

မေမေ လှမ်း၍ ပြောပါသည်။

ကိုသီဟထန်က ...

"အန်တီ့ကိုတော့ ပြောရတာအားနာပါတယ်။ ဒါပေမဲ့ သောတကြည်ကို အန်တီ သေသေချာချာ စောင့်ကြည့်ပေးထားစေချင်ပါတယ်။ ရဲဝံ့မှာ သောတကြည်ဆိုတာ မရှိရင် ဒီလိုဖြစ်လာမှာ မဟုတ်ဘူးဆိုတာ သေချာပါတယ်"





သိပ်လည်းမရိုင်း၊ သိပ်လည်းမယဉ်ကျေးသော စကားတို့ဖြင့် မေမေ့ကို ပြန်တုံ့ပြန်ခဲ့ပြီးနောက် ရဲဝံ့ကို ဒယဉ်ဆွဲခေါ်ကာ ကားနောက်ခန်းထဲ ထိုးကြိတ် ဆောင့်တွန်းပစ်ထည့်လိုက်တော့လေသည်။

ကိုကြီး ကားစက်နှိုးပြီး တစ်ရှိန်ထိုး မောင်းထွက်သျှင် ရဲဝံ့သည် သောတကို ရအောင် ခေါင်းပြူကြည့်ရင်း ...

"သောတ ငါ့ခြေထောက်ပေါ် ငါရပ်တဲ့နေ့ကျရင် နင့်ဆီငါ အရင်ဆုံး ပြေးလာခဲ့ပါမယ် သောတရယ်၊ စောင့်နေနော်"

ဟူ၍ သူလည်း မျက်ရည်တွေကြားမှ သွေးရူးသွေးတန်း အော်ပြောခဲ့တော့သည်။

ထိုအဖြစ်အပျက်များကြောင့် ရဲဝံ့ကတော့ အစ်ကိုတွေကို ကောင်းကောင်းကြီး ဆန့်ပြလျက် စာလည်းမကျက်တော့။ စာလာကျက်ပေးသော အစ်ကိုကြီးလည်း ပြောလို့မနိုင်တော့သဖြင့် လက်လျှော့ပြီး လွှတ်ထားလိုက်ရသည်။ စာမေးပွဲလည်း လုံးဝမဖြေ။ စာမေးပွဲဖြေရမည့်နေ့မှာ အစ်ကိုတွေ လိုက်ပို့လို့သာ ကျောင်းသာရောက်ပေမဲ့ ကျောင်းထဲ ဝင်ချင်ယောင်ပြပြီး လုံးဝမဖြေဘဲ စာမေးပွဲက ကိုးနာရီစ။ ကိုးနာရီခွဲကျ သူ့ဘာသာ တက္ကစီဖြင့် အိမ်ကို ပြန်ရောက်ချလာပြီး ...

"မေးခွန်းကြည့်လိုက်တာ တစ်ပုဒ်မှ မဖြေနိုင်လို့ ပြန်ထွက်လာတယ်"

ဟု အတိအလင်းပင် သူ ဝင်မဖြေတော့ကြောင်း ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"စာမေးပွဲဖြေပြီး တစ်နာရီကြာမှာ ထွက်ခွင့်ပေးတာ၊ မင်းက အခု နာရီဝက်နဲ့ ပြန်ထွက်လာတယ်ဆိုတော့ မဟုတ်သေးဘူးနော်"

"အလကား ကိုကြီး၊ ဒီကောင် စာမေးပွဲခန်းထဲ ဝင်ကို မဝင်တာပါ။ သေချာတယ်"

"ဟုတ်တယ်ဗျာ။ ဘာဖြစ်လဲ ဝင်မဖြေဘူး။ ကိုကြီး ကိုလတ်တို့ ထိုးချင်သေးလား။ ရိုက်ချင်သေးလား ရတယ် ခံမယ်။ ကျွန်တော် ဒီနှစ်ကို ဖြေဖို့ လုံးဝစိတ်မပါလို့ မဖြေဘူးဗျာ။ ကဲ ... အဲဒီလိုမျိုးကျ ကိုကြီး ကိုလတ်တို့ ကျွန်တော့်ကို အတင်းအဓမ္မခြယ်လှယ်လို့ရသေးလား။ သောတနဲ့ ကျွန်တော့်ကို ခွဲကြသလို အတင်းအနိုင်ကျင့် ခွဲလို့ရသေးလား"

သီဟထန်နဲ့ ကျော်စွာထန်တို့သည် ညီထက် အသက်ကြီးကြသော အစ်ကိုတွေပီပီ ညီလေးစိတ်ထဲက အနာကိုလည်းကောင်း၊ အဆိပ်တက်နေသော အချစ်စိတ်ကိုလည်းကောင်း သဘောပေါက်နားလည်လိုက်ကြသဖြင့် ရဲဝံ့ ဆယ်တန်း ဝင်မဖြေတော့ခြင်း၊ နောက်နေ့တွေမှာ သွားမဖြေတော့ခြင်းကို အတင်းအကျပ်အမိန့်ပေးမနေကြတော့ပါ။ စာမေးပွဲ ဖြေတယ်ဆိုတာမျိုးကလည်း ကာယကံရှင်နဲ့ အသက်ဆိုင်ဆုံးမို့ သူ့ကို စာမေးပွဲခန်းထဲ ဝင်ခိုင်းလည်း ဘာတစ်လုံးမှ ချမရေးဘဲ ပြန်ထွက်လာတော့ရော သွားမဖြေတာနဲ့ အတူတူပဲမို့ ဒီအကြောင်းအရာကိုတော့ သူတို့ ဝင်စွက်ဖက်လို့ မရကြတော့ပါပေ။





သောတကြည်ကတော့ မိန်းကလေးလည်းဖြစ်ပြန်၊ မိခင်ကလည်း လူကို သာသာလေးနဲ့ နာအောင်ပြောတတ် ဆုံးမတတ်ပြန်သဖြင့် မျက်ရည်တွေကြား၊ စိတ်ဆင်းရဲရမှုတွေကြား၊ စိတ်ရှုပ်ထွေးရမှုတွေကြားမှာပင် ဆယ်တန်းကိုတော့ ရအောင် ဝင်ဖြေဖြစ်ခဲ့ပါသည်။ အရင်တုန်းက ကြိုတင်ပြင်ဆင်ထားခဲ့ကြသူတွေလည်းဖြစ်တာမို့ စာမေးပွဲနီးမှ စာသိပ်မကျက်နိုင်တော့ပေမဲ့လည်း ရသလောက်လေးနဲ့ပဲ ဝင်ဖြေခဲ့ရပေမဲ့ သောတတစ်ယောက်ကံဆိုးတာတွေထဲက ကံကောင်းခြင်းပဲလားမသိပါ။ စာမေးပွဲမှာလည်း သောတ ရထားတဲ့ အပုဒ်လေးတွေပဲ ကြုံရသဖြင့် သောတကား ဆယ်တန်းကို ပွတ်ကာသီကာလေး အောင်ခဲ့ရသည်။

ရဲဝံ့နဲ့ သောတတို့ အကြောင်းကို သိုးသိုးသံ့သံ့ သတင်းကြားသူလည်းရှိ၊ မသိလိုက်သူလည်းရှိတဲ့ အထဲမှာ တချို့ သိလိုက်သူတွေကတော့ နေ့တွင်းချင်း ပြန်တွေ့တာကို ယုံသူယုံ၊ မယုံသူက မယုံ။ သောတရဲ့ အိမ်နီးနားချင်းတွေမှာလည်း သောတမေမေကို ဟိုမေး ဒီမေး လုပ်သဖြင့် သိသူသိသွားကြကာ သောတခမျာ ထိုသူတွေရဲ့ မျက်လုံးအကြည့်တွေကို နောက်တော့ တော်တော်ပဲ ရင်ဆိုင်ရသည်။

"ကောင်လေးနဲ့ လိုက်ပြေးသွားတယ်၊ မိဘတွေ ပြန်မိပြီး ပြန်သိမ်းထားကြတာလေ"

ဆိုသော စကားသံတွေ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုးကို သောတ ခေါင်းငုံ့ခံရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ မေမေကပဲ စီစဉ်ကာ ထိုမြေညီထပ် အခန်းကိုရောင်းပြီး မြို့ထဲပိုကျသော ရပ်ကွက်မှာရှိသည့် သုံးလွှာ အခန်းကို သွားပြောင်းဝယ်ပြီး နေဖို့ဆုံးဖြတ်လိုက်ပါသည်။

သောတကိုလည်း ...

"တွေ့လား သမီး၊ မိန်းကလေး ဆိုတာ တစ်ခါလေး အမှား လုပ်မိတာနဲ့ တစ်ဆိတ်ကို တစ်အိတ်ချဲ့ပြောခံရတတ်တယ်၊ ယောကျ်ားလေးနဲ့ မိန်းကလေးယှဉ်ရင် မိန်းကလေး ဘက်ကပဲ ပိုနစ်နာတယ်၊ သိက္ခာကျတယ်ဆိုတာ သမီး သိပြီ မဟုတ်လား။ နောင်တရပြီ မဟုတ်လား။ မောင်ရဲ့ကို မေမေ မမုန်းပေမဲ့ နောက်တစ်ခါ သမီးဘဝထဲမှာ အဲဒီ နာမည်ကို မေမေ မကြားပါရစေနဲ့နော်"

ဟု ကတိတောင်းခဲ့တော့လေသည်။

❦ ✧ ❦





# ၁၃

"သောတ စောင့်နေခဲ့ပါတယ် ရဲဝံ့ရယ်"

ဝုန်းခနဲ ရဲဝံ့ အိပ်ရာမှ ခုန်ထလိုက်မိသွားသည်။ သောတ သူ့နားနား ကပ်ပြီး လာပြောလိုက်သည်ဟု ထင်တာ။ တကယ်ပဲလို့ ထင်သွားတာ။ ကြည့်စမ်း ... ဒါ အိပ်မက်ပဲ။ အိပ်မက်ထဲမှာတော့ ရှုပ်ထွေးနေသည်။ ဘာတွေမှန်းမသိ ရောထွေး လျက် ကိုကြီး ကိုလတ်တို့ သူနဲ့ သောတ လက်ကို ဆွဲဖြုတ်လိုက် တာတွေလည်း မြင်လိုက်။ သောတဟာ ဆယ်တန်းကျောင်းသူ ပုံစံနဲ့ မဟုတ်ဘဲ အခုပုံစံနဲ့ ပန်းစည်းကြီး ပိုက်ကာ မွန်မြတ်ကို သွားပေးသည်ဟု မြင်လိုက်နဲ့ နောက်ဆုံးတော့ ခပ်ဝေဝေဝါးဝါးက နေထင်ရှားလာပြီး သောတဟာ သူ့ကို လာရပ်ကြည့်လိုက်ရင်း ထိုစကားကိုပြောတာကို သေသေချာချာ ကြားလိုက်ရတာ ဖြစ်ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ့်အပြင်မှာ သူ့နားမှာ လာပြောသလို ခံစားလိုက်ရသဖြင့် သူ စိတ်လှုပ်ရှားစွာ နိုးထလာခဲ့ရတာလည်း ဖြစ်ပါ သည်။ အိပ်ရာက နိုးသောအခါ သူသည် သောတကို ဘယ်လိုတွေ့ချင်မှန်းမသိ တွေ့ချင်၊ ဘယ်လို သတိရမှန်းမသိ ဖြစ်ကာ လူက ရူးတော့မလို ဖြစ်နေပါသည်။

ဘာကြောင့်လဲဆိုတော့ ဒီနေ့ မွန်မြတ်နဲ့ သူ စေ့စပ်ပွဲလုပ်ဖို့ကို မွန်မြတ်အမေ၏ အစီအစဉ်ဖြင့် Traders Hotelမှာ ရက်သွားချိတ်ရမည်။ စရန်ပေးရမည်ဟု ချိန်းထားပြီး၍ ဖြစ်ပါသည်။ အရာရာဟာ ဘာကြောင့်မှားယွင်းနေသလဲ။ ဘာကြောင့် သောတနဲ့ သူ ပြန်မဆုံစည်းရတာလဲ။ သူဆယ်တန်းနောက်တစ်နှစ်အောင်ပြီးချိန်မှာ သောတကို သူ မမေ့သေးပါ။ သောတ နေအိမ်ဘက် သူ သွားစုံစမ်းပါသေးသည်။ သောတနဲ့ သူ့အမေ အိမ်ပြောင်းသွားကြတယ်ဆိုတဲ့ အဖြေသာရပြီး ဘယ်ကို ပြောင်းသွားသည်ဆိုတာ ဘယ်သူမှ တိတိကျကျ မပြောနိုင်ပါ။

တချို့ကလည်း ...

"သူတို့ ပန်းခင်းတွေရှိတဲ့ မော်ဘီဘက်ကိုပဲ ပြောင်းနေမယ်လို့ ပြောသွားတယ်"

ဆိုတာမျိုးတော့ သူတို့ သိသမျှ ပြန်သတင်းပေးပါသည်။ မော်ဘီဘက်က ပန်းခင်းဆိုတာ ရဲဝံ့ ရောက်လည်းမရောက်ဖူး၊ သူလည်း မသိ၍ ဘယ်လိုမှ လိုက်ရှာလို့ မရခဲ့ပါ။ ဝိုင်းဝိုင်းနဲ့ ကေသီတို့ဆီ ဆက်သွယ်တော့လည်း သူတို့ မိဘတွေနဲ့ ဆုံရလျှင် ဒါမှမဟုတ် တစ်ယောက်ယောက်နဲ့ဆုံလျှင် ...





"ဝိုင်းဝိုင်းက ပြောထားတယ်၊ ရဲဝံ့ထန်ဆိုရင် ဘာစကားမှ ပြောစရာမရှိဘူးလို့ မှာထားပါတယ်"

ဟူ၍ ဖုန်းထဲမှာ ပြန်ပြောခံရသည်။

ကေသီ အိမ်ကကျတော့ ...

"သောတ အမေက မှာထားတယ်ကွယ်၊ ရဲဝံ့ထန်နဲ့ သောတ ဘာမှ မပတ်သက်တော့ဘူးဆိုလို့ အန်တီတို့က ကြားထဲက နေ ဘာမှဝင်ပြောလို့မရပါဘူး။ မကြည်ဖြူဆီမှာ ကတိပေးထားပြီးဖြစ်လို့ သားကို အန်တီ ဘာအကြောင်းမှ မပြောနိုင်ပါဘူး"

ဟု ကောင်းကောင်းမွန်မွန် ပြန်ဖြေတာနဲ့ ကြုံရသည်။ ရဲဝံ့ထန်လည်း ယောကျ်ားလေးပီပီ။ လူကလည်း ငယ်သေးသူပီပီ ငါ့မှာ ဘာအမှားရှိလို့လဲဟု မာနထားလျက် သူ ရသရွှေလောက်စုံစမ်းပြီးသောအခါ သောတအကြောင်း တစ်စွန်းတစ်စမှပင် သိခွင့်မရတော့လျှင် သူ လက်လျှော့ပစ်လိုက်မိသည်။ လွယ်လွယ် မေ့ပစ်လိုက်မိသည်။ သောတကိုလည်း စိတ်နာခဲ့မိသည်။ ငါ ဒီလောက်ချစ်ရဲ့သားနဲ့ ဘာကြောင့် ငါ့ကို အလွယ်တကူ အဆက်ဖြတ်ဖို့ သောတ ဆုံးဖြတ်ရဲသွားသလဲ။ သောတ ဘာကြောင့် သတ္တိနည်းရတာလဲ။ ငါတို့ ကလေးလည်း မဟုတ်ကြတော့ဘူး။ ဆယ်တန်းလည်း အောင်ကုန်ကြပြီ။ အရင်ကလို မိုက်ရူးရဲလည်း ဆုံးဖြတ်တော့မှာ မဟုတ်ပါဘူး။ ဒါကို ဘာကြောင့် သောတက စပြီး ငါ့ကို ရှောင်သွားသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ရဲဝံ့ထန်သည် စိတ်လည်းနာနာ၊ စိတ်ကလည်းလေလျက် သောတကို မေ့ရန် ရည်းစားတွေ ဆက်တိုက်လိုလိုထားပစ်ခဲ့မိတော့သည်။

မရေတွက်နိုင်ခဲ့သော တွဲလိုက် ကွဲလိုက် ရည်းစားတွေထဲကမှ မွန်မြတ်မေသည် ရဲဝံ့ကို စိတ်ချမ်းသာမှုတွေ အများဆုံးပေးနိုင်သူ။ ရဲဝံ့ စိတ်ပျော်အောင် ဖန်တီးပေးတတ်သူ။ ရဲဝံ့ကို တော်တော်လေး နားလည်နိုင်သူအဖြစ် တဖြည်းဖြည်းနဲ့ ထိုမိန်းကလေးကို အမှတ်ပေးမိလာခဲ့တာဖြစ်သည်။ ဒီလို မိန်းကလေးနဲ့သာ လက်တွဲရရင် တစ်သက်လုံး စိတ်ချမ်းသာရမှာပဲလို့ သူယုံကြည်ခဲ့သည်။ မွန်မြတ်မေ သူ့ထက် ပိုပိုက်ဆံချမ်းသာလို့လည်း မဟုတ်။ သူ တွဲခဲ့ဖူးသော မိန်းကလေးတွေထဲမှာ မွန်မြတ်မေထက် ချမ်းသာသော မိန်းကလေးတွေလည်း ပါခဲ့ဖူးပါသည်။ ထို့အတူ မွန်မြတ်မေ သိပ်လှလို့လားဆိုတော့လည်း မဟုတ်ပြန်။ မွန်မြတ်မေကဲ့သို့လှသော၊ သူမထက်ပင်လှသော မိန်းကလေးမျိုးနဲ့လည်း ရည်းစားဖြစ်ခဲ့ဖူးတာပင်။ သို့သော် မွန်မြတ်မေကိုကျတော့ သူ့စိတ်ထဲမှာ တကယ်ပင် မရှိမဖြစ် လိုအပ်သလို ခံစားရလျက် လိုလိုလားလားပင် လက်ထပ်ဖို့ ဆုံးဖြတ်ခွင့်တောင်းခဲ့တာ ဖြစ်ပါသည်။

အခုကျမှ သောတကို မထင်မှတ်ဘဲ ဆုံရသောအခါ သူ အမှားတစ်ခုကို ကောင်းကောင်းကြီး ကျူးလွန်ခဲ့မိပြီဟု နောင်တရလာသည်။ တကယ်တော့ သူ သောတကို ဘယ်မိန်းကလေးနဲ့မှ မယှဉ်နိုင်သော ~ ပျမ်းမျိုးနဲ့ ချစ်ထားခဲ့မိပြီးဖြစ်ကြောင်း အခုကျမှ အသေအချာ သိလာလေပြီ။





မွန်မြတ်မေကို လက်မတွဲချင်။ မစေ့စပ်ချင်တော့။ သို့သော် ကတိပေးပြီးနေပြီ။ အားလုံး လွန်နေပြီတည်း။ ရဲဝံ့သည် အိပ်ရာထဲမှ စိတ်မပါစွာထရင်း သူ အခုတလော ထုတ်ကြည့်နေကျဖြစ်သည့် သောတရဲ့ ဓာတ်ပုံလေး သူ့ Wallet ရဲ့ လူမမြင်နိုင်သော နေရာမှာ ထည့်ထားသည့် အခေါက်ကို အသာဖွင့်ကြည့်လိုက်မိသေးလေသည်။

ကက်ဆက်စီဒီပလေယာကို ရီမုဒ်ဖြင့် အသာဖွင့်လိုက်သောအခါ Nick Lachey(နစ်(စ)လရှေး)၏ What's left of me သီချင်းက ခပ်သုံ့သုံ့ ထွက်ပေါ်လာသည်။

"Cause I want you … Cause I need you … Crowling underneath my skin … like a hungre … like a barning…"

သောတကိုပဲ လိုချင်တယ်။ သောတကိုပဲ လိုအပ်နေပါတယ် သောတရယ်။ တကယ်ပါ။ ငါ့အသွေးအသား အရေပြားအောက်မှာ အဲဒီဆန္ဒဟာ တရွေ့ရွေ့ တွားသွားနေသလို ခံစားရတယ်။ ဟုတ်တယ်။ ငါ နင့်ကို ဘယ်တုန်းကမှ တစ်ယောက်တည်း ထားရစ်ခဲ့ဖို့ ခေါင်းထဲမှာ မရှိခဲ့ဘူး။ ငါ နင့်ကိုပဲ လက်တွဲချင်တယ်။ ရဲဝံ့ထန်သည် ရေချိုးခန်းထဲရှိ ရေပူရေနွေး ရေပန်းအောက်မှာ ဝင်ချိုးရင်း သောတဆီပဲ စိတ်ရောက်နေသည်။

ရေမိုးချိုး အဝတ်လဲပြီးသောအခါ မနက်ဆယ်နာရီ မွန်မြတ်နဲ့ ချိန်းထားတဲ့အချိန်ရောက်ပြီ။ မွန်မြတ် အိမ်ကိုပဲ လာခေါ်မယ်လို့ ပြောထား၍ မွန်မြတ် သူမအိမ်ကနေ စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ဆယ်နာရီချိန်းလျှင် ဆယ်နာရီပဲ တကယ်ရောက်စေချင်သော မွန်မြတ် ခုလောက်ဆို တမျှော်မျှော် လုပ်နေပြီ။

ရဲဝံ့၏ မိုဘိုင်းလ်ဖုန်း ပိတ်ထားသဖြင့် ခေါ်မရ။ အိမ်ဖုန်းကလည်း အမြဲ အင်ဂေ့ချ် ဖြစ်နေမှာပင်။ ဘာကြောင့်လဲဆိုတော့ ရဲဝံ့က Internet အမြဲသုံးနေပြီး သုံးပြီးလည်း တယ်လီဖုန်းကြိုးကို ပြန်မတပ်ထားသဖြင့် ...

"ရဲဝံ့ အိမ်ဖုန်းခေါ်ရင် အမြဲ အင်ဂေ့ချ်ပဲ၊ ဒီကောင်က Internet သုံးပြီးလည်း ဖုန်းလိုင်းမှ ပြန်မသွယ်ထားတာ"

ဟု မိတ်ဆွေသူငယ်ချင်းတွေကပင် ပြောယူရသည်။ ရဲဝံ့ကို ဖုန်းခေါ်ချင်လျှင် မိုဘိုင်းလ်ဖုန်းကိုခေါ်မှ ရသည်။

"မြန်မာပြည်မှာ Broadband Internet ဆိုတာ ရောက်လာရင်တော့ ကောင်းတယ်။ Internet ကို ဖုန်းလိုင်းသုံးပြီး လုပ်နေလည်း ဖုန်းက အသုံးပြုလို့ရနေတယ်လေ။ Broadband ဆိုတော့ တစ်ချိန်တည်းမှာ အိမ်ဖုန်းရော Internet လိုင်းရော သုံးလို့ရတာပေါ့။ အဲဒါ ရောက်လာမှပဲ ရဲဝံ့ အိမ်ဖုန်းက ခေါ်လို့ရတော့မယ်"

ကိုကြီး ကိုလတ်တို့ကလည်း ထိုသို့ ပြောဖူးပါသည်။ အခုချိန်မှာတော့ ရဲဝံ့သည် သူ့ဆီ ဘယ်သူမှ ဖုန်းမလာတာကိုပဲ ပိုသဘောကျနေသည်။ သူ ဘယ်သူနဲ့မှ ဟန်ဆောင်စကားပြောလိုစိတ်ပင်မရှိ။ သူ စကားပြောချင်သူက လောကကြီးမှာ တစ်ယောက်တည်း။ သောတ တစ်ယောက်တည်းသာ ဖြစ်ပါသည်။





ရဲဝံ့သည် ကားကို မောင်းပြီး မွန်မြတ်ကိုခေါ်ဖို့ ထွက်လာရပေမဲ့ သူသည် စိတ်ကို အလိုလိုက်ပြီး သောတရဲ့ ပန်းဆိုင်လေးရှိသောလမ်းကို မကြံပါဘဲ မောင်းသွားမိပါသည်။ ဟော ... မြင်ရပါပြီ။ ပန်းဆိုင်လေးကတော့ စတင် ခင်းကျင်းပြီးနေပြီ။ ဆိုင်ဖွင့်ပြီဖြစ်ကြောင်း မြေစိုက်ဆိုင်းဘုတ်အရှင်လေးကို ဆိုင်အဝမှာ နှစ်ဖက်မြင်အောင်ချထားပြီး ဆိုင်းဘုတ် မျက်နှာပြင်နှစ်ဖက်လုံးမှာ...

"ဆိုင်ဖွင့်ပါပြီ"

"Open"

ဟူသော မြန်မာလိုရော အင်္ဂလိပ်လိုပါ ရေးထားသည့် စာသားအရောင်လက်လက်ကို မြင်နေရပြီမို့ ဆိုင်ခင်းကျင်းပြီးပြီ။ ဖွင့်ပြီဖြစ်ကြောင်း အဝေးကမြင်လည်း သိသာပါသည်။

ရဲဝံ့သည် ဆိုင်ရှေ့တည့်တည့်မှာပင် ကားကို ရပ်လိုက်မိတော့သည်။ နာရီကြည့်လိုက်တော့ ဆယ်နာရီခွဲနေပြီ။ မွန်မြတ် စောင့်နေရတာ ကြာလွန်း၍ စိတ်ဆိုးနေလောက်ပြီ။

ဆိုင်မှန်တံခါးလေး တွန်းဖွင့်လိုက်သောအခါ ခေါင်းလောင်းသံ ချိုသံလေးတွေ ဆူညံသွားပါသည်။ သောတက ပန်းလာဝယ်သူတစ်ဦးနှင့် အရောင်းအဝယ် ဆွေးနွေးနေရာမှ ဖျတ်ခနဲ လှည့်ကြည့်သည်။ ရဲဝံ့ကို မြင်လိုက်ရလျှင် သောတ၏ မျက်နှာပြင်တွင် အသင့်ပြင်ထားလိုက်သော အရိပ်တွေ ဖြတ်ပြေးသွားသည်။

"ဒီဆေးရည်လေးတွေကို ရေနှစ်လီတာနဲ့ ဖျော်ပြီး ပန်းအိုးထဲ ထည့်ထားရင် တကယ်ပဲ ပန်းက ကြာကြာခံမ



www.burmeseclassic.com

www.burmeseclassic.com



သေချာရင်တော့ ဝယ်ချင်တယ်၊ ပန်းတွေက ဝယ်ပြီး သုံးလေးရက်ဆို နွမ်းနွမ်းသွားတာ စိတ်ညစ်လွန်းလို့။ ဈေးလည်းကြီးသေးတယ်၊ ကြာကြာလည်း မခံဘူးလေ"

"ဆေးရည်ထည့်ထားရင် ဆယ်ရက်လောက်တော့ ခံပါတယ် အစ်မ။ ဒါပေမဲ့ အနံ့ကတော့ ခုလို မမွှေးတော့ဘူးပေါ့"

"အေးပေါ့လေ၊ အခုဟာကတော့ လတ်ဆတ်နေတာကို။ မွှေးနေတာပေါ့။ ညီမတို့ကျ နေ့တိုင်း အခင်းက သွားယူရလား"

"သုံးလေးရက်တစ်ခါမှ သွားယူပါတယ်။ သောတတို့ကျ တော့ ဆိုင်ဖွင့်တဲ့လူဆိုတော့ ပန်းက မမွှေးတော့ရင် ဝယ်သူ စိတ်တိုင်းမကျမှာစိုးတာနဲ့။ မမွှေးတော့ရင် တစ်ဝက် ဈေးချပြီးရောင်းတဲ့ အခြမ်းထဲ ထည့်လိုက်တယ်။ လတ်လတ် ဆတ်ဆတ်ရောက်လာတာတွေကျ ပုံမှန်ဈေးပေါ့"

"ကဲ ... ကဲ ... ဒီပန်းစည်းရော ဆေးရည်ရော ယူမယ် နော်၊ တွက်ပေးပါဦး ညီမ"

သောတ ကယ်လ်ကူလေတာလေးဖြင့် တွက်ချက်ပြီး ကျသင့်ငွေ ပြောလိုက်ပါသည်။ ဝယ်သူကပေးငွေ ပြန်အမ်းငွေ တွေကိုတော့ ထုံးစံအတိုင်း Note Book လေးဖြင့် ရေးမှတ်လိုက် ပါသည်။ သောတသည် ဒီဈေးလာဝယ်သူ အစ်မကြီး မြန်မြန်ပြီး သွားမှာပင် ကြောက်နေသည်။ အဲဒီ အစ်မကြီး ပြီးသွားရင် သောတဟာ ရဲဝံ့နဲ့ ရင်ဆိုင်ရတော့မှာလေ။ မဝင့်ဝါဆီကတစ်ဆင့် ...





"အစ်မတို့ပွဲပြီးရင် ကိုကျော်စွာညီရဲ့ပွဲလည်း ရှိသေးတယ် လေ၊ သူတို့ကတော့ မိန်းကလေးဘက်က ပိုက်ဆံပိုတတ် နိုင်တော့ တခမ်းတနားကို လုပ်ကြမှာ"

ဟူသော တစ်စွန်းတစ်စကို သိထားသဖြင့် သောတ ည် ရဲဝံ့ကို အကြောင်းမရှိဘဲနဲ့ဖြစ်ဖြစ်၊ အကြောင်းရှိ၍ဖြစ်ဖြစ် ဆုံချင်တော့ပါ။ ဒါကြောင့် မဝင့်ဝါတို့ရဲ့ မင်္ဂလာပွဲကိုတောင် ာတ မသွားခဲ့ပါ။ ရဲဝံ့နဲ့ ဆုံရမှာစိုး၍ ဖြစ်ပါသည်။

ဈေးဝယ်သူ အစ်မကြီး ထွက်သွားပြီးသောအခါ သည် Card တင်ထားသော Stand နားမှာ ရပ်ရင်း Card သလို လုပ်နေရာမှ သောတနား လျှောက်လာပါသည်။

"သောတ"

ရဲဝံ့ အသံကား သူ့ရင်ဘတ်ထဲ အဝေးကြီး အနက် းတစ်နေရာမှလာသော အသံလိုမျိုး ဖြစ်နေပါသည်။

သောတသည် မျက်ဝန်းညိုညိုများဖြင့် ရဲဝံ့ကို တစ် က်ပြန်ကြည့်လိုက်ပြီး ...

"နင် ဘာဝယ်ချင်လို့လာတာလဲ ရဲဝံ့"

ဟု ပြန်၍ တည်ငြိမ်စွာ မေးလိုက်ပါသည်။

ဒါဟာ သူတို့နှစ်ယောက်ကြားမှာ အမှတ်မထင် န့်ဆုံပြီးနောက်ပိုင်း ဈေးရောင်းသူနဲ့ ဈေးဝယ်သူပုံစံလိုလို ပြော မဆက်ဆံတော့ဘဲ နာမည်တွေ ခေါ်ပြီး ပြောကြတဲ့စကား။ ထမဦးဆုံး တစ်ယောက်နဲ့တစ်ယောက် နာမည်ခေါ်ဖြစ်တဲ့ စကားပဲ စ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သောတ ငါ နင့်ကို ပြောပြချင်တာတွေ အများကြီး ရှိနေတယ်။ ဒါကြောင့် ရောက်လာတာပါ"

"ငါကတော့ ဘာမှ ပြောစရာမရှိတော့ဘူးလို့ ထင်တယ်"

"သောတ နင် ဘာဖြစ်နေတာလဲ"

"ငါ ဘာဖြစ်လို့လဲ"

"ငါတို့ မုန်းပြီး ခွဲခဲ့ကြတာ မဟုတ်ဘူး"

"နင်နဲ့ ငါ့ ကြားမှာ အချစ်တွေ အမုန်းတွေ ထည့်ပြောဖို့ မလိုတော့ဘူးထင်တယ်။ ဘာလို့လဲဆိုတော့ အဲဒါ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကတည်းက ပုံပြင်လိုလိုနဲ့ ပြီးသွားတဲ့ ဇာတ်လမ်းလေ။ အခု နင့်မှာ လက်ရှိ ပိုင်ဆိုင်ထားရတဲ့ ဇာတ်လမ်းက ပိုအရေးမကြီးဘူးလား"

သောတသည် ထိုသို့ ပြောရင်းမှ ရဲဝံ့ကို စိတ်နာလာခဲ့သည်။ ငါကတော့ ခုထိ ချစ်နေရတုန်းပဲ။ သူ ပြောခဲ့သလိုပဲ သူ့ခြေထောက်ပေါ် သူ ရပ်နိုင်တဲ့နေ့ကျ ငါ့ဆီ ရောက်လာမလား။ မဖြစ်ဖြစ်တဲ့နည်းနဲ့ ငါ့ကို တွေ့အောင်ရှာပြီး ရောက်လာခဲ့မလားလို့ စိတ်ကူးယဉ်လိုက်ရတာ။ သူကတော့ မေ့လွယ်လိုက်တာ။ အချစ်သစ်တစ်ခုကို ရှာဖွေတွေ့ဖို့ လွယ်ခဲ့လိုက်တာနော်။ တကယ်ဆို ...။ အို ... တော်ပြီ မတွေးတော့ပါဘူး။ ငါနဲ့သူ ဘာမှ မဆိုင်တော့ဘူး။

"ဟုတ်တယ်၊ ပိုအရေးကြီးတယ်ရယ် မဟုတ်ပေမဲ့ ငါ သူ့ကို ကတိတွေ လွန်ထားပြီးနေပြီ။ ဒီနေ့ သူနဲ့ငါ





စေ့စပ်ပွဲလုပ်ဖို့ ဟိုတယ်မှာ Date သွားချိတ်ဖို့ ချိန်းထားပြီးနေပြီ"

သောတ ရင်ထဲနင့်ပြီး လည်ပင်းဝမှာ ဆို့တက်လာသလို ခံစားလိုက်ရသည်။

"အခု ဆယ်နာရီမှာ ချိန်းထားတာ။ ဒါပေမဲ့ ငါ သူ့ကို သွားမခေါ်ဖြစ်သေးဘူး။ နင့်ကို သိပ်သတိရတာနဲ့ နင့်ဆီ အရင်ဝင်လာတာပဲ"

သောတ မျက်ရည်မဝဲမိသွားအောင် မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ် လုပ်ပစ်လိုက်သည်။ ရှိုးကေ့စ်ထဲက Fancy ရုပ်တုလေးတစ်ခုကို နေရာတကျဖြစ်အောင် ထားသလိုလို၊ ဘာလိုလိုလုပ်ပြီး ခေါင်းကို အောက်ငုံ့ပစ်လိုက်သည်။

"သောတ နင် ဘာလို့ အိမ်ပြောင်းသွားတာလဲ၊ ဘာလို့ ဝိုင်းဝိုင်းတို့ ကေသီတို့ဆီကတစ်ဆင့် ဆက်သွယ်လို့မရအောင် နှုတ်ပိတ်ပစ်ခဲ့တာလဲ"

ရဲဝံ့သည် သူ အရင်က ဆုပ်ကျစ်နေအောင် တွဲထားနေကျဖြစ်သည့် သောတ၏ လက်ဖဝါးတစ်ဖက်ကို ဆတ်ခနဲ လှမ်းဆွဲဆုပ်ကိုင်လိုက်ပြီး မေးပစ်လိုက်ပါသည်။ သောတလည်း ရုတ်တရက်ဆိုတော့ လက်ကို မရုန်းလိုက်နိုင်ခဲ့။ ရဲဝံ့ လက်ချောင်းတွေနဲ့ မြဲမြဲမြံမြံ ဆုပ်ကိုင်လိုက်သည့်အခါ သောတသည် သူ့လက်ဖဝါး၊ လက်ချောင်းလေးတွေရဲ့ နစ်ဝင်ထိတွေ့မှုကို ပြန်အမှတ်ရ လွမ်းဆွတ်သွားလျက် သူမ၏ လက်ကို ပြန်၍ ရုန်းမထွက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့တော့ပါ။ သောတသည် အခုမှ တကယ်ထပ်ပြီး မိုက်မိ
ပြီထင်ပါရဲ့။

"ငါ့ဆယ်တန်းဘာစ်နှစ်မဖြေဖြစ်လိုက်တာရော နင် သိလား"

"ဟုတ်လား၊ နင် မဖြေတာလား"

"ဟုတ်တယ်လေ၊ ငါ ကိုကြီး ကိုလတ်တို့ကို လုံးဝ
ကျင်ပြီး မဖြေခဲ့ဘူး။ နောက်နှစ်မှ ဝင်ဖြေပြီး အောင်ခဲ့တာ"

"သောတ နင့်ကို စာမေးပွဲအောင်စာရင်းမှာ ရှာ
နင့်နာမည် မတွေ့တာနဲ့ နင် ကျတယ်ပဲ ထင်ခဲ့တာ"

"မဖြေလိုက်တာပါ"

"သောတကတော့ မေမေ့ကို သနားလို့ ကြိုးစားအားစိုက်
ဖြေခဲ့တာပါ။ အောင်မယ်လည်း သိပ်မထင်ခဲ့ပါဘူး။ မ
မှတ်ဘဲ အောင်သွားခဲ့တယ်"

"ဒါဖြင့် ဘာလို့ အိမ်ပြောင်းသွားတာလဲ"

သောတသည် ရဲဝံ့ကို အသာအယာ မော့ကြည့်ရင်း

"ယောက်ျားလေးနဲ့ မိန်းကလေးမှာ အဲဒီလောက် ပြဿ
လေးကို ပတ်ဝန်းကျင်က ပုံကြီးချဲ့ အပြောခံရတာ
မိန်းကလေးက ပိုခံရတယ်လေ။ ငါတို့ ဘယ်မှ ထွက်မ
ဖြစ်ခဲ့ကြပေမဲ့ ထွက်ပြေးပြီးမှ ပြန်တွေ့သလိုလို ပြော
ဒဏ်ကို ငါကတော့ ကိုယ့်မိုက်ပြစ်နဲ့ကိုယ်မို့ ခံခဲ့ပါတ
မေမေကတော့ မခံနိုင်ဘူး။ ဒါကြောင့် ပတ်ဝန်းကျ
မှော်ဘီဘက်မှာရှိတဲ့ ပန်းခြံထဲက အိမ်မှာ သွားနေ





မယ်ပြောပြီး အိမ်ပြောင်းသွားတာ။ တကယ်ပဲ ခဏသွား
နေပါတယ်။ ငါ တက္ကသိုလ်တက်ခါနီးမှ မြို့ထဲမှာ ပြန်
လာဝယ်နေတာ"

"ဝိုင်းဝိုင်းတို့ကို ဘာကြောင့် နှုတ်ပိတ်ခဲ့တာလဲ"

"မေမေ့ကြောင့်ပါ။ မေမေက ငါ့ဘဝထဲမှာ ရဲဝံ့ဆိုတဲ့
နာမည် ထပ်မကြားချင်တော့ဘူးလို့ ကတိတောင်းတာနဲ့"

"ငါ့ကို မုန်းလိုက်ရောလား"

"ရဲဝံ့ရယ် ... အခုမှ ဒါတွေ လာမပြောပါနဲ့တော့။
တကယ်တော့ ငါ နင့်လက်ကို လက်တွဲပြန်ဖြုတ်သင့်နေပါပြီ။
နင် လက်တွဲထားရမဲ့သူက သောတကြည် မဟုတ်တော့
ဘူး။ မွန်မြတ်မေလေ"

"သောတရယ်"

ရဲဝံ့သည် သောတကို မချင့်မရဲခေါ်ရင်း လက်ကို
အသာလွှတ်ပေးလိုက်ရသည်။ သောတ လက်ကို လွှတ်ပေးလိုက်
တော့မှပဲ သူ ပိုပြီး နောင်တရလာသည်။ သူ ဒီလက်ဖဝါးလေး
ကိုပဲ တကယ်တွဲထားချင်တော့ပြီတည်း။ ဘယ်လို အခက်ခဲတွေပဲ
ရှိရှိ။ သောတကို လက်တွဲမဖြုတ်ချင်တော့ပြီတည်း။

"သောတ နင် ငါ့ကို တစ်ခွန်းတည်းပြောလိုက်စမ်းပါ၊ ငါ
နင် ပြောတဲ့အတိုင်း လုပ်မယ်၊ ဘာကိုမှ လှည့်ကြည့်မနေ
တော့ဘဲ နင် ပြောတဲ့အတိုင်း ဖွတ်လုပ်ပစ်လိုက်မယ်
သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ရဲဝံ့၊ နင်က မွန်မြတ်မေကို လက်တွဲဖြုတ်ပစ်နိုင်လို့လား။ လက်တွဲဖြုတ်ပစ်ရဲလို့လား။ နင် သူ့ကို တကယ်ချစ်နိုင်လို့ လက်ထပ်မယ်လို့တောင် စီစဉ်ပြီးပြီလေ။ အရာအားလုံးထက် သူ့ကို ပိုချစ်လို့ နင် ဆုံးဖြတ်ခဲ့ပြီလေ"

ရဲဝံ့သည် သောတ၏ မျက်ဆန်ညိုတွေထဲ စိုက်ကြည့်ရင်း ...

"ငါ နင့်ကိုလည်း အရာအားလုံးထက် ပိုချစ်ခဲ့ပါတယ်"

သောတသည် တွေဝေစပြုနေပြီဖြစ်သော ရဲဝံ့၏ စိတ်သဘောကို သိနေပြီမို့ ...

"နင်ပဲ တစ်ခုခုကို သေသေချာချာပါ ဆုံးဖြတ်လိုက်ပါ။ ယောက်ျားတစ်ယောက်ဟာ သူ ချစ်တဲ့မိန်းမနှစ်ယောက်စလုံးကိုတော့ တစ်ပြိုင်တည်း ပိုင်ဆိုင်ထားချင်လို့ မဖြစ်ဘူး။ မသင့်တော်ဘူးလေ။ နင်က အဲဒီလို ဆုံးဖြတ်ချင်တယ်ပဲထားဦး၊ သောတကတော့ လက်မခံနိုင်ဘူး။ အဲဒီလိုပဲ မွန်မြတ်မေကလည်း ဒီအဖြစ်ကို လက်ခံမှာ မဟုတ်ဘူး။ ဘယ်သူမဆို ကိုယ့်ချစ်သူရဲ့ အရိပ်ကို ကိုယ်တစ်ယောက်တည်းပဲ ခိုချင်တာချည်းပဲလေ"

"ငါ သောတကိုပဲ ရွေးတော့မယ်"

"သေချာလို့လား"

"သေချာပါတယ်"

"ဒါဖြင့် အဲဒီအကြောင်းကို မွန်မြတ်မေကိုတော့ သွားပြောဖို့သင့်ပါတယ်"





"ဟုတ်တယ်၊ ငါ သွားပြောလိုက်မယ်။ သူနဲ့ စေ့စပ်ဖို့ကိစ္စ မဖြစ်နိုင်တော့ဘူးလို့ ငါ သွားပြောမယ် သောတ။ ဒါပေမဲ့ ငါ့ကိုတော့ နင် မငြင်းနဲ့တော့နော်"

သောတ အသာအယာပင် ခေါင်းညိတ်ပြသည်။ သောတ ဘာကြောင့် ရဲဝံ့စိတ်ကို စမ်းသပ်ရသလဲဆိုတော့ ရဲဝံ့ဆီမှာ တွေဝေမှုတွေကို တွေ့နေရ၍ပင်။ ဒီတစ်ယောက်နဲ့တွေ့ ဒီဘက်ပါ၊ ဟိုတစ်ယောက်နဲ့တွေ့ ဟိုဘက်ပါမျိုး ဖြစ်နေသေးသော ရဲဝံ့၏ အပြတ်သားဆုံးသော ဆုံးဖြတ်ချက်ကို သောတ လိုချင်သည်။ မဝင့်ဝါဆီက သိထားတာတော့ သူတို့ တော်တော်ချစ်ကြတယ်။ ရဲဝံ့က ရည်းစားအများကြီးရှိတဲ့ အထဲကမှ ဒီကောင်မလေးနဲ့ကျမှ ကြွေသွားတာ။ ဒီကောင်မလေးကိုကျမှ အသေအချာ ရွေးလိုက်တာ။ ဒီကောင်မလေးနဲ့ကျမှ ခြေငြိမ်ပြီး အလုပ်အကိုင်တောင် သေသေချာချာ တိုးတက်အောင်မြင်အောင် လုပ်ခဲ့တာ ဆိုသော သတင်းတွေ ကြားထားရပါသည်။

သောတသည် မဝင့်ဝါ ဘာကြောင့် ရဲဝံ့အကြောင်း သောတနဲ့ မဆိုင်ဘဲနဲ့ စကားထဲ ထည့်ထည့်ပြောရသနည်းဆိုတာ ဘယ်တော့မှလဲ မအံ့သြပါ။ ကိုကျော်စွာထံဆီက အားလုံးကြားထားပြီးရောပေါ့။ ဒါကြောင့် မဝင့်ဝါဟာ သောတကို ရဲဝံ့အကြောင်းတွေ အရေးတယူနဲ့ စကားထဲ ထည့်ထည့်ပြောတာပေါ့။

ရဲဝံ့တစ်ယောက် သောတကို နှုတ်ဆက်ထားရစ်ခဲ့ပြီး မွန်မြတ်မေကို သွားဆွေးနွေးတော့မည်ဆိုကာ ထွက်သွားခဲ့ချိန်



www.burmeseclassic.com

www.burmeseclassic.com



တွင် သောတသည် အကယ်၍သာ ဟူသော ဖြစ်နိုင်ခြေနှစ်ခုထဲက တစ်ခုဖြစ်လာခဲ့လျှင် ဘယ်လို ရင်ဆိုင်ရမလဲဆိုတာကိုသာ ကြိုတင်ပြင်ဆင်နေပါသည်။

သောတသည် ဆယ်ကျော်သက်အရွယ် ဆယ်တန်းကျောင်းသူလေး မဟုတ်တော့။ ချစ်တာတစ်ခုတည်းကိုသာ သိပြီး ရှေ့နောက် မစဉ်းစားဘဲ မိုက်ရူးရဲလုပ်မဲ့အရွယ်လည်း မဟုတ်တော့။ ချစ်သူပြောသမျှ ယုံပြီး စောင့်မျှော်နေချင်စိတ်လည်း မရှိတော့ပြီတည်း။

ကိုယ်ကတော့ တကယ်ပဲ အကြာကြီး စောင့်နေခဲ့ဖူးတယ်။ ဒါပေမဲ့ တကယ့်တကယ် သူနဲ့ ပြန်ဆုံတဲ့အခါကျတော့ စောင့်ရကျိုးမှ မနပ်ခဲ့တာ။ သောတ မှတ်သွားပါပြီ။ မစောင့်နေချင်တော့ဘူးလေ။

အကယ်၍ သူ့ဆုံးဖြတ်ချက်ဟာ သောတဘက် ပါခဲ့လျှင်တော့ သောတ မေမေ့ကိုတော့ သဘောပေါက်နားလည်အောင် ပြောရမှာပင်။ သောတ အခုထိ နောက်ထပ် ရည်းစားလည်း မထားတော့ဘဲ တစ်ယောက်တည်း ငြိမ်ငြိမ်လေးနေနေခဲ့သည်ကို မေမေကတော့ အကဲခတ်မိမှာပင်။ သောတဟာ ရဲဝံ့ကို လွမ်းနေဆဲ။ ချစ်နေဆဲဟု သိနေလိမ့်မည်။

အကယ်၍ ရဲဝံ့ဟာ မွန်မြတ်မေဘက် ပါခဲ့လျှင်လည်း သောတ စိတ်ကို ဖြေနိုင်ဖို့ ပြင်ဆင်နိုင်ပါသည်။ သူနဲ့ ပြန်ဆုံရကတည်းက ကိုယ့်အတွက် ဘာမျှော်လင့်ချက်မှ မရှိတော့ဘူး





လို့ သိလိုက်ရကတည်းကဲ သောတ သူ့ကို မေ့ပစ်ဖို့ စတင်ကြိုးစားနိုင်ခဲ့ပြီးပါပြီ။

သောတသည် ဆိုင်ထဲကို ဝယ်သူတစ်စု ဝင်လာသောအခါ အချိုသာဆုံးအပြုံးကို ပြင်ဆင်ရင်း ...

"ဘာအလိုရှိပါသလဲရှင်"

ဟု ကြည်လင်စွာ နှုတ်ဆက်လိုက်ပြီးသောအခါ သောတ ရင်ထဲက ပြဿနာတွေကို မေ့သွားခဲ့ပါသည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၄

မွန်မြတ် အိမ်သို့ ရဲဝံ့ထန် ရောက်သွားသောအခါ ဆယ့်တစ်နာရီခွဲပင် ကျော်နေပြီဖြစ်သည်။ ဝတ်စားပြင်ဆင်ထားရက် စောင့်နေသေးသော မွန်မြတ်သည် ရဲဝံ့ကို မြင်လိုက်တာနဲ့ စိုးရိမ်တကြီး ထွက်ကြိုပြီး ...

"ရဲ ... ဘာဖြစ်လို့ နောက်ကျနေတာလဲ၊ မွန်မြတ် စိတ်ပူလွန်းလို့ ဘယ်ဆယ်သွယ်ရမှန်းမသိတာနဲ့ ကိုကြီး ကိုလတ်တို့ဆီတော့ ဖုန်းတစ်ခါဆီဆက်မေးပြီးပြီ။ ရဲ လမ်းမှာ တစ်ခုခုများ ဖြစ်နေသလားလို့ပါ"

ရဲဝံ့ထန်သည် သူ့ကို အပြစ်မတင်ဘဲ (အပြစ်ကို အရင် မတွေးဘဲ) ဖြစ်နိုင်တာတွေ လျှောက်တွေးစိတ်ပူနေကျဖြစ်သော မွန်မြတ်ကို ဘယ်လိုစပြောရမှန်းပင်မသိ ဖြစ်သွားပါသည်။ မွန်မြတ်က အမြဲ အဲဒီလိုပင်။ တစ်နေရာရာသွားဖို့ ချိန်းထားကြသည်ဆိုပါစို့။ ရဲဝံ့ဘက်က နောက်ကျနေလျှင် ရဲဝံ့၏ အပြစ်ကို





အရင်မစဉ်းစားဘဲ ရဲဝံ့များ တစ်ခုခုဖြစ်နေသလား၊ လမ်းမှာ ဘာဖြစ်နေသလဲ စသဖြင့် လူတစ်ယောက်မှာ ကြုံတွေ့ရနိုင်သော အခက်အခဲပြဿနာတွေကိုသာ အရင်စဉ်းစားပေးတတ်သော နားလည်မှုရှိသည့် မိန်းကလေးမျိုးသာ ဖြစ်ပါသည်။ ရဲဝံ့ တွဲခဲ့ဖူးသော တချို့မိန်းကလေးတော်တော်များများကတော့ ချိန်းထားလို့ နောက်ကျလျှင် လူတစ်ယောက်မှာ ကြုံရင်ကြုံရနိုင်သည့် အခက်အခဲတွေ ပြဿနာတွေကို အရင်မတွေးတတ်ဘဲ ရဲဝံ့၏ အပြစ်ကိုသာ အရင် စဉ်းစားအပြစ်တင်ချင်ကြသူတွေ များပါသည်။

"ကိုယ် ဘာမှ မဖြစ်ပါဘူး။ သူငယ်ချင်းဟောင်းတစ်ယောက်နဲ့ ပြန်ဆုံလို့ စကားပြောနေတာနဲ့ ကြာသွားတာပါ"

"တော်သေးတာပေါ့ ရဲရယ်၊ မွန်မြတ် သိပ်စိတ်ပူနေတာ။ ကိုကြီး ကိုလတ်တို့ကတော့ စိတ်မပူဖို့ပြောကြပေမဲ့ မွန်မြတ်က မရဘူး စိတ်ပူပြီး ရဲစခန်းကို ဖုန်းဆက်ပြီးပဲ မေးရမလား၊ ဆေးရုံတွေကိုပဲ ဖုန်းဆက်ပြီး မေးရမလား စဉ်းစားနေမိတယ်"

"ဘာလဲ ကိုယ် လမ်းမှာ ကားတိုက်ပြီး ဆေးရုံရောက်နေပြီထင်လို့လား ... ဟား ဟား။ မွန်မြတ်ကတော့ကွာ ကြံကြံဖန်ဖန် တွေးတတ်တယ်"

"ဩော် ... ဖြစ်နိုင်တာပဲလေ။ ကိုယ်တိုင်ကားမောင်းပြီးပဲ သွားသွား၊ တက္ကစီနဲ့ပဲသွားသွား၊ ဘတ်(စ်)ကားနဲ့ပဲသွားသွား၊ ကား Accident ဆိုတာ ဖြစ်နိုင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရဲဝံ့ထန်သည် မွန်မြတ် မျက်နှာ ကြည်ကြည်လင်လင်လေးနှင့် သူ့ကိုစကားပြောနေတာမြင်လျှင် သောတနဲ့ သူ့အကြောင်းဘယ်လို စကားစ,ရမှန်းမသိ ဖြစ်နေသည်။ ဘာအပြစ်မှ မရှိဘဲနဲ့ ဒီမိန်းကလေးကို ထားခဲ့ရမှာ သိပ်တော့မတရားဘူးပေါ့။ အဲဒီလိုပဲ သောတမှာလည်း ဘာအပြစ်မှ မရှိဘဲ ဥပေက္ခာပြုထားရမှာ မတရားပြန်ဘူး။ ခက်တာပဲ။ အခုမှ တကယ့်ကို အကျဉ်းအကျပ်ထဲ ရောက်ရပြီ။

"သွားတော့မလား ရဲ။ ခဏနားလိုက်ဦးမလား"

"မွန်မြတ် ဗိုက်ဆာနေရင်တော့ အိမ်မှာ မနက်စာ စားရင်စားလေ"

"ရဲနဲ့ အပြင်မှာစားမှာလေ၊ ဘာလဲ ရဲ အိမ်က ထမင်းဟင်းပဲ စားချင်လို့လား။ ဒါဆို မွန်မြတ် ပြင်ခိုင်းလိုက်မယ်"

"မဟုတ်ပါဘူး၊ ကိုယ် မဆာပါဘူး။ မွန်မြတ်က အချိန်နဲ့ စားတတ်တယ်ဆိုတော့ အခု အပြင်ထွက်သွားရင် အချိန်လွန်သွားမှ စားရမှာမို့ပါ"

"ရတယ်၊ တစ်ခါတလေလည်း အချိန်လွန်မှ စားပါတယ် ရဲနဲ့ပဲ။ ဘယ်အချိန်စားရ စားရ ရတယ်"

ရဲဝံ့ထန် သက်ပြင်းတစ်ချက် အသာချရင်း ကားသော့ကို ကောက်ကိုင်လိုက်သည်။ မွန်မြတ်၏ မိခင်ကတော့ သူမ၏ နမူနာလာပြထားသော စိန်ကြည်ပေါက်ဝတ်ရတနာတွေကို ဇွေဇွေစပ်စပ်ကြည့်ရင်း ရဲဝံ့တို့ကို တစ်ချက်မော့ကြည့်ကာ ...





"ဒီမှာလေ သမီးပွဲကျရင် အသစ်တွေ ဝယ်ဝတ်မယ် ပြောလိုက်လို့ ဝယ်နေကျဆိုင်က ယုံယုံကြည်ကြည်နဲ့ တစ်ခါတည်းကို အိတ်လိုက်လာပေးထားလို့ ကြည့်နေရတယ်၊ ဝယ်ရဦးတော့မယ် မောင်ရဲဝံ့ရေ"

မွန်မြတ်က အပြုံးလဲ့လဲ့ဖြင့် ...

"မေမေက မွန်မြတ်ကို ကိုယ်ပိုင်အစစ်ပဲ ဝတ်စေချင်လို့လေ"

ဟူ၍ ထပ်ဖြည့်ပြောပါသည်။

"သမီးကို မှာလိုက်တယ်၊ သမီး ကြိုက်နေပေမဲ့ ဈေးကြီးနေတယ်ဆိုပြီး အခမ်းအနား အကျွေးအမွေး အစီအစဉ်တွေကို လျှော့ယူဖို့ မတွေးနဲ့လို့။ အန်တီက သမီး အငယ်ဆုံးလေးကို ပုံအောလုပ်ပြချင်နေတာ မောင်ရဲဝံ့လည်း ဘာမှ အားနာမနေနဲ့။ အန်တီတို့ မိသားစုအသိုင်းအဝိုင်းမှာက မင်္ဂလာဆောင်တွေ ဧည့်ခံပွဲတွေ Dinner တွေကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လုပ်ရတာကိုပဲ သိပ်ဝါသနာပါကြတာ။ ပျော်လည်းပျော်ကြတာလေ၊ ဒါကြောင့် ကိုယ်ကုန်ရတယ် သူ ကုန်ရတယ် မတွက်ဘဲ လုပ်ပေးတာပါ၊ ကဲ ... ကဲ ... သွားကြ သွားကြ။ မင်းက နောက်ကျနေတော့ သမီးမှာ စိတ်တွေပူလွန်းလို့ ထိုင်မရ ထမရနဲ့ ခုမှ သူ့မျက်နှာ ပြန်ကြည်လာတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ရဲဝံ့ထန်သည် ချွေဝေ့ဝန်းရံပြီး စိန်စိသော လမ်းကို လျှောက်ရပါလျက် အပြည့်အဝ မပျော်နိုင်တော့တာကို သူတို့ ရိပ်မိကြဟန်မတူ။

ရဲဝံ့ထန်သည် မွန်မြတ်ကို တင်ပြီး ကားကို မွန်မြတ်တို့၏ ခြံကျယ်ကြီးထဲမှ မောင်းထွက်လာခဲ့ပါသည်။

"ရဲ. အခု ဘယ်အရင်သွားမလဲ"

"မွန်မြတ် သွားချင်တဲ့နေရာပြောလေ"

"မဟုတ်ဘူးလေ၊ ဒီနေ့သွားရမှာက Traders ကိုလည်း သွားဖို့ရှိတာ။ နေ့လယ်စာလည်း အပြင်မှာ စားမယ်၊ ဒီအစီအစဉ်ပဲ ရှိတာလေ"

ရဲဝံ့သည် Traders ကို မသွားချင်သေး။ စေ့စပ်ပွဲကိစ္စ တကယ်အကောင်အထည်ပေါ်လာမည့်အရေးကို သွားမလုပ်ချင်သေး။ ဒါကြောင့် အချိန်ဆွဲလို၍ နေ့လယ်စာကို မစားချင်သေးပါဘဲ စားမည်ဟု ပြောင်းလဲစဉ်းစားလိုက်သည်။ အချိန်ကလည်း ဆယ့်နှစ်နာရီထိုးခါနီးနေပြီမို့ နေ့လယ်စာ အရင်စားမည်ဟု ပြောလိုက်ခြင်းက ပိုအဆင်ပြေပါသည်။

"မွန်မြတ်က ဒီအချိန်ဆို နေ့လယ်စာ စားနေကြပဲ၊ ဒီတော့ နေ့လယ်စာ အရင်စားလိုက်နော်"

"ဘယ်မှာစားရမလဲ"

"မွန်မြတ် စားချင်တဲ့ဆိုင် ဝင်လိုက်လေ"





မွန်မြတ်က ဆိုင်တစ်ဆိုင်ကို နာမည်ပြောလိုက်သည်။ သူ ကားမောင်းနေသော လမ်းမကြီးပေါ်မှာပဲရှိသည့် ဆိုင်တစ်ဆိုင်မို့ ထိုဆိုင်ရှေ့ရောက်တော့ ကွေ့ဝင်၊ ဆိုင်တည်ရှိရာ ခြံဝင်းထဲရှိ ကားပါ့ခ်မှာ ကားကို ရပ်ပါသည်။

ထိုသို့ ကားရပ်လိုက်ပြီး ကားပေါ်က ဆင်းလိုက်လျှင် ဘေးမှာ ပါကင်ရပ်ထားသော ကားဆီ လျှောက်လာသော စုံတွဲတစ်တွဲနှင့် မျက်နှာချင်းဆိုင်မိသွားပါသည်။ ထိုစုံတွဲမှာ ကေသီတို့စုံတွဲ ဖြစ်နေလေသည်။ ဒီတစ်ခါတော့ ကေသီသည် ရဲဝံ့ကို တစ်ခါပြန်ဆုံထားပြီးပြီဖြစ်ရာ အရင်တစ်ခါကလို မဟုတ်တော့ဘဲ ချက်ချင်းပဲ မှတ်မိသွားလေသည်။

ရဲဝံ့ ဘေးမှာ ပါလာသော မွန်မြတ်ကိုပါ အသေအချာကြည့်ပါသည်။ ဝိုင်းဝိုင်းအပြောက မလွန်ဘူး။ ကောင်မလေးဟာ တော်တော်လည်း ချောတယ်။ သိပ်ထူးထူးခြားခြား ဝတ်ပြမထားပေမဲ့ သူမ ဝတ်ထားသော ရယ်ဒီမိတ်အင်္ကျီလှလှလေး၊ စတိုင်လ်ပင်နီ အနက်လေးနှင့် ဒေါက်မြင့်၊ တန်ဖိုးကြီးမှန်းသိသာသော လက်ကိုင်အိတ်တို့ကပင်လျှင် သူမ၏ ချမ်းသာကြွယ်ဝနေသော အဆင့်အတန်းကို သိသာစေပါသည်။

"ရဲဝံ့ထန်ပါလား၊ ဒီမှာ လာစားတာလား"

ကေသီ စ၍ နှုတ်ဆက်လိုက်လေသည်။ ကေသီ့လူကတော့ အသာအယာပြုံးနေသည်။

"ဟုတ်တယ်၊ ဒီပဲလာကြတာ၊ ကေသီတို့ကရော"



www.burmeseclassic.com

www.burmeseclassic.com



"ကေသီတို့ ခုလေးတင် စားလို့ပြီးခဲ့တယ်၊ ဩော် ... မိတ်ဆက်ပေးရဦးမယ်၊ သူက ကိုသူရတဲ့၊ ကေသီ့ အဖေ မိတ်ဆွေရဲ့သားပါ"

"ဘယ်တော့ စားရမှာလဲ ကေသီရဲ့"

ရဲဝံ့ထန်သည် အခြေအနေကို ရိပ်မိသလိုဖြင့် ရယ်မောကာမေးတော့ ...

"လိုပါသေးတယ်နော်၊ ကိုသူရ ဟုတ်တယ်မဟုတ်လား။ ကိုသူရက ဇန်ဂေါက်မှာ နောက်ထပ်ခြောက်လစာ ကျောင်းတက်ဖို့ ကျန်သေးတယ်၊ ဒါကြောင့် ကြာဦးမယ်။ ရဲဝံ့တို့က အရင်ဖြစ်မယ်ထင်တယ်။ ဝိုင်းဝိုင်းဆီက သတင်းကြားထားပြီးသားနော်"

"ဩော် ... အဟဲ ... ဟုတ်သားပဲ၊ မိတ်ဆက်ပေးရဦးမယ် ကေသီ သူက မွန်မြတ်မေတဲ့။ ဝိုင်းဝိုင်းကတော့ တွေ့ဖူးပြီးသားပါ။ ကေသီနဲ့က ခုမှ ဆုံကြတယ်။ မွန်မြတ် သူက ဝိုင်းဝိုင်းတို့အုပ်စုထဲက တစ်ယောက်ပဲလေ။ ကေသီကျော်တဲ့"

မိန်းကလေးနှစ်ယောက်သား တစ်ယောက်နဲ့တစ်ယောက် အသာခေါင်းညိတ်ပြုံးပြ နှုတ်ဆက်လိုက်ကြပါသည်။ ကေသီကျော်သည် ရဲဝံ့တစ်ယောက်ဟာ သောတကို တကယ်မေ့လို့ရကာ ဒီမိန်းမချော မိန်းမလှကြေးရတတ်မကလေးနဲ့ ပျော်ရွှင်ကြည်နူးနေတာ တွေ့ရတော့ ရဲဝံ့ထန်ကို မုန်းလာသည်။ အရင်က ဝိုင်းဝိုင်းဟာ အလိုလိုနေရင်း ရဲဝံ့ထန်ကို ကြည့်မရသူ၊





မုန်းသူ၊ အမြင်ကတ်သူဖြစ်ခဲ့သည်။ အခုကျတော့ ကေသီပါ ရဲဝံ့ထန် သစ္စာမရှိဘူး အပြောင်းအလဲမြန်သည်ထင်ကာ မုန်းလာပါသည်။ ငါ့သူငယ်ချင်း သောတဟာ ဟန်ဆောင်နေတာပါ။ တကယ်တော့ နင့်ကို ချစ်နေတယ်၊ မျှော်လင့်နေခဲ့တယ် ရဲဝံ့ထန်ရယ်။

"နင်တို့ပွဲက ဘယ်တော့လဲ"

ကေသီသည် တမင်ပဲ မရမက ထပ်မေးလိုက်ပါသည်။ ရဲဝံ့ထန်သည် ရုတ်တရက် မဖြေသေးဘဲ မွန်မြတ်ကို လှည့်ကြည့်သဖြင့် မွန်မြတ် စိတ်ထဲမှာ သူမကို ပြောနေစေချင်သည်ထင်ကာ ...

"ဒီနေ့ပဲ စေ့စပ်ပွဲလုပ်ဖို့ ဟိုတယ်မှာ စရန်သွားပေးကြမလို့ပါ။ Dateကတော့ ယူပြီးပါပြီ။ ဖိတ်စာမရသေးတော့လေ။ ကြိုမပြောရဘူးလို့ မေမေ မှာထားလို့ မပြောတာနော်။ ဖိတ်စာရရင် ရဲကတစ်ဆင့် သူ့သူငယ်ချင်းဟောင်းတွေကို ဖိတ်ခိုင်းမယ်လို့ မွန်မြတ် စီစဉ်ထားပါတယ်"

ထိုအခါ ကေသီက ဝမ်းသာအားရဟန်ဆောင်လျက် ...

"ဩော် ... ဟုတ်လား၊ ဝမ်းသာစရာကြီးပေါ့။ စောင့်နေမယ် ဆက်ဆက်စောင့်နေမယ်နော်။ ရဲဝံ့ထန် သိပါတယ်။ ဝိုင်းဝိုင်းတို့ ကေသီတို့ လိပ်စာက အရင်အတိုင်းပါပဲ။ သောတကတော့ အိမ်ပြောင်းသွားတယ်ဟဲ့။ နင် သူ့ ပန်းဆိုင်ရောက်ဖူး



www.burmeseclassic.com

www.burmeseclassic.com



တယ် မဟုတ်လား။ အဲဒီဆိုင်ကနေ နှစ်လမ်းကျော်လား သုံးလမ်းကျော်လား ငါလည်း သေချာ မှတ်မထားမိဘူး။ အဲဒီလောက်မှာ သူ့အိမ်ရှိတယ်။ ကန်ထရိုက်တိုက်ခန်းပေါ့ သုံးလွှာ ... အင်း ... လေးလွှာ... ဟာ ... ငါလည်း ရှုပ်ကုန်ပြီ။ ငါကအဲဒီလိုပဲ သွားသာသွားတတ်တယ်။ အသေအချာ အတိအကျ ပြောဆိုရင် ရောကုန်ရော။ သောတကို လည်း ဖိတ်ချင်ရင် ငါတို့ဆီက တစ်ဆင့်သာ ဖိတ်စာပေး လိုက်ပါ။ သူလည်း လာမှာပါ။ နင့်မှာ မိန်းကလေးသူငယ် ချင်းဆိုလို့ ဒီသုံးယောက်ပဲ ရှိတာလေ။ ငါတို့မှာလည်း ယောကျ်ားလေးသူငယ်ချင်းဆိုလို့ နင်ပဲ ရှိခဲ့တာလေ"

ကေသီဟာ စကားတွေ ရှွန်းရှွန်းဝေအောင် ပြော ပစ်လိုက်ပါတော့သည်။

"ကေသီ နင် အရင်က စကားနည်းပြီး အေးပါတယ်၊ အခုကျ စကားအများကြီး ပြောတတ်နေပြီနော်"

ရဲဝံ့ထန်က သတိရသလို ပြောလိုက်မိသည်။

"အရင်ကနဲ့ အခုနဲ့ မတူတော့ဘူးလေဟယ်။ အရာအားလုံး ပြောင်းလဲကုန်ပြီ။ နင်လည်း ပြောင်းလဲ၊ ငါလည်း ပြောင်းလဲ ကုန်ပြီ၊ အသက်တွေလည်း မငယ်တော့ဘူး၊ အသက်နှစ် ဆယ်ကျော်ကို ပြောင်းသွားပြီဆိုတော့"

ကေသီက စကားကို မဆက်တော့ဘဲ ဖြတ်လိုက် ပါသည်။ ရဲဝံ့ထန်ကိုလည်း စောင်းပြီး ပြောလိုက်တာဖြစ်မှန်း





ရဲဝံ့ထန် သဘောပေါက်သည်။ သူ့ကို ပြောင်းလဲသွားပြီဟု ဆဖန်ခံလိုက်ရသည့်အတွက် ရဲဝံ့ထန်သည် ကျေကျေနပ်နပ်ပင် ပြုံးနေလိုက်သည်။

ကိုသူရဆိုသူကတော့ တစ်ခွန်းမှဝင်မပြောဘဲ ဘေးမှာ ပြုံးပြီးသာ နားထောင်နေသည်။ မွန်မြတ်ကတော့ ခုတလော မှ မကြာခဏ ပြန်ဆုံရသော သူငယ်ချင်းဟောင်း တစ်ယောက် ပြီးတစ်ယောက်တို့နှင့် ရဲဝံ့နှင့် ဆက်စပ်မှု၊ စကား အပြောအဆို အမူအရာတို့ကို မိန်းကလေးပီပီ အကဲခတ်ရင်း သူတို့ကို ကြည့်ရတာ တစ်မျိုးကြီးပဲ။ သူတို့ကြားမှာ လျှို့ဝှက်ချက်တွေ မရှိဘူးလို့ ဘယ်သူ ပြောနိုင်မလဲ။

"ကဲ ... သွားလိုက်ဦးမယ် ရဲဝံ့ထန်ရေ"

"အေး ... ကောင်းပြီ။ နင်တို့လိုတာရှိရင် ငါ့ Mobile ဖုန်းဆိုင် ဝင်ခဲ့လေ"

"အေး ... ဝိုင်းဝိုင်း ပြောထားလို့ ငါ သိထားပါတယ်"

ထိုစုံတွဲ နှုတ်ဆက်ပြီး ထွက်သွားသောအခါမှ ရဲဝံ့ ထန်တို့လည်း Restaurant ထဲ ဝင်လာဖြစ်ပါသည်။

မွန်မြတ် စားလိုသည်များကိုသာ အမိန့်ထားမှာပြီး သောအခါ စားစရာတွေ မလာခင် ထိုင်စောင့်နေတော့ မွန်မြတ် က စ,မေးလာပါသည်။

"ကေသီနဲ့ စကားပြောပုံကြည့်ရတာ တော်တော်ခင်ကြ ပုံပဲနော်။ ရဲ့ဆီက တစ်ခါမှ ပြောသံမကြားရဘူး။ သူတို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြောမနာဆိုမနာ သူငယ်ချင်းတွေ ဖြစ်ခဲ့ဖူးတယ်ဆိုရင် ရဲ သတိတရ ပြောပြမှာပဲ၊ ကိုယ် ငယ်ငယ်က သိပ်ခင်ခဲ့တဲ့ သူငယ်ချင်း မိန်းကလေးတွေ ရှိတယ်၊ ဘာညာပေါ့။ အခုကျ လုံးဝ ဓာတ်မြှုပ်ထားပြီးမှ ပေါ်လာသလိုပဲ။ ဟိုက တစ်ယောက်ပြန်တွေ့လိုက်၊ ဒီကတစ်ယောက် ပြန်တွေ့ လိုက်နဲ့"

ရဲဝံ့ထန်ဘက်ကလည်း တကယ်ပင် မပြောဘဲထားခဲ့မိသဖြင့် မွန်မြတ်အတွက် ထောက်ပြစရာ ဖြစ်သွားသည်။ မွန်မြတ်ကတော့ ပွင့်လင်းခဲ့သည်။ မွန်မြတ်မှာ ယောကျ်ားလေးသူငယ်ချင်းတွေလည်း ရှိကြောင်း။ ဘယ်သူနဲ့ ဘယ်လိုခင်ကြောင်း။ ဘယ်သူကတော့ နိုင်ငံခြားထွက်သွားကြောင်း။ ဘယ်သူကတော့ သူငယ်ချင်းအဖြစ်ကနေ တစ်ဆင့်တက်ချင်ခဲ့ကြောင်းတွေ အစုံပဲ ပြောပြဖူးထားခဲ့ပါသည်။ အဲဒီတုန်းက ရဲမှာရော မိန်းကလေးသူငယ်ချင်း မရှိခဲ့ဖူးဘူးလား မေးတော့ ရယ်မောပြီး သူငယ်ချင်းတော့ မရှိဘူး။ ရည်းစားတွေပဲ ရှိခဲ့ဖူးတာ မွန်မြတ်သိသားပဲတွေ ဘာတွေ ပြန်ဖြေခဲ့သေးတာ။ တကယ်ဆို သူငယ်ချင်းရှိရင်လည်း ရှိတယ်ပေါ့။ ဘာဖြစ်လို့ ဖုံးကွယ်နေစရာလဲ။ ရိုးသားရင် ဘယ်သူမှ မဖုံးကွယ်ကြဘူး။ သူနဲ့ အဲဒီသူငယ်ချင်း မိန်းကလေးသုံးယောက် ကြားမှာ ဘာတွေ အသိမခံချင်စရာရှိလို့ သူ ဖုံးကွယ်ထားခဲ့လဲ။

မွန်မြတ်သည် စီကာစဉ်ကာတွေးရင်း တဖြည်းဖြည်းနဲ့ ပိုပြီး သံသယကြီးမားလာပါသည်။





"ရဲမှာ သူတို့နဲ့ ပတ်သက်ရင် မပြောပြချင်စရာ ဘာများ ရှိလို့လဲဟင်"

"မပြောပြချင်တာ မဟုတ်ပါဘူး။ ကိုယ် တမင်မေ့ထား လိုက်တာပါ"

"ဟင် ... ဘယ်လို"

"မေ့ထားလိုက်တာ"

ရဲဝံ့ထန်က ထပ်၍ ပြောလိုက်ပါသည်။

"ရဲ သူတို့ကို ဘာစိတ်နာသွားလို့လဲ"

"ကိုယ်တို့ကြားမှာ ဘာမှ စိတ်နာစရာလဲ မရှိခဲ့ဖူးဘူး။ ဒါပေမဲ့ သူတို့ဘက်ကစပြီး ကိုယ့်ကို အဆက်အသွယ် ဖြတ်ကြတော့ ကိုယ်လည်း တမင်ပဲ မေ့ပစ်လိုက်တယ်။ မွန်မြတ်သိမှာပါ။ ကိုယ် ဆယ်တန်းကို တစ်နှစ်ဝင်မဖြေဖြစ်ခဲ့ဘူး။ နောက်တစ်နှစ်ကျမှ ဝင်ဖြေပြီး အောင်ခဲ့တာလေ။ သူတို့ကတော့ ကိုယ့်ထက် တစ်နှစ်စောအောင်ကြတာ၊ ဒါကြောင့် သူတို့ ဆယ်တန်းအောင်ပြီးကတည်းက ကိုယ်နဲ့ စပြီး အဆက်အသွယ်ပြတ်တာပဲ"

မွန်မြတ်မှာ ဘာမှ ဆက်စပ်တွေးလို့မရဘဲ ခေါင်းတွေ ချာချာလည်အောင် စဉ်းစားနေသည်။ သူ ဆယ်တန်းကို နောက်နှစ်မှ အောင်တာနဲ့ပဲ သူတို့က အဆက်အသွယ် ဖြတ်ကြတာလား။ ရဲက ဘာလို့ ပထမတစ်နှစ်ကို ဝင်မဖြေရတာလဲ။ ဘာမှ စိတ်နာစရာမရှိဘဲနဲ့ အဆက်အသွယ် ဖြတ်တယ်ဆိုတာလဲ သိပ်တော



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်မရှိလှဘူး။ သူတို့ အဆက်အသွယ်ဖြတ်တာကို ရဲကလည်း တမင်မေ့ပစ်လိုက်တဲ့အထိ ပြန်တုံ့ပြန်ရသတဲ့။ ဘာတွေပါလိမ့်။ ကြားမှာ မပြောပြချင်တဲ့ မြုပ်ကွက်တော့ ရှိကိုရှိမယ်။ တမင်ချန်ထားတာ။

"ရဲ မွန်မြတ်ကို မပြောချင်တဲ့ အကြောင်းရှိတယ် မဟုတ်လား။ မပြောဘဲချန်ထားတယ် မဟုတ်လား။ မွန်မြတ် စိတ်ထဲမှာ အလိုလိုသိနေတယ်"

ရဲဝံ့ထန်သည် မရမက မေးနေသော မွန်မြတ်ကို စိတ်ရှုပ်စွာ ငေးကြည့်နေလေသည်။

သူ ဘာမှ ပြန်ဖြေစရာမရှိပါ။ သူကိုယ်တိုင်လည်း အခုအချိန်မှာ မွန်မြတ်ကိုပဲ ရွေးရမလား။ သောတကိုပဲ မေ့ထားလိုက်ရမလား။ ဒါမှမဟုတ် သောတကိုပဲရွေးပြီး မွန်မြတ်ကို အမှန်အတိုင်း ဖွင့်ပြောရမလားဆိုတာပင် ဝေခွဲမရဖြစ်နေချိန်မှာ မွန်မြတ်က မေးလာသဖြင့် သူ့မှာဖုံးကွယ်လိုစိတ် ရှိမနေတော့ပါ။ တစ်ခုပဲ ရှိသည်။ သူ ပြောပြလိုက်လို့ မွန်မြတ်သိသွားပါပြီတဲ့။ မွန်မြတ်က သိပြီးသားကို သိပြီးတဲ့အတိုင်း ထားလိုက်ရင် ကောင်းပါရဲ့။ မထားဘဲ သောတကို သွားရမ်းမှာ၊ သောတကို ဒီဘက်မှာ ဝင်မပါတော့ဖို့ သွားတားမှာတွေ ဖြစ်လာရင် မလွယ်ဘူး။ အပြစ်မရှိတဲ့ သောတဟာ သူမဘာသာ အေးအေးဆေးဆေးနေပါရက် ရဲဝံ့ကြောင့် ၊ ရှုပ်ရှုပ်ထွေးထွေးတွေ ဖြစ်လာရလျှင် အလွန်သနားဖို့ကောင်းပါသည်။





"ရဲ မပြောချင်နေ။ မွန်မြတ်ဘာသာ စုံစမ်းမယ်"

"မဟုတ်ဘူးကွာ။ မွန်မြတ် ဘယ်လိုဖြစ်နေတာလဲ။ ကိုယ်နဲ့ မဆိုင်တာကို မဆိုင်တဲ့ အတိုင်းထားလိုက်ပါလား။ အဲဒီကိစ္စက မွန်မြတ်ကို ဘာမှ အနှောင့်အယှက် မပေးဘူးလေ။ မွန်မြတ် ဖြစ်စေချင်တဲ့ စေ့စပ်ပွဲကို စိတ်ချမ်းချမ်းသာသာနဲ့လုပ်။ မွန်မြတ် မိဘတွေ အသစ်ဝယ်ဆင်တဲ့ စိန်တွေ ဝတ်ပြီး အသိုင်းအဝိုင်းမှာ လက်မထောင်ပြ၊ ဒါပဲ ရှိတာလေ။ ဘာဖြစ်လို့ အတိတ်ကာလကို ပြန်သိချင်တာလဲ"

"ရဲက မပြောလေ၊ သိချင်လေပဲလေ။ တကယ်ဆို သူငယ်ချင်းတွေကြားမှာ ရှိးသားတဲ့ စိတ်အခန့်မသင့်မှု ဖြစ်ခဲ့ရင် ရဲ အခု ပြောပြနိုင်ရမယ်လေ။ အချင်းချင်း ပြဿနာလေးတွေ ဖြစ်ကြပြီး မခေါ်နိုင်၊ မပြောနိုင် ဖြစ်ထားကြရတယ်ဆိုရင် အဲဒီပြဿနာကို ပြောပြနိုင်ရမှာပေါ့။ မွန်မြတ်က နားလည်တတ်ပါတယ်၊ ဘာကြောင့် ခွင့်မလွှတ်နိုင်စရာရှိလဲ။ အခုကျ ရဲက ပြောရမှာ သိပ်တွေဝေလွန်းနေတော့ မွန်မြတ် သိပ်သိချင်လာတယ်။ ရဲမှာ ဝိုင်းဝိုင်း၊ ကေသီ၊ သောတ ဆိုတဲ့ မိန်းကလေး သုံးယောက်နဲ့ ပတ်သက်ရင် မပြောပြချင်တဲ့ အတိတ်ကာလရှိကိုရှိနေတယ်လို့ ခံစားရတယ်"

ရဲဝံ့ထန်သည် မိန်းမတို့၏ သိချင်စိတ်ကို အတော်ပင် စိတ်ပျက်သွားပါသည်။ မိန်းမတွေဟာ သူတို့ မသိချင်ရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း တကယ်မသိချင်ဟန်ဆောင်ထားနိုင်တယ်။ သိချင်ပြန်ရင်လည်း မျိုသိပ်လို့ကို မရဘူး။

မရမကကို စပ်စုတော့တာပဲ။

နောက်ဆုံးတော့ ရဲဝံ့ထန်သည် အပြေလည်ဆုံးသော အဖြေကိုသာ ဖြေလိုက်ပါသည်။

"ကဲ … ကဲ … ပြောပြမယ် နားထောင်။ ကိုယ် သူတို့ သုံးယောက်ထဲက သောတကြည်နဲ့ ဆယ်တန်းမှာ ချစ်သူ ဖြစ်ခဲ့ဖူးလို့ပဲ"

"ဟင် …"

ရဲဝံ့ထန်သည် ကောက်ခါငင်ခါ ချက်ချင်း ပြောလိုက်တော့မှ မွန်မြတ် တကယ်ပင် အံ့သြသွားသည်။ မွန်မြတ်ထင်တာ သူငယ်ချင်းချင်း ကြားက ပြဿနာလို့ ထင်ခဲ့တာ။ အခုကျ အချစ်ရေးပြဿနာ ရှိခဲ့တာကိုး။ သဝန်မတိုတတ်တော့သော မွန်မြတ်က တအံ့တသြသာ နားထောင်နေပါသည်။ ရဲဝံ့ထန်မှာ သူမ အရင်ကလည်း ရည်းစားတွေ ရှိခဲ့ကြောင်း သိထားသူပီပီ ဆယ်တန်းတုန်းက ချစ်သူဆိုတာသည် သူမကို များစွာ မတုန်လှုပ်စေခဲ့ပါ။

"ရဲက ကောင်မလေးသုံးယောက်နဲ့ သူငယ်ချင်းဖြစ်ပြီးမှ သောတကြည်ကို ရွေးလိုက်တော့ ရဲကို မျှော်လင့်ချင် မျှော်လင့်နေမဲ့ ကျန်တဲ့နှစ်ယောက်က စိတ်မကောင်းဖြစ်သွားမှာပဲနော်"





"မဟုတ်ဘူး၊ ကိုယ်နဲ့ သူတို့ လုံးဝ သူငယ်ချင်း မဖြစ်ခဲ့ဘဲနဲ့ ကိုယ်က သောတကြည်ကို စိတ်ဝင်စားလို့ သူတို့ အုပ်စုထဲ ဝင်ပြီး သောတကို ချက်ချင်းပဲ ဖွင့်ပြောတာပါ၊ ဒါကြောင့် ကိုယ်တို့ရဲ့ သူငယ်ချင်းဘဝမှာ သောတနဲ့ ကိုယ်က စုံတွဲ၊ ကျန်တဲ့နှစ်ယောက်ကတော့ ကိုယ်တို့ အကြောင်းကို သိခွင့်အရဆုံးသူငယ်ချင်းတွေပဲ"

"ဘာကြောင့် ကွဲသွားတာလဲ"

"ကိုကြီး ကိုလတ်တို့က ကိုယ့်ကို ငယ်သေးတယ်ဆိုပြီး ခွဲလိုက်တာနဲ့ ကွဲသွားကြတာ၊ ဒါပဲ။ ကိုယ်က သူတို့ကို ဆန့်ကျင်ပြီး ဆယ်တန်း တစ်နှစ်ဝင်မဖြေဘူး။ သောတကတော့ အမေ့စကား နားထောင်ပြီး ဝင်ဖြေတယ်။ ဒါကြောင့် အောင်သွားတယ်။ နောက်တော့ ကိုယ်နဲ့ အဆက်အသွယ်ဖြတ်သွားတယ်၊ ဒါပဲ … ကဲ … ဒါပဲရှိတယ်၊ ဇာတ်လမ်းက ဘာမှ မထူးခြားဘူး"

"အမှန်ဆို ဒီလောက်လေးဖြစ်ခဲ့တာများ ရဲ ပြောပြဖို့သင့်ပါတယ်လေ၊ ဒါနဲ့ သောတက ရဲကို တော်တော်ချစ်ခဲ့လားဟင်"

ထိုသို့မေးလိုက်သောအခါ ရဲဝံ့ ရင်ထဲမှာ ကြေကွဲသွားခဲ့ပါသည်။ သောတ သူ့ကို သိပ်ချစ်တယ်လို့ သောတကို အခု ပြန်ဆုံရစဉ်မှာ ရင်ထဲမှာ အလိုလို ခံစား၍ရသောအခါမှာ သူ တကယ်ကြေကွဲရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရဲနဲ့ ပြန်ဆုံကြပြီးပြီလားဟင်"

မွန်မြတ်သည် ရဲဝံ့၏ မျက်နှာအမူအရာကို အကဲခတ်ရင်း တစ်စုံတစ်ရာကို စိုးရိမ်ထိတ်လန့်သလိုဖြစ်လျက် အဝေးကြီးကလာသော အသံမျိုးဖြင့် မေးမိလေသည်။

မွန်မြတ်သည် ရဲဝံ့ထန်၏ ခေါင်းအညိတ်ကို မြင်လိုက်ရသည်မှာ လောကကြီးတစ်ခုလုံး တိတ်ဆိတ်သွားသည်ဟု ခံစားလိုက်ရလေသည်။





# ၁၅

သောတသည် ပန်းခိုင်များကို ရေအသာဖျန်းနေစဉ် တံခါးတွန်းဖွင့်သံ ခေါင်းလောင်းသံများကြောင့် တံခါးဝကို လှည့်ကြည့်လိုက်သည်။ ခေတ်နဲ့အညီ လှိုင်းအပွလေးတွေ ကောက်ထားသော ပခုံးထိရှည်ဆံပင်နှင့် ချောမောကြည့်ကောင်းသော မိန်းကလေးတစ်ယောက်ကို တွေ့ရပါသည်။

"ဘာအလိုရှိပါသလဲ ဝင်ကြည့်နော်၊ မဝယ်လည်း ရတယ်၊ ဝင်ကြည့်လို့ရပါတယ်"

မိန်းကလေးက ချက်ချင်း မဝင်လာသေးဘဲ အဝမှာ ရပ်နေသဖြင့် သောတ လှမ်း၍ ဖိတ်ခေါ်လိုက်သည်။ အဲဒီအခါကျမှ ထိုမိန်းကလေး အတွင်းကို လျှောက်ဝင်လာပြီး Fancy ပစ္စည်းလေးတွေတင်သော စတန်းဒ်လေးတွေအစီအရီ။ Card မျိုးစုံ တင်ထားသော စတန်းဒ်လေးတွေ အစီအရီချထားသည့် ဆိုင်ကို ဝေ့ဝဲကြည့်ပါသည်။ သောတကတော့ ပန်းခိုင်တွေ စိုက်ထားသော ပလတ်စတစ်ပုံးတွေထဲ ရေအခြေအနေကို ကြည့်နေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်လေးက ချစ်စရာလေးနော်၊ အထဲကို ပန်းရောင်လေးနဲ့ အဝါရောင်လေး လွှမ်းနေအောင် ဆေးသုတ်ထားတာ ဆန်းတယ်"

မိန်းကလေးဆီမှ ဘယ်သူ့ဘယ်ဝါရယ် ရည်ရွယ်ပြီး ပြောတာမဟုတ်သော အသိအမှတ်ပြုပြော အသံကို ကြားရလျှင် သောတ အသာအယာပြုံးပြီး ...

"ကျေးဇူးတင်ပါတယ်"

"ဆိုင်အပြင်အဆင်က ဘယ်သူ့ Idea လဲဟင်"

"တို့ကိုယ်တိုင်ပဲပေါ့"

"ဆိုင်ဖွင့်တာ ကြာပြီလား"

"သိပ်မကြာသေးပါဘူး၊ ခြောက်လလောက်ပဲ ရှိသေးတယ်လေ"

"သြော် ... ဟုတ်လား"

"သူငယ်ချင်းရှိရင်လည်း တစ်ဆင့်ကြော်ငြာပေးပါဦး။ ဒီလို ဆိုင်မျိုးဆို မိန်းကလေးတွေ ပိုပြီး သဘောကျတတ်ကြလို့လေ"

"မွန်မြတ် သူငယ်ချင်းတွေက ဒီမှာ တစ်ယောက်မှ မရှိတော့ပါဘူး။ သောတကြည်တို့သုံးယောက်လို တစ်နေရာတည်းမှာ အမြဲတွေ့ခွင့်ရတဲ့ သူငယ်ချင်းတွေ မဟုတ်ကြတော့ဘူး"

"ဟင် ..."





သောတသည် ထိုမိန်းကလေးက သူမကိုယ်သူမ "မွန်မြတ်"ဟု ပြောလိုက်လျှက် သောတအမည်ကိုရော သူငယ်ချင်းတွေရော ထည့်ပြောလိုက်ပြီး ဒီကိုလာရခြင်းကို သိသာစေလိုက်သောအခါ အံ့သြလျက် ငေးကြောင်သွားရတော့လေသည်။

"သောတကြည်ကို မြင်ဖူးချင်လို့ ဒီကိုလာတာပါ၊ တို့က မွန်မြတ်မေပါ၊ ရဲဝံ့ထန်ရဲ့ မွန်မြတ်မေပါ"

သူမကိုယ်သူမ ရဲဝံ့ထန်ရဲ့ မွန်မြတ်မေဟုပင် ထည့်ပြောသော မိန်းကလေးရဲ့ သဘောထားကို သောတ အကဲခတ်နေခဲ့သည်။

"ရဲ မနေ့က ပြောပြမှ သိလိုက်ရတော့ ရဲရဲ့ ပထမဦးဆုံးချစ်သူကို သိပ်တွေ့ချင်သွားတယ်"

"အဲဒါတွေက ပြီးသွားတာကြာပါပြီ။ သောတ သူ့ကို မေ့ထားတာကြာပြီ"

"ဘာဖြစ်လို့ မေ့လိုက်တာလဲဟင်"

"ရဲဝံ့က ပြောမပြဘူးလား"

"ရဲကိုယ်တိုင်လည်း သူ့ကို ဘာကြောင့် မေ့ပစ်မှန်းသိပုံမရဘူး။ သောတကြည်က စပြီး အဆက်အသွယ်ဖြတ်ခဲ့လို့ မေ့လိုက်ကြရတာလို့ ပြောတယ်"

"အင်းလေ ... အဲဒါပေါ့ သောတက မေ့ထားပြီပဲ၊ မွန်မြတ်မေ ဘာမှစိုးရိမ်နေစရာမရှိပါဘူး၊ သောတ ဘယ်တော့မှ သူများချစ်သူကို မလုပါဘူး၊ စိတ်ချလက်ချနေပါ"



www.burmeseclassic.com

www.burmeseclassic.com



"မွန်မြတ်ကလည်း သောတကြည်ကို ရန်တွေ့ဖို့ လာတာ မဟုတ်ပါဘူး။ သောတကြည်ကို မြင်ဖူးချင်လို့လာတာပါ၊ သောတကြည်ရဲ့ ပန်းဆိုင်လေးက ချစ်စရာလေးလို့ ကိုကျော်စွာထန်လေ ကိုလတ်လေး သူ့ဆီက ကြားခဲ့တာနဲ့ လာကြည့်တာပါ"

သောတသည် အခုမှ ဇာတ်လမ်းလာရှုပ်နေကြသောရဲဝံ့ထန်တို့ဘက်ကို တော်တော်စိတ်ပျက်လာပါသည်။ တကယ်အနိုင်အရှုံးပြောရင် သူတို့ဘက်က လုံးဝနိုင်နေပြီ။ သောတမှာသာ ရှုံးပြီးရင်းရှုံးနေတဲ့အရှုံးနဲ့ တိတ်ဆိတ်နေပေးရတာပါ။ ဒါကိုဘာကြောင့် တစ်ယောက်ပြီးတစ်ယောက် လာပတ်သက်နေကြသလဲ။ သောတ တွေးရင်း ဒေါသဖြစ်လာသည်။

"မင်္ဂလာပွဲတစ်ပွဲလို စေ့စပ်ပွဲတစ်ပွဲလိုမျိုး ပွဲကြီးတစ်ခုလုံးအတွက် ပန်းမှာရင်ရော ရလား"

သောတက ရှုပ်ရှုပ်ယှက်ယှက် မကြိုက်၍ ...

"အဲဒီလိုပွဲတွေက ပန်းအလှပြင်တဲ့သူကို အပ်လိုက်ရင် အကုန်လုံး စိတ်တိုင်းကျ လုပ်ပေးပြီးသားဆို"

"မဝင့်ဝါတုန်းက သောတဆီက မှာတယ်ကြားလို့"

"အဲဒါ သူတို့ တစ်မျိုးလုံးက အမျိုးသမီးတွေ ပန်ကြဖို့ ပန်းခေါင်ပွင့်ကြီးတွေ ရွေးမှာတာပါ၊ ပန်းအိုး၊ လက်ကိုင်ပန်းနဲ့ သတို့သမီးတို့ အရန်တို့ ပန်မဲ့ပန်းကျ ပန်းအလှပြင်တဲ့သူကပဲ အလှဖန်တီးရှင်နဲ့ ညှိပြီး စီစဉ်ပေးတယ်လို့ ကြားတယ်"





"မွန်မြတ်တို့ ပွဲကျရင်လည်း မေမေ အပါအဝင် တစ်မျိုးလုံးက မိန်းမတွေပန်ဖို့ ခေါင်ပွင့်ပန်းလှလှကြီးတွေ မှာရင်ရော သောတကြည် လက်ခံမှာလားဟင်။ စီစဉ်ပေးနိုင်မလား"

"သောတမှာ မရှိတဲ့ပန်းဆိုရင်တော့ မရပါဘူး၊ ဥပမာ သဇင်လိုမျိုး ပန်းကိုတော့ သောတ မစိုက်ပါဘူး"

"အင်း ... မေမေတို့ ဘာပန်ချင်မလဲ မသိဘူး။ ပြန်မေးလိုက်ဦးမယ်၊ တကယ်တော့ မွန်မြတ်က သောတနဲ့ မိတ်ဆွေဖြစ်ချင်တာပါ။ သောတဆီက ပန်းတွေဝယ်ပြီး အားပေးချင်လို့ပါ"

အမှန်တော့ ငါတို့ ဒီအခြေအနေတော့ ရောက်နေပြီရယ်လို့ တမင်လာပြောတာလည်း ပါပါတယ်။ ထိတ်ထိတ်ကြဲလုပ်ကြမဲ့ပွဲတွေဟာ ဒီလိုပါမွှားပန်းဆိုင်လေးထဲက၊ ပန်းခင်းသိပ်မကြီးလှတဲ့ ခြံထဲက မရှိမဲ့ရှိမဲ့ ပန်းကိုပဲ လာမှာကြမယ် မထင်ဘူး။ သူတို့ဘာသာ သူတို့ အဆက်အသွယ်နဲ့ သူ့ပန်းအလှပြင်တဲ့သူနဲ့ အကုန်စီစဉ်ပြီးနေလောက်ပြီ။ ဘာကြောင့် ငါ့ကို လာထိခိုက်ရသလဲ။ ဘာကြောင့် ငါ့ကို မထ္တာပ်တိုင် တက်ပြရသလဲ။ သောတသည် စိတ်ထဲမှာ ခံပြင်းနေပေမဲ့ ကိုယ်က ဆိုင်ရှင်လည်းဖြစ်၊ ကိုယ်က ရှုံးနေသူလည်းဖြစ်လေရာ ကိုယ့်ဘက်က ဒေါသဖြစ်ပြရင်ပဲ ရှုံးမဲမဲသည်ထင်မှာစိုးတာ။ သူ့ရှေ့မှာ ကိုယ့်ရင်ထဲက ဝမ်းနည်းမှုကို ထုတ်ပြသလို ဖြစ်သွားမှာစိုးတာတွေနဲ့ပဲ သည်းခံကာ ငြိမ်နေပေးလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဒီအရုပ်လေးက ချစ်စရာလေးနော်၊ ဖန်ရုပ်လေး အသည်းယားစရာလေး။ ဒီလို Fancyလေးတွေကျ သောတ ကြည့် ဘယ်က သွားရှာလာတာလဲဟင်"

မွန်မြတ်မေသည် Fancyအရုပ်လေးတွေ တင်ထား သော Stand ရှေ့ရပ်၊ ရွေးချယ်ရင်း သောတကြည်ကို တရင်းတနှီး ပုံစံဖြင့် စပ်စုမေးမြန်းနေပြန်သည်။

ဖန်ရုပ်လေးတွေက အဝါရောင်သမ်းတာ၊ ပန်းရောင် သမ်းတာ၊ အပြာရောင်သမ်းတာ၊ အစိမ်းရောင်သမ်းတာလေးတွေ ရှိသလို မူလဖန်အရောင်အကြည်အတိုင်း ဖြစ်နေသော အရုပ်လေး တွေလည်းရှိသည်။ အရုပ်လေးတွေကတော့ Angelရုပ်တို့၊ ကောင် လေး ကောင်မလေးစုံတွဲရုပ်တို့၊ ပန်းခြင်းလေးတွေ၊ ပန်းအိုးနဲ့ ပန်းခိုင်လေးတွေ၊ အိမ်ပုံစံသေးသေးလေးတွေ၊ ကြောင်ရုပ် ခွေးရုပ် ငှက်ရုပ် ယုန်ရုပ်လေးတွေ အစုံအလင်ပင်။ ဘယ်မိန်းကလေးပဲလာ လာ ထိုအရုပ်လေးတွေကို ပိုသဘောကျကြ သလို မွန်မြတ်မေလည်း သဘောကျပြီး ကြည့်နေသည်။

"ကိုယ်တိုင် နိုင်ငံခြားထွက်မဝယ်နိုင်တော့ နိုင်ငံခြားကို တစ်လတစ်ခေါက် ဈေးထွက်ဝယ်နေတဲ့ ဝိုင်းဝိုင်းကိုပဲဖြစ်ဖြစ်၊ တစ်ခါတလေလည်း ဝိုင်းဝိုင်းတို့ အမျိုးတွေထဲကဖြစ်ဖြစ် သွားရင် မှာရတာပေါ့။ အိမ်မှာ Internet လည်း မရှိတော့ Internet Cafeဆိုင်လေးကိုသွား Internetကြည့်ပြီး လိုချင်တဲ့ ဒီဇိုင်းလေးတွေ ရှာရတာပေါ့၊ တွေ့ရင် ကူးလာရတာပေါ့။





အဲဒီ ကူးလာတဲ့ ဒီဇိုင်းလေးတွေပြပြီး ဝိုင်းဝိုင်းတို့ကို အား ကိုးပြီး မှာရတာပေါ့"

"မွန်မြတ် ဒီအရုပ်လေး ဝယ်သွားမယ်"

မွန်မြတ်မေက ကောင်လေးနဲ့ ကောင်မလေး တစ် ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်ကြည့် သူတို့လက်တွေ အကုန်လုံး အသီးသီး ဆုပ်ကိုင်ကြည့်ရှုနေကြသော ဖန်သား အပြာရောင်လွှမ်းသည့် အရုပ်လေးကို ယူလိုက်သည်။

"မဝယ်လည်း ရတယ်နော်၊ အားနာပြီးတော့ ဝယ်တာတော့ မလုပ်ပါနဲ့"

သောတကလည်း မွန်မြတ်မေကို မုန်းလည်းမမုန်း၊ ခင်လည်းမခင်တာမို့ ခပ်ရှင်းရှင်းပဲ ပြောလိုက်ပါသည်။ မွန်မြတ်မေ ရယ်မောလိုက်ရင်း ...

"အားနာပြီးဝယ်တာ မဟုတ်ပါဘူး။ သဘောကျလို့ ဝယ် သွားတာပါ"

"ဒါ့ဆို သေသေချာချာ သတင်းစာစက္ကူနဲ့ ပတ်ပြီး ထုတ် ပေးလိုက်မယ်နော်၊ ဖန်လေးတွေက လုပေမဲ့ အထိမခံဘူး။ ကွဲလွယ်တယ်"

သောတ စေတနာဖြင့် အသေအချာ ထုပ်ပိုးပေးနေ သည်ကို ကြည့်ရင်း မွန်မြတ်မေသည် သောတကို အမှန်အတိုင်း ပြော ပြလိုက်ဖို့ စိတ်ကူးရသွားပါသည်။ သူမ လေ့လာကြည့်ရသလောက် ကတော့ သောတဟာ စိတ်သဘောမဆိုးလှတဲ့ မိန်းကလေးပါ။



www.burmeseclassic.com

www.burmeseclassic.com



အစကတော့ ရဲရဲ့ စိတ်တွေဟာ သောတဆီမှာ စိတ်မကုန်သေးဘူး။ သောတကို ပြန်ဆုံစဉ်မှာ ရဲဟာ တွေဝေလာပြီဆိုပြီး မဆီမဆိုင် သောတကို စိတ်ဆိုးခဲ့မိပေမဲ့ ကိုယ်တိုင်လာတွေ့ဆုံလေ့လာကြည့်ပြန်တော့ သောတဟာ သူမဘာသာ တိတ်ဆိတ်အေးချမ်းစွာ နေနေခဲ့သူအဖြစ် အကဲခတ်၍ ရသွားပါသည်။

"ရော့ ဒီမှာ ခုနစ်ထောင့်ငါးရာနော်၊ အတိပဲ"

မွန်မြတ်မေသည် ဖန်ရုပ်ဖိုးပိုက်ဆံ အတိအကျကို ထုတ်ပေး၍ ငွေရှင်းလိုက်ပါသည်။

"ကျေးဇူးတင်ပါတယ်"

သောတ ပိုက်ဆံယူရင်း ပြန်ပြောလိုက်သည်။

"သောတကို ရဲက ဘာများပြောသွားလဲဟင်"

သောတသည် အရုပ်ဝယ်ပြီးလည်း ပြီးပဲမပြီးနိုင်တော့သော မေးမြန်းမှုကို စိတ်ရှုပ်လာကာ မွန်မြတ်မေကို ခပ်တည်တည် ပြန်ကြည့်လိုက်တော့သည်။

"ဆောရီး ... ဆောရီး ... မွန်မြတ် သောတကို တမင် စိတ်အနှောင့်အယှက်လာပေးတာ မဟုတ်ပါဘူး။ ရဲက မွန်မြတ်နဲ့ စေ့စပ်ပွဲလုပ်ဖို့ကို သိပ်စိတ်မပါတော့ဘဲ တွေဝေနေမှန်းသိလို့ မွန်မြတ်တို့ စေ့စပ်ပွဲလုပ်မဲ့ကိစ္စကို ခဏဆိုင်းထားလိုက်လို့ပါ။ ရဲကတော့ ဘာမှ မပြောပါဘူး။ သူက မွန်မြတ် လုပ်ရင်လည်းလုပ်လို့ပြောပေမဲ့ ရဲရဲ့ ပုံစံကြည့်ရတာ တွေဝေနေသလားလို့လေ။ ဒါနဲ့ မွန်မြတ်လည်း





လူသိရှင်ကြား လုပ်ကြရမဲ့ပွဲကို နည်းနည်းလန့်သွားလို့ ဟိုတယ်မှာ စရန်သွားပေးမှာကိုတောင် မပေးဘဲနေနေသေးတယ်လေ။ သူ သောတကိုလည်း တော်တော်ချစ်ခဲ့မယ်လို့ မွန်မြတ်ထင်ပါတယ်၊ ဒါကြောင့် သူအခုကျ တွေဝေနေတာ"

သောတ ကိုယ်တိုင်ကလည်း ရဲ၀့်ဆီမှ ...

"ငါ သောတကိုပဲ ရွေးတော့မယ်"

ဟူ၍ ပြောသံကြားစဉ်က ပြတ်ပြတ်သားသားလိုချင်ခဲ့သဖြင့် မွန်မြတ်မေကို သွားပြောခဲ့ပါလို့ပင် မှာလိုက်ဖူးပါသည်။ ရဲ၀့် မွန်မြတ်မေ ရှေ့ရောက်ရင် ပြောဖြစ်မှာ မဟုတ်ဘူးဆိုတာလည်း အလိုလိုပင် ကြိုသိသလို ဖြစ်ခဲ့သေးသည်။ ဒါကြောင့် သူ ကိုယ့်ဆီ အပြေးပြန်လာမဲ့နေ့ကို စောင့်မျှော်မနေခဲ့တော့ပါ။

ကိုယ့်ဆီ ရောက်လာခဲ့သည်ဖြစ်စေ၊ မရောက်လာတော့သည်ဖြစ်စေ သောတ ဖြေသိမ့်နေတတ်လေပြီ။ အခုကျ တကယ်ရောက်လာသူမှာ မွန်မြတ်မေ ဖြစ်နေခဲ့ပြန်သည်။ သောတသည် ရဲ၀့်ကို တွေဝေလွန်းသူရယ်လို့ အပြစ်မမြင်ခဲ့ပါ။ သောတနဲ့ ချစ်ခဲ့ကြတာက ဟိုး လွန်ခဲ့တဲ့အတိတ်ကာလက ကြာပြီ ကြာလှပြီလေ။ မွန်မြတ်မေကို တွေ့ပြီး ချစ်တယ်ဆိုတာက အခုချိန်မှာဖြစ်တဲ့အချစ်နဲ့။ ဒါကြောင့် ဒီနှစ်ယောက်ကို ယှဉ်ရွေးရတဲ့အခါ သူ့မှာ အရွေးခက်နေစေပြီ။ သောတကို တွေ့ရင် သောတကို မထားရစ်ခဲ့နိုင်ပြန်။ မွန်မြတ်မေကို တွေ့ရင်လည်း ဒီအတိုင်းပဲ စွန့်ခွာသွားရမှာမျိုး မလုပ်နိုင်ပြန်နဲ့။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ သောတနဲ့ ပြန်မဆုံခဲ့ရင် ရဲဝံ့ရဲ့ ဆုံးဖြတ်ချက်တစ်ခုတည်းပဲ ရှိမှာပါလို့ မွန်မြတ်မေ တွေးမိနေမှာပဲ"

"တမင်လုပ်ယူတာမှ မဟုတ်ဘဲ၊ မတော်တဆ တွေ့ခဲ့ကြတာ မဟုတ်လား"

သောတ ခေါင်းညိတ်ပြစရာမလိုပါ။ မွန်မြတ်မေက အားလုံးကို သိပြီးနေပုံပင်။

သောတကပဲ ...

"တကယ်တော့ မွန်မြတ်မေဘက်က အားလုံးသေချာနေပြီပဲ။ စေ့စပ်ပွဲကို လုပ်ချင်ရင်လုပ်ပါ၊ ရဲဝံ့က ခွင့်ပြုထားပြီပဲ။ လုပ်လိုက်ပေါ့။ မကြာခင် လက်ထပ်ပြီး သူ့ကို ကိုယ်ပဲပိုင်ဆိုင်ခွင့်ရအောင် လုပ်ထားလိုက်ပေါ့၊ ဘာကြောင့်ကြောက်နေစရာရှိလဲ"

မွန်မြတ်မေက ခေါင်းခါရင်း ...

"ဟင့်အင်း ... မွန်မြတ်က အဲဒါမျိုး မဖြစ်ချင်ဘူး၊ ကိုယ့်ယောကျ်ား ကိုယ့်ချစ်သူဟာ ကိုယ့်ကို ချစ်နေတာပဲလို့ချင်တယ်။ ကိုယ်နဲ့ ပေါင်းရလို့ သူ သိပ်ပျော်နေတာပဲ မြင်ချင်တယ်။ ကိုယ့်လက်ကို တွဲထားပြီး တခြားမိန်းမတစ်ယောက်ကို လွမ်းနေမယ်၊ တခြားမိန်းမတစ်ယောက်ကို ပိုချစ်နေမယ်ဆိုရင် လူနှစ်ယောက်ပေါင်းနေကြတာဟာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ"





သောတသည် မွန်မြတ်၏ စကားကို နားထောင်ရင်း ဒီမိန်းကလေးရဲ့ စိတ်ဓာတ်ကို သဘောကျသွားပါသည်။ အစကတော့ ကိုယ့်ကို မထ္တာပ်တိုင်တက်ပြချင်၍ လာခဲ့သည်ထင်ပေမဲ့ တကယ်တော့ သူကလည်း ရင်ဖွင့်စရာတွေ ရှိနေ၍ ရောက်လာခဲ့ခြင်း ဖြစ်နေသည်တဲ့။

"မွန်မြတ် ကိုယ့်ကိုယ်ကိုယ် ကြွားပြောတာတော့ မဟုတ်ပါဘူး။ မွန်မြတ်သာ အချစ်ကို အဓိကမထားဘဲ ရွေးမယ်ဆိုရင် သူ့ထက်သာတာကို ရွေးလို့ရပါတယ်၊ သူ့ထက် ရုပ်ရည်ချော ချမ်းသာကြွယ်ဝတာရော ရွေးရင် ရွေးစရာတွေ အများကြီးပါ။ ဒါပေမဲ့ သူ့ကိုကျမှ တကယ်ပဲ ချစ်တာမို့ လက်ခံခဲ့တာပါ။ သူ့မှာ ရည်းစားတွေ အများကြီး ရှိခဲ့တယ်ဆိုလည်း ခွင့်လွှတ်ခဲ့တာပဲ။ မွန်မြတ် ဖေဖေက သူ့ကို သိပ်သဘောမကျတော့ အပြစ်တွေ ဘာတွေပြောရင်လည်း သူ့ဘက်က ကာကွယ်ပြီး မွန်မြတ် ရပ်တည်ပေးခဲ့တာပဲ၊ အဲဒါတွေဟာ သူ့ကို တကယ်ချစ်လို့ပါ။ ဒီတော့ သူကလည်း ကိုယ့်ကိုပဲ ချစ်တာလိုချင်တယ်။ ကိုယ် တစ်ယောက်တည်းကို ချစ်နေတာပဲ လိုချင်တယ်"

သောတသည် သူတစ်ပါးအပေါ် နားမလည်နိုင်သော မိန်းကလေးသာ ဖြစ်ခဲ့မည်ဆိုလျှင် "အဲဒါ ငါနဲ့ ဘာဆိုင်လို့လဲ။ ငါ ဘာလုပ်ပေးရမှာလဲ။ ငါ့ကို လာချစ်မနေနဲ့လို့ တားလို့ရမှာလား။ ငါက သေပေးရမှာလား" တွေ ဘုဆောက်ပြောပစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရန်တွေ့ပစ်လိုက်ပြီးနေပြီ။ အခုတော့ သောတဟာ တစ်ဖက်မိန်းကလေးရဲ့ ခံစားချက်ကို ကိုယ်ချင်းစာသောအခါ သူမ လာပြောပြသမျှ အနှောင့်အယှက်မပေးဘဲ နားထောင်ပေးနိုင်ခဲ့ပါသည်။

"သောတကြည်သာဆိုရင် ဘာလုပ်မလဲဟင်"

သောတ မျက်ခုံးတွေပင့်တက်သွားပါသည်။ ဒီမိန်းကလေးက တကယ်မလွယ်ဘူးပဲ။ သူ့ခံစားချက်တင်မက သူများခံစားချက်ကိုပါ လိုက်စပ်စုတတ်သူပဲ။

"ရဲဝံ့က သောတကိုမှ မရွေးတော့တာလေ။ သူ တွေ့ဝေနေပေမဲ့ သူ ဦးစားပေးနေတဲ့သူဟာ မွန်မြတ်မေပါ။ ဒီတော့ သောတက ကြိုတင်စိတ်ကူးယဉ်ပြီး မျှော်လင့်မထားတော့ဘူး။ မျှော်လင့်ခဲ့ပြီးမှ မရခဲ့ရင် သိပ်ကြေကွဲဝမ်းနည်းရတဲ့ဒဏ်ကို နောက်တစ်ခါ မခံစားနိုင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ သောတ သူ့ကို ခြောက်နှစ်လုံးလုံး တစ်နေ့ ပြန်ဆုံရမှာပဲ လို့ မျှော်လင့်နေခဲ့ဖူးတယ်။ တကယ်လည်း ပြန်ဆုံခဲ့ပါတယ်လေ။ ဒါပေမဲ့ သူ့နှလုံးသားမှာ ကိုယ်တစ်ယောက်တည်း နေရာပေးထားတာ မဟုတ်တော့ဘူးလို့ သိလိုက်ရတဲ့အချိန်မှာ ကြေကွဲရတဲ့ ခံစားချက်ကို ဘယ်တော့မှ မမေ့ဘူး၊ သောတ ဒါကို နောက်တစ်ခါ ပြန်ခံစားရမှာ သိပ်ကြောက်သွားပြီ"

မွန်မြတ်မေသည် သောတ ရင်ထဲမှာ ရှိနေ၊ ကိန်းအောင်းမျိုသိပ်နေသော ကြေကွဲမှုကို ကြားလိုက်ရသောအခါ ကရု





ဏာသက်သွားပါသည်။ ကိုယ်ချင်းလည်း စာပါသည်။ မွန်မြတ်တောင်မှ ရဲရဲ့ အချစ်ကို ကိုယ်တစ်ယောက်တည်းပဲ ခံယူချင်ခဲ့တာလေ။

ထိုအချိန်မှာပဲ ဆိုင်ထဲကို ဝယ်ဖို့ဝင်လာသည့် ကောင်လေး ကောင်မလေး စုံတွဲတစ်တွဲကြောင့် သောတတို့ စကားဝိုင်း ရပ်သွားပါသည်။

ကောင်မလေးကတော့ သောတနဲ့ ခင်မင်နေသူမို့ ပြုံးပြုံးရယ်ရယ်ပင် သောတဆီ တန်းလာရင်း ...

"မသောတရေ ... သူကလေ အပြောကြီးပြီးလာတာသိလား။ မသောတဆီကဝန်းတွေ တစ်ခိုင်ချင်း သူ့စိတ်ကူးနဲ့သူ ဝယ်မယ်တဲ့။ မသောတ ရောင်းတဲ့ ပန်းခြင်းလုပ်တဲ့ ကြိမ်ခြင်း လှလှလေးတစ်လုံးရယ်၊ ကတ်ဒ်ရယ်။ ကြိမ်ခြင်းကို အလှဆင်မဲ့ ဖဲကြိုးတွေရယ် သတ်သတ်စီ ဝယ်မယ်တဲ့၊ ပြီးမှ ပန်းခြင်းလှလှလေးနဲ့ နို့နို့ကို မွေးနေ့လက်ဆောင်လုပ်ပေးမယ်တဲ့ သိလား။ အဲဒါ မသောတဆီက ဘာပန်းဝယ်ရမလဲ အကြံကပ်တောင်းရင် မပေးနဲ့နော် ဟင်း ဟင်း ... အပြောကြီးတဲ့သူ စောင့်ကြည့်ရဦးမယ်"

"မသောတက ချစ်သူတွေကို လက်ဆောင်ပေးဖို့ပန်းခြင်းလေးတွေ ပန်းစည်းလေးတွေ စီမံပေးတဲ့နေရာမှာ ဆရာမကြီးလေ။ မသောတကို မမီပေမဲ့ ကျွန်တော်လည်း ကိုယ့်ချစ်သူအတွက်တော့ ရအောင်လုပ်ပြချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့၊ ကောင်းတာပေါ့။ နီနီ ပန်းခြင်းလေး ရလာရင် သောတကို လာပြဖို့ မမေ့နဲ့နော်။ သောတလည်း ဇော်ထိပ်လက်ရာ ကြည့်ချင်တယ်"

ကောင်လေး၊ ကောင်မလေးစုံတွဲတို့က လက်ချင်းကျစ်နေအောင် ချိတ်လျက် ပန်းခြင်းတောင်းလုပ်ရန် ကြိမ်ခြင်းအလွတ်များထားရာဆီ သွားရွေးနေပါသည်။ သောတသည် ကိုယ့်ဆိုင်မှာ အဓိကက ဒီလိုစုံတွဲလေးတွေ အတွက် ရည်ရွယ်ပြီး Romanticဆန်ဆန် ပစ္စည်းတွေပဲ ရောင်းတာမို့ ဒီလိုအချစ်ပြိုင်ပြကြသော စုံတွဲတွေကို မကြာခဏ မြင်နေကြပါပင်။ တချို့ကျ ခါးချင်းဖက်လို့၊ တချို့ကျ ကောင်မလေးရဲ့ ပခုံးကို ကောင်လေးက ဖက်လို့၊ တချို့ကျ ကောင်မလေးကပဲ ကောင်လေးရဲ့ လက်မောင်းကို အားကိုးတကြီးကိုင်လို့၊ တချို့ကျ အခုတွေ့ရသလို လက်ဖဝါးနှစ်ခုက လက်ချောင်းချင်း ချိတ်လိမ်ကျစ်ပြီး တစ်ယောက်လက်ဖဝါးထဲ နောက်တစ်ယောက်ရဲ့ လက်က မြုပ်ဝင်သွားတော့မလို ပုံစံတွဲချိတ်လို့ ဝင်လာကြတာတွေ မြင်ဖူးပါသည်။

အဲဒီလို လက်ဖဝါးချင်း ချိတ်လိမ်ကျစ်ထားတဲ့ပုံစံဟာ ရဲဝံ့နဲ့ သောတတို့ရဲ့ မူပိုင်ပုံစံလေးလိုပဲမို့ အဲဒီပုံစံလေး မြင်ရရင် ရဲဝံ့ကို သိပ်သတိရခဲ့တာပါ။ သိပ်လွမ်းခဲ့ရတာပါ။ အခုလည်း ရဲဝံ့ကို သတိရသွားတဲ့အခါ သောတ ရင်ထဲမှာ လက်ရှိအဖြစ်အပျက်ကို တွေးမိပြီး ကြေကွဲနေရတော့သည်။

ရဲဝံ့ ဘယ်လိုများ ဆုံးဖြတ်မလဲကွယ်။





"သောတကြည် ... မွန်မြတ် သွားလိုက်ပါဦးမယ်၊ စကားပြောရတာရော တွေ့ရတာရော ဝမ်းသာပါတယ်"

မွန်မြတ်မေ ထံမှ အသံထွက်လာသည်။ သောတ အသာအယာပင် ခေါင်းညိတ်ပြလိုက်သည်။ မွန်မြတ်မေ ဆိုင်တံခါးကို တွန်းဖွင့်ပြီး ထွက်သွားသောအခါမှ သောတ အတွေးတွေနဲ့ ကျန်ရစ်ရပြန်သည်။

ရဲဝံ့ မွန်မြတ်ကို ဘာကြောင့် ချစ်ရသလဲ။ ဘာကြောင့် လက်ထပ်ဖို့ထိတောင် ဆုံးဖြတ်နိုင်ခဲ့ရသလဲ။ ဘယ်လောက် ချစ်ထားခဲ့လို့လဲ။

ငါ့ကိုရော နင် ဘယ်လောက်ထိ ချစ်ခဲ့လဲ ရဲဝံ့ရယ်။ စိတ်ကစားပြီး ချစ်တဲ့အချစ်မို့ မခိုင်မြဲခဲ့တာလား။ မေ့လွယ်ခဲ့တာလား။

သောတသည် အတွေးတွေကို ခပ်မြန်မြန်ပင် အဆုံးသတ်လိုက်ကာ သူမနား လာရပ်ကြသော ဇော်ထိပ်နဲ့ နီနီတို့စုံတွဲလေးကို အကောင်းဆုံး အကြံတွေပေးဖို့ အပြုံးကို ပြင်ဆင်လိုက်ရပါသည်။ ရယ်တော့ ရယ်စရာကောင်းသား။ ချစ်သူတွေအတွက် အကြံပေးနေတဲ့ မိန်းကလေးဟာ သူကိုယ်တိုင်ကတော့ ချစ်သူနဲ့ လွဲနေရသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၆

ဝိုင်းဝိုင်းသည် သူမဆိုင်ထဲ ဝင်လာသော မွန်မြတ်မေကို မြင်ပါသည်။ သို့သော် ... လှမ်းမခေါ်ပါ။ ကိုယ့်ဘာသာ စာရင်းမှတ်စရာရှိတာ ဆက်ပြီးမှတ်နေခဲ့သည်။ ဝိုင်းဝိုင်း စိတ်ထဲမှာ မွန်မြတ်မေကို ဘယ်လိုမှ သဘောမကျပါ။ ခင်လည်း မခင်လိုပါ။ သောတလို ခွင့်လွှတ်ရေးသမားကြီး လုပ်ပြီးတော့လည်း ခွင့်မလွှတ်နိုင်ပါ။ ဝိုင်းဝိုင်း သောတ ဘက်က နာသည်။ တကယ်ဆို ရဲဝံ့ထန်နားမှာ မွန်မြတ်မေ မရှိဘူးဆိုရင် သောတဟာ သူချစ်တဲ့ ရဲဝံ့ထန်ကို ပြန်ပြီး လက်တွဲထားခွင့် ရမှာလေ။ အခုတော့ ဒီမိန်းကလေး ရှိနေလို့ သောတ ကြေကွဲနေရတာလို့ပဲ မြင်ပစ်လိုက်သည်။

ပြီးတော့ ဝိုင်းဝိုင်းရဲ့ လျှို့ဝှက်ချက်ကို ပြောရရင်ပေါ့။ ဝိုင်းဝိုင်းလည်း လွန်ခဲ့တဲ့ ခြောက်နှစ်ကျော်တုန်းက ရဲဝံ့ထန်ကို တိတ်တခိုး စိတ်ဝင်စား မျှော်လင့်ခဲ့ဖူးတာမျိုး ရှိခဲ့သည်။





ရဲဝံ့ထန် စာလေးတွေ ရေးရေးပြီး ဝိုင်းဝိုင်းတို့ သုံးယောက်ကို ဝေဖန်စဉ်တုန်းက ဝိုင်းဝိုင်း စိတ်ကူးကြိုယဉ်ခဲ့တာဟာ ရဲဝံ့ထန်သည် ဝိုင်းဝိုင်းကို သဘောကျ၍ လာဖာတ်လမ်းစသည် ဟူ၍ပင်။

ဘာကြောင့်လဲ ဆိုတော့ ဝိုင်းဝိုင်းက အားလုံးထဲမှာ ပိုလည်းလှကာ ပိုက်ဆံလည်း ပိုချမ်းသာသဖြင့် အဝတ်အစား အသုံးအဆောင်တို့ကလည်း ပိုကောင်းမွန်နေသဖြင့် အဲဒီအချိန်တုန်းကတော့ ယောက်ျားလေး ဆယ်ယောက်မှာ ခုနစ်ယောက်လောက်က သူမကို သဘောကျပြီး ချဉ်းကပ်သူတွေသာ ဖြစ်ခဲ့ဖူးသည်။ ကျန်တဲ့သုံးယောက်မှာ နှစ်ယောက်ကတော့ သောတကို ...။ ကျန်တစ်ယောက်ကတော့ ကေအိကို ဆိုပြီး သဘောကျသူ အချိုးချကြည့်နိုင်တဲ့ အခြေအနေမျိုးမို့ ဝိုင်းဝိုင်းသည် ရဲဝံ့ထန် ကိုယ့်ကိုများ လာကြိုက်သလားဆိုပြီး ရင်ခုန်ခဲ့ဖူးသည်။ မျှော်လင့်ခဲ့ဖူးသည်။ ရဲဝံ့ထန်၏ သိပ်လည်းမချော၊ သိပ်လည်းအခန့်ကြီးမဟုတ်သော ယောက်ျားပီသစွာ ကြည့်ကောင်းသည့် ရုပ်ရည်ကို ကျိတ်အမှတ်ပေး သဘောကျခဲ့ဖူးပါသည်။

သို့သော် ရဲဝံ့ထန်ဟာ ဝိုင်းဝိုင်းကို ကျော်ပြီး သောတကို ရွေးခဲ့ကြောင်း သိလိုက်ရတုန်းက ဝိုင်းဝိုင်းသည် အရှက်ကြီးရှက်၊ ဝမ်းအနည်းကြီးနည်းလျက် တစ်ယောက်တည်း မသိမသာ အသည်းကွဲခဲ့ဖူးလေသည်။ ရဲဝံ့ထန်ကိုလည်း တော်တော်ကြီးမုန်းခဲ့ဖူးလေသည်။ သောတကိုလည်းမဲပြီး ရန်လုပ်မိဖူးတာတွေ၊ ရဲဝံ့ထန်ကို ပြန်မကြိုက်ဖို့ အကြံပေးဖူးတာတွေလည်း ရှိခဲ့ဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သေသေချာချာ ပြန်တွေးကြည့်ပြီးတော့...

"ယောကျာ်းလေး တစ်ယောက်ဟာ ကိုယ့်ကိုကြိုက်သလား၊ မကြိုက်သလား မသိဘဲနဲ့ တိတ်တခိုး မျှော်လင့်တာဟာ အတော်ရူးက်ဖို့ ကောင်းတယ်။ ပြီးတော့ သူက ကိုယ့်ကို ကြိုက်မလာတာဟာ ဘယ်သူ့အမှားမှ မရှိဘူး။ သူ့စိတ်နဲ့ သူ သောတကိုပဲ ကြိုက်တာကို ငါ မနာလို မဖြစ်သင့်ဘူး။ မမုန်းသင့်ဘူး။ အမြင်ကြည်သင့်တယ်။ သူငယ်ချင်း တစ်ယောက်လို လက်ခံသင့်တယ်"

ကိုယ့်လိပ်ပြာကိုယ် ရှက်တတ်လာခဲ့သဖြင့် နောက်ပိုင်းမှာ ရဲဝံ့ထန်ကို ရိုးရိုးသားသား လက်ခံနိုင်ခဲ့လေသည်။ ဆယ်ကျော်သက် အရွယ်မှာ စိတ်ကစားပြီး ဒီကောင်လေးကိုပဲ ကြိုက်သလိုလို ဟိုကောင်လေးကိုပဲ သဘောကျသလိုလို ဖြစ်ခဲ့တာမို့ အသည်းကွဲတာ၊ စိတ်နာတာတွေလည်း ကြာတော့ ပျောက်သွားခဲ့သည်။ မေ့သွားနိုင်ခဲ့ဖူးသည်။

သောတနဲ့ ရဲဝံ့တို့ သတင်းတွေ ကြားရပြီး ရဲဝံ့ဘက်က အစ်ကိုတွေ ဝင်ခြယ်လှယ်လို့ သူတို့ကွဲရတော့ ဝိုင်းဝိုင်းဟာ ရဲဝံ့ထန်ကိုရော သူ့အစ်ကိုတွေရောကို သောတ ဘက်က နာပြီး မုန်းခဲ့ရသေးသည်။

"ခင်ဝိုင်းဝိုင်း ဆိုင်က စုံတယ်နော်၊ တစ်ဆိုင်တည်း ဝင်လိုက်တာနဲ့ ဝတ်စုံရော၊ လက်ကိုင်အိတ်ရော၊ ဖိနပ်ရော၊ ဝမ်းဆက်ဖြစ်အောင် တစ်ခါတည်း ဝယ်သွားနိုင်တယ်၊





ပစ္စည်းလေးတွေက, သိပ်ကောင်းတာပဲ၊ ဈေးလည်းကြီးတယ်"

မွန်မြတ်မေသည် အင်္ကျီနဲ့ တစ်ဆက်တည်း ဒူးထိရှည်ဂါဝန်တစ်ထည်၊ ထိုဂါဝန်နဲ့လိုက်သော ဒူးအောက်နားထိရောက်သည့် ဘွတ်အရှည်နှင့် လက်ကိုင်အိတ် လှလှလေးတို့ကို ရွေးလာပြီးဖြစ်သဖြင့် ဝိုင်းဝိုင်း ဆီမှာ ငွေလာချေရင်း ရယ်မောပြောပါသည်။

"ဈေးကြီးပေမဲ့ ပစ္စည်းက အကောင်းစားတွေလေ၊ မွန်မြတ်မေတို့က သုံးနေကျပဲ သိပါတယ်၊ ကြော်ငြာမနေတော့ပါဘူး။ ဒီဂါဝန်ဆို Vera Wang (ဗီရာဝမ်း)လက်ရာကို အတုခိုးပြီးထုတ်တဲ့ ဒီဇိုင်းလေ၊ စင်ကာပူကနေ တိုက်ရိုက်လာတာ။ ဖိနပ်က Shoe Biz (ရှူးဘစ်(ဇ))တံဆိပ်အစစ် ဩစတြေးလျက လာတာ၊ Aussie Dollar နဲ့ဆို 89.95 ပေါ့၊ ဒီကငွေနဲ့ ပြန်တွက်တော့ ဈေးကြီးသွားတယ်၊ အိတ်ကလည်း ပခုံးလွယ်အိတ် အကြီးတွေ အခု ပြန်ခေတ်စားလို့ ခုတလောမှ ထပ်ဝယ်တင်လိုက်တဲ့ ဒီဇိုင်းသစ် Fossil (ဖော့(စ)ဆေးလ်)လေ၊ မော်ဒယ်လ် Kate Moss (ကိတ်မော့(စ))နဲ့ ကြော်ငြာပြတယ်၊ ဒီမှာ ကတ်တလောက်"

ခင်ဝိုင်းဝိုင်းက ကတ်တလောက်ကို ထိုးပြရင်း မွန်မြတ်မေ ရှင်းနေသော ငွေအထပ်ကို ငွေရေစက်ဖြင့် ရေနေပါသည်။ အင်္ကျီ၊ ဖိနပ်၊ အိတ် သုံးမျိုးပေါင်းက သိန်းဆယ်ဂဏန်းရဲ့တစ်ဝက်လောက် ပေးလိုက်ရပေမဲ့ မွန်မြတ်မေ ပုံစံက စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



တွက်ချက်နေပုံ မရပါ။ ခင်ဝိုင်းဝိုင်းတို့လည်း မွန်မြတ်မေတို့လိုပဲ သိပ်ပြီး ချမ်းသာကြွယ်ဝနေကြသော အသိုင်းအဝိုင်းတွေမို့ ကိုယ့်ဆိုင်မှာ လာဝယ်နိုင်ပြီ ဆိုကတည်းက ပိုက်ဆံကို သုံးနိုင်လို့သာ ဝယ်တယ်ဆိုတာ သိထားပြီး ဖြစ်လေရာ မွန်မြတ်မေ ဝယ်နိုင်တာကိုလည်း ခင်ဝိုင်းဝိုင်းတ ;တအံ့တသြ ဖြစ်မနေပါ။

"ဒါတွေအကုန် ခင်ဝိုင်းဝိုင်း ကိုယ်တိုင်ပဲ အမြဲထွက်ဝယ်တာပဲလား"

"ကိုယ့်ဘာသာ ထွက်ဝယ်တာ များပါတယ်။ ကတ်တလောက်ကြည့်ပြီး သူများကို လူကြုံမှာရရင် တစ်ခါတလေ စိတ်တိုင်းမကျလို့"

"ဟိုတစ်ရက်က သောတကြည်ဆီလည်း ရောက်သေးတယ်၊ သူလည်း ပြောပြတယ်၊ သူ့ဆိုင်က fancy ရုပ်လေးတွေကိုတော့ ကတ်တလောက်ပြပြီး ဝိုင်းဝိုင်းတို့ စင်ကာပူကို ရှော့ပင်းသွားရင် မှာရတယ်တဲ့"

သောတဆီ သူကပဲ ရောက်သေးသတဲ့။ ဘာသွားဒုက္ခပေးတာလဲ။ သောတ သူ့ဘာသာ နေတာ။ သောတကို ဘာတွေသွားပြောသလဲ။ သောတက စိတ်တော့ ပျော့တယ်။ အလွယ်တကူ အရှုံးပေးလိုက်ရင် ဒုက္ခ။ အဲဒီအကြောင်း ရဲဝံ့ထန်ကိုပဲ အားမရတာပါ။ တကယ်ဆို သူ ပြတ်သားလိုက်ရင် ပြီးနေပြီ။

"သူတို့နှစ်ယောက် အကြောင်းကို ခင်ဝိုင်းဝိုင်းတို့ ကေသီကျော်တို့က အသိဆုံးပဲ ထင်တယ်"





"ရဲဝံ့ထန် ပြောမပြဘူးလား"

"သူ့ဘဝမှာ ရှိခဲ့ဖူးတဲ့ အခင်ဆုံး မိန်းကလေး သူငယ်ချင်းတွေတဲ့"

"မွန်မြတ်မေ တို့ဆီလာတာ ဘာသိချင်လို့လဲ"

ခင်ဝိုင်းဝိုင်းသည် တိုက်ရိုက်ပင် မေးလိုက်ပါသည်။ ဘယ်လိုမိန်းကလေးလဲ။ ကိုယ့်ပြဿနာ အဆင်မပြေတာနဲ့ ဟိုလူ့လိုက်မေး၊ ဒီလူ့လိုက်မေးနဲ့ ထင်တယ်။ သောတဆီ ဘာတွေသွားမေးပြီးပြီလဲ။ မေးလို့ မကျေနပ်နိုင်တာနဲ့ ငါ့ဆီ ရောက်လာပြီး မေးတာထင်တယ်။ ကဲ ... သိပ်သိချင်တာတွေ ရှိရင်လည်း ပြောရတာပေါ့လေ။ သူ့ဆီက ဘာသံများ ပြန်ကြားရမလဲဆိုတာ သိချင်ပါရဲ့။

"တကယ်တော့ မွန်မြတ် စိတ်ရှုပ်နေတာနဲ့ ရှော့ပင်းထွက်လာတာပါ။ ဒီပလာဇာရှေ့ရောက်တော့ ခင်ဝိုင်းဝိုင်း ဆိုင်ဖွင့်ထားတာ သတိရပြီး ဝင်လိုက်တာ။ ဈေးလည်းတကယ်ဝယ်ချင်လို့ ဝင်လာတာပါ၊ မွန်မြတ်က အဲဒီလိုပဲ၊ စိတ်ရှုပ်ရင် ဈေးလျှောက်ဝယ်တတ်တယ်၊ အခုလည်း ခင်ဝိုင်းဝိုင်း ဆိုင်ကို ဈေးဝင်ဝယ်ရင်းက သောတကြည် အကြောင်း ပြောမိတာပါ၊ တမင်ဝင်လာပြောတာတော့ မဟုတ်ပါဘူး"

ယုံပါတယ် ... ယုံပါတယ်။ ခင်ဝိုင်းဝိုင်း စိတ်ထဲမှာ ပြန်ပြောမိသည်။ မွန်မြတ်မေ မျက်နှာက လိမ်ရင်လည်း လိမ်မှန်း သိသာသလို အမှန်အတိုင်း ပြောရင်လည်း ပြောတဲ့ပုံမှန်း သိသ



www.burmeseclassic.com

www.burmeseclassic.com



တာမို့ မွန်မြတ်မေ တကယ်ပြောတာဟု ယုံပါသည်။ စိတ်ရှုပ်တို ရှော့ပင်းသာလုပ်ရရင် သူဝယ်ပုံမျိုးနဲ့တော့ မွဲဖို့ပဲ ရှိတယ်၊ သ ကြည့်ရတာ ခဏ ခဏတော့ စိတ်မရှုပ်ဖူးဘူး ထင်ပါရဲ့။ တ ဝယ်တွေများ ကုသိုလ်ကံ ကောင်းတော့လည်း ဘဝမှာ စိတ်ရှုပ်စ သိပ်မရှိဘူး ထင်ပါရဲ့လေ။

"လာလေ ... စကားအေးအေးဆေးဆေး ပြောကြရအောင် တို့ဆိုင်ဘေးမှာ Icy Pole ဆိုတဲ့ အအေးဆိုင် ရှိတယ် အအေးသောက်ရင်း စကားပြောကြတာပေါ့"

အရောင်မျိုးစုံရှိသော ဖျော်ရည်များ သူ့စက်နဲ့ တဖွားဖွား ကျနေသည့် အအေးထည့်သော cooler ကြီးတွေ အစီအရီ ထောင်ပြထားသော ဆိုင်မှာ လူငယ်အများစု ထိုင်နေ ကြသည်။ သစ်သီးတွေကို ခုချက်ချင်း အခွံနွှာ၊ ခြွေပြီး ချက်ချင်း shake လုပ်ကာ ဖျော်သော fresh juice တွေလည်း ရှိသလို၊ ရေခဲ အကြေတွေ ခပ်များများ ရောထားသည့် အချိုရည် အအေးတွေ လည်း ရှိပါသည်။

"sugar များတယ်ပဲ ပြောပြော တို့ကတော့ fresh juice လုပ်နေရင် စောင့်ရလို့ အဲဒီပုံးတွေထဲက အချိုရည်ပဲ သောက် ဖြစ်တာ များတယ်၊ အခုလည်း Bluberry တစ်ခွက်မှာ လိုက်မယ်၊ ပြီးရင် လျှာမှာနီပြီးကျန်ခဲ့တာကို စိတ်အညစ် ခံလိုက်ဦးမယ်၊ ကဲ ... မွန်မြတ်မေကရော"

"မွန်မြတ်က lemon သောက်မယ်"





သူမတို့နှစ်ဦးသား အချိုရည် တစ်ဖန်ခွက်စီဖြင့် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။ အံ့ဩစရာကောင်းတာက ထိုမျက်နှာချင်းဆိုင် ထိုင်နေကြသော မိန်းကလေး နှစ်ယောက် ပြောကြတဲ့ စကားတွေဟာ သူမတို့နဲ့ သိပ်ပြီးမဆိုင်လှသော သောတကြည်နဲ့ ရဲဝံ့ထန်တို့ စုံတွဲရဲ့ အချစ်ဇာတ်လမ်းလေးပဲ ဖြစ်နေလေသည်။ မွန်မြတ်မေနဲ့က နည်းနည်း ရဲဝံ့ထန်နဲ့ ပတ်သက်ပြီး ဆိုင်သလိုလို ရှိပေမဲ့ ခင်ဝိုင်းဝိုင်းနဲ့က ဘာမှမဆိုင်သလို ဖြစ်နေသည်။

"ရဲဝံ့က သောတကြည်ကို တော်တော်ချစ်ခဲ့လားဟင်"

အတန်ကြာမှ မွန်မြတ်မေက ထိုစကားဖြင့် စမေး ပါသည်။ အအေးကို ပိုက်တံဖြင့် စုပ်သောက်တာပင် တစ်ဝက်ကုန် ခါနီးမှ အသံတိတ်နေသော သူမတို့နှစ်ယောက်ကြားမှာ စကားသံ ကို စတင်တာလည်း ဖြစ်ပါသည်။

"ဘေးလူအမြင်နဲ့ကြည့်ရင် သူတို့ အရူးအမူး ချစ်ကြတယ် လို့ ထင်တယ်"

"ဟုတ်မှာပါ၊ ဒါကြောင့် အခု ပြန်တွေ့တဲ့အခါ ရဲက တော်တော့်ကို တွေဝေသွားတာ။ သောတကြည်ကို ပြန်မ တွေ့ခင်ကဆို ရဲဟာ မွန်မြတ်နဲ့ စေ့စပ် လက်ထပ်ဖို့ကို သိပ်စိတ်ပါခဲ့တာ၊ တက်ကြွခဲ့တာလေ၊ အခုတော့ သွေး အေးနေတယ်၊ တွေဝေနေတယ်"

"ဒါ သူ့ဘက်က အပိုင်းပဲ၊ သောတမှာ ဘာမှအပြစ်မရှိ ဘူး။ သောတက အနေမှန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းအတွက် မခံနိုင်ဘဲ ရန်လိုသလိုပြောသော ခင်ဝိုင်းဝိုင်းကြောင့် မွန်မြတ် ပြုံးသွားပါသည်။

"ဟုတ်ပါတယ်၊ မွန်မြတ်ကလည်း သောတကြည့်ကို အပြစ် မတင်ပါဘူး။ ရဲဘက်က တွေ့ဝေတယ်ပဲ ပြောတာပါ"

"ဟွေ့ဝေမှာပေ့ါ၊ သောတ သူ့ဘာသာ နေနေတာကို သူပဲ စပြီး လာကြိုက်ခဲ့တာလေ။ သူနဲ့မတွေ့ခင်ကဆို သောတ ဟာ တို့နဲ့ စိတ်တူကိုယ်တူ ဘာလုပ်လုပ် အတူတူလုပ် တယ်။ ရည်းစားမထားကြေးနော် ဆိုလည်း သဘောတူ လိုက်တာပဲ၊ စာအတူတူကျက်မယ်ဆိုလည်း မပျက်မကွက် ပါလိုက်တာပဲ။ နောက် အဲဒီကောင် ရဲဝံ့ထန် စ,လာမှ သောတလည်း သူ့ကို ပြန်စိတ်ဝင်စားရာကနေ ရည်းစား ထားဖြစ်တဲ့ အဆင့်တောင် ရောက်သွားတယ်၊ သူငယ်ချင်း တွေနဲ့ တည်ထားတဲ့ ကတိကို ဖျက်လို့ရသွားတယ်၊ စာ အတူတူကျက်မဲ့ ရက်တွေကို ပျက်ကွက်လာတယ်၊ အင်္ဂလိပ် စာ မတော်တဲ့ ရဲဝံ့ကို ကူကျက်ပေးရမယ်၊ ပြန်သင်ပေးရမယ် နဲ့ သူ့ခေါင်းထဲမှာ ရဲဝံ့ပဲ နေရာပေးထားခဲ့တယ်၊ အဲဒီ လောက်ထိ ပြောင်းလဲခဲ့ရတာလေ"

မွန်မြတ်မေသည် ခင်ဝိုင်းဝိုင်း ပြန်ပြောပြသော ဆယ်တန်းကျောင်းသား ကျောင်းသူ စုံတွဲပုံလေးကို ပုံဖော်၍ စိတ်ကူးကြည့်မိပါသည်။





"သူတို့လောက် တစ်ယောက်နဲ့ တစ်ယောက် မျက်စိအောက် က အပျောက်မခံနိုင်အောင် ချစ်ကြတာ မရှိဘူး။ နှစ်ယောက် အတူတွဲ ထိုင်နေရင်တောင် အသားချင်း ထိနေအောင် လက်ဖဝါးချင်းကို လိမ်ကျစ်ပြီး ဆုပ်ကိုင်ထားကြတာလေ။ ဘေးက မြင်ရတဲ့သူက သူတို့အစား လက်ဖဝါးတောင် ချွေးပြန်တယ်။ သူတို့ကတော့ မပူတဲ့အတိုင်း၊ ချွေးမပြန် တဲ့ အတိုင်းပဲ၊ ပြီးတော့ တို့တွေ သေသေချာချာမှာထား တယ်၊ သတိလည်း ပေးထားတယ်၊ ဆယ်တန်းမဖြေရသေး ခင် သိုသိုသိပ်သိပ် တွဲကြ၊ သိပ်လမ်းမသလားနဲ့ လူမြင် သူမြင် သိပ်လျှောက်မသွားနဲ့ မှာထားတာကိုလည်း သောတ က ရဲဝံ့ထန် အားကိုးနဲ့ နားမဝင်ဘူး။ တစ်ပတ်ရဲ့နောက် ဆုံးကျောင်းတက်ရက် သောကြာနေ့ဆို နေ့လယ်ကျောင်း ဆင်းပြီးတာနဲ့ သူ့မှာ ရဲဝံ့ထန် လာအခေါ်ကို မျှော်ရပါပြီ။ နှစ်ယောက် ခိုးပြီးလျှောက်လည်ကြမှာလေ၊ တို့နဲ့ ကေသီ က သောတ အစား သူ့အမေကို ဝိုင်းညာပေးရတော့တာ ပေါ့။ စာတွေ နားမလည်လို့ ဆရာမအိမ်လိုက်စာမေးတယ် ပေါ့။ ရဲဝံ့ထန်ကတော့ သူ့အစ်ကိုတွေ ဘယ်လိုလိမ်လဲမသိ ဘူး။ သူလည်း အစ်ကိုတွေ ကြောက်ရတယ်သာ ပြောတာ အဲဒီတုန်းကလည်း အတင့်ရဲတာပဲ။ သိုသိုသိပ်သိပ် မနေ ဘူး။ သူပဲ သောတကို လျှောက်သွားဖို့ စ,ခေါ်တာပဲ လေ"



www.burmeseclassic.com

www.burmeseclassic.com



မွန်မြတ်မေသည် ခင်ဝိုင်းဝိုင်း စကားထဲမှာ သူ့အစ်ကိုတွေကို ဟူသော အသံကြောင့် သတိရသွားပါသည်။ ကိုသီဟထန်တို့၊ ကျော်စွာထန်တို့က သောတကြည်ကို သိဖူးနေခဲ့မှာပဲ။

“ကိုသီဟထန်တို့က သောတကြည်ကို သိလား”

မွန်မြတ်မေ ဖြတ်မေးလိုက်မိသည်။

“ကိုသီဟထန်ကတော့ ပြောရင် ခပ်ရေးရေးပဲ မှတ်မိတော့မှာပေါ့။ ဘာလို့ ဆိုတော့ သူနဲ့ အခု ပြန်မှမဆုံတာ။ ကိုကျော်စွာထန်ကတော့ သောတကို ကောင်းကောင်းကြီး မှတ်မိသွားပါပြီ။ ဘာလို့လဲဆိုတော့ သူ့အမျိုးသမီး မဝင့်ဝါလွင်က သောတတို့နဲ့ တော်တော် ရင်းနီးထားကြတာလေ”

“ဒါဆို ကိုကျော်စွာထန်လည်း သောတကြည်ကို ပြန်တွေ့တော့ အံ့သြနေမှာပေါ့”

“အံ့သြတာတောင် မကဘူး၊ သောတကို သူက အားနာနေတယ်လို့ သောတ ပြန်ပြောပြတယ်”

“အားနာတယ် … ဟုတ်လား၊ ဘာဖြစ်လို့လဲ”

ခင်ဝိုင်းဝိုင်းက တံတွေးကို အသာမျိုချလိုက်ရင်း ငါ ပြောမယ်၊ ပြောကို ပြောလိုက်မယ် ဘာဖြစ်လဲ။ ဒါမှ သောတရဲ့ ရဲဝံ့ထန် အပေါ် ထားတဲ့ စွန့်စားရဲတဲ့ အချစ်ကို သိသွားမှာ။ ရဲဝံ့ထန်ရဲ့ သောတ အပေါ် အရူးအမူး ချစ်ခဲ့တဲ့ အချစ်ကို ဒါမှ သူ မြင်သွားမှာ။ သူတို့ဟာ လူချင်း ဘယ်လောက်ဝေးဝေး နှလုံးသားချင်း သိပ်နီးနေကြပါတယ် မွန်မြတ်မေရယ်။





“သူတို့နှစ်ယောက်ကို အဓိကခွဲလိုက်တဲ့နေ့က သူပါတာကိုး။ သောတ ပြန်ပြောပြတော့ သူတို့ လက်တွဲမဖြုတ်တာကို ကိုကြီးရော ကိုလတ်ရောက သူတို့လက်ချောင်းတွေကို ဆွဲဖြဲ၊ လက်ကောက်ဝတ်ကို ညှစ်ကိုင်ပြီး ကိုလတ်က လက်လည်းပြုတ်သွားရော သောတကို ပခုံးကနေတောင် ဆောင့်တွန်းခဲ့တာတဲ့”

“အို … ဟုတ်လား”

မွန်မြတ်မေသည် သူတို့ ဒီလောက်တောင် ဖြစ်ခဲ့ကြတာကိုးလို့ တွေးလိုက်မိသည်။

“သူတို့ လျှောက်[illegible]သွားတဲ့နေ့မှာ တွေ့သွားတော့ အခွဲခံလိုက်ရတာလား”

“မဟုတ်ဘူး”

“ဒါဖြင့် ဘယ်လိုလုပ် အခွဲခံရတာလဲ”

“သူတို့ အတူတူ ထွက်ပြေးကြတယ်လေ”

“ဟင် … ဟင် … ဘာရယ် … ဟုတ်လား”

မွန်မြတ်မေမှာ ထိုစကားကိုကြားလျှင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပါသည်။ ခင်ဝိုင်းဝိုင်းသည် ငါပြောတာ မမှားပါဘူး။ ငါ သောတကို နိုင်စေချင်လို့ ပြောတာ။ ဟုတ်တယ်၊ သောတဘက်က ပြောပေးတာ၊ သောတ သိက္ခာကျအောင် ပြောတာ ဘာမှမပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"သောတက ရဲဝံ့ထန်ကြောင့် စွန့်စားရဲသွားတာလေ။ ရဲဝံ့ထန်ကလည်း သောတနဲ့ ဝေးရမှာ အရူးအမူးကြောက်တော့ သောတ သူ့နောက် မပါ,ပါအောင် စည်းရုံးပြီး ပြောခဲ့ပုံပဲ။ နောက်ဆုံးတော့ သောတက ရဲဝံ့ထန်ကို ချစ်တဲ့စိတ်မွန်ပြီး ရဲဝံ့ထန် နောက်လိုက်ဖို့ သဘောတူသွားတယ်။ သူတို့ အဝေးပြေးကားတစ်စီးကို စီးပြီး အဝေးကြီးကို ထွက်သွားဖို့ ကြံစည်ကြတာပေါ့။ ဒါပေမဲ့ ကားနဲ့တောင် ထွက်မပြေးလိုက်ရပါဘူး၊ ကားဂိတ်မှာ ရှိနေတုန်း ဘယ်က ဘယ်လို သတင်းရသွားတယ် မသိဘူး။ ကိုသီဟထန်တို့ ရောက်လာပြီး ပြန်ခွဲပစ်လိုက်ကြတယ်၊ အဲဒီကစပြီး သူတို့ လုံးဝမတွေ့တော့တာပေါ့။ အမှန်တော့ သောတက အမေ့ကို သနားပြီး အမေ့စကားကို နားထောင်ပြီး အဆက်အသွယ်ဖြတ်ရတာပါ။ သောတအမေကလည်း ကိုသီဟထန်တို့ကို တော်တော် စိတ်နာတယ်လေ။ သောတကို ဣန္ဒြေမရှိတဲ့ မိန်းကလေးလို ပြောဆိုကြတယ်၊ သောတအမေကိုလည်း ကိုယ့်သမီး ကိုယ်ထိန်းဆိုတဲ့ ပုံစံနဲ့ ပြောဆိုခဲ့ကြတယ်ဆိုတော့ မိန်းကလေးဘက်က အနေနဲ့ကျ စိတ်နာတာပေါ့ ...

တကယ်တော့ သူတို့ ညီအစ်ကိုတွေက မိဘအုပ်ထိန်းမှု မရှိကြတော့ စကားအပြောအဆို မတတ်ဘူး။ ရိုင်းနေတဲ့ သဘောပဲလေ။ ကိုယ့်မိခင်အရွယ် အဒေါ်အရွယ်





ကို ကောင်းကောင်းမွန်မွန်ပြောရင် ရရက်နဲ့ အပြောမတတ်တော့ သောတအမေက နာတာပေါ့။ ဒါကြောင့် သောတကို ရဲဝံ့ထန်ဆိုတဲ့ နာမည် ထပ်မကြားချင်ဘူး ပြောခဲ့တာနဲ့ သောတလည်း အမေကိုငဲ့ပြီး အဆက်အသွယ် ဖြတ်လိုက်တာ၊ တို့တွေကလည်း သောတ သူငယ်ချင်းတွေဆိုတော့ ဝိုင်းသတင်းဖျောက်ပေးခဲ့ကြတာပေါ့။ အဲဒါကို ရဲဝံ့ထန်ကလည်း မာနတွေကြီးပြီး သူက တစ်ပြန်ကြီး ပြန်မေ့ပစ်ရသတဲ့။ တကယ်ဆို သောတ ခမျာ ပတ်ဝန်းကျင်က ဘယ်လောက် ဝိုင်းကဲ့ရဲ့ခံရမလဲ ဆိုတာ သူ ထည့်မတွေးခဲ့ဘူး။ လူတွေက သိတယ် မဟုတ်လား၊ လူတစ်ယောက်ရဲ့ ကောင်းသတင်းဆို ခဏပဲ ပြောတယ်၊ မကောင်းသတင်းကျ ပိုခဲ့ကားပြီးတော့တောင် အကြာကြီး ပြောကြတယ်ဆိုတော့ သောတလည်း ဘာမဟုတ်တာလေးနဲ့ အပြောခံခဲ့ရတယ်၊ လိုက်ပြေးသွားတယ်၊ ပြန်ခွဲထားကြတာဆိုတဲ့ စကားက ဘယ်လောက် အခံရခက်စေလဲ၊ မွန်မြတ်မေ စဉ်းစားကြည့်ပေါ့"

အင်း ... မောလိုက်တာ။ ခုမှပဲ ဒီဇာတ်လမ်းကြီးရဲ့ အဆုံးကို ပြောလိုက်ရတော့တယ်။ ခင်ဝိုင်းဝိုင်းသည် ရေခဲအကြေများသာ ကတ်သတ်ကျန်နေသော ဖျော်ရည်အကာတ်အသတ်ကို ပိုက်ဖြင့် တရှူးရှူးစုပ်၍ ထပ်သောက်လိုက်ပါသည်။ ဖျော်ရည်ကကုန်နေပြီး ရေခဲအရည်ပျော်နေသည်များသာ ကျန်တော့သည်ဖြစ်ရာ ဘာအရသာမှ မရှိတော့ပါ။ ရေခဲရည်တွေသာ ပါးစပ်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



လာပေမဲ့ ဓာတ်လမ်းရှည်ကြီး ပြောလိုက်ရ၍ အာခြောက်နေတာမို့ အတော်ပါပဲလေ။

"ဒါဆို သောတ သနားပါတယ်နော်၊ ဘာမှလဲ မဖြစ်ခဲ့ဘဲ နာမည်ပျက်သွားသလို ဖြစ်သွားခဲ့တာပေါ့"

"ဒီအကြောင်းတွေ တော်ရုံနဲ့ တို့က ဘယ်သူ့ကိုမှ မပြောပါဘူး။ မွန်မြတ်မေကတော့ သိသင့်တယ်ထင်လို့ ပြောပြတာပါ"

"မွန်မြတ် သိချင်တာက ရဲဟာ ဘယ်သူ့ကို ပိုချစ်နိုင်မလဲ။ ဘယ်သူ့ကို ပိုရွေးချယ်ချင်မလဲ ဆိုတာ သိချင်တာပါ။ အခု အခြေအနေမှာ သူ ဝေခွဲရ ခက်နေတာကို မကြိုက်ဘူး။ တစ်ယောက်ကို ပိုချစ်တယ်ဆိုရင် အဲဒီတစ်ယောက်ကို ရွေးဖို့ အသင့်ဖြစ်နေရမယ်လေ"

"မွန်မြတ်မေတို့က စေ့စပ်ပွဲတောင် လုပ်ကြတော့မယ် မဟုတ်လား"

"သူ တွေဝေနေတာကို ကြည့်ပြီး ရှေ့ဆက်မတိုးရဲတာနဲ့ပဲ မွန်မြတ် ကိုယ်တိုင် အဲဒီကိစ္စကို ခဏဆိုင်းထားလိုက်တယ်"

ခင်ဝိုင်းဝိုင်းက အံ့ဩသလို ကြည့်သည်။

"ဘာဖြစ်လို့လဲ၊ ခုချိန်မှာ မွန်မြတ်မေက ရဲဝံ့ထန်ကို ပိုင်ဆိုင်နိုင်ခွင့် အရှိဆုံးလူပဲ။ ဘာကြောင့် ခဏဆိုင်းထားရတာလဲ။ သူ့ကို ကိုယ်ပိုင်ထားလိုက်ရရင် ပိုပြီးမကောင်းဘူးလား။ ပိုပြီး စိတ်မချရဘူးလား"





မွန်မြတ်မေသည် သောတကြည်နဲ့ တစ်လေသံတည်း မေးလာသော ခင်ဝိုင်းဝိုင်း စကားကြောင့် အသာအယာ ပြုံးလိုက်သည်။

"သောတကြည်ကလည်း အဲဒီလို ပြောတယ် သိလား"

ထိုသို့ အရင်ပြောပြီးမှ ဆက်၍ ...

"မွန်မြတ်က ကိုယ့်တစ်ယောက်တည်းကိုပဲ အသေအချာ ချစ်ပြီး ကျေကျေနပ်နပ် ဆုံးဖြတ်ချက်နဲ့ လက်တွဲတဲ့ ယောက်ျားကိုပဲ လိုချင်တယ်လေ၊ ထောက်ထားစရာတွေ ရှိလို့ သစ္စာရှိချင်လို့၊ ကတိတည်ချင်လို့ ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ အရွေးခံလိုက်ရတာကို မကြိုက်ဘူး။ သူ့စိတ်ထဲမှာ ကိုယ်မရှိဘဲ တခြားမိန်းမတစ်ယောက် ရှိနေမှာကို မလိုချင်ဘူး။ ဒါကြောင့် ရဲကို ပြတ်ပြတ်သားသားပဲဆုံးဖြတ်စေချင်တာပါ။ သူ ဘယ်သူ့ကိုရွေးရွေး မွန်မြတ်လက်ခံပါတယ်။ သူ ပိုချစ်တဲ့သူကို ရွေးတာပဲလို့ ဖြေသိမ့်လို့ရတယ်"

"ဒါပေမဲ့ မွန်မြတ်မေတို့က လူကြီးချင်းတောင် စကားတွေ ဘာတွေ ပြောပြီးနေပြီ"

"နှစ်ဖက်မိဘ ဆွေမျိုးလောက်ပဲ အသိပေးထားတာမျိုးပါ။ စေ့စပ်ပွဲကြီးက အခုမှလုပ်ဖို့ အိမ်ကပြောတာလေ။ ရဲရဲ့ အခြေအနေကြောင့် မွန်မြတ်ဘာသာ ပွဲလုပ်ဖို့ကို ခဏဆိုင်းထားတာပါ၊ ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ချစ်သူတွေ ဖြစ်ကြတယ်၊ လူကြီးမိဘကလည်း အသိအမှတ်



www.burmeseclassic.com

www.burmeseclassic.com



ပြတယ်ပေါ့။ ဒါပေမဲ့ စိတ်သဘောချင်း မတိုက်ဆိုင်ရင်လည်း လမ်းခွဲလို့ ရပါတယ်၊ ဘယ်သူ့မှ မနစ်နာပါဘူး။ အခြေအနေတွေ ဘာမှမလွန်ခင် ခွဲတာပဲ။ မွန်မြတ်ကတော့ လမ်းခွဲကြပါစို့လို့ စ,ပြီးမပြောပါဘူး။ ရဲက အရင်စပြောမှ ဆုံးဖြတ်ချင်တယ်၊ ဒါကြောင့် ပြတ်သားတဲ့ အဖြေကိုသိချင်တယ်"

ခင်ဝိုင်းဝိုင်းသည် သူတို့ရဲ့ သုံးပွင့်ဆိုင် ပြဿနာကို ဝင်၍ ခေါင်းရှုပ်ခံ စဉ်းစားရင်း အကြံတစ်ခုကို ခေါင်းထဲမှာ တွေးလိုက်မိပါသည်။

"တို့ အကြံတစ်ခုတော့ ရတယ်၊ မွန်မြတ် လုပ်ချင်မလား၊ မလုပ်ချင်မလားတော့ မသိဘူး"

"ပြောပါဦး၊ ဘယ်လိုအကြံမျိုးလဲ"

"သူ ဘယ်သူ့ကို ပိုအလေးသာမလဲ ဆိုတာ တစ်ချက်တည်းနဲ့ သိသာစေမဲ့ အကြောင်းအရာပေါ့။ တို့ရယ်။ မွန်မြတ်မေရယ်။ သောတကြည်ရယ်ပဲ အသိခံပြီး သုံးယောက်တိုင်ပင်ပြီး လုပ်ရင်ရပါတယ်။ ရဲဝံ့ထန်ဘက်က ဘယ်လိုတုံ့ပြန်မလဲဆိုတဲ့ပေါ်မှာ ကြည့်ရင် မွန်မြတ်မေ သိချင်နေတဲ့ ပြတ်သားတဲ့ အဖြေကို ရတာနဲ့ အတူတူပဲ ဖြစ်မယ်"

"ဟယ် ... ဟုတ်လား၊ ပြောပါဦး။ မွန်မြတ်လည်း ဒီလို ဇာတ်မျောကြီး ဖြစ်နေတာကို စိတ်ပျက်နေပါပြီ၊ ခင်ဝိုင်းဝိုင်း ပြောတဲ့ အစီအစဉ်ကို သိချင်တယ်၊ ပြောပါဦး"





ခင်ဝိုင်းဝိုင်းသည် သူငယ်ချင်း သောတကြည်ကို သာစေ နာစေခြင်း မရှိသော၊ မွန်မြတ်မေကိုလည်း နိုင်စေ ရှုံးစေခြင်းမရှိသော အစီအစဉ်တစ်ခုကို သေသေချာချာပြောရင်း စိတ်ထဲမှာတော့ နင် ငါ့ကိုသာ ဆယ်တန်းတုန်းက ရွေးခဲ့ရင် ဒီပြဿနာ ရှိလာချင်မှ ရှိလာမယ်၊ ရဲဝံ့ထန်ဟုလည်း သံယောဇဉ် မကုန်စွာ တိတ်တဆိတ် တွေးလိုက်မိသေးသည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

ရဲဝံ့ထန်သည် ဖုန်းထဲမှာ သောတ အသံလေးကို ကြားလိုက်ရတော့ အံ့သြဝမ်းသာပြီး ပြန်ပြောဖို့ စကားပင်ရှာမရ ဖြစ်နေပါသည်။ သူ တွေဝေနေခဲ့မိတာမို့ သောတထံလည်းမသွား၊ မွန်မြတ်နဲ့လည်း မတွေ့ဖြစ်သလောက်နီးပါး ဖြစ်နေခဲ့တာ တစ်လလောက်တောင် ရှိနေပြီ။ အားလုံးကို ရှောင်ပြေးချင်တာနဲ့ သူ့တစ်ယောက်တည်း ပုဂံဘက်ကို ဘုရားဖူးဆိုပြီး ထွက်သွားခဲ့သည်။ သူ့ကား သူမောင်းပြီး ထွက်ခဲ့တာမို့ ပုဂံကပြန်တော့ ရန်ကုန်ကို အမြန်မရောက်လိုတာနဲ့ မန္တလေးဘက်ဝင်၊ ပြင်ဦးလွင်တက်နဲ့ နောက်ထပ် လေး,ငါးရက်ကို ထပ်အချိန်ဖြုန်းလိုက်သေးသည်။ ရန်ကုန်ကို ပြန်ရောက်တော့ သူ ရန်ကုန်က ခဏထွက်သွားတာ နှစ်ပတ်လောက်အကြာမှာ ပြန်ရောက်တာ ဖြစ်သည်။

အဲဒီ နှစ်ပတ်လုံးလုံးလည်း သူနဲ့ ပတ်သက်သူတွေ ဘယ်သူမှ မတွေ့ဖြစ်ခဲ့သလို ပြန်ရောက်ပြီး နှစ်ပတ်မှာလည်း သူ





ကိုယ်တိုင်က မွန်မြတ်ကိုရော၊ အစ်ကိုတွေကိုရော ပြန်ရောက်ကြောင်းပင် အကြောင်းမကြား၊ ဆိုင်လည်းမသွားသေးပဲ သူ့လက်ထောက်မန်နေဂျာနှင့်သာ လွှဲထားလိုက်ပါသည်။

အိမ်တွင်းအောင်းနေပြီး တစ်ခါတစ်ရံမှ အပျင်းပြေ ရေသွားကူး၊ ရှော့ပင်းခဏလုပ်နှင့် ရန်ကုန်ရောက်ပြီး နှစ်ပတ်ကိုလည်း စိတ်လေလေနှင့် တစ်ကိုယ်တည်း အချိန်ဖြုန်းမိခဲ့သည်။ ဒီလိုမျိုး ပြဿနာတွေကို ရှောင်ပြေးပြီး တိတ်ဆိတ်မနေသင့်မှန်း သိပေမဲ့ အသိက အသိသာ ရှိသည်။ ဘယ်သူ့ကို ရွေးချယ်ရမှန်း မသိသော အခြေအနေကို ဘယ်လိုပုံစံနဲ့ ဖြေရှင်းပစ်ရမှန်းမသိ ဖြစ်နေ၍ အခက်ကလည်း တွေ့နေသည်။

ထိုအချိန်မှာပင် ထူးဆန်းစွာပင် သူ့ထံ ဖုန်းဆက်လာခဲ့သော သောတ၏အသံကို သူ ကြားရတာဖြစ်သည်။ မွန်မြတ်ကတော့ သူ ပြန်ရောက်နေတာ မသိသေးလို့ပဲလား။ သူမ ကိုယ်တိုင်လည်း ရဲဝံ့ထန်အပေါ် စိတ်တိုင်းမကျလို့လားမသိ။ ဖုန်းလည်း မဆက်။ ပြန်ရောက်ကြောင်း၊ မရောက်ကြောင်းပင် သတင်းမမေး။

သောတကသာ အိမ်ဖုန်းကို စ,ခေါ်လာစဉ် ရဲဝံ့ထန် ကိုယ်တိုင်လည်း ဒီနေ့မနက်တင်ပဲ ...

"ငါ ဒီလို အားလုံးကို အဆက်အသွယ် ဖြတ်ထားလို့ မဖြစ်သေးဘူး၊ ဒီနေ့ကစပြီး ဖုန်းလာရင် ကိုင်မယ်၊ mobile ဖုန်းကိုလည်းပြန်ဖွင့်ထားတော့မယ်၊ ဆိုင်လည်း သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ စိတ်ကူးမိချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ပထမဦးဆုံး ဖုန်းခေါ်သူကား သောတပဲ ဖြစ်နေခဲ့ပါသည်။

"သောတ ... သောတ ... ဟာ ... သောတရယ်၊ ငါ ... ဝမ်းသာလိုက်တာ။ သောတ ငါ့ဆီ ဖုန်းစ,ဆက်တယ်နော်၊ ပြော ... ပြော ... သောတ၊ နင် ဘာပြောချင်လို့လဲ"

"အခု ငါနဲ့အတူ ဘယ်သူ ရှိနေတယ် ထင်လဲ"

"ဟင် ... ဘယ်သူ ရှိလို့လဲ၊ ငါမသိဘူးလေ၊ ပြောပါဦး၊ ဘယ်သူလဲ"

ထိုအချိန်မှ မွန်မြတ် အသံ ဖြတ်ဝင်လာပြီး ...

"မွန်မြတ်ပါ ရဲ"

ဟူသော ဖြေသံကို ကြားလိုက်ရသည်။ ရဲဝံ့ထန်သည် သောတနှင့် မွန်မြတ် တွေ့ပြီးနေကြပြီလား။ ဘယ်တုန်းက တွေ့ပြီး သိနေကြတာလဲ။ သူတို့ ဘာတွေပြောဖြစ်ကြသလဲ။ တစ်ယောက်နဲ့ တစ်ယောက် ဘာတွေ ရင်ဖွင့်ကြသလဲ ဟူ၍ ခေါင်းထဲမှာ ဆက်တိုက် တွေးမိသွားတော့လေသည်။

"မွန်မြတ်နဲ့ သောတ စပီကာဖုန်းနဲ့ ပြောနေတာပါ၊ ရဲ ပြောချင်တာကို ပြောပါ၊ ရပါတယ်"

"မွန်မြတ် ... မွန်မြတ်တို့ ဘာလုပ်နေကြတာလဲဟင်"

"ရဲ မရှိတဲ့ ရက်တွေတုန်းက သောတနဲ့ မွန်မြတ် တွေ့ဖြစ်ကြတယ်၊ ပြဿနာတစ်ခု ဖတ်မျောကြီး ဖြစ်နေတာကို လုံးဝမကြိုက်တဲ့အတွက် မွန်မြတ်တို့နှစ်ယောက်ညှိပြီး အဖြေရှာမိကြတယ်"





ရဲဝံ့ထန်သည် သူ့ဘက်က မပြတ်သားမှု၊ တွေဝေမှုတွေကို သူ့ဘာသာ ပြန်ရှက်ပြီး အသံတိတ်သွားမိသည်။ ထိုအချိန်မှာ သောတ အသံ ပေါ်လာသည်။

"ရဲဝံ့ သောတတို့လည်း နင့်ကို အပြစ်မတင်ပါဘူး။ ဒါ မမျှော်လင့်ဘဲ ဖြစ်လာတဲ့ ပြဿနာဆိုတော့ နင့်နေရာမှာ ငါသာဆိုရင်လည်း ဒီလိုပဲ တွေဝေမိမယ်ဆိုတာ ငါနားလည်ပါတယ်၊ ဒီတော့ ငါတို့ ဘာကိုတိုင်ပင်မိကြသလဲဆိုတော့၊ အင်း ... နေဦး ... မွန်မြတ် အရင်ပြောမလား၊ သောတ နောက်မှ ပြောရမလား။ ဘယ်လိုသဘောရလဲ"

ဖုန်းက စပီကာဖုန်းမို့ တစ်ဖက်က အသံတွေကိုလည်း ရဲဝံ့ထန်ကြားနိုင်ပါသည်။ ရဲဝံ့ထန်ပြောတာ မှန်သမျှလည်း သောတရော မွန်မြတ်ပါ နှစ်ယောက်စလုံး ကြားနိုင်ပါသည်။ အခုလည်း သောတ စကားပြောနေရင်း မွန်မြတ်၏ ရဲဝံ့ထန် သဘောထားကိုပါ လှမ်းမေးသံကို ကြားရလျှင် ရဲဝံ့ထန် အသာနားထောင်နေလိုက်ပါသည်။ မိန်းကလေး နှစ်ယောက် ဘာတွေများ တိုင်ပင်ပြီးကြပြီလဲ။ အံ့သြစရာကောင်းတာက ရဲဝံ့ထန် တစ်ယောက်တည်းကို ချစ်မိကြသော မိန်းကလေး နှစ်ယောက်တို့ဟာ တစ်ယောက်နဲ့ တစ်ယောက် မနာလိုခြင်း၊ သဝန်တိုခြင်း၊ ပြိုင်ရန်လိုခြင်းတွေ မရှိကြဘဲ တစ်ယောက်အပေါ်တစ်ယောက် နားလည်လျက် အပြန်အလှန် အလျှော့ပေးနေကြခြင်းပင်။ ရဲဝံ့ထန်ဘက်က ထိုသို့ သိရလေလေ ပိုပြီးဝေခွဲရခက်လေလေ။ ရုပ်ရှင်တွေ ဗီဒီယိုတွေထဲကလို တစ်ယောက်ဖေး



www.burmeseclassic.com

www.burmeseclassic.com



ဗီလိန် ဖြစ်နေရင် ကောင်းသား။ အဲဒီလိုဆိုရင်တော့ ဆုံးဖြတ်ရ လွယ်လိမ့်မည် ထင်ပါသည်။

"သောတပဲ အရင်ပြောပါ"

မွန်မြတ် အသံက ခဏတိတ်ဆိတ်သွားပြီးမှ ကြား ရတာ ဖြစ်သည်။

"ဘာလို့လဲဆိုတော့ သောတက အရင်ဆုံးလူလေ"

"အရင်လူပဲဖြစ်ဖြစ် အခုလူပဲဖြစ်ဖြစ် အတူတူပါပဲ"

မိန်းကလေးနှစ်ယောက် အပြန်အလှန် ပြောလိုက် ကြပြီးမှ သောတဆီမှ ...

"ရဲဝံ့"

ဟူသောတည်ငြိမ်သည့်ခေါ်သံကို လက်ခံရလေသည်။

"ပြောပါ သောတ။ သောတတို့ ဘာတွေ တိုင်ပင်ထားကြ လို့လဲ"

"ဒီလိုပါ၊ အခုလာမဲ့ တနင်္လာရုံးဖွင့်ရက်မှာ သောတက သောတနေတဲ့ မြို့နယ်ရဲ့ တရားရုံးမှာ လက်ထပ်စာချုပ် နှစ်ခု အသင့်လုပ်ပြီး စောင့်နေပါမယ်။ ရဲဝံ့ သောတကို ချစ်တယ်၊ သောတကိုပဲ လက်တွဲမယ်လို့ ဆုံးဖြတ်လို့ရရင် သောတဆီ လာခဲ့ပါနော်။ သောတ (......) မြို့နယ်ရဲ့ တရားရုံးမှာ ရုံးအဖွင့် မနက်ကိုးနာရီမှာ စောင့်နေမယ်"

"ဟင် ... ဟင် ... ဘာလဲ သောတ။ သောတနဲ့ ငါ တစ်ခါတည်း လက်ထပ်မှာလား"





"ဟုတ်တယ် ... ဘာလဲဟင်၊ ရဲဝံ့ သောတကို အခုချိန် မှာ လက်မထပ်ချင်တော့ဘူး။ လက်မတွဲချင်တော့ဘူးလား။ ဒါဆို ရပါတယ်၊ အခုပဲ အပြတ် ပြောလိုက်ပါ။ ရှင်းသွား တာပေါ့လေ"

"မဟုတ်ဘူး ... မဟုတ်ဘူး၊ ငါ ပြောတဲ့ သဘောက အဲဒီ လို မဟုတ်ဘူး။ ငါ သောတကို အမြဲတမ်းပဲ ပိုင်ဆိုင်ချင် ခဲ့ပါတယ်၊ အမြဲလက်တွဲထားချင်ပါတယ်၊ ဒါပေမဲ့ သောတ ချက်ချင်း ဆုံးဖြတ်လို့ ရသွားတော့ အံ့သြလို့ပါ။ သောတ ပြောတာကို မွန်မြတ်လည်း ကြားမှာပေါ့။ မွန်မြတ် ကိုယ့်ကို တစ်ခုခု ပြောပါဦး၊ မင်းတို့ ဘယ်လိုပုံစံနဲ့ ဆုံးဖြတ်ကြတာလဲ ပြောပါဦး"

ထိုအခါမှ မွန်မြတ် အသံ ဝင်လာသည်။

"သောတ အခုလို ဆုံးဖြတ်တော့ ရဲ ပျော်သလားဟင်"

ရဲဝံ့ထန်သည် ခုနက အပျော်တွေ ထွက်ပြေးသွား တော့မလို ဖြစ်သွားသည်။ သောတရဲ့ ဆုံးဖြတ်ချက် ကြားလိုက် ရစဉ်ကတော့ ရတ်တရက် မေ့ပြီး စိတ်လွတ်ကိုယ်လွတ် ပျော်မိ တော့မလို ဖြစ်သွားခဲ့သည်။ တကယ်တော့ သူ မွန်မြတ်ကို ဒီလို ကြီး ပစ်ထားခဲ့လို့ မဖြစ်ပါ။ မွန်မြတ်အပေါ် ရက်စက်ရာရောက် မည်။ စိတ်သဘောထားကောင်းပြီး သူ့အပေါ် အစစအရာရာ နားလည်သော ချစ်သူကို သူ တကယ်လည်း ချစ်ခဲ့လို့ ရွေးခဲ့ပြီး ပြီ။ ချစ်သူဖြစ်ခဲ့တာ နှစ်,နှစ်လောက် ကာလအတွင်းမှာ မွန်မြတ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပတ်သက်ပြီး သူ ဘယ်တုန်းကမှ စိတ်မညစ်ခဲ့ရဖူးပါ။ မွန်မြတ်ဟာ စိတ်တော့ ကောက်တတ်ပေမဲ့ တစ်ရက်လောက် စိတ်ကောက်တာဟာ အများဆုံး စိတ်ကောက်ဖူးတာပဲ ဖြစ်သည်။ စိတ်ကောက်လွယ် စိတ်ပြေလွယ်သော မိန်းကလေးကို သူ အဘယ်မှာ ထားရစ်ခဲ့နိုင်မည်နည်း။

"ကိုယ် မွန်မြတ်ကို မထားရစ်ခဲ့နိုင်ဘူး"

ရဲဝံ့ထန်ဆီမှ ထိုသို့ ပြန်ကြားရသောအခါ ဒီဘက်မှာ သောတနဲ့ မွန်မြတ်တို့ဟာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အသံတိတ် ပြုံးပြမိကြသည်။ ငါတို့မင်းသားကတော့ တွေဝေမင်းသားဇာတ်ကို ပြန်စလာပြန်ပြီ ဆိုသော သဘောဖြင့် အဓိပ္ပာယ်ပါပါ ပြုံးလိုက်ကြတာလည်း ဖြစ်သည်။

"မွန်မြတ်ဟာ ကိုယ့်အပေါ် နားအလည်နိုင်ဆုံး ချစ်သူတစ်ယောက်ပါ၊ မွန်မြတ်နဲ့ ရှိနေရချိန်မှာ ကိုယ့်ဘဝဟာတက်ကြွပြီး ပျော်စရာ ကောင်းခဲ့ပါတယ်"

"ဒါဆို မွန်မြတ်ကလည်း ရဲကို ပြောစရာရှိတယ်၊ မွန်မြတ် ရဲကို သောတလိုပဲ တနင်္လာနေ့ မနက်ကိုးနာရီ ရုံးဖွင့်ချိန်မှာ မွန်မြတ်နေတဲ့ မြို့နယ်ပေါ့။ (......)မြို့နယ်လေ၊ အဲဒီ တရားရုံးမှာ လက်ထပ်စာချုပ်နှစ်စောင် အသင့်ရိုက်ပြီး စောင့်နေမယ်၊ ရဲ လာခဲ့ပါ။ မွန်မြတ်နဲ့ ရဲ နှစ်ဦးသဘောတူပဲ တရားရုံးမှာလက်မှတ်ထိုးပြီး လက်ထပ်မယ်လို့ ဆုံးဖြတ်ထားပါတယ်၊ လူနှစ်ယောက် မိန်းမနဲ့ ယောက်ျား နှစ်ယောက်တို့ကြားမှာ တကယ်ချစ်ကြရင် လက်ထပ်ကြတဲ့အခါ ဘာညှော်ခံပွဲတွေမှ အရေးမကြီးပါဘူး။ အသိအမှတ်ပြုမဲ့ လက်မှတ်ထိုးထားတဲ့ စာချုပ်နှစ်ခုပဲ လိုပါတယ်၊ ဒါကြောင့် မွန်မြတ် ခုလို ဆုံးဖြတ်တာပါ"





ရဲဝံ့ထန်သည် မွန်မြတ်ဆီမှ ဆုံးဖြတ်ချက်ကိုပါ ကြားရသောအခါ ခေါင်းတွေ ရှုပ်ထွေးပြီး ချာချာလည်တော့မလိုပင် ဖြစ်သွားပါသည်။

"သောတရော မွန်မြတ်ရော တစ်ရက်တည်း တစ်ချိန်တည်းမှာ ကိုယ်နဲ့ သက်ဆိုင်ရာ တရားရုံးတွေရှေ့မှာ ရဲဝံ့ထန်ဆိုတဲ့ သတို့သားလောင်း အမည်ကို ပုံနှိပ်ရိုက်ထားပြီးဖြစ်တဲ့ စာချုပ်ကိုယ်စီနဲ့ စောင့်နေကြမယ်။ ရဲဝံ့ အဲဒီနေ့ အဲဒီအချိန်မှာ တစ်ခုတည်းကိုပဲ ဆုံးဖြတ်ရတော့မယ်။ ရဲဝံ့ဘဝမှာ တကယ်ပဲ အလိုအပ်ဆုံး လက်အတွဲချင်ဆုံး မထားရစ်ခဲ့ချင်ဆုံးလို့ ယူဆတဲ့ မိန်းကလေးရှိတဲ့ နေရာကိုပဲ သွားလိုက်ပါ။ သူနဲ့အတူတူ နှစ်ဦးသဘောတူ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးလိုက်ပါနော်၊ အဲဒီမိန်းကလေးဟာ သောတပဲဖြစ်ဖြစ်၊ မွန်မြတ်ပဲဖြစ်ဖြစ်ပေါ့။ နှစ်ယောက်ထဲက တစ်ယောက် ဖြစ်နေပေမဲ့ ရဲဝံ့ သူ့ဆီမလာတာနဲ့ ကြုံရမဲ့ မိန်းကလေးကလည်း ဒီအဖြစ်ကို တသ,သနဲ့ ဝမ်းနည်းကြေကွဲပြီး မကျန်ရစ်ခဲ့ပါဘူး ဆိုတာ နှစ်ယောက်ကိုယ်စား သောတပဲ ကြိုပြောချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

မွန်မြတ် အသံ ကြားဖြတ်ဝင်လာကာ ...

"ဘာဖြစ်လို့လဲ ဆိုတော့ မွန်မြတ်ရော သောတရောရဲ့ စိတ်ထဲမှာ သူဟာ ကိုယ့်ကို ပိုချစ်နိုင်လို့ ကိုယ့်ကို လက်ထပ်တာပဲ ဖြစ်ချင်ကြတယ်။ ကိုယ့်ဆီ သူ့ ရောက်မလာတာဟာ ကိုယ့်ကို ပိုမချစ်လို့ဘဲလို့ သေသေချာချာ သိလိုက်ရတာကိုပဲ လိုလားတယ်၊ ရဲဟာ ဒီနှစ်ယောက်ထဲက တစ်ယောက်ကို မလွှဲသာ မရှောင်သာလို့ လက်ထပ်လိုက်ရပေမဲ့ ကျန်တဲ့တစ်ယောက်ကို တစ်သက်လုံး တိတ်တဆိတ် တမ်းတနေမဲ့ အဖြစ်ကိုလည်း မမြင်ချင်ပါဘူး။ ဒါကြောင့် ရဲ သေသေချာချာ ဆုံးဖြတ်ပါနော်"

ရဲဝံ့ထန်သည် သူက တုန်လှုပ်ချောက်ချား ဝေခွဲမရဖြစ်စွာ နားထောင်နေခဲ့ရသလောက်၊ မိန်းကလေး နှစ်ယောက်တို့ကတော့ သိပ်ကို အေးဆေးတည်ငြိမ်လွန်းနေပြီး အစီအစဉ်တွေကို အတိအကျ ပြောနေခဲ့သဖြင့် သူ့ကိုယ်သူပင် ပြန်ရှက်လာပါသည်။ သူ ဘာကြောင့် တွေဝေရသနည်း။ ဘာကြောင့် အချစ်ဆုံးတစ်ယောက်ကိုသာ မရွေးနိုင်ရသေးသနည်း။

သူကသာ တွေဝေ၊ ရှောင်လွှဲ၊ ထွက်ပြေး၊ ပုန်းခို၊ အဆက်အသွယ်ဖြတ် လုပ်နေခဲ့ပေမဲ့ သူ့ချစ်သူ မိန်းကလေးနှစ်ယောက်တို့ကတော့ ပြဿနာကို သတ္တိရှိရှိ၊ ပြတ်ပြတ်သားသား ရင်ဆိုင်နိုင်ရန် ပြင်ဆင်ထားကြပြီတဲ့။

"ရဲဝံ့"





"ရဲ"

မိန်းကလေး နှစ်ယောက်တို့၏ ပြိုင်တူခေါ်လိုက်သံသည် ရဲဝံ့ထန်ကို ထပ်၍ သတိပေးလိုက်သကဲ့သို့ ဖြစ်နေပါသည်။

"အဲဒီနေ့ကို သောတတို့ စောင့်နေမယ်နော်"

"ရဲရဲ့ ဆုံးဖြတ်ချက် အမှန်ကို အဲဒီနေ့မှာ မွန်မြတ် သိပါရစေနော်"

ရှေ့ဆင့် နောက်ဆင့် ပြောလိုက်သံတို့ကို ရဲဝံ့ထန် ငြိမ်သက်စွာပင် နားထောင်ရင်း သက်ပြင်း မသိမသာ ချလိုက်လျက် ...

"စိတ်ချပါ၊ တစ်ခုခုကိုတော့ ဆုံးဖြတ်မှာပါ။ သောတရော မွန်မြတ်ရော သတ္တိရှိရှိ ရင်ဆိုင်ရဲမှတော့ ကိုယ်ကရော ဘာကြောင့် မဆုံးဖြတ်ရဲစရာရှိလဲ၊ အိုခေ ... ကိုယ်ဖုန်းချလို့ရပြီလား"

မိန်းကလေး နှစ်ယောက်ထံမှ ...

"ရပြီ"

ဟူသော အသံအဆုံးမှာ ရဲဝံ့ထန်သည် ဖုန်းခွက်ကို ပြန်၍ ချလိုက်တော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com







# အချစ်ဆုံးသူ
# တစ်ယောက်တော့
# ရှိလိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com





**သောတကြည်** သည် ထိုနေ့မှာ သူမထံ ရောက်မလာခဲ့တော့သောအခါ သူမ၏နှလုံးသားထဲမှာ ပုံရိပ်ထင်ကျန်ခဲ့ဖူးသော (ထင်ကျန်နေဆဲလည်း ဖြစ်နိုင်သော) ရဲဝံ့ထန်ဟူသည့် လူတစ်ယောက်ကို အပြီးတိုင် ဖျောက်ဖျက်ပစ်လိုက်ဖို့ အသင့်ဖြစ်နေပါသည်။

လက်မှတ်ထိုးရန် နေရာမှာ ကွက်လပ်တွေပဲ ဖြစ်နေသေးသော စာချုပ်လေး နှစ်စောင်တို့ကို ခေါက်ချိုးဆုတ်ဖြဲပစ်လိုက်နိုင်လျက် အမှိုက်ပုံးထဲကို ပြတ်သားစွာ လွှင့်ပစ်လိုက်နိုင်ခဲ့ပါသည်။

ညနေရောက်သောအခါ သောတကြည်သည် သူမထံမှာရှိသော card များထဲမှ Congradulation Card တစ်ကတ်ကို ရွေးချယ်ပြီးလျှင် ...

"သို့ ...

ရဲဝံ့ထန်နှင့် မွန်မြတ်မေ"

ဟူ၍ အသာချရေးကာ ထို Card လေးကို ပို့ပေးဖို့ ပြင်ဆင်နေလိုက်တော့လေသည်။

---

[illegible]

www.burmeseclassic.com

www.burmeseclassic.com



သူမသည် သူမ၏ အရွှံ့ကို ကျကျနန လှလှပပ ပင် လက်ခံလျက် နှလုံးသားထဲမှ ကွဲကြေမှုကိုတော့ လူသိမခံခဲ့ တော့ပေ။

❦ ✧ ❦





**မွန်မြတ်မေ** သည် သူမလက်ထဲမှာ အခိပ္ပာယ်မဲ့ကိုင် ထားမိနေသော စာချုပ်နှစ်စောင်တို့ကို အသာပင် ခေါက်ချိုးခြေမွ လုံးထွေးပစ်လိုက်ပြီးလျှင် အမှိုက်ပုံးထဲကို ဝမ်းနည်းစွာ လွှင့်ပစ် လိုက်ပါသည်။

သူ ရောက်မလာခဲ့ဘူး။ ရဲ မွန်မြတ်ဆီ ရောက်မလာခဲ့ ဘူးနော်။ ရဲ ဘယ်သူ့ဆီကို သွားသလဲ။ ဘယ်သူ့ကို ပိုအချစ်ဆုံး လဲဆိုတာ မွန်မြတ် သိရပါပြီ။ ကျေလည်း ကျေနပ်ပါတယ်။ အစတည်းက အရှုံးနဲ့ ရင်ဆိုင်ရသည်ရှိသော် ဆိုတဲ့ ခေါင်းစဉ်ကို လည်း ကြိုတင်ပြင်ဆင်ထားပြီးသားပဲလေ။ အခုတော့ တကယ်ပဲ ရင်ဆိုင်လိုက်ရပြီ။

ဒီအချိန်မှာဆို ဟိုးအရင်ကာလတွေကလိုပဲ လက် ဖဝါးချင်း လိမ်ကျစ်နှစ်ဝင်နေအောင် တွဲထားမဲ့ ချစ်သူနှစ်ဦးကို ပုံဖော်ကြည့်မိသောအခါ မွန်မြတ်သည် ထိုသူနှစ်ဦးအတွက် တကယ် ပင် ပီတိဖြစ်ရလျက် ရင်ထဲက ကြေကွဲမှုကို ဖုံးကွယ်ထားနိုင်ခဲ့ ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရဲဝံ့ထန် ဆိုတဲ့ လူတစ်ယောက်ကို ဒီနေ့ကစပြီး မေ့ကိုမေ့ရမည်ဟု တွေးလျက် နီးရာစတိုးဆိုင်လေးထဲဝင်ကာ Card လှလှလေး တစ်ကတ်ကို ရွေးချယ်ဝယ်ယူလိုက်ပါသည်။

"Congradulation"

ဟု ရေးထားသော Card ထဲမှာ မွန်မြတ်က ...

"သို့ ...

ရဲဝံ့ထန်နှင့် သောတကြည်"

ဟူ၍ နာမည်လေး နှစ်ခုကို ထပ်ဖြည့်ရေးလိုက်ပြီးလျှင် Card လေးကိုပို့ဖို့ ပြင်ဆင်လိုက်ပါသည်။

သူမသည် သူမ၏ ဆုံးရှုံးကြေကွဲရမှုကို သတ္တိရှိရှိ ခံယူရင်း နှလုံးသားထဲမှာ တိတ်တဆိတ် ငိုနေမိခဲ့တာကိုတော့ ဟန်ဆောင်ကောင်းနေခဲ့သူပင်။

❦ ✧ ❦





**ရဲဝံ့ထန်** သည် သူချစ်မိသော မိန်းကလေးနှစ်ယောက်တို့ကို ဘယ်သူမှ အရှုံးနဲ့ မကျန်ရစ်စေချင်ခဲ့ပါ။

ထိုအတူ သူကိုယ်တိုင်လည်း တွေဝေလွန်းနေခဲ့သော ယောက်ျားတစ်ယောက် ဖြစ်နေသောအခါ သူသည် အားလုံးနဲ့ ဝေးရာကို အခုမှ တကယ်ပင် ထွက်ပြေးသွားခဲ့တော့တာ ဖြစ်ပါသည်။

အဝေးကြီး တစ်နေရာကို အပြီးအပိုင် ထွက်သွားပြီဖြစ်ကြောင်း ဘယ်သူ့ကိုမှ အသိမပေးခဲ့တော့ပါ။

သူ့ အချစ်ရဆုံး သူတစ်ယောက်ဟာ ဘယ်သူဖြစ်မလဲ ဆိုတာကို မပြောသခဲ့တော့ပါ။

ရဲဝံ့ထန်ရဲ့ ရင်ထဲမှာတော့ အချစ်ဆုံးသူတစ်ယောက်တော့ ရှိကိုရှိလိမ့်မှာ သေချာပါသည်။

ထိုသူ ဘယ်သူလဲ ဆိုတာကို ရဲဝံ့ထန် ထုတ်မပြောသရွေ့ ဘယ်သူကမှ သိခွင့်ရတော့မည် မဟုတ်တော့ပါ။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com







ရှင်ဝိုး

([illegible])

28 th September

Thursday

2006.

BURMESE CLASSIC .com

www.burmeseclassic.com